http://www.dhammadownload.com

# သာမဏေကျော်

## မဟာစည်ဆရာတော်ဘုရားကြီး၏

## ပုံဝတ္ထုတို့ဖြင့် ပြောပြသော


## အဆုံးအမများ



Than Myint Aung

သာမဏေကျော်
မဟာစည်ဆရာတော်ဘုရားကြီး၏ ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ

သာမဏေကျော်
မဟာစည်ဆရာတော်ဘုရားကြီး၏
ပုံဝတ္ထုတို့ဖြင့် ပြောပြသော
အဆုံးအမများ



http://www.dhammadownload.com

သာမဏေကျော်

# မဟာစည်ဆရာတော်ဘုရားကြီး၏ ပုံဝတ္ထုတို့ဖြင့်ပြောပြသော အဆုံးအမများ

ပါရမီ

(တ၇၆၀

http://www.dhammadownload.com

**မဟာစည်ဆရာတော်၏ပုံဝတ္ထုတို့ဖြင့် ပြောပြသောအဆုံးအမများ**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅၆/ ၂၀၀၂(၈)နှင့် စာမူ ခွင့်ပြုချက်အမှတ်
၄၀၈/ ၂၀၀၂(၇)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊
မေခလမ်း၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၁၅၈၂၉) သံလွင်ဦး
ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က
ပုံနှိပ်သည်။

**တန်ဖိုး ၁၅၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | ၅ |
| ၁။ | တစ်ဘဝမှာ တစ်ခါသာ ဝအောင်စားရသူ | ၇ |
| ၂။ | ပီတိဖြင့် အာကာသခရီးသွားသူ | ၁၄ |
| ၃။ | ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း | ၁၆ |
| ၄။ | သူစိမ်းလိုနေသွားသော သား | ၂၁ |
| ၅။ | ဘုရားရှင့်အပြုံး | ၂၆ |
| ၆။ | စောင်းသမားအား စောင်းတရားဟောသည် | ၃၃ |
| ၇။ | မဆုံဆည်းတဲ့ဖူးစာ | ၃၆ |
| ၈။ | ပြိတ္တာများ | ၄၀ |
| ၉။ | သူ့ကံနဲ့သူပဲ | ၅၀ |
| ၁၀။ | သူများမနာလို ကိုယ်အကျိုးမရှိ | ၅၄ |
| ၁၁။ | မဒ္ဒိတာ၏ရလဒ် | ၅၈ |
| ၁၂။ | အဖော်မလိုသူ | ၆၀ |
| ၁၃။ | နဲ့ပေမယ့် မနဲ့တော့ပြီ | ၆၂ |
| ၁၄။ | ဆိတ်ကွယ်ရာမရှိ | ၆၆ |
| ၁၅။ | လှူချင်သလောက်လှူပေမယ့် ဆွမ်းမကုန်တဲ့သူ့သပိတ် | ၆၉ |
| ၁၆။ | ရှားတဲ့သူ | ၇၁ |
| ၁၇။ | စံတင်လောက်သော ဦးနှမြောများ | ၇၃ |
| ၁၈။ | ခွေးဖြစ်သွားသောသူဌေး | ၇၉ |
| ၁၉။ | နဂါးမလေးတွေကြောင့် | ၈၇ |
| ၂၀။ | ရက်စက်သူကိုမှ အချစ်ကြီးလေသူ | ၉၀ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၂၁။ | အညာမခံရစေနဲ့ | ၁၀၄ |
| ၂၂။ | လှည့်စားခြင်း ကင်းပါစေ | ၁၁၁ |
| ၂၃။ | စွန့်ခွာသွားရမည် | ၁၁၄ |
| ၂၄။ | ညီတူညီမျှမေတ္တာ | ၁၁၈ |
| ၂၅။ | အတင်းတိုက်တွန်းပါ | ၁၂၁ |
| ၂၆။ | အရှောင်အလင်း ရှိဟန္တာ | ၁၂၅ |
| ၂၇။ | အိုးကင်းလျော်ရဟန္တာ | ၁၂၇ |
| ၂၈။ | အိုးစရည်းကြီးရဟန္တာ | ၁၂၈ |
| ၂၉။ | ဆိုဆုံးမခံမှ တိုးတက်ကြီးပွားတယ် | ၁၂၉ |
| ၃၀။ | တရားထူးရနိုင်သူ | ၁၃၂ |
| ၃၁။ | အနီးကပ် | ၁၃၈ |
| ၃၂။ | ဆင်းရဲသော သိကြားမင်း | ၁၄၀ |
| ၃၃။ | အမျှဝေ | ၁၄၂ |
| ၃၄။ | စိတ်ကိုစောင့်စည်းကြသည့် မထေရ်သုံးပါး | ၁၄၆ |
| ၃၅။ | နိဗ္ဗာန်ဆုကို မတောင်းခဲ့သော သိကြားမင်း | ၁၄၈ |
| ၃၆။ | သူတော်ကောင်းတို့၏ ကျင့်ဝတ် | ၁၅၄ |
| ၃၇။ | စွန့်စွန့်စားစား တရားကျင့်သည့် ကိုရင်နှင့်ရဟန်း | ၁၅၈ |
| ၃၈။ | နတ်သားတစ်ဦးအမြင်အရ လူ့လောက | ၁၆၄ |
| ၃၉။ | နည်း အရေးကြီးသည် | ၁၇၀ |
| ၄၀။ | အဘိဓမ္မာ၏ သမိုင်းကြောင်း | ၁၈၄ |
| ၄၁။ | ပစ္စည်းဆင်းရဲသော မောင်ချမ်းသာ | ၂၁၃ |

http://www.dhammadownload.com

# နိဒါန်း

ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ဟောကြားအပ်၊ ရေးသားအပ်သော တရားစာအုပ်တို့ကို သတိပဋ္ဌာန် အားထုတ်မှုလုပ်ငန်း၌ စိတ်ဝင်စားကြသူတို့သည် ဖတ်ရှုလေ့လာကြ၏။ ထိုဖတ်ရှုကြသူတို့တွင် ပြည်တွင်းကလည်း ပါဝင်၏၊ ပြည်ပကလည်း ပါဝင်၏၊ ရှင်ရဟန်းတို့လည်း ပါဝင်၏၊ လူဝတ်ကြောင်တို့လည်း ပါဝင်၏၊ လူကြီးပိုင်းကလည်း ပါဝင်သလို လူလတ်ပိုင်း၊ လူငယ်ပိုင်းကလည်း ပါဝင်၏။ လူငယ်ပိုင်းထက် လူလတ်ပိုင်း၊ လူကြီးပိုင်းက ပိုများပါလိမ့်မည်။ လူလတ်ပိုင်းထက်လည်း လူကြီးပိုင်းက ပိုများဖွယ် ရှိပါသည်။

ဗုဒ္ဓတရားတော်နှင့်အညီ မဟာစည်ဆရာတော်ကြီး ဆုံးမညွှန်ကြားအပ်သော အဆုံးအမများသည် လိုက်နာသူတိုင်းကို ကောင်းကျိုးအထွေထွေ ရရှိစေပါသည်။ မျက်မှောက်ဘဝမှာလည်း ရစေပါသည်။ နောင်ဘဝအဆက်ဆက်မှာလည်း ရစေပါမည်။ ထိုသို့ ကောင်းကျိုးအထွေထွေကို ရစေနိုင်သဖြင့် မဟာစည်ဆရာတော်ကြီး၏ အဆုံးအမတော်များကို ပြည်တွင်းကလည်း လိုက်နာသင့်ပါသည်။ ပြည်ပကလည်း လိုက်နာသင့်ပါသည်။ ရှင်ရဟန်းတို့လည်း လိုက်နာသင့်ကြပါသည်။ လူဝတ်ကြောင်တို့လည်း လိုက်နာသင့်ကြပါသည်။ လူကြီးပိုင်းကလည်း လိုက်နာသင့်ပါသည်။ လူလတ်ပိုင်း လူငယ်ပိုင်းကလည်း လိုက်နာသင့်ကြပါသည်။

အနာဂတ်ဗုဒ္ဓသာသနာတော်နှင့် အနာဂတ်မြန်မာနိုင်ငံတော်သည်

http://www.dhammadownload.com



လူငယ်တို့လက်ထဲမှာ ရှိနေပါသည်။ ထို့ကြောင့် လူငယ်တို့နှလုံးသားထဲ၌ ဗုဒ္ဓအဆုံးအမများ တည်ရှိထားဖို့ လိုအပ်လှပါသည်။ လူငယ်တို့နှလုံးသားထဲ၌ ဗုဒ္ဓအဆုံးအမများတည်ရှိထားလျှင် အနာဂတ်ဗုဒ္ဓသာသနာတော်နှင့် အနာဂတ်မြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်း သာယာစိုပြည်နေပါလိမ့်မည်။ ထို့ကြောင့် ပုံဝတ္ထုဆိုလျှင် အလွန်ခုံမင်ကြသော လူငယ်ပိုင်းလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ အဆုံးအမများကို ဖတ်ရှုလေ့လာ လိုက်နာနိုင်ကြစေရန် အထူးရည်သန်ကာ မဟာစည်ဆရာတော်ကြီး ဟောကြားရေးသားအပ်သော တရားစာအုပ်တို့မှ ထုတ်နုတ်ကာ 'မဟာစည်ဆရာတော်ကြီး၏ ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ' ဟူသော အမည်ဖြင့် ဖော်ပြလိုက်ပါသည်။ လူလတ်ပိုင်း၊ လူကြီးပိုင်းတို့လည်း စိတ်ဝင်စားကြလိမ့်မည်ဟု ယူဆမိပါသည်။ ထို့ကြောင့် မဟာစည်ဆရာတော်ကြီး၏ ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများသည် လူငယ်ပိုင်းအတွက်သာမက လူလတ်၊ လူကြီးပိုင်းအတွက်ပါ အကျိုးများစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။

**သာမဏေကျော်**

http://www.dhammadownload.com

# တစ်ဘဝမှာ တစ်ခါသာ ဝအောင်စားရသူ

လာဘမစ္ဆိရယဆိုတာကတော့ ရဟန်းများမှာ အလှူအတန်းနဲ့စပ်ပြီး မိမိသာ ရလိုချင်တယ်၊ အခြားရဟန်းများ မရစေချင်တဲ့အနေနဲ့ ဖြစ်တာပါပဲ။ အဲဒီလို မရစေချင်တဲ့အတွက် သူတော်ကောင်းဖြစ်တဲ့ ရဟန်းအား လာဘ်မရအောင် ပြုမိတတ်တယ်။ အဲဒီလိုပြုမိရင် သံသရာတစ်လျှောက်လုံးမှာ အတိဒုက္ခ ရောက်သွားတတ်တယ်။ အဲဒီလိုဖြစ်တတ်ပုံကို လောသကတိဿဝတ္ထုဖြင့် သိနိုင်ပါတယ်။

## လောသကတိဿဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်ကာလက ရဟန်းတစ်ပါးဟာ တောရွာတစ်ခုမှာ ဒကာတစ်ဦးကို အမှီပြုပြီး ကျောင်းထိုင်ဘုန်းကြီးအဖြစ် နေတယ်။ သီလလည်း စင်ကြယ်တယ်။ ဝိပဿနာတရားလည်း အားထုတ်ပါသတဲ့။ တစ်နေ့သောအခါ ရဟန္တာမထေရ်၏ သွားလာနေထိုင်ပုံကို ကြည်ညိုပြီးတော့ အိမ်သို့ပင့်ပြီး ဆွမ်းကပ်လှူတယ်။ တရားစကားအနည်းငယ်ကိုလည်း နာကြားပြီးတော့ ရှိခိုးပြီး 'တပည့်တော်တို့၏ အမြဲတမ်း ကိုးကွယ်ရာကျောင်း သို့ ကြွတော်မူပါ၊ ညနေချမ်းအချိန်မှာ လာရောက်ဖူးမြော်ပါမယ်' လို့ လျှောက်လိုက်တယ်။

အဲဒီရဟန္တာမထေရ်က အဲဒီကျောင်းသို့သွားပြီးတော့ ကျောင်းထိုင်မထေရ်ကို ရှိခိုးပန်ကြားပြီး သင့်လျော်တဲ့နေရာမှာ ထိုင်နေတယ်။ ကျောင်းထိုင် မထေရ်ကလည်း အဲဒီရဟန္တာမထေရ်နှင့် နှုတ်ဆက်ပဋိသန္ထာရစကားကို ပြောပြီးတော့ 'ငါ့ရှင်၊ ဆွမ်းအာဟာရ ရခဲ့ပါပြီ

http://www.dhammadownload.com



လား'လို့ မေးတယ်။ 'ရခဲ့ပါပြီ' လို့ လျှောက်တော့ 'ဘယ်က ရခဲ့ပါသလဲ' လို့ မေးပြန်တယ်။ 'အရှင်ဘုရားတို့ရွာက အရှင်ဘုရားတို့၏ ဒကာကြီးအိမ်မှ ရခဲ့ကြောင်း' လျှောက်ထားပြီး မိမိအား ကျရောက်တဲ့ ကျောင်းနေရာမှာ ဈာန်သမာပတ်၊ ဖိုလ်သမာပတ်များဖြင့် အချိန်ကုန်လွန်စေလျက် နေတယ်။

ကျောင်းထိုင်မထေရ်ကြီး၏ ဒကာကလည်း ညနေချမ်းမှာ ပန်းနံ့သာနှင့် မီးထွန်းစရာများကို ယူစေခဲ့ပြီးတော့ ကျောင်းထိုင်မထေရ်ကို ရှိခိုးပြီး 'အာဂန္တုတစ်ပါး ကြွလာပါရဲ့လား ဘုရား' လို့ မေးလျှောက်တယ်။ 'လာပါတယ်' လို့ ဖြေတယ်။ 'ယခု ဘယ်မှာနေပါသလဲ'လို့ မေးတော့ အာဂန္တုမထေရ်၏နေရာကို ညွှန်ကြားလိုက်တယ်။ အဲဒီ ဒကာက အာဂန္တုမထေရ်ထံသွားပြီး တရားနာတယ်။ ညနေအေးချမ်းတဲ့ အချိန်မှာ စေတီနှင့် ဗောဓိပင်ကို ဆီမီးထွန်း ပူဇော်ပြီးတော့ မထေရ်နှစ်ပါးလုံး အိမ်ကြွပြီး ဆွမ်းဘုဉ်းပေးဖို့ ပင့်ပြီး အိမ်ပြန်သွားတယ်။

အဲဒီအခါ ကျောင်းထိုင်မထေရ်က ဒီလိုတွေးတောမိတယ်။ 'ဒီဒကာဟာ ငါ့အပေါ် အကြည်ညိုလျော့ပျက်သွားပြီ၊ ဒီအာဂန္တုဟာ ဒီကျောင်း၌ ဆက်လက်နေထိုင်သွားရင် ငါ့ကို ဒီဒကာက ဘာလောက်မှ အလေးပြုမှာ မဟုတ်တော့ဘူး'လို့ တွေးတောမိပြီး စိတ်နှလုံးမသာ ဖြစ်သွားတယ်။ ဒါကြောင့် ဒီကျောင်းမှာ အာဂန္တုရဟန်း မနေနိုင်အောင် ပြုလုပ်မှပဲလို့ အကြံဖြစ်တဲ့အတွက် ဆည်းကပ်ချိန်၌ လာတဲ့အခါ အဲဒီ အာဂန္တုရဟန်းနဲ့ စကားမပြောဘဲ နေသတဲ့။ ရဟန္တာမထေရ်က သူ့အလို သိသောကြောင့် 'ဒီကျောင်းထိုင်မထေရ်ဟာ သူ့ဒကာနဲ့ ဂိုဏ်းနဲ့စပ်ပြီး ငါက မနှောင့်ယှက်တတ်တဲ့အကြောင်းကို မသိရှာဘူး' လို့ ဆင်ခြင်ပြီး မိမိနေရာမှာပဲ ပြန်သွားပြီး ဈာန်သမာပတ်၊ ဖိုလ်သမာပတ်များဖြင့် အချိန်ကို ကုန်လွန်စေပါသတဲ့။

နောက်နေ့နံနက်ကျတော့ ကျောင်းထိုင်မထေရ်က ခေါင်းလောင်း

http://www.dhammadownload.com



ထိုးစည်ကို လက်သည်းအပြင်ဖြင့် တီးခေါက်တယ်၊ အာဂန္တုမထေရ်အား ဆွမ်းဘုဉ်းပေးသွားချိန် ကျပြီလို့ နှိုးဆော်တဲ့အနေဖြင့် တီးခေါက်တာပါပဲ။ အသံကတော့ ဘာမျှမြည်မှာမဟုတ်ပါဘူး။ ပြောစရာရှိတဲ့အခါ တာဝန်ဝတ္တရား ကျေပါတယ်လို့ ပြောရအောင် ဟန်ဆောင်ပြုလုပ်တဲ့ ကောက်ကျစ်မှုပါပဲ။ နောက်ပြီးတော့ အာဂန္တုမထေရ်နေရာ အခန်းတံခါးကို လက်သည်းနဲ့ တို့ ခေါက်ပြီး သူ့ဒကာအိမ်သို့ သွားပါသတဲ့။

အိမ်ရောက်တော့ ဒကာကြီးက 'အာဂန္တုမထေရ် ဘယ်မှာလဲ ဘုရား' လို့ မေးတယ်။ အဲဒီတော့ ကျောင်းထိုင်မထေရ်က 'သင့်အာဂန္တုမထေရ် အကြောင်းကို ငါမသိပါဘူး။ ထိုးစည်လည်း တီးခေါက်ခဲ့တယ်၊ တံခါးကိုလည်း ခေါက်ခဲ့တယ်၊ ဒါပေမဲ့ သူ့ကိုလည်း အိပ်ရာမှ မနိုးစေနိုင်ခဲ့ပါဘူး။ ယမန်နေ့က သင့်အိမ်က ဆွမ်းဘောဇဉ်အကောင်းတွေ စားပြီး အစာမကြေစေနိုင်လို့ အိပ်မောကျနေဟန် တူပါတယ်'လို့ ဆိုပါသတဲ့။

ရဟန္တာမထေရ်ကတော့ ဆွမ်းခံချိန်ကျတဲ့အခါ အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်ပြီး အခြားအရပ်သို့ ကြွသွားပါသတဲ့။

ကျောင်းထိုင်မထေရ်ကို ကျွေးမွေးပြီးတဲ့အခါ အာဂန္တုမထေရ်အတွက်လည်း အဲဒီဒကာကြီးက လှူလိုက်တယ်။ အဲဒါကို ယူဆောင်လာရင်းပင် ကျောင်းထိုင်မထေရ်က 'ဒီနို့ဆွမ်းကို အာဂန္တုရဟန်း သုံးဆောင်ရလျှင် လည်ပင်းကိုင်ပြီး ဆွဲထုတ်တောင်မှ သွားမှာမဟုတ်ဘူး' စသည်ဖြင့် စဉ်းစားပြီးတော့ အဲဒီနို့ဆွမ်းကို မီးလောင်ရာနေရာတွင် မီးကျီးထဲမှာ သွန်ပစ်ထားခဲ့ပါသတဲ့။ ကျောင်းပြန်ရောက်တဲ့အခါကျတော့ အာဂန္တုရဟန်းကို မတွေ့ရတော့တဲ့အတွက် အဲဒီမထေရ်မှာ စိတ်နှလုံးပူလောင်ပါသတဲ့။ 'ထိုရဟန်းဟာ ရဟန္တာဖြစ်ဟန်တူတယ်။ ငါ၏စိတ်အလို အကြံကိုသိပြီး တခြားသို့ ကြွသွားဟန်တူတယ်။ သြော် ငါဟာ ဝမ်းရေးအတွက် မတော်တာ ပြုမိလေခြင်း'လို့ ဆင်ခြင်ပြီး အကြီး

http://www.dhammadownload.com



အကျယ် စိတ်နှလုံးမသာခြင်း ဖြစ်ရပါသတဲ့။ အဲဒီကစပြီး ဆင်းရဲဒုက္ခ ရောက်သွားပုံကို ဇာတ်အဋ္ဌကထာ (ပ၊ ၂၅၆) မှာ ဒီလိုပြဆိုထားပါတယ်။

စ၊ ဆက်၍ ပြရလျှင်။ တတော ပဋ္ဌာယေဝ၊ ထိုအခါမှစ၍သာလျှင်။ မနုဿပေတော ဟုတွာ၊ လူပြိတ္တာဖြစ်ပြီးလျှင်။ နစိရဿေဝ ကာလံ ကတွာ၊ မကြာမီ ပင် ပျံလွန်၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်လေသည်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဗဟူနိ ဝဿသတဿဟဿာနိ၊ နှစ်သိန်းများစွာတို့ပတ်လုံး၊ နိရယေ ပစ္စိတွာ၊ ငရဲ၌ပူလောင်ခံခဲ့ရပြီး၍။ ပက္ကာဝသေသေန၊ ကံကြွင်းဖြင့်။ ပဋ္ဌိပါဋ္ဌိယာ၊ အစဉ်အတိုင်း။ ပဉ္စဇာတိသတေသု၊ ဘဝ ငါးရာတို့၌။ ယက္ခော ဟုတွာ၊ ဘီလူး ဖြစ်၍။ ဧကဒိဝသမ္ပိ၊ တစ်နေ့မျှသော်လည်း။ ဥဒရပူရံ၊ ဝမ်းပြည့်အောင်။ အာဟာရံ နလဘိ၊ အစာကို မရခဲ့ချေ။ ပန၊ သို့သော်လည်း။ ဧကဒိဝသံ၊ တစ်နေ့၌။ ဂဗ္ဗမလံ၊ ကိုယ်ဝန်အညစ်အကြေးကို။ ဥဒရပူရံလဘိ၊ ဝမ်းပြည့်အောင် ရခဲ့ဖူးသည်တဲ့။

အဲဒီကနောက် ဘဝငါးရာ ခွေးဖြစ်ခဲ့ရသတဲ့၊ အဲဒီခွေးဘဝမှာလည်း တစ်နေ့မျှသာ လူ့အန်ဖတ်ထမင်းကို ဝအောင်စားရတယ်။ တခြားနေ့တွေမှာ တစ်နေ့တစ်ရက်မျှ ဝအောင်မစားခဲ့ရဘူး။ အဲဒီခွေးဘဝမှနောက် လူဖြစ်တဲ့အခါလည်း မိတ္တဝိန္ဒကဆိုတဲ့ လူဖြစ်ပြီး ပဋ္ဌိသန္ဓေနေကတည်းက မိဘတွေ၊ နီးစပ်သူတွေပါ အကြီးအကျယ် အစာအာဟာရ ချို့တဲ့ပြီး ဆင်းရဲခဲ့သတဲ့။

နောက်ဆုံးဘဝမှာ ကောသလတိုင်းပြည်ထဲက တံငါရွာမှာ ဖြစ်ရတယ်။ ပဋ္ဌိသန္ဓေတည်နေကတည်းက အဲဒီရွာက အိမ်ထောင်စု တစ်ထောင်မှာ ငါးတစ်ကောင်တောင် မရရှိဘဲ နေသတဲ့။ အဲဒီတော့ ရွာလူကြီးတွေက ငါတို့ရွာထဲမှာ ကာလကဏ္ဏိခေါ် လူယုတ်မာ လူကံဆိုး ရှိနေလို့ ဒီလို ငတ်ပြတ်ဆင်းရဲကြရတာပါပဲ။ ရွာကို နှစ်စုခွဲကြစို့ဆိုပြီး ခွဲကြတယ်။ လောသကတိဿ ကိုယ်ဝန်ရှင် မိဘများပါတဲ့ ရွာအစုမှာ

http://www.dhammadownload.com



ဆင်းရဲမြဲ ဆင်းရဲနေကြရတယ်။ အဲဒီအစုက တစ်ဖန်နှစ်ပိုင်း ခွဲပြန်တယ်။ ဒီနည်းဖြင့် နှစ်ပိုင်းခွဲတိုင်းခွဲတိုင်း လောသကတိဿ ပါတဲ့ အပိုင်းမှာ ငတ်ပြတ်မြဲ ငတ်ပြတ်နေပါသတဲ့။ နောက်ဆုံးကျတော့ သူ့မိဘ အိမ်ထောင်စုတစ်ခုတည်း ဆင်းရဲနေရသတဲ့။ အဲဒီမှာလည်း နောက်ဆုံးကျတော့ သူ့မိခင်တစ်ဦးတည်း ငတ်ပြတ်ဆင်းရဲနေရရှာသတဲ့။ အဲဒီ လောသကတိဿ သူငယ်ကလေး ပြေးလွှားသွားလာနိုင်တဲ့အခါကျတော့ မိခင်ဖြစ်သူကလည်း သည်းမခံနိုင်တော့ဘူး၊ အဲဒီသူငယ်ကလေးကို တောင်းစားဖို့ ခွက်တစ်ခုပေးပြီးတော့ အိမ်တစ်အိမ်သို့ သွားစေတယ်။ သူငယ်က အဲဒီအိမ်သို့သွားနေစဉ် မိခင်ဖြစ်သူက တခြားအရပ်သို့ ရှောင်တိမ်းပြေးလွှားသွားပါသတဲ့။ လောသကတိဿဟာ အဲဒီကလေးသူငယ်ဘဝကတည်းက ငတ်ငတ်ပြတ်ပြတ်နဲ့ ဆင်းရဲဒုက္ခ ခံလာခဲ့ရတယ်။

ခုနစ်နှစ်သားအရွယ် ရောက်တဲ့အခါ အိမ်တစ်အိမ်၏တံခါးဝ ထမင်းအိုးဆေး ရေသွန်အရပ်၌ ကျီးကန်းလိုပင် ထမင်းလုံး တစ်ခုတစ်ခုကို ကောက်ကောက်ပြီး စားနေရတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွနေစဉ် တွေ့မြင်ရ၍ အလွန်သနားတော်မူသဖြင့် 'ဟေ့ လူကလေး လာခဲ့စမ်း' လို့ ခေါ်လိုက်တယ်။ လောသကတိဿက လာပြီးရှိခိုးလျက် ရပ်နေတဲ့အခါ 'သင်ဟာ ဘယ်ရွာကလဲ၊ သင့်မိဘတွေက ဘယ်သူတွေလဲ' လို့ မေးတော်မူတယ်။ 'တပည့်တော်မှာ အားကိုးစရာ ထောက်ပံ့သူမရှိပါ။ မိဘများကလည်း သည်းမခံနိုင်လို့ တပည့်တော်ကို စွန့်ပြီး ပြေးကြပါတယ်ဘုရား'လို့ လျှောက်တယ်။

အဲဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်က 'သင် ရှင်သာမဏေပြုမလား'လို့ မေးတော်မူတယ်။ 'တပည့်တော်ကတော့ ရှင်ပြုနိုင်ပါတယ်၊ ဒါပေမဲ့ တပည့်တော်လို လူစုတ်လူညံ့ကို ဘယ်သူက ရှင်ပြုပေးမှာလဲ၊

http://www.dhammadownload.com



ရှင်ပြုပေးမယ့်သူ မရှိပါဘူး'လို့ လျှောက်တယ်။ 'ငါက ရှင်ပြုပေးမယ်' လို့ မိန့်ဆိုပြီး အရှင်သာရိပုတ္တရာမထေရ်မြတ်က ခဲဖွယ်ဘောဇဉ်ကိုလည်း ပေးပြီး ကျောင်းသို့ခေါ်ယူလာခဲ့တယ်။ မိမိလက်ဖြင့်ပင် ရေချိုးပေးပြီး ရှင်ပြုပေးတယ်။ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ရဟန်းလည်း ပြုပေးတယ်။ အရွယ်ကြီး၍ ဝါရင့်သောအခါ ဘုန်းကံလည်းနည်း၊ လာဘ်လာဘလည်း နည်းတဲ့ လောသကတိဿထေရ်လို့ သူ့ကိုခေါ်ကြတယ်။ အသဒိသဒါနခေါ်တဲ့ အလှူပွဲတော်ကြီးမှာတောင် လောသကတိဿဟာ ဝမ်းဝအောင် မစားရဘူး၊ အသက်ဆက်မိရုံမျှသာ စားရသတဲ့။ သူ့သပိတ်ထဲ ယာဂုတစ်ဇွန်း တစ်ယောက်ချို ထည့်လိုက်ရင် သပိတ်ပြည့်နေသလို ထင်ရတယ်။ ဒါကြောင့် လှူတဲ့သူတွေက နောက်ထပ် သူ့သပိတ်ထဲ မလောင်းတော့ဘဲ သူ့နောက်က တခြားရှင် ရဟန်းများ၏ သပိတ်ထဲသာ လောင်းလှူကြပါသတဲ့။ လာဘမစ္ဆရိယကြောင့် မကောင်းကျိုးပေးတာဟာ အလွန်ကြောက်စရာကောင်းတာပဲ။

နောက်ကာလမှာ (ဝိပဿနံ ဝဍ္ဎေတွာ) ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်ရောက်၍ ရဟန္တာဖြစ်ပြီးတဲ့အခါလည်း သူ့မှာ လာဘ်လာဘ နည်းပါးနေတာပဲတဲ့။ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံရတော့မည့်နေ့မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က သူ့အား ဝဝလင်လင် ဘုဉ်းပေးရအောင် ပေးလှူမယ်လို့ ရည်ရွယ်ပြီးတော့ သူ့ကိုခေါ်ပြီး သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွတော်မူတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာအား လှူမည့်သူ မဆိုထားဘိ၊ လက်ကို ဆန့်ပြီး ရှိခိုးမည့်သူတောင် မရှိဘူးတဲ့။ အဲဒီအခါ အရှင်သာရိပုတ္တရာက အရှင်လောသကတိဿကို ဆွမ်းစားကျောင်းဇရပ်သွားနေဖို့ စေလွှတ်လိုက်ရတယ်။ အဲဒီတော့မှ ဒကာ ဒကာမတွေက အရှင်သာရိပုတ္တရာ ကြွလာပြီဟေ့လို့ ဆိုပြီးတော့ နေရာမှာထိုင်စေပြီး လှူဒါန်းကျွေးမွေးကြတယ်။ အဲဒီက စားသောက်ဖွယ်ကို လောသကတိဿအား ပေးလိုက်ဖို့ အရှင်သာရိပုတ္တရာက စေလွှတ်လိုက်တယ်။

http://www.dhammadownload.com



အဲဒါကို ယူဆောင်သွားတဲ့သူတွေက လောသကတိဿထေရ်ကို သတိမေ့ပြီး သူတို့ကိုယ်တိုင်ပဲ စားလိုက်ကြပါသတဲ့။

အရှင်သာရိပုတ္တရာမထေရ်က ကျောင်းသို့ ပြန်ရောက်သောအခါ အရှင်လောသကတိဿမထေရ်က လာပြီးရှိခိုးကန်တော့တယ်။ 'ငါ့ရှင် ဆွမ်းရပြီမဟုတ်လား'လို့ မေးတယ်။ 'နောင်တော့ ရကောင်းပါလိမ့်မယ်၊ ယနေ့တော့ မရသေးပါ'လို့ အရှင်လောသကတိဿမထေရ်က လျှောက်တယ်။ အရှင်သာရိပုတ္တရာက သံဝေဂဖြစ်ပြီး အချိန်ကိုကြည့်လိုက်တဲ့အခါ နေမွန်းလွဲနေကြောင်း သိရတာနဲ့ 'ငါ့ရှင် လောသကတိဿ၊ ဒီမှာပင် နေရစ်ပါ'လို့ ပြောပြီးတော့ လောသကတိဿမထေရ်ကို ဆွမ်းစား ကျောင်းဇရပ်မှာပင် နေစေပြီး ကောသလမင်း၏နေအိမ်တော်သို့ ကြွသွားတယ်။ ကောသလမင်းကြီးက မထေရ်၏သပိတ်ကို ယူစေပြီးတော့ သပိတ်နှင့်အပြည့် စတုမဓုကို လှူစေတယ်။ အရှင်သာရိပုတ္တရာမထေရ်က ထိုစတုမဓုကို ခံယူခဲ့၍ 'ငါ့ရှင် တိဿ၊ လာပါ၊ ဒီစတုမဓုကို ဘုဉ်းပေးပါ'လို့ ပြောပြီး သပိတ်ကို ကိုင်ထားလျက် ရပ်တည်နေတယ်။ လောသကတိဿမထေရ်က အရှင်သာရိပုတ္တရာအား ရိုသေလေးစားသဖြင့် ရှက်သည်ဖြစ်၍ မဘုဉ်းဘဲနေတယ်။ ထိုအခါ အရှင်သာရိပုတ္တရာက 'လာပါ ငါ့ရှင်တိဿ၊ ငါ ဒီသပိတ်ကို ကိုင်လျက်သာ ရပ်တည်နေပါမယ်၊ သင်က ထိုင်ပြီးဘုဉ်းပေးပါ။ ငါက အကယ်၍ လက်မှလွှတ်လိုက်ရင် တစ်စုံတစ်ခု နည်းနည်းမျှမရှိဘဲ ဖြစ်သွားနိုင်ပါတယ်' လို့ ပြောဆိုတယ်။ အဲဒီတော့မှ အရှင်လောသကတိဿက အရှင်သာရိပုတ္တရာ ကိုင်ထားတဲ့သပိတ်ထဲမှ စတုမဓုကို အလိုရှိသလောက် ဝမ်းဝအောင် ဘုဉ်းပေးတယ်။ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန်စံတော်မူသတဲ့။

ဒီလောသကတိဿမထေရ်၏ မစ္ဆရိယကြောင့် ဆင်းရဲဒုက္ခရောက်ရပုံကို ဆင်ခြင်ကြည့်လျှင် ဝန်တိုမှုဟာ အလွန်ပင်ကြောက်စရာကောင်းတာပဲ။

http://www.dhammadownload.com

# ပီတိဖြင့် အာကာသခရီးသွားသူ

တရားနာသွားချင်တာ၊ ဘုရားဖူးသွားချင်တာ မသွားရလို့ 'သူများတွေကတော့ တရားနာကြရတယ်၊ ငါ့မှာတော့ မနာရဘူး။ သူများတွေတော့ ဘုရားဖူးကြရတယ်၊ ငါ့မှာတော့ မဖူးရဘူး'လို့ ဒီလိုဆင်ခြင်ပြီး နှလုံးမသာတာ ဝမ်းနည်းတာလည်း မိုဝဲအပ်တဲ့ ဒေါမနဿပါပဲ။ အဲဒါကို သီရိလင်္ကာ (သီဟိုဠ်ကျွန်း) ဂိရိကဏ္ဍကကျောင်း၏ ဆွမ်းခံရွာ၌ အမျိုးသမီးတစ်ဦးဖြစ်ပုံဖြင့် ထင်ရှားသိရတယ်။

ဂိရိကဏ္ဍကဆိုတဲ့ အဲဒီတောင်ပေါ်ကျောင်းမှာ ဘုရားပွဲ တရားပွဲကျင်းပတဲ့အခါ ဝတ္တကာလကဆိုတဲ့ အဲဒီတောင်ခြေရင်း ဆွမ်းခံရွာက အဲဒီအမျိုးသမီး၏မိခင် ဖခင်များက 'ချစ်သမီး၊ သင့်မှာ လေးလံတဲ့ကိုယ်ဝန်ရှိတယ်၊ ဒါကြောင့် ယခုလို ညဥ့်အချိန်မှာ အပြင်သွားရန်မသင့်ဘူး၊ ငါတို့က သင့်အတွက် တရားနာယူခဲ့ကြပါမယ်' လို့ မှာထားပြီး တရားနာ ထွက်သွားကြတယ်။ အဲဒီအမျိုးသမီးက ဘုရားဖူးရန်၊ တရားနာရန် လိုက်ချင်ပါလျက်နဲ့ မလိုက်ရဘဲ အိမ်မှာပင် နေရစ်ရတယ်။ တောင်ပေါ်ကျောင်းက လည်း တယ်ဝေးပုံမရပါဘူး။ အဲဒီအမျိုးသမီးက အိမ်မျက်နှာသာကနေပြီး မျှော်ကြည့်လိုက်တဲ့အခါ စေတီတော်အားမီးပူဇော်ထားတာတွေကိုလည်း မြင်ရတယ်။ စေတီတော်ရင်ပြင်မှာ ရဟန်းရှင်လူတွေ လှည့်လည်ပြီး ပူဇော်ကန်တော့နေကြတာကိုလည်း လရောင်ဖြင့် မြင်ရတယ်။ သံဃာတော်များက တပေါင်းတည်း ရွတ်ဆိုနေကြတဲ့ တရားသံကိုလည်း ကြားရတယ်။ အဲဒီအခါ 'ငါ့မှာတော့ ကံမကောင်းလို့ ဒီပူဇော်ပွဲကို သွားရောက်ခွင့် မရဘူး'လို့ ဆင်ခြင်ပြီး

http://www.dhammadownload.com



နှလုံးမသာခြင်း ဝမ်းနည်းခြင်းဖြစ်ရတယ်။ အဲဒီကနောက် 'ဒီလိုဘုရားပွဲ၊ တရားပူဇော်ပွဲကို သွားရောက်ပြီး ပူဇော်ကြရ၊ တရားတော်ကို နာကြားရတဲ့သူတွေဟာ အင်မတန် ကံကောင်းတာပဲ'လို့ ဆင်ခြင်ပြီး စေတီတော်ကို အဝေးမှ ဖူးမြော်နေရင်း ဥဗ္ဗေဂါပီတိဆိုတဲ့ အလွန်အကဲ ဝမ်းမြောက် မှု ဖြစ်လာတယ်။ အဲဒီဝမ်းမြောက်တဲ့ပီတိအဟုန်ကြောင့် တစ်ကိုယ်လုံးကြွတက်ပြီး အဲဒီစေတီတော်ရင်ပြင် ရောက်သွားပါသတဲ့။

အဲဒါ မူလကတော့ ဘုရားဖူးရန်၊ တရားနာရန် သွားခွင့်မရလို့ ဝမ်းနည်းမှုဖြစ်ခဲ့တယ်၊ အဲဒီဝမ်းနည်းမှုဟာ မှီဝဲသင့်တဲ့ ဒေါမနဿပဲ။ အဲဒီ ဝမ်းနည်းမှု အကြောင်းရင်းခံပြီး ဆင်ခြင်တဲ့အတွက် ဘုရားတရားကို အာရုံပြုလျက် အလွန်အကဲဝမ်းမြောက်တဲ့ ဥဗ္ဗေဂါပီတိဖြစ်ပြီး စေတီရင်ပြင်သို့ သူ့အလိုလိုရောက်သွားတာပဲ။ ယခု ရှုမှတ်နေကြတဲ့ ယောဂီတွေထဲမှာလည်း တချို့မှာ ဥဒယဗ္ဗယဉာဏ်ရောက်တော့ အဲဒီလို အလွန်အကဲ ဝမ်းမြောက်တဲ့ ဥဗ္ဗေဂါပီတိ ဖြစ်တတ်တယ်။ အဲဒီပီတိကြောင့် ကိုယ်လက်လှုပ်ရှားတာလည်း ရှိတယ်။ တချို့မှာ တော်တော်မြင့်သည့် တိုင်အောင် ကြွတက်တာလည်း ရှိတယ်။ ကြွမတက်တောင် အောက်မှာ မထိရသလို အလွန်ပေါ့ပါးနေတာကိုလည်း တွေ့ကြရတယ်။

http://www.dhammadownload.com

# ဝါကျွတ်လေတိုင်း မျက်ရည်ဝိုင်း

သီရိလင်္ကာ (သီဟိုဠ်ကျွန်း) မှာ ဗုဒ္ဓသာသနာတော် ထွန်းကားစဉ်က အရှင်မဟာသီဝဆိုတဲ့မထေရ်ကြီးတစ်ပါး ထင်ရှားခဲ့တယ်။ ခုနှစ်ကတော့ ခရစ် သက္ကရာဇ် တစ်ရာစုနှစ်လောက်ကလို့ ပညာရှိတွေ ခန့်မှန်းပြောဆိုကြပါတယ်။ သာသနာခုနှစ်အရဆိုရင်တော့ ၆၀၀ အတွင်းကလို့ ဆိုရမှာပဲ။ သာသနာ နှစ် ၄၀၀၊ ၅၀၀ အတွင်းကလည်း ဖြစ်နိုင်ပါတယ်။ တည်ရာဌာနကတော့ သီဟိုဠ်ကျွန်းရဲ့ တောင်ဘက်အစွန်း၌ ဒုဋ္ဌဂါမဏိ မင်းကြီးရဲ့စိုးစံရာ မဟာဂါမ ဆိုတဲ့မြို့မှာပါပဲ။ ယခုတော့ အဲဒီမြို့အရပ်ကို မာဂမလို့ ခေါ်နေကြတယ်။ အဲဒီမာဂမရဲ့ မြောက်ဘက်၌ တိဿမဟာ စေတီဆိုတာရှိပါတယ်။ အဲဒီစေတီ၏တည်ရာမှာ တိဿမဟာရာမ ဆိုတဲ့ကျောင်းတိုက် ရှိတယ်။ အဲဒီကျောင်းတိုက်ကို တိဿမဟာဝိဟာရ လို့လည်း ခေါ်တယ်။ အရှင်မဟာသီဝမထေရ်ဟာ အဲဒီကျောင်းတိုက်မှာ သီတင်းသုံးလျက် ၁၈ ပါးသော ဂိုဏ်းကြီးတို့ကို စာပို့ချနေတယ်။ သူ့ထံမှ ဩဝါဒကိုခံယူပြီး တရားအားထုတ်ကြသဖြင့် ရဟန်းတော် ၃၀၀၀၀ ရဟန္တာဖြစ်နေကြပါသတဲ့။ အင်္ဂုတ္တရ အဋ္ဌကထာမှာတော့ ရဟန္တာ ၆၀၀၀၀ ဖြစ်နေကြတယ်လို့ ဆိုပါတယ်။

အဲဒီအထဲက ရဟန်းတစ်ပါးက မိမိ၏ဂုဏ်တွေကို ဆင်ခြင်ပြီးတော့ 'ငါ့ဆရာမထေရ်ကြီးမှာ ဘယ်လိုဂုဏ်ထူးတွေနဲ့ ပြည့်စုံနေပါလိမ့်မလဲ' လို့ ဆင်ခြင်ကြည့်လိုက်တဲ့အခါ ပုထုဇဉ်မျှသာ ဖြစ်နေကြောင်း သိရ၍ သတိပေးရန် အရှင်မဟာသီဝမထေရ်ထံသို့ လာရောက်တယ်။ မထေရ်ကြီးက 'ဘာကိစ္စအတွက် လာသလဲ'လို့ မေးတယ်။ 'အနု

http://www.dhammadownload.com



မောဒနာ တရားတစ်ပုဒ် သင်ယူချင်လို့ လာပါတယ်'လို့ လျှောက်တယ်။ 'သင်ပေးဖို့ရာ အချိန်အခွင့် မရှိဘူး'လို့ မထေရ်ကြီးက မိန့်တယ်။ 'ဆွမ်းခံသွားမည့်အရပ်ကို စဉ်းစားရန် ရပ်တည်ရာဌာန၌ မေးပါမည်ဘုရား'၊ 'ထိုဌာန၌ အခြားရဟန်းတို့က မေးကြတယ်'၊ 'ဆွမ်းခံရွာသို့ သွားတဲ့လမ်းမှာ မေးပါမည်'၊ 'အဲဒီမှာလည်း အခြားသူတို့က မေးကြတယ်'၊ 'နှစ်ထပ်သင်းပိုင်ကို ဝတ်ရာမှာ၊ နှစ်ထပ်သင်္ကန်းကြီး ရုံရာမှာ၊ အိတ်ထဲမှ သပိတ်ကိုထုတ်ရာမှာ၊ ဆွမ်းစားဇရပ်၌ ယာဂု သောက်ပြီးတဲ့အခါ မေးပါမည်ဘုရား'၊ 'အဲဒီမှာ အဋ္ဌကထာလေ့လာသူတို့က သူတို့၏ ယုံမှားကို လွှန်မြောက်အောင် မေးကြတယ်'၊ 'ရွာမှ ဆွမ်းခံပြန်လာသည့်အခါ မေးပါမည်'၊ 'အဲဒီမှာလည်း အခြားသူတို့က မေးကြတယ်'၊ 'ပြန်လာတဲ့ လမ်းခရီးမှာ၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ၊ နေ့သန့်စင်ရာမှာ၊ ခြေဆေးတဲ့အခါမှာ၊ အိပ်ရာဝင်ခါနီး၊ အိပ်ရာမှထပြီး မျက်နှာသစ်တဲ့အခါ မေးပါမည်'၊ 'အဲဒီမှာလည်း အခြားသူတို့က မေးကြတယ်'၊ 'မျက်နှာသစ်ပြီး ပြန်လာတဲ့အခါ၊ ကျောင်းခန်းထဲဝင်ပြီး ခေတ္တထိုင်နေတဲ့အခါ မေးပါမည် ဘုရား'၊ 'အဲဒီမှာလည်း အခြားသူတို့က မေးကြတယ်'လို့ မိန့်ဆိုတယ်။

အဲဒီတော့ အခွင့်တောင်းတဲ့ရဟန်းက ဒီလိုပြန်လျှောက်တယ်။ 'အရှင်ဘုရား၊ မျက်နှာသစ်ပြီးတဲ့နောက် ကျောင်းခန်းထဲဝင်ပြီး သုံးလေးကြိမ်လောက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် တရားရှုမှတ် နှလုံးသွင်းတဲ့ အချိန်အခွင့် ရှိသင့်ပါတယ်။ ယခုပြောခဲ့တဲ့အတိုင်းဆိုရင် အရှင်ဘုရားမှာ သေဖို့အချိန်ကိုပင် မရဘဲ ရှိတော့မှာပဲ။ အရှင်ဘုရားဟာ ပျဉ်ချပ်လိုပင် သူတစ်ပါး၏မှီရာသာဖြစ်တယ်။ မိမိ၏မှီရာတော့ မဖြစ်နိုင်ဘဲ ရှိနေပါတယ်။ တပည့်တော်မှာ အရှင်ဘုရား၏ အနုမောဒနာဖြင့် အလိုမရှိတော့ပါဘူး' ဆိုပြီး ကောင်းကင်သို့ ပျံတက်လျက် ကြွသွားပါသတဲ့။

http://www.dhammadownload.com



အဲဒီတော့မှ မထေရ်ကြီးက သတိသံဝေဂရလာတယ်။ 'ဒီရဟန်းဟာ တရားစာသင်ဖို့ လာတာမဟုတ်ဘူး၊ ငါ့ကိုသတိပေးဖို့ လာတာပဲ' လို့ သိပြီးတော့ သပိတ်၊ သင်္ကန်းများကို အသင့်ပြင်ထားပြီးတော့ အဲဒီနေ့မှာ တစ်နေ့လုံးလည်း စာပို့ချမြဲ ပို့ချနေတယ်။ ညမှာလည်း ပို့ချမြဲပင် ပို့ချနေတယ်။ အဲဒီည နောက်ဆုံးလာတဲ့ ကိုယ်တော်အား ပို့ချပြီးတဲ့အခါ အဲဒီကိုယ်တော်နှင့်အတူပင် သပိတ်သင်္ကန်းများကိုယူပြီး ကျောင်းမှထွက်ခွာသွားတယ်။

အရှင်မဟာသီဝမထေရ်က 'ငါလိုပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ရောက်ဖို့ ဘာမျှခဲယဉ်းစရာ မရှိဘူး၊ ၂ ရက်၊ ၃ ရက်အတွင်း ရောက်ပြီးတော့ ပြန်လာမယ်'လို့ ကြံစည်ပြီး အတွင်းနေတပည့်များကိုတောင် အသိမပေးခဲ့ဘဲ ထွက်လာခဲ့တယ်။ အဲဒီနေ့က ဝါဆိုလဆန်း ၁၃ ရက်နေ့ ဖြစ်ပါသတဲ့။ ဂါမန္တဂဗ္ဘာရ (ရွာအနီးတောင်ချိုင့်) ဆိုတဲ့ နေရာမှာ သွားရောက်ပြီးတော့ စင်္ကြံလျှောက် အားထုတ်နေတယ်။ ဝါဆိုလပြည့်နေ့အထိ ၃ ရက်ကြာသော်လည်း တရားထူးကို မရသေးဘဲ ရှိနေတယ်။ အဲဒီတော့ အဲဒီမှာပင် ဝါကပ်ပြီးတော့ သုံးလပတ်လုံး တရားအားထုတ်နေတယ်။ သီတင်းကျွတ် လပြည့်နေ့တိုင်အောင်လည်း မိမိအလိုရှိတဲ့ တရားထူးကို မရသေးတဲ့အတွက် ဒီလိုကြံတွေးမိတယ်။ 'ငါဟာ ၂ ရက်၊ ၃ ရက်နဲ့ အရဟတ္တဖိုလ် ရောက်လိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့တယ်၊ ယခုတော့ ၃ လ ကြာတောင်မှ မရောက်သေးဘူး၊ သီတင်းသုံးဖော်များကတော့ ရဟန္တာဖြစ်ပြီး ဝိသုဒ္ဓိ ပဝါရဏာကို ပြုလုပ်ကြလိမ့်မယ်'လို့ ကြံတွေးမိတဲ့အခါ မျက်ရည်များ ကျလာပါသတဲ့။

အဲဒီကနောက် 'ငါ့မှာ ခုတင်ညောင်စောင်းပေါ်မှာ လှဲအိပ်လျက် ဣရိယာပုထ် ၄ ပါးလုံးဖြင့် လျှော့ရဲစွာ အားထုတ်နေလျှင် မဂ်ဖိုလ်တရားထူး ဖြစ်မှာမဟုတ်ဘူး၊ ဒီကနေ့ကစပြီး အရဟတ္တဖိုလ်သို့ မရောက်မချင်း ညောင်စောင်းပေါ်မှာ လှဲမအိပ်တော့ဘူး၊ ခြေတို့ကိုလည်း မဆေးတော့

http://www.dhammadownload.com



ဘူး' လို့ အဓိဋ္ဌာန်ပြုပြီး ညောင်စောင်းကို ထောင်ထားလိုက်တယ်။ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းဆိုတဲ့ ဣရိယာပုထ် သုံးပါးဖြင့် တင်းတင်းကျပ်ကျပ် မပြတ်အားထုတ်နေပါသတဲ့။ ဒါပေမဲ့ နောက် တစ်ဝါ ကျွတ်တဲ့အခါလည်း အရဟတ္တဖိုလ် မရောက်နိုင်တာကို ကြံ တွေးပြီး မျက်ရည်များ ကျရပါသတဲ့။ အဲဒီလိုဝါကျွတ်တိုင်း ဝမ်းနည်းပြီး မျက်ရည်ကျရတာဟာ ၂၉ နှစ် နှစ်ဆယ့်ကိုးကြိမ်တိုင်တိုင် ရှိပါသတဲ့။

အနှစ် ၃၀ မြောက် ဝါကျွတ်တဲ့အခါကျတော့ နောက်မှီပျဉ်ချပ် ကို မှီပြီး တည်နေရင်း 'ယခု ငါတရားအားထုတ်လာတာ အနှစ် ၃၀ ရှိပြီ၊ အရဟတ္တဖိုလ်ကိုတော့ မရောက်နိုင်သေးဘူး။ ဒီဘဝမှာ မဂ်ဖိုလ်ကို မရတော့ဘူး ထင်ပါရဲ့၊ သီတင်းသုံးဖော်တို့နှင့် ရဟန္တာအဖြစ် ဖြင့် ဝိသုဒ္ဓိပဝါရဏာပြုခွင့် မရတော့ဘူး ထင်ပါရဲ့' လို့ ကြံတွေးမိတယ်။ အဲဒီလို ကြံတွေးနေရင်း ဝမ်းနည်းမှု ဒေါမနဿဖြစ်လာတယ်။ မျက်ရည် တွေလည်း ကျလာပါသတဲ့။

အဲဒီအခါ နတ်သမီးတစ်ယောက်က အနီးအပါးမှာ ရပ်တည်နေ လျက် ငိုနေပါသတဲ့။ 'ဟဲ့ ဒီမှာ ငိုနေတာ ဘယ်သူလဲ' လို့ မထေရ် ကြီးက မေးတယ်။ 'တပည့်တော်မဟာ နတ်သမီးပါ' လို့ လျှောက်တယ်။ 'ဘာကြောင့် ငိုနေတာလဲ' လို့ ပြန်မေးတယ်။ 'ငိုနေရင် မဂ်ဖိုလ်ကို ဖြစ်စေနိုင်တယ်ထင်လို့ တပည့်တော်မလည်း မဂ်ဖိုလ်တစ်ခု နှစ်ခု ရအောင်လို့ ငိုနေတာပါ' လို့ လျှောက်တယ်။

အဲဒီတော့ အရှင်မဟာသီဝမထေရ်မြတ်က 'ဟေ့ အမောင်မဟာ သီဝ၊ နတ်သမီးကတောင် သင့်ကို ပြက်ရယ်ပြု ပြောင်လှောင်နေပြီ။ တရား မရတာနဲ့ ဒီလိုမျက်ရည်ကျနေတာဟာ သင့်မှာသင့်တော်ပါ့ မလား' စသည်ဖြင့် ဆင်ခြင်အားပေးပြီးတော့ ရှုမှတ်မှုဝိပဿနာကို ပွားစေတယ်။ အဲဒီလို ပွားစေလိုက်တဲ့အတွက် မကြာခင်ပဲ ဝိပဿနာ ဉာဏ်အစဉ်၊ အရိယမဂ်ဉာဏ်အစဉ်ဖြင့် အစဉ်အတိုင်းဖြစ်ပွားပြီး အရ

http://www.dhammadownload.com



ဟတ္တဖိုလ်သို့ ရောက်သွားတယ်။ ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့လည်း ပြည့်စုံသွားတယ်။ တရားထူးရတယ်ဆိုတာ အကြောင်းညီညွတ်ရင် မကြာခင် တစ်ခဏလောက်အတွင်းမှာလည်း ဖြစ်နိုင်တာပဲ။ ဒီမဟာသိဝ ထေရ်ကြီးမှာ မူလက ပြင်းပြင်းထန်ထန် အားထုတ်နေပါလျက် ဉာဏ်ထူး၊ တရားထူးမရောက်ဘဲ ရှိနေခဲ့တာဟာ အကြားအမြင်များသည့် အားလျော်စွာ ဆင်ခြင်မှုတွေ များနေတာနဲ့တူပါတယ်။ ယခုနောက်ဆုံး အကြိမ်ကျတော့ မကြာခင်ပဲ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး မဂ်ဉာဏ်လေးပါးလည်း အစဉ်အတိုင်းဖြစ်ပြီး အရဟတ္တဖိုလ်ရောက်လျက် ရဟန္တာဖြစ်သွားတာပဲ။

ဒီမဟာသိဝမထေရ်ကြီးမှာ တရားစ၍အားထုတ်သည်မှစပြီး အနှစ် ၃၀ မြောက် ပဝါရဏာနေ့တိုင်အောင် 'ယခုထက်တိုင် အရဟတ္တမဂ် ဖိုလ်သို့ မရောက်သေးဘူး၊ ဝိသုဒ္ဓိပဝါရဏာကို မပြုရဘူး' စသည်ဖြင့် နှလုံးသွင်းမိ ပြီးဖြစ်တဲ့ နှလုံးမသာမှု ဝမ်းနည်းမှုဟာ (သေဝိတဗ္ဗ) မှီဝဲသင့်တဲ့ ဒေါမနဿပါပဲ။ အဲဒီဒေါမနဿကိုမှီပြီး ကြိုးစားအားထုတ် ခြင်းကြောင့် အရဟတ္တမဂ်ဖိုလ်ကို ရသွားတယ်။ ဒါကြောင့် အဲဒီနှလုံး မသာမှု ဝမ်းနည်းမှုကို မှီဝဲအပ် မှီဝဲသင့်တဲ့ ဒေါသမနဿလို့ ဆိုတာပါပဲ။

http://www.dhammadownload.com

# သူစိမ်းလို နေသွားသော သား

မိမိ၏ဒကာ ဒကာမတွေ ပြည့်စုံချမ်းသာနေကြလျှင် ရဟန်းလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။ ဒကာဒကာမတွေ ဆင်းရဲဒုက္ခရောက်နေကြလျှင် ရဟန်းလည်း စိုးရိမ်ပူပန်ပြီး ဆင်းရဲနေတယ်။ ဒကာဒကာမတွေမှာ ဆောင်ရွက်ဖွယ် ကိစ္စကြီးငယ်ပေါ်လာလျှင် အဲဒီကိစ္စကြီးငယ်တွေမှာလည်း ရဟန်းက ပါဝင်ဆောင်ရွက်ပေးတယ်။ အဲဒါဟာ ရပ်ရွာက ဒကာဒကာမတွေမှာ ငြိကပ်တွယ်တာနေခြင်းပါပဲ။ အဲဒီလို ငြိကပ်တွယ်တာခြင်း မရှိစေရဘူးလို့ ဆိုလိုပါတယ်။ အဲဒီလို မငြိကပ် မတွယ်တာပုံနှင့်စပ်ပြီး ဝိသုဒ္ဓိမဂ် (ပ၊ ၈၈) မှာ ရဟန်းငယ် ဦးပဋ္ဌင်းတစ်ပါးအကြောင်းကို ထုတ်ပြထားပါတယ်။

## ပဋ္ဌင်းတစ်ပါး၏ ကုလပလိဗောဓကင်းပုံ

ကောရဏ္ဍကကျောင်းနေ မထေရ်ကြီး၏တူဖြစ်သူ ဦးပဋ္ဌင်းဟာ စာသင်ရန် ရောဟဏဇနပုဒ် (နယ်)သို့ ကြွသွားတယ်။ သူ့မယ်တော် ဒကာမကြီးက အစ်ကိုမထေရ်ကြီးထံမှာ သူ့သားဦးပဋ္ဌင်းအကြောင်းကို မကြာခဏ မေးမေးနေပါသတဲ့။ တစ်နေ့သောအခါ အဲဒီမထေရ်ကြီးက သူ့တူဦးပဋ္ဌင်းကို ပြန်ခေါ်ရန် ရောဟဏဇနပုဒ်သို့ သွားတယ်။ ဦးပဋ္ဌင်းလည်း 'ဒီမှာ ငါနေတာ ကြာပြီ၊ ဥပဇ္ဈာယ်ဆရာတော်ကို ဖူးမြော်ပြီးတော့ မယ်တော်၏အကြောင်းကို လည်း သိရအောင် ပြန်ဦးမှပဲ' လို့ ကြံပြီး ရောဟဏမှ ထွက်ခွာလာခဲ့တယ်။ အဲဒီဆရာတပည့်နှစ်ပါးတို့ဟာ မဟာ ဝေလိဂင်္ဂါခေါ်တဲ့ မြစ်ဆိပ်ကမ်းမှာ တွေ့ဆုံကြပါသတဲ့။ အဲဒီအခါ

http://www.dhammadownload.com



မထေရ်ကြီးက 'ဘယ်ကိုသွားမလဲ'လို့ မေးတော့ ဦးပဋ္ဌင်းက သူရည်ရွယ်ထားတဲ့အတိုင်း လျှောက်ထားတယ်။ 'အေး၊ သင်လာတာ ကောင်းတယ်၊ သင့်မယ်တော်က မကြာခဏ မေးနေပါတယ်။ ငါလည်း အဲဒီကိစ္စအတွက် လာခဲ့တာပဲ၊ သင်သွားပေတော့။ ငါကတော့ ဒီရောဟဏနယ်မှာပဲ ဒီဝါနေဦးမယ်'လို့ ပြောပြီး မထေရ်ကြီးက ဦးပဋ္ဌင်းကို လွှတ်လိုက်တယ်။

အဲဒီဦးပဋ္ဌင်းဟာ ဝါကပ်ရမည့်နေ့မှာပင် အဲဒီကောရဏ္ဍကကျောင်းသို့ရောက်တယ်။ နေရာကလည်း သူ့ခမည်းတော်၏ကျောင်းဆောင်မှာပဲ ရတယ်။ နောက်တစ်နေ့နံနက်မှာ သူ့ခမည်းတော်က နေရာချထားတဲ့မထေရ်ထံ လာရောက်ပြီးတော့ 'တပည့်တော်တို့၏ကျောင်းမှာ ဘယ်အရှင်မြတ် နေရာချထားပါသလဲ' လို့ မေးလျှောက်တယ်။ 'အာဂန္တုရဟန်းတစ်ပါးအား ချထားတယ်'လို့ ကြားရတဲ့အခါ အဲဒီဦးပဋ္ဌင်းထံ သွားရောက်ရှိခိုးပြီးတော့ 'အရှင်ဘုရား၊ တပည့်တော်တို့၏ကျောင်း၌ ဝါကပ်တဲ့ရဟန်းမှာ ပြုကျင့်ရမည့် ကျင့်ဝတ်ရှိပါတယ်' လို့ လျှောက်တယ်။ 'ဘာလဲ ဒကာကြီး'လို့ မေးတော့ 'ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့အိမ်မှာသာ ဆွမ်းခံရပါမယ်၊ ပဝါရဏာပြုပြီး ထွက်ခွာတဲ့အခါလည်း ပန်ကြားရပါမယ်'လို့ လျှောက်တယ်။ ဆိတ်ဆိတ်နေခြင်းဖြင့် ဦးပဋ္ဌင်းက လက်ခံလိုက်ပါတယ်။

ကျောင်းဒကာကြီးက အိမ်ပြန်သွားပြီးတော့ ကျောင်းအမအား 'ငါတို့၏ကျောင်းမှာ အာဂန္တုအရှင်မြတ်တစ်ပါး ဝါကပ်တယ်ဟေ့၊ အဲဒီ အရှင်မြတ်အား ရိုရိုသေသေ ကောင်းကောင်းမွန်မွန် ပြုစုလုပ်ကျွေးရမယ်'လို့ ပြောကြားတယ်။ ကျောင်းအမကလည်း 'ကောင်းပါပြီ'လို့ ဝန်ခံပြီးတော့ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို ချက်ပြုတ်ပြုပြင်တယ်။ ဦးပဋ္ဌင်းကလည်း ဆွမ်းအချိန်ကျတဲ့အခါ အဲဒီဆွေမျိုးအိမ် သွားပါတယ်။ ဒါပေမဲ့ ဘယ်သူကမျှ အဲဒီဦးပဋ္ဌင်းကို မမှတ်မိဘူးတဲ့။

http://www.dhammadownload.com



အဲဒီဦးပဍ္ဍင်းဟာ အဲဒီအိမ်မှာ ဝါတွင်း သုံးလပတ်လုံး ဆွမ်းကို ခံယူဘုဉ်းပေးပြီးတဲ့နောက် ဝါကျွတ်တဲ့အခါ 'ဦးပဍ္ဍင်း သွားတော့မယ်' လို့ ပန်ကြားတယ်။ အဲဒီအခါ မယ်တော်ဒကာမကြီးနှင့်တကွ ဆွေမျိုးများက 'နက်ဖြန်မှ ကြွပါဘုရား'လို့ လျှောက်ထားပြီးတော့ နောက်တစ်နေ့၌ အိမ်မှာပဲဆွမ်းကပ်ပြီး ဆီကျည်တောက်ကိုလည်း ဆီအပြည့် ထည့်ပေးတယ်။ ဟိုရှေးတုန်းက ခြေထောက်စသည်ကို ဆီလိမ်းလေ့ ရှိကြပါတယ်။ သီဟိုဠ် မှာတော့ ယခုလည်း ရဟန်းများမှာ ဆီလိမ်းလေ့ ရှိကြတာပါပဲ။ ဆေးနှင့်စပ်ပြီး ပြုပြင်ထားတဲ့အတွက် အချို့ဆီက ကျန်းမာရေးအတွက် ကောင်းတယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် ဆီကျည်တောက်မှာ ဆီအပြည့်ထည့်ပြီးတော့ တင်လဲ (ကြံသကာ) ခဲတစ်ခုနဲ့ ကိုးတောင်ရှိတဲ့ အဝတ်ပိုင်းတစ်ခုကိုလည်း လှူပြီး 'ကြွတော်မူပါတော့ အရှင်ဘုရား' လို့ လျှောက်တယ်။

ဦးပဍ္ဍင်းလည်း အနုမောဒနာတရား ဟောပြီး ရောဟဏနယ်သို့ ရည်ရွယ်ပြီး ထွက်ခွာသွားတယ်။ သူ့ဥပဇ္ဈာယ်ဆရာကလည်း ပဝါရဏာ ပြုပြီးနောက် နေရပ်သို့ ပြန်လာတယ်။ ဝါဆိုဦးက ဆုံမိတဲ့နေရာမှာ နှစ်ပါး တွေ့ဆုံမိကြတယ်။ ဦးပဍ္ဍင်းက မထေရ်ကြီးအား ဝတ်ပြုတယ်။ 'ဘယ့်နှယ်လဲ တပည့်၊ သင့်မယ်တော်ကို တွေ့ခဲ့ပါရဲ့လား' လို့မေးတယ်။ 'မှန်ပါဘုရား၊ တွေ့ခဲ့ပါတယ်'စသည်ဖြင့် အကြောင်းအလုံးစုံကို လျှောက်ပြီးတော့ ဟိုကလှူလိုက်တဲ့ ဆီဖြင့်ပင် မထေရ်ကြီး၏ခြေများကို လိမ်းသုတ်ပေးတယ်။ ဟိုကလှူလိုက်တဲ့ တင်လဲ ကြံသကာဖြင့်ပင် အဖျော်လုပ်ပြီး ကပ်တယ်။ ဟိုကလှူလိုက်တဲ့ ကိုးတောင်ရှိအဝတ်ကိုလည်း ဆရာမထေရ်ကြီးအားပင် လှူလိုက်တယ်။ ရှိခိုးကန်တော့ပြီးတော့ 'တပည့်တော်မှာ ရောဟဏအရပ်ပဲ သင့်လျော်ပါတယ်'လို့ လျှောက်ပြီး ဦးပဍ္ဍင်းက ထွက်ခွာသွားပါသတဲ့။ မထေရ်ကြီးလည်း ကျောင်းသို့ရောက်ပြီး နောက်တစ်နေ့မှာ ကောရဏ္ဍကရွာသို့ ဝင်သွားတယ်။

http://www.dhammadownload.com



ဦးပဋ္ဌင်းရဲ့ မယ်တော်ကြီးကလည်း ငါ့အစ်ကိုက ယခုပင် ငါ့သားကိုခေါ်ပြီး လာလိမ့်မယ်၊ လာလိမ့်မယ်လို့ မကြာမကြာ လမ်းဆီကို မျှော်ကြည့်နေပါသတဲ့။ အဲဒီလိုကြည့်နေစဉ်မှာ မထေရ်ကြီးတစ်ပါးတည်း လာနေတာကိုမြင်ရတော့ 'ငါ့သား သေပြီထင်တယ်၊ ဒါကြောင့် မထေရ်ကြီးဟာ တစ်ပါးတည်းလာတာ ဖြစ်မှာပဲ'လို့ တွေးတောပြီးတော့ မထေရ်ကြီး၏ခြေတော်ရင်းမှာ ဝပ်ပြီး မြည်တမ်းငိုကြွေးပါရောတဲ့။ အဲဒီတော့ မထေရ်ကြီးက 'ဦးပဋ္ဌင်းဟာ အလိုနည်းတဲ့အတွက် သူဟာ သားဖြစ်ကြောင်း အသိမပေးဘဲ ပြန်သွားဟန်တူတယ်'လို့ စဉ်းစားမိပြီးတော့ ဒကာမကြီးအား စိတ်သက်ရာရစေကာ အကြောင်းအရာ အလုံးစုံကို ပြောပြပြီး သူတို့လှူလိုက်တဲ့ ကိုးတောင်ရှိ အဝတ်ကိုလည်း သပိတ်အိတ်ထဲမှ ထုတ်ပြလိုက်တယ်။ အဲဒီတော့ ဒကာမကြီးက ကြည်ညိုသဒ္ဓါတွေပွားပြီးတော့ သားဦးပဋ္ဌင်းသွားရာအရပ်ဆီကို ဦးတမ်းလျက် ရင်ဖြင့်တုပ်ဝပ်ပြီး ရှိခိုးလျက် ဒီလိုဆိုပါသတဲ့။ 'ရထဝိနီတ အကျင့်၊ နာလက အကျင့်၊ တုဝဋ္ဋအကျင့်၊ မဟာအရိယဝံသအကျင့်များကို မြတ်စွာဘုရားရှင် ဟောတာဟာ ငါ့သားလိုရဟန်းမြတ်ကို ကိုယ်တွေ့သက်သေပြုပြီး ဟောတော်မူတာဖြစ်မှာပဲ။ မွေးသည့်မိခင်၏အိမ်မှာ သုံးလပတ်လုံး ဆွမ်းဘုဉ်းပေးနေပါလျက်နဲ့ 'ဦးပဋ္ဌင်းက သားပဲ၊ ဒကာမကြီးက အမေပဲ' လို့ မပြောဘဲ နေနိုင်ပါပေရဲ့၊ သြော် အံ့ဖွယ်ပုဂ္ဂိုလ်ပါတကား' လို့ ချီးကျူးပြောဆိုပါသတဲ့။

အဲဒီဝတ္ထုထဲမှာ ဦးပဋ္ဌင်းက မိဘတို့အား အသိမပေးဘဲ နေတာဟာ မိဘဆွေမျိုးသံယောဇဉ် ကင်းနေတဲ့သဘောပါပဲ။ 'ငြိတွယ်ရာ၌ မပြုရာ' လို့ ဆိုတဲ့အတိုင်း မိဘမှစပြီး ဒကာ ဒကာမများအပေါ်၌ ငြိကပ်တွယ်တာမှု ကင်းတဲ့သဘောပါပဲ။ အလွန်ကြည်ညိုစရာ ကောင်းပါတယ်။ နောက်ပြီးတော့ အဲဒီလိုအသိမပေးဘဲ နေတာဟာ မိဘဆွေမျိုးများအား ထက်သန်တဲ့ ဒါနကုသိုလ်စသည် ဖြစ်စေလိုတဲ့အတွက်လည်း

http://www.dhammadownload.com



ရည်ရွယ်ဟန်တူပါတယ်။ အကယ်၍ မိဘများက သားမှန်းသိသွားရင် သားဆိုတဲ့ခင်မင်မှုနဲ့ လှူဒါန်း ကျွေးမွေးတာလည်း ဖြစ်နိုင်တယ်။ အဲဒီလိုဆိုရင် သီလစသည် ဂုဏ်သက်သက်ကို ကြည်ညိုပြီးလှူတဲ့ စင်ကြယ်တဲ့ ကုသိုလ်မဟုတ်ဘဲ အားလျော့သွားနိုင်ပါတယ်။ မိမိတို့၏ သားမှန်း မသိရင်တော့ ဝါတွင်းသုံးလပတ်လုံး လှူတဲ့ကုသိုလ်၊ ရှိသေတဲ့ ကုသိုလ်တွေဟာ သီလစသော ဂုဏ်သက်သက်ကိုသာ ကြည်ညိုပြီး ပြုတဲ့အတွက် ထက်သန်စင်ကြယ်တဲ့ ကုသိုလ်တွေချည်း ဖြစ်သွားတာပဲ။ အဲဒီလို ထက်သန်စင်ကြယ်တဲ့ ကုသိုလ်တွေ ဖြစ်စေရန်အတွက် ရည်ရွယ် ပြီးတော့ မိမိအား သားမှန်းမသိစေဘဲ အာဂန္တု သူစိမ်းရဟန်း အသွင်ဖြင့် နေသွားဟန်တူပါတယ်။ အဲဒီရည်ရွယ်ချက်ဟာလည်း အလွန်ကောင်းတဲ့ ရည်ရွယ်ချက်ပါပဲ။

နောက်ပြီးတော့ အဲဒီဝတ္ထုထဲမှာ မိခင်ဒကာမကြီးက သားရဟန်းကို ချီးကျူးရာမှာ 'ရထဝိနီတအကျင့်စသည်ကို မြတ်စွာဘုရား ဟောတော်မူတာဟာ သူ့သားရဟန်းလို ပုဂ္ဂိုလ်မြတ်ကို မျက်မြင် သက်သေပြုပြီး ဟောဟန်တူတယ်'လို့ ဆိုထားပါတယ်။ အဲဒီအဆိုကို ထောက်ဆကြည့်ရင် အဲဒီဒကာမကြီးကလည်း တော်တော်ဗဟုသုတ များတယ်လို့ ဆိုရမှာပဲ။ အဲဒီရထဝိနီတအကျင့် စသည်တွေကို သိ နားလည်တဲ့သူဟာ လူ့ဘောင်လောကမှာ နည်းပါတယ်။ ရဟန်းထဲက တောင် သိနားလည်တဲ့ပုဂ္ဂိုလ်ဟာ သိပ်များလှမယ် မထင်ပါဘူး။

http://www.dhammadownload.com

# ဘုရားရှင့်အပြုံး

ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တွေဆိုတာ ပြုံးရုံမျှ ပြုံးကြတယ်။ အသံထွက်အောင် ကျယ်ကျယ်လောင်လောင် တခြားပုဂ္ဂိုလ်တွေလို ရယ်မောလေ့မရှိကြဘူး။

သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေဆိုတာကတော့ နှစ်သက်သဘောကျရင် ပြုံးကြတာပဲ။ များသောအားဖြင့် သူတို့ပြုံးတာ ကာမအာရုံနဲ့စပ်ပြီး ပြုံးလေ့ရယ်လေ့ရှိကြတယ်။ ဒီတော့ သူတို့ပြုံးတဲ့အာရုံတွေက ဩဠာရိက၊ ကြမ်းတမ်းတဲ့အာရုံတွေပဲ။ ဘုရား ရဟန္တာတို့ ပြုံးတဲ့အာရုံကတော့ ဒီလို မဟုတ်ဘူး၊ အနောဠာရိက၊ သိမ်မွေ့တဲ့အာရုံတွေတဲ့။

## ဃဋီကာရသုတ်

ကုသိုလ်ကောင်းမှုနဲ့စပ်ပြီး ထူးခြားတဲ့ဖြစ်ရပ်မျိုးလေးတွေ၊ ပြီးတော့ အလောင်းတော်တို့ ဖြစ်ခဲ့စဉ်အခါကာလက ထူးခြားတဲ့ကောင်းမှုပြုခဲ့ရာ နေရာမျိုးလေးတွေ စသည်ပေါ့လေ။ အဲဒီလို နေရာမျိုးလေးတွေနဲ့ စပ်ပြီးတော့ ပြုံးတော်မူလေ့ ရှိကြတယ်။ ဒီလိုပြုံးတော်မူပြီဆိုရင် နောက်တော်ပါ အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာက သိတော်မူပါတယ်။ ဘာပြုလို့ သိသလဲဆိုတော့ မြတ်စွာဘုရား ပြုံးတော်မူတဲ့အခါကာလမျိုးမှာ ဖြူသောသွားတော်တို့မှ ဖြူတဲ့ ရောင်ခြည်တော်တွေ ထွက်ကြွကွန့်မြူးသွားတယ်။ ဒီလိုဖြူတဲ့ ရောင်ခြည်တော်တွေကို အရှင်အာနန္ဒာက နောက်ကနေပြီးတော့မြင်ရတယ်။ ဒါကြောင့် အရှင်အာနန္ဒာက ဘုရားရှင် ပြုံးတော်မူပြီဆိုရင်တော့ ဘုရားရှင် ပြုံးတော်မူတယ်ဆိုတာ သိတယ်။

http://www.dhammadownload.com



ဒီလိုသိတဲ့အခါ အရှင်အာနန္ဒာက 'ဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲ ဘုရား' လို့ မေးလျှောက်လေ့ရှိတယ်။ ဒီတော့ မြတ်စွာဘုရားက ပြုံးတဲ့အကြောင်းကို အရှင်အာနန္ဒာအား မိန့်ကြားတော်မူလေ့ရှိပါတယ်။ အဲဒီလို မြတ်စွာဘုရား ပြုံးတော်မူပုံကို ဃဋိကာရသုတ်မှာ လာတဲ့ အကြောင်းအရာလေးကို ဒီနေရာတွင်ပဲ ထည့်ပြောရမှာပဲ။

## ဃဋိကာရနှင့် ဇောတိပါလ

ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက ဃဋိကာရဆိုတဲ့ အိုးထိန်းသည်တစ်ဦး ရှိခဲ့တယ်။ ဘုရားအလောင်းတော်ကတော့ အဲဒီတုန်းက ဇောတိပါလ ဆိုတဲ့အမည်နဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးနဲ့ တစ်ဦး ခင်မင်ရင်းနှီးတဲ့ အဆွေခင်ပွန်းများ ဖြစ်ကြသတဲ့။ ဒါပေမဲ့ ဇာတ်ချင်းတော့ မတူကြဘူး။ ဃဋိကာရ လုလင်က အိုးထိန်းသည်မျိုးဆိုတော့ အမျိုးဇာတ်အားဖြင့် နိမ့်တယ်၊ အလောင်းတော် ဇောတိပါလကတော့ ဗြာဟ္မဏ ပုဏ္ဏားမျိုးတဲ့။ အဲဒီလို ဇာတ်မတူတဲ့ပုဂ္ဂိုလ်ချင်း ရင်းနှီးတဲ့မိတ်ဆွေအဖြစ်နဲ့ နေလာခဲ့ကြတယ်။ အဲဒီတုန်းက ဇာတ်မြင့်တဲ့ ဗြာဟ္မဏတွေဟာ ဇာတိမာန် နဲ့ အင်မတန် ဘဝင်မြင့်ကြတယ်။ ဘုရားကိုတောင် အထင်မကြီးကြဘူး။ ကတုံးရဟန်း ကြီးဆိုပြီးတော့ အထင်သေးကြသတဲ့။ ဃဋိကာရလုလင်ကတော့ အိုးလုပ်ပြီးတော့ အိုးတွေကို ရောင်းချစားသောက်နေရတဲ့ အိုးထိန်းသည် မျိုးဆိုတော့ ဇာတ်နိမ့်နေတယ်။

အိန္ဒိယပြည်က ဇာတ်ကို အင်မတန်အရေးထားပြီး ဆက်ဆံကြတယ်။ ဇာတ်နိမ့်တဲ့လူက ဇာတ်မြင့်တဲ့လူကို ကိုင်ဖို့ပြုဖို့ဆိုတာ ဝေးရော၊ ထိတောင်မထိရဘူးတဲ့။ ဒီလိုထိလို့ရှိရင် အမျိုးမြတ်မှာ ဂုဏ် ယုတ်သွားတယ် လို့ အယူရှိကြတယ်။ ကျက်သရေယုတ်တယ်တဲ့။ ဒါပေမဲ့လို့ ဇာတ်အားဖြင့် နိမ့်နေတဲ့ ဃဋိကာရဟာ အရိယာပုဂ္ဂိုလ်

http://www.dhammadownload.com



တို့တွင် အနာဂါမ်အဆင့်သို့ ရောက်ပြီးတော့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နေပြီ။ ဒီတော့ မြတ်စွာဘုရားရဲ့ဂုဏ်ကျေးဇူးတွေကိုရော၊ မြတ်စွာဘုရားရဲ့ တရားတော်တွေကိုရော သိနေတယ်။ သောတာပန်အဆင့်လောက် ကတည်းက ဒီလိုဂုဏ်ကျေးဇူးတွေကို သိနေကြသေးတာပဲ၊ အနာဂါမ် ပုဂ္ဂိုလ်ကြီးဆိုတော့ ပြောစရာမလိုတော့ဘူးပေါ့။

## ဆံပင်ကိုတောင် ကိုင်ချင်ကိုင်မယ့်သူ

တစ်နေ့တော့ ဃဋိကာရက သူ့မိတ်ဆွေ ဇောတိပါလကို ဘုရားထံ လိုက်ခဲ့ဖို့ ခေါ်တယ်။ ဇောတိပါလက မလိုက်ဘူး၊ ဒီလို ဘုရားထံ လိုက်ဖို့သာ ခေါ်တယ်၊ သူသိတဲ့တရားကို သူကိုယ်တိုင်တော့ မဟော ဘူး။ ဘာပြုလို့လဲဆိုတော့ ဇောတိပါလဟာ ဘုရားကိုတောင် အထင် သေးနေသေးတာ၊ ဇာတ်နိမ့်တဲ့ ဃဋိကာရက ဟောလို့ရမယ် မဟုတ်ဘူး ပေါ့။ တစ်ကြိမ်ကျတော့ ဘုရားသီတင်းသုံးတော်မူတဲ့နေရာနဲ့ နီးတဲ့ ရေဆိပ်ကို ရေချိုးဖို့ရာ ဃဋိကာရ က ဇောတိပါလကို ခေါ်လာတယ်။ ရေမိုးချိုးပြီးတဲ့အခါကျတော့ ခါးဝတ်သာ ဝတ်ရသေးတယ်၊ အပေါ်ရုံကို တောင် မဝတ်ရသေးခင်မှာ ဃဋိကာရ က ဇောတိပါလကို ပြောပြန်ပါ တယ်။

'အဆွေ ဇောတိပါလ၊ ကဿပသမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဟာ ဒီအနီးအနား ကျောင်းမှာပဲ သီတင်းသုံးတော်မူလျက် ရှိတယ်၊ မဝေးပါ ဘူး၊ အဲဒီကို သွားနေကြဦးစို့' လို့ ခေါ်ပါတယ်။ ဒါပေမဲ့လို့ ဇောတိပါလ က မလိုက်ချင်ဘူး ငြင်းနေတယ်။

ဒီတော့ ဃဋိကာရက ဇောတိပါလရဲ့ခါးကို ကိုင်ပြီးတော့ 'လာပါ၊ သွားကြရအောင်'လို့ ခေါ်ပြန်ပါတယ်။ အဲဒါနဲ့လည်း ဇောတိ ပါလက မလိုက်ဘူး။ ဒီလိုနဲ့ ခေါ်လို့မရပြန်တော့ ဇောတိပါလရဲ့ပခုံးကို ကိုင်ပြီးတော့ 'လာပါ မိတ်ဆွေ၊ ဘုရားထံ သွားကြရအောင်ပါ'လို့

http://www.dhammadownload.com



ခေါ်ပြန်တယ်။ ဒီတော့မှ ဇောတိပါလက စဉ်းစားတယ်။ ဃဋိကာရဟာ အမျိုးညံ့ပဲ၊ အမှန်အားဖြင့် တို့ကို မထိကောင်းဘူး။ အစက ခါးဝတ်ကို ကိုင်တယ်၊ အခု ပခုံးကိုရောက်လာပြီ။ တော်တော်ကြာ ငါမလိုက်ဘူး ပြောရင် ခေါင်းကဆံပင်ကိုတောင် ကိုင်ချင်ကိုင်မယ်။ သူ ဒီလောက် ရဲတင်းတာကို ထောက်ရင် အချည်းနှီးတော့ ဟုတ်မှာမဟုတ်ဘူး။ သူ့ဆရာကို အားကိုးပြီးတော့ အကျိုးရှိမှာကို မြင်လို့ရှိမှာ။ ဒီလိုစဉ်းစားပြီးတော့ ဃဋိကာရခေါ်ရာ မြတ်စွာဘုရားထံကို လိုက်သွားတယ်။

ဒါနဲ့ မြတ်စွာဘုရားထံ ရောက်သွားကြတဲ့အခါ မြတ်စွာဘုရား တရားကို နာကြားရတော့ ဇောတိပါလဟာ တရားတော်ကို တစ်ခါ တည်း သဘောကျသွားတယ်။ ဒီတော့ ဇောတိပါလက ဃဋိကာရကို ဘယ်လို ပြောသလဲဆိုရင် 'ဃဋိကာရ၊ မင်းမှာ ဒီလိုတရားကောင်းတွေကို နာကြားနေ ရပါလျက် မင်းသင်္ကန်းဝတ်ဖော် မရဘူး၊ သာသနာတော် ဝင်ပြီး ရဟန်းအဖြစ်နဲ့ တရားအားထုတ်ရောပေါ့။ အင်မတန်ကောင်းတဲ့ တရားတွေပဲ'လို့ ဒီလို ပြောတယ်။ ဒီတော့ ဃဋိကာရက 'ဟုတ်တယ်၊ တရားတွေက အင်မတန်ကောင်းပါတယ်။ ဒါပေမဲ့ ငါ့အဖေ အမေတွေ က မျက်မမြင်တွေ ဖြစ်နေတယ်၊ သူတို့ကို လုပ်ကျွေးနေရတာဖြစ်တော့ ရဟန်းပြုလို့ မဖြစ်သေးဘူး'လို့ ဒီလို ပြန်ပြောတယ်။

## ကေန်ဘုရားဖြစ်မည့် ပုဂ္ဂိုလ်

မြတ်စွာဘုရား တရားတော်ကို နာကြားရတဲ့ ဇောတိကပါလဟာ 'ငါ တော့ ရဟန်းပြုတော့မယ်'လို့ ပြောပြီး တစ်ခါတည်း ရဟန်းပြုသွားရော တဲ့။ ရဟန်းပြုပြီးတော့ ရဟန်းတရားကို ကောင်းစွာကျင့်သုံးတယ်။ ဘုရားအလောင်းဆိုတော့ သဒ္ဓါတရားက ပြည့်စုံပြီးသားဖြစ်တဲ့အတိုင်း သာသနဓမ္မတွေကို ပြည့်ပြည့်စုံစုံ ကျင့်တော့တာပါပဲ။ ဘုရားဖြစ်ဖို့ရာက မဝေးတော့ဘူး။ နီးနီးလေး ရှိတော့တယ်။ ယခု ပွင့်တော်မူတဲ့ ကဿပ

http://www.dhammadownload.com



မြတ်စွာဘုရား ပြီးတဲ့နောက်မှာ ဘုရားအဖြစ် ရောက်ရတော့မှာဆိုတော့ ပါရမီတွေက ရင့်သန်လှပြီ၊ သီလရော၊ သမာဓိရော၊ ပညာရော အင်မတန် ပြည့်စုံနေပြီပဲ။ ဒါပေမဲ့လို့အခု ပွင့်ဖို့ရာကတော့ အချိန်အခါ မဟုတ်သေးဘူး။ အစဉ်အတိုင်းဆိုလို့ရှိရင် အခု ကဿပမြတ်စွာဘုရား သာသနာတော် ကုန်တော့မှ ပွင့်တော်မူရမှာ ဖြစ်ပါတယ်။

ရဟန်းတရားကို ကောင်းကောင်းအားထုတ်တယ်။ ဘယ်အထိ အားထုတ်တုံးဆိုတော့ အနုလောမဉာဏ် အနီးအပါးအထိ အားထုတ်တယ်။ အနုလောမဉာဏ် အနီးအပါးဆိုတော့ သင်္ခါရုပေက္ခာဉာဏ်ပေါ့။ အဲဒီဉာဏ်ရောက်အောင် အားထုတ်တယ်။ သင်္ခါရုပေက္ခာဉာဏ်အထိ ရောက်သွားရင် တစ်ခါတည်း ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်သွားမှာပဲ။ အဲဒီလို မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ရောက်သွားမယ် ဆိုရင်တော့ ကဿပမြတ်စွာဘုရားရဲ့ တပည့်သာဝက ဖြစ်သွားမယ်။ ဘုရားမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ဘုရားဖြစ်ဖို့ ဆုတောင်းက ရှိနေပြီး သား ဖြစ်နေလို့ ဘုရားမဖြစ်သေးဘဲ တစ်မဂ်တစ်ဖိုလ်ရဖို့ရာ မဖြစ်သေး ဘူးပေါ့။

ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်ကတည်းက ဧကန် ဘုရား ဖြစ်လိမ့်မယ်ဆိုတာ ဗျာဒိတ်ရပြီးသားပဲ။ ဗျာဒိတ်ဆိုတာ မြတ်စွာ ဘုရားက ဒီလိုဖြစ်လိမ့်မယ်လို့ မိန့်ကြားတော်မူတာ ဖြစ်ပါတယ်။ မြတ်စွာဘုရားက ဒီလိုဖြစ်လိမ့်မယ်ဆိုရင် ဒီလိုဖြစ်တာပဲ။ မဖြစ်မရှိဘူး။ ဒါကြောင့် ဘုရားဖြစ်ရမယ့် အလောင်းတော်များမှာ ဘယ်လောက်ပဲ တရားအားထုတ် အားထုတ်၊ သင်္ခါရုပေက္ခာဉာဏ်ထက် ပိုပြီး အထက် ဖြစ်တဲ့ဉာဏ်အထိ မရောက်နိုင်ဘူး။ မြတ်စွာဘုရားကလည်း ဒီပုဂ္ဂိုလ်ဟာ ဧကန်ဘုရားဖြစ်နိုင်၊ မဖြစ်နိုင် သေသေချာချာ ကြည့်ရှုဆင်ခြင်တော်မူပြီး တော့မှ မဖြစ်နိုင်ရင် ဗျာဒိတ်စကား မိန့်ကြားတော်မမူပါဘူး။ ဧကန်ဖြစ် နိုင်တာကို မြင်တော်မူမှ မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



## လျှော့ကျင့်ဖို့ မလိုပါဘူး

သတ္တဝါဆိုတာ အမျိုးမျိုးပဲ။ ဆုတောင်းထားပေမယ့်လို့ နောက်တော့ ပြောင်းချင်ပြောင်းသွားတာပဲ။ ဒါကြောင့် ဘုရားဆုကို တောင်းထားတယ် ဆိုပေမယ့် ဧကန်ဆုတောင်းတိုင်း ဖြစ်မဖြစ် ကြည့်ရှုဆင်ခြင်ပြီးလို့ ဧကန်ဖြစ်မှာကိုသိမှ ဧကန်ဖြစ်လိမ့်မယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။ ဒီလိုမှမဟုတ်ရင် မိန့်ကြားတော်မမူပါဘူး။ ဗျာဒိတ်ရပြီးလို့မို့ ဘုရားဖြစ်မယ့် အလောင်းတော်ဆိုရင် တရားဘယ်လောက် အားထုတ်အားထုတ် ဘုရားမဖြစ်သေးသမျှ တစ်မဂ်တစ်ဖိုလ်ထိအောင် ဘယ်တော့မှ တရားမတက်ပါဘူး။ စိတ်ချရပါတယ်။ တချို့က ဘုရားလောင်းဆိုပြီးတော့ တရားတက်သွားမှာစိုးရိမ်လို့ လျှော့ပြီး တရားအားထုတ်ကြတာရှိတယ်။ လျှော့အားထုတ်စရာ မလိုပါဘူး။ တရားမတက်နိုင်ရင် မတက်ဘဲ သူ့ဘာသာသူ နေပါလိမ့်မယ်။ သင်္ခါရုပေက္ခာဉာဏ်ရောက်ရင် အလိုလိုတန့်ရပ်သွားမှာပဲ။

အဲဒီတုန်းက ဇောတိပါလလုလင် ဖြစ်ပြီးတော့ ဃဋိကာရအိုးထိန်းသည်က ဘုရားထံ အရခေါ်ပုံ၊ ဘုရားတရား နာကြားရတာဖြစ်လို့မို့ သာသနာတော်မှာဝင်ပြီးတော့ ရဟန်းပြုပုံ၊ အပြည့်အစုံအားထုတ်ပုံတွေကို မြတ်စွာဘုရားက မြင်တော်မူလို့ ပြုံးတော်မူတယ်တဲ့။ အရှင်အာနန္ဒာက မေးလျှောက်တော့ ဒီဃဋိကာရသုတ်ကို ဟောကြားတော်မူတာပါပဲ။

## ဂဝေသီဉပါသကာတုန်းကလည်း ဒီလိုပါပဲ

ဘုရားအလောင်းတော်ဖြစ်လို့မို့သာ ဒီလိုပြုံးတော်မူတာ မဟုတ်ပါဘူး။ ဂဝေသီဆိုတဲ့ ဉပါသကာကြီးကို မြင်တော်မူတုန်းက ဒီလိုပဲ ပြုံးတော်မူပါတယ်။ ရှေးတုန်းက ဂဝေသီဆိုတဲ့ ဉပါသကာကြီးတစ်ယောက် ရှိတယ်။ သူ့မှာ တပည့်ပရိသတ်တွေ များစွာရှိတယ်။ ဆရာကြီးဆိုတော့

http://www.dhammadownload.com



သူက တပည့်တွေထက်သာအောင် ကျင့်မယ်ဆိုပြီးတော့ ငါးပါးသီလ ဆောက်တည်ကျင့်သုံးတယ်။ ဒီတော့ သူ့တပည့်တွေကလည်း ဆရာကြီးလို ငါးပါးသီလ ဆောက်တည်ကျင့်သုံးကြတယ်။ တစ်ခါ သူက ရိုးရိုး ငါးပါးသီလမဟုတ်ဘဲ တပည့်တွေထက်သာအောင် အဗြဟ္မစရိယ ပဉ္စမကသီလကို ဆောက်တည်ကျင့်သုံးပြန်ပါတယ်။ 'အဗြဟ္မစရိယ ပဉ္စမကသီလ' ဆိုတာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်နေရာမှာ အဗြဟ္မစရိယသသိက္ခာပုဒ်ကို အစားထိုးပြီးတော့ ဆောက်တည်ကျင့်သုံးရတာ ပါပဲ။ တပည့်တွေကလည်း သူဆောက်တည်တဲ့ အဗြဟ္မစရိယပဉ္စမကသီလကို လိုက်ပြီးတော့ ဆောက်တည်ကြပြန်ပါတယ်။ တစ်ခါ သူက တပည့်တွေထက်သာအောင် ဧကဘတ္တိကဆက္ကသီလကို တိုးပြီးတော့ ဆောက်တည်ကျင့်သုံးပါတယ်။ 'ဧကဘတ္တိကဆက္ကသီလ' ဆိုတာ ဝိကာလဘောဇနာသိက္ခာပုဒ်ကို ခုနက သီလထဲမှာ တိုးပြီးတော့ ဆောက်တည်ရတာပါပဲ။ အဲဒါဟာ နေ့လွဲညစာ မစားရဘဲ နံနက်တစ်ထပ်တည်းသာ စားပြီးတော့ ကျင့်သုံးရတဲ့ ခြောက်ပါးသီလပေါ့။ ဒါလည်း တပည့်တွေက ဆရာကြီးလိုပဲ လိုက်ပြီးတော့ ဆက္ကသီလကို ဆောက်တည် ကျင့်သုံးကြပြန်ပါတယ်။ ဒီတော့ ဆရာကြီးက ငါရဟန်းပြုမှ ဆိုပြီးတော့ ရဟန်းပြုလိုက်တယ်။

ဆရာကြီး ရဟန်းပြုသလိုပဲ တပည့်တွေကလည်း ရဟန်းပြုကြပြန်ပါတယ်။ ဆရာနဲ့တပည့်တွေ အကုန်လုံး ရဟန်းအဖြစ်နဲ့ တရားအားထုတ်လိုက်ကြတာ တရားထူးတွေ ရသွားကြပါတယ်။ အဲဒါကိုလည်း မြတ်စွာဘုရားက မြင်တော်မူတော့ ပြုံးတော်မူပါတယ်။ မြတ်စွာဘုရား ပြုံးတော်မူတာဟာ အဲဒီလို သိမ်မွေ့တဲ့အကြောင်းအရာတွေကို မြင်တဲ့အခါမှာ ပြုံးတော်မူတာပါပဲ။ ကြမ်းကြမ်းတမ်းတမ်းတွေ မြင်တော်မူလို့ ပြုံးတာမဟုတ်ပါဘူး။

http://www.dhammadownload.com

# စောင်းသမားအား စောင်းတရားဟောသည်

ဝီရိယနဲ့ သမာဓိ ညီမျှဖို့လိုတယ်တဲ့။ သမာဓိအား များနေတဲ့အခါမှာ မှတ်စရာအာရုံလေးတွေကို ဖြန့်ပြီးတော့မှတ်ရတယ်။ ကြောင့်ကြဗျာပါရ များနေတဲ့အခါမှာတော့လည်း မှတ်စရာအာရုံကို နည်းနည်းပဲ ထားရတယ်။ ဖောင်းတယ်၊ ပိန်တယ်လို့ နည်းနည်းပဲထားပြီး မှတ်ရတယ်။ သတိပြုပြီး သမာဓိအား များနေတဲ့အခါ အာရုံကိုချဲ့ချဲ့ပြီးတော့ များများမှတ်ပေး၊ ဝီရိယအားများနေတဲ့အခါမှာ အာရုံကိုနည်းနည်းလျှော့ပြီးတော့ မှတ်ပေးပါ။ ကမ္မဋ္ဌာန်းဆရာတွေက ဒါတွေကိုကြည့်ပြီး ပြင်ပေးရတယ်။ ဒီ ၂ ခု ညီမျှမှ တရားက ရှေ့ကိုတက်တယ်။ မညီမျှရင် တရားက မတိုးတက်ဘူး။

## စောင်းဥပမာ

ဘုရားရှင်လက်ထက်တော်အခါတုန်းက သောဏသူဌေးသားဘဝမှ ရဟန်းဖြစ်လာခဲ့တဲ့ သောဏမထေရ်ဆိုတာ ရှိတယ်။ သူက အင်မတန်ချမ်းသာခဲ့တာကလား။ လူ့ဘဝတုန်းက သူဌေးသားဆိုတော့ ကလေးဘဝကစပြီးတော့ မြေကြီးပေါ်မှာ ခြေချမနင်းဖူးဘူးတဲ့။ အဲဒါကြောင့် သူ့ခြေဖဝါးတွေဟာ အင်မတန်မှ နူးညံ့နေတယ်။ ခြေဖဝါးမှာ မွေးညင်းကလေးတွေတောင် ပေါက်နေလို့ ဆိုပါတယ်။ နောက်တော့ သူဟာ မြတ်စွာဘုရား တရားတော်ကို နာကြားရလို့ သာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြုတဲ့ပုဂ္ဂိုလ်ထူး တစ်ဦးပါပဲ။

သာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြုလို့ တရားအားထုတ်

http://www.dhammadownload.com



တဲ့အခါမှာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တော့မယ်ဆိုတာ အင်မတန် ယုံကြည်တဲ့သဒ္ဓါတရားတွေ ဖြစ်လာတယ်။ ဒီလိုသဒ္ဓါတရားတွေ အားကောင်းလွန်းလို့လည်း လောကချမ်းသာတွေကို အကုန်လုံးစွန့်ပြီး သာသနာတော်မှာ ဝင်ရောက်ရဟန်းပြုခဲ့တယ်။ အဲ့ဒီစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲ။ ခုနေအခါမှာတော့ ဒီလိုပုဂ္ဂိုလ်ဟာ အင်မတန်ရှားပါတယ်။ သာသနာမှာ ဝင်ရောက်ပြီးတော့လည်း ပေါ့ပေါ့ဆဆ မနေဘူးတဲ့။ သုသာန်သင်္ချိုင်းမှာ သွားပြီးတော့ တရားအားထုတ်ရင်း စင်္ကြံလျှောက်နေတယ်။ ဒီလိုစင်္ကြံလျှောက်ပြီး တရားအားထုတ်နေရင်း သူ့ခြေထောက်က သွေးတွေ ယိုကျလာတော့သတဲ့။ ဒီတော့ သူ့ခြေထောက်ဟာ အနာတရဖြစ်သွားခဲ့တယ်။ ဒီလိုတရားအားထုတ်ပေမယ့် တရားက မတိုးတက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဝီရိယတွေလွန်နေလို့တဲ့။ ပင်လည်း ပင်ပန်း၊ တရားကလည်း မတက်တော့ စိတ်ဓာတ်တွေ ကျဆင်းသွားတယ်တဲ့။

'ငါ့မှာ တရားလည်းမတိုးတက်ဘူး၊ တရားထူး တရားမြတ်ကို ရနိုင်မယ့်ပုဂ္ဂိုလ် မဟုတ်တော့ဘူးနဲ့တူတယ်၊ တရားထူးမရတဲ့အတူတူ လူ့ဘောင်မှာ ပြန်ပြီး လူဝတ်ကြောင်နဲ့ပဲ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှု ပြုမှုပါပဲ'လို့ အကြံအစည်ဖြစ်လာတယ်။

အဲဒီအခါ မြတ်စွာဘုရားက သူ့အကြံအစည်ကို သိတော်မူလို့ သူ့ဆီကြွလာပြီး အကြောင်းခြင်းရာတွေကို မေးမြန်းစစ်ဆေး ပြုပြင်ပေးတော်မူတယ်တဲ့။ ပြုပြင်ပေးပုံက စောင်းတီးတဲ့ဥပမာပြပြီး ပြုပြင်ပေးတော်မူတယ်။ စောင်းကိုတီးတဲ့အခါမှာ စောင်းကြိုးတင်းနေရင်လည်း တီးလို့ အသံမကောင်း၊ လျော့လွန်းနေရင်လည်း အလိုရှိတဲ့အသံ ထွက်မလာလို့ မကောင်းဘူးတဲ့။ မလျော့မတင်း အလယ်အလတ် ညီမျှအောင် ပြုပြင်တီးမှ စောင်းသံဟာ ကောင်းတယ်လို့ ဥပမာပြပြီးတော့ ပြုပြင်ပေးတော်မူပါတယ်။

http://www.dhammadownload.com



အရှင်သောဏမှာ ဝီရိယတွေ လွန်ကဲနေပါတယ်။ ဒါကြောင့် သမာဓိမဖြစ်နိုင်ဘဲ ပျံ့လွင့်နေတယ်။ ဒါနဲ့ မြတ်စွာဘုရားက ဒီဥပမာ ပြပြီး ညွှန်ကြားတော်မူပါတယ်။ မြတ်စွာဘုရား ညွှန်ကြားတော်မူတဲ့ အတိုင်း ဝီရိယနဲ့ သမာဓိ ညီမျှအောင် ပြုပြင်ပြီး တရားအားထုတ်လိုက်မှ မကြာမီအတွင်း ရှင်သောဏဟာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။

အခုအားထုတ်ကြတဲ့ ယောဂီတွေလည်း ဒီလိုပါပဲ။ ဝီရိယ လွန်ကဲအားကြီးနေတဲ့အခါမှာ နည်းနည်းပါးပါး လျှော့ပေးရတယ်။ ဝီရိယကို သိပ်ကြီးအားမစိုက်ရဘဲ မှန်မှန်ရှုမှတ်နေလို့ရှိရင် သက်သာ လွယ်ကူပါတယ်။ ပြီးတော့ ထိတယ်၊ သိတယ်လို့ မှတ်နေရင်လည်း လွယ်ကူပါတယ်။ ဘာမှသိပ်ပြီး ကြောင့်ကြမစိုက်ရတော့ဘူး။ ဝီရိယ နည်းပြီး သမာဓိအား ကောင်းနေပြန်ရင်လည်း ဉာဏ်မဖြစ်ပြန်ဘူး။ ဒီတော့လည်း အာရုံလေးတွေကို များများပြောင်းပြီး ရှုမှတ်ရပြန်တယ်။ ဖြန့်နိုင်သမျှ ဖြန့်ပြီးတော့ ရှုမှတ်ရတယ်။ ဖောင်းတယ်၊ ပိန်တယ်။ ထိုင်တယ်၊ ထိတယ်စသည်ဖြင့် သင့်တင့်အောင်ကြည့်ပြီး မှတ်ရတယ်။ အဲဒီလိုမှတ်ပြီးသွားရင် ဝီရိယနဲ့ သမာဓိ ညီမျှသွားပြီး တရားတက်တယ် တဲ့။

http://www.dhammadownload.com

# မဆုံဆည်းတဲ့ ဖူးစာ

မမြင်ဖူးတဲ့ အမျိုးသမီး အလှကလေးတွေကို အကြောင်းပြုပြီး ယောကျ်ား တွေမှာ နှစ်သက်တပ်မက်ခြင်း၊ ချစ်ခင်ခြင်း မဖြစ်နိုင်ဘူး။ မမြင်ဖူးတဲ့ အမျိုးသား အလှကလေးတွေကို အကြောင်းပြုပြီးတော့ အမျိုးသမီးတွေ မှာလည်း နှစ်သက်တပ်မက်ခြင်း၊ ချစ်ခင်ခြင်း မဖြစ်နိုင်ပါဘူး။ ရှေးက မြင်ခဲ့ဖူးတဲ့သူ၊ မကြာမီက မြင်ခဲ့ဖူးတဲ့သူ အဲဒီလို အမျိုးသမီး၊ အမျိုးသား တွေကို အကြောင်းပြုပြီးတော့ နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်။ မြင်လျှင်မြင်ချင်း မြင်ဆဲမှာလည်း နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်။

စိတ်ကူးထဲမှာ မြင်ရလိမ့်မယ်လို့ မျှော်လင့်တဲ့ အဆင်းပုဂ္ဂိုလ်နဲ့ စပ်ပြီးတော့လည်း နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်။ အဲဒါကတော့ ဓမ္မပဒအဋ္ဌကထာမှာ ပြထားတဲ့ အနိတ္ထိဂန္ဓကုမာရဝတ္ထုဖြင့် ထင်ရှားပါ တယ်။

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည် (မြို့) မှာ အနိတ္ထိဂန္ဓကုမာရဆိုတဲ့ လူငယ်လေးတစ်ယောက် ရှိခဲ့တယ်။ အဲဒီလူငယ်က ဗြဟ္မာ့ပြည်မှစုတေပြီး လူ့ဘဝရောက်လာတဲ့ သူပါပဲ။ ဗြဟ္မာဖြစ်နေစဉ်က မိန်းမနဲ့စပ်ပြီး နှစ်သက်သာယာမှု ကင်းနေခဲ့တယ်။ အဲဒီလို ကြာရှည်စွာ ကာမရာဂကင်းလာခဲ့တဲ့အတွက် ကလေးငယ်ဘဝ ကတည်းက သူဟာ မိန်းမအနီးသို့ မချဉ်းကပ်လိုဘူး။ မိခင်စသော မိန်းမများက သူ့ကိုထိရင် သူက ငိုပါသတဲ့။

လူလားမြောက်ပြီး အရွယ်ရောက်လာတဲ့အခါကျတော့ မိဘတွေ က သူ့ကိုအိမ်ထောင်ပြုဖို့ ပြောကြတဲ့အခါ သူက 'န မေ ဣတ္ထိယာ အတ္ထော၊ ကျွန်တော်ဟာ မိန်းမဖြင့် အလိုမရှိဘူး' လို့ ငြင်းပယ်နေပါ

http://www.dhammadownload.com



သတဲ့။ ဒါပေမဲ့ မိဘများက အဖန်ဖန်ထပ်မံတိုက်တွန်းနေတဲ့အတွက် သူက ရွှေပန်းထိမ်သည်တွေကိုခေါ်ပြီး ရွှေဖြင့် အလွန်လှပတဲ့ မိန်းမရုပ်ကို လုပ်စေတယ်၊ မိဘများက အိမ်ထောင်ပြုဖို့ တိုက်တွန်းတဲ့အခါ 'ဟောဒီရွှေရုပ်လောက် လှပတဲ့အမျိုးသမီးကို ရရင်တော့ မိဘတို့၏စကားကို လိုက်နာပါ့မယ်' လို့ သူကပြောသတဲ့။ အဲဒီတော့ မိဘများကလည်း ပစ္စည်းဉစ္စာပေါများ ကြွယ်ဝသူများဖြစ်သောကြောင့် ထင်ရှားကျော်စောတဲ့ ပုဏ္ဏားတွေကိုခေါ်ပြီး အဲဒီရွှေရုပ်နဲ့တူတဲ့ သတို့သမီးကို အရှာခိုင်းတယ်။

အဲဒီပုဏ္ဏားတွေက ရွှေရုပ်ပါယူဆောင်ပြီး အရပ်ရပ်အနယ်နယ်လိုက်လံပြီး စုံစမ်းရှာဖွေကြတယ်။ မဒ္ဒတိုင်း သာဂလမြို့မှာ အဲဒီရွှေရုပ်နဲ့တူတဲ့ ၁၆ နှစ်အရွယ် အလွန်လှပတဲ့ သူငယ်မကလေးအကြောင်းကို ကြားသိရလို့ အဲဒီအိမ်ကိုသွားပြီး ကြည့်ကြတယ်။ မိဘဖြစ်သူတို့က သမီးပျိုအလှကလေးကို ဘုံခုနစ်ဆင့်အထက်ထပ်မှ ဆင်းစေပြီးတော့ ပြကြတယ်။ အဲဒီသူငယ်မလေးက ရွှေရုပ်နဲ့ယှဉ်ပြီး ထိုင်နေတဲ့အခါ ရွှေရုပ်ထက် အမျိုးသမီးလေးက အရောင်တောက်ပြီး ပို၍လှပါနေပါသတဲ့။

စုံစမ်းရေးပုဏ္ဏားတွေက အဲဒီရွှေရုပ်ကို အမျိုးသမီး၏မိဘများအား ပေးပြီးတော့ အနိတ္ထိဂန္ဓသူငယ်နဲ့ ထိမ်းမြားဖို့ရာ တောင်းဆိုကြတယ်။ တောင်းဆိုပြီးတော့ အဲဒီသတို့သား၏ မိဘများထံ ပြန်လာပြီး ပြောကြားကြတယ်။ မိဘတွေက မြန်မြန်သွားပြီး အဲဒီအမျိုးသမီးကလေးကို ခေါ်ဆောင်ခဲ့ဖို့ စေခိုင်းကြပါတယ်။

အနိတ္ထိဂန္ဓသူငယ်ကလည်း အဲဒီအကြောင်းကို ကြားရတော့ ရွှေရုပ်ထက်တောင် လှတယ်ဆိုတဲ့အကြောင်း သိရ၍ ထိုအမျိုးသမီးကလေး၌ ချစ်ခင်စိတ်ဖြစ်ပြီးလျှင် မြန်မြန်ခေါ်ဆောင်ခဲ့ကြပါလို့ ပြောပါသတဲ့။ အဲဒါဟာ ဒီလိုလှပတဲ့ အမျိုးသမီးကလေးကို မြင်နိုင်တယ်၊

http://www.dhammadownload.com



မြင်ရလိမ့်မယ်လို့ စိတ်ကူးမှုဖြင့် ဖြစ်ပေါ်လာတဲ့ နှစ်သက်တပ်မက်ခြင်း ချစ်ခင်ခြင်းပါပဲ။

တာဝန်ဆောင်ပုဏ္ဏားတွေက အဲဒီအမျိုးသမီးကလေးကို ယာဉ်ပေါ်မှာတင်ပြီး ခေါ်ဆောင်လာခဲ့ကြရာ အဲဒီအမျိုးသမီးကလေးက အလွန်နူးညံ့တဲ့အတွက် ယာဉ်တောက်ပြီး ဖြစ်တဲ့ရောဂါကြောင့် လမ်းခရီးအကြားမှာပဲ သေဆုံးသွားရှာပါသတဲ့။ မဒ္ဒတိုင်း သာဂလမြို့ဆိုတာ ပန်ဂျပ်နယ်ထဲမှာရှိတယ်။ သာဝတ္ထိမြို့နဲ့ မိုင်ပေါင်း ၆၀၀ ထက်မနည်းဝေးကွာပါလိမ့်မယ်။ ယာဉ်ဆိုတာက ဘယ်ယာဉ်လဲလို့ မသိရဘူး။ မြင်းရထားယာဉ်ပဲဖြစ်ဖွယ်ရှိပါတယ်။ ဟိုတုန်းက လမ်းလည်းကောင်းမှာ မဟုတ်ပါဘူး။ ဒါကြောင့် ပင်ပန်းပြီး ရောဂါဖြစ်၍ သေဆုံးသွားရှာတာဖြစ်မှာပါပဲ။

အနိတ္ထိဂန္ဓကုမာရဆိုတဲ့ သူငယ်ဟာ အဲဒီသတင်းကို ကြားရတော့ ဒီလိုလှပတဲ့ သူငယ်မကလေးနဲ့ တွေ့ဆုံခွင့်တောင် မရပါကလားလို့ နှလုံးသွင်းပြီး စိုးရိမ်ပူဆွေးမှုကို အကြီးအကျယ် ခံစားရပါသတဲ့။ မအိပ်နိုင် မစားနိုင် ဖြစ်နေပါသတဲ့။ အဲဒီအကြောင်းကို သိမြင်တော်မူတဲ့အတွက် မြတ်စွာဘုရားရှင်က သနားခြင်းကြီးစွာ မဟာကရုဏာတော်ဖြင့် ဆွမ်းခံကြွရင်း အဲဒီအိမ်ရှေ့ကို ကြွရောက်တော်မူတယ်။ သူငယ်၏မိဘများက ရိုသေစွာပင့်လျှောက်ပြီး ဆွမ်းကပ်တယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အဲဒီသူငယ်အကြောင်းကို မေးတော်မူတယ်။ သူငယ်ကလည်း မိဘများ၏ ပြောကြားချက်အရ မြတ်စွာဘုရားထံ လာရောက်ပြီး ရှိခိုးလျက် ထိုင်နေတယ်။ မြတ်စွာဘုရားက မေးတော်မူလို့ လမ်းခရီးမှာ သေဆုံးသွားလေတဲ့ အမျိုးသမီးကလေးကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးမှု အကြီးအကျယ်ဖြစ်နေကြောင်း၊ မစားနိုင် မသောက်နိုင်အောင် ပူဆွေးနေရကြောင်း လျှောက်ထားတယ်။ အဲဒီတော့ မြတ်စွာဘုရားက စိုးရိမ်ပူဆွေးမှုနှင့် ကြောက်ဖွယ်ဘေး ကြောက်ခြင်းဘေးဟာ လိုချင်စရာ

http://www.dhammadownload.com



ကာမဂုဏ်နှင့် လိုချင်နှစ်သက်မှုကို မှီပြီးဖြစ်ကြောင်း ဒီလိုဟောတော်မူပါတယ်။

ကာမတော ဇာယတေ သောကော၊
ကာမတော ဇာယတေ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

ကာမတော၊ လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုဆိုတဲ့ ကာမကြောင့်။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ ဇာယတေ၊ ဖြစ်၏တဲ့။ နှစ်သက်ချစ်ခင်စရာ မိန်းမ ယောကျ်ားစသောအာရုံနဲ့ နှစ်သက်ချစ်ခင်မှုဆိုတဲ့ ကာမတရားရှိနေလို့ ချစ်ခင်နှစ်သက်တဲ့ အာရုံဝတ္ထုနှင့် ကင်းကွာတဲ့အခါ စိုးရိမ်ပူဆွေးမှု ဖြစ်ပေါ်တာပဲ။ အဲဒါလည်း မမြဲတဲ့တရားပဲလို့ ဆိုလိုပါတယ်။ ကာမတော၊ လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုဆိုတဲ့ ကာမကြောင့်။ ဘယံ၊ ကြောက်ဖွယ်နှင့် ကြောက်လန့်ခြင်းဟူသော ဘေးသည်။ ဇာယတေ၊ ဖြစ်၏။ (ပါဠိမှာ ကတ္တားဟော အရာ၌ ပရဿပုဒ် တိ၊ ဝိဘတ်နှင့်သာ ရှိသင့်သည်ဟု နှစ်သက်သော ဆရာတို့၏ အလိုအားဖြင့် ဇာယတိ ဟု ဆန်းနှင့်ညီအောင် ဒီဃလည်း ပြုထားရ၏။ သို့သော် ဆန္ဒာနုရက္ခဏအားဖြင့် မပြုပြင်ရဘဲ အတ္တနောပုဒ်တေ၊ ဝိဘတ်နှင့် ရှိခြင်းက ပို၍ဂုဏ်မြောက်ဖွယ် ရှိသည်။ ပါဠိပညာရှင်တို့အတွက်သာဖြစ်သည်။) ကာမတော၊ လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုကာမမှ။ ဝိပ္ပမုတ္တဿ၊ လွတ်ကင်းသောသူအား။ သောကော၊ စိုးရိမ်ပူဆွေးခြင်းသည်။ နတ္ထိ၊ မရှိပေ။ ဘယံ၊ ကြောက်ခြင်းသည်။ ကုတော၊ အဘယ်မှာရှိတော့အံ့နည်း၊ မရှိတော့သာတည်းလို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

အဲဒီဂါထာတစ်ပုဒ် တရားကိုနာကြားပြီးတော့ အနိတ္ထိဂန္ဓကုမာရဆိုတဲ့ သူငယ်ဟာ သောတာပတ္တိဖိုလ်ရောက်ပြီး သောတာပန်ဖြစ်သွားပါသတဲ့။

http://www.dhammadownload.com

# ပြိတ္တာများ

လူတွေဟာ ရာဇဝတ်ပြစ်မှု မကင်းတာတွေကို ပြုမိရင် မျက်မှောက်တွင်လည်း မကောင်းကျိုးတွေကို အကြီးအကျယ် ခံစားရတတ်တယ်။ မျက်မှောက်တွင် မခံစားရတောင် နောင်သံသရာဘဝတွေမှာတော့ သူတို့ပြုထားတဲ့ မကောင်းမှုကံရဲ့ မကောင်းကျိုးတွေကို အကြီးအကျယ် ခံစားသွားရတော့တာပဲ။ အဲဒါဟာ အရှင်မဟာမောဂ္ဂလာန် တွေ့မြင်ရတဲ့ ပြိတ္တာတွေရဲ့ ဝတ္ထုများဖြင့် ထင်ရှားပါတယ်။

## အရိုးစုပြိတ္တာ

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ကို ရောက်ခါစနှစ်တုန်းက အရှင်လက္ခဏမထေရ်နဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ဟာ ရာဇဂြိုဟ်မြို့မြောက်ဘက်က တစ်စပ်တည်းတည်ရှိနေတဲ့ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေကြပါတယ်။ တစ်နေ့သောအခါ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံရန် အဲဒီတောင်ပေါ်က ဆင်းလာကြတယ်။ အဲဒီလို ဆင်းလာစဉ် လမ်းခုလတ်မှာ အရှင်မဟာမောဂ္ဂလာန်က အဘိညာဉ်မျက်စိဖြင့် အရိုးစုပြိတ္တာတစ်ကောင်ကို တွေ့မြင်ရတယ်။ အဲဒီပြိတ္တာဟာ လင်းတတွေ၊ ကျီးတွေ၊ စွန်တွေက လိုက်ပြီး နံရိုးကြားထဲမှ အူ အသည်းစသည်တွေကို ထိုးကြဆိတ်ကြလို့ အင်မတန်နာကျင်တဲ့အတွက် ကျည်ကျည်လောင်လောင် အော်ဟစ်မြည်တမ်းပြီး ကောင်းကင်မှာ ပြေးသွားနေပါသတဲ့။ အဲဒါကို လူတို့၏ ပကတိမျက်စိနဲ့တော့ မမြင်နိုင်ပါဘူး။ အဘိညာဉ်မျက်စိနဲ့သာ မြင်နိုင်ပါတယ်။

http://www.dhammadownload.com



နောက်ပြီးတော့ အဲဒီမှာ လိုက်ပြီးထိုးဆိတ်နှိပ်စက်နေကြတဲ့ လင်းတစသည်တွေကလည်း ရိုးရိုးလင်းတစသည်တွေ မဟုတ်ပါဘူး။ လင်းတစသည်အသွင်နဲ့ ဘီလူးတွေဖြစ်တယ်လို့ အဋ္ဌကထာမှာ ပြဆို ထားပါတယ်။ သူ့ကံအားလျော်စွာ ဖြစ်နေတဲ့ အရာဝတ္ထုတွေဆိုရင်လည်း သင့်စရာ ရှိပါတယ်။ အဲဒီပြိတ္တာဘဝကိုမြင်ရတော့ အရှင်မဟာမောဂ္ဂ လာန်မှာ ဒီလိုပြိတ္တာမျိုးကို ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေ ငါ့မှာ မရှိတော့ဘူးလို့ ဆင်ခြင်မိတဲ့အတွက် ပီတိသောမနဿတွေဖြစ်ပြီး ပြုံးမိ ပါသတဲ့။ ရဟန္တာဆိုတာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လှမှ ပြုံးရုံ လောက်သာ ပြုံးလေ့ရှိပါတယ်။ အသံတွေကျယ်လောင်စွာ ထွက်အောင် ရယ်တယ်လို့ မရှိဘူးတဲ့။ အဲဒီလို အရှင်မဟာမောဂ္ဂလာန် ပြုံးတာကို အရှင်လက္ခဏမထေရ်က မြင်တွေ့ရတော့ ဘာကြောင့်ပြုံးပါသလဲလို့ မေးပါတယ်။ ရဟန္တာဆိုတာ လေးနက်တဲ့အကြောင်းမရှိဘဲ ပြုံးရိုးမရှိ ဘူး။ ဒါကြောင့် အဲဒီအကြောင်းကို သိချင်လို့ မေးပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားရှေ့တော်ကျမှ ဒီအကြောင်းကို မေးပါလို့ ပြန်ပြောပါတယ်။

ဆွမ်းခံပြန်လို့ ဆွမ်းကိစ္စပြီးတဲ့နောက် မြတ်စွာဘုရား၏ မျက် မှောက်သို့ ရောက်တဲ့အခါ အရှင်လက္ခဏမထေရ်က အရှင်မဟာ မောဂ္ဂလာန် ပြုံးခြင်း၏အကြောင်းကို မေးပြန်ပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က ဒီလိုပြောကြားပါတယ်။

'ငါ့ရှင်လက္ခဏ၊ ငါဟာ သင်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းနေ စဉ်မှာ အရိုးစုပြိတ္တာတစ်ကောင် ကောင်းကင်မှာ ပြေးသွားနေတာကို တွေ့ရတယ်။ အဲဒီပြိတ္တာကို လင်းတတွေ၊ ကျီးတွေ၊ စွန်တွေက နောက်မှ လိုက်ပြီး နံရိုးအကြားတို့မှ အူ အသည်းစသည်တွေကို နှုတ်သီးတို့ဖြင့် ထိုးကြ ဆိတ်ဆွကြတယ်။ အဲဒီပြိတ္တာက မခံမရပ်နိုင်အောင် နာကျင်

http://www.dhammadownload.com



လွန်းလို့ ကျည်ကျည်လောင်လောင် ဟစ်အော်မြည်တမ်းနေတယ်။ အဲဒါကို မြင်ရတဲ့အတွက် ငါ့မှာ ဒီလိုဆင်ခြင်မိတယ်။ ဩော် ဒီလိုထူးဆန်းတဲ့ သတ္တဝါလည်း ဖြစ်မှဖြစ်ပါပေရဲ့' လို့ ဆင်ခြင်မိတယ်ဆိုတဲ့အကြောင်း ပြောကြားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုအမိန့်ရှိတော်မူပါတယ်။

'ရဟန်းတို့၊ ငါ၏တပည့်သာဝကတို့သည် ဉာဏ်မျက်စိ ရှိကြပါပေစွ၊ ဤသို့သော သတ္တဝါတွေကို တွေ့မြင်ပြီး ငါ၏သက်သေအရာ တည်ကြပါပေစွ။ ငါဘုရားသည် ထိုပြိတ္တာသတ္တဝါကို ဗောဓိပင်အောက် ရတနာပလ္လင်ထက်၌ နေတော်မူစဉ် ရှေးအခါကပင် မြင်ခဲ့ပြီ။ သို့သော် မယုံကြည်သောသူတို့အား အကုသိုလ်မဖြစ်ပွားစေရန်အလို့ငှာ ထိုသတ္တဝါအကြောင်းကို မပြောကြားဘဲ နေခဲ့ပေသည်။ ရဟန်းတို့၊ မောဂ္ဂလာန်တွေ့ခဲ့သော ထိုပြိတ္တာသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ်သမားဖြစ်ခဲ့လေသည်။ ထိုနွားသတ်မှု အကုသိုလ်ကံကြောင့် အနှစ်သိန်းပေါင်းများစွာ ငရဲ၌ ကျက်ခဲ့ရ၊ ခံခဲ့ရလေပြီ။ ယခုအခါမှာ ထိုအကုသိုလ်ကံ၏ အကျိုးအကြွင်းအကျန်အဖြစ်ဖြင့် ဤသို့သော အရိုးစုပြိတ္တာဖြစ်၍ ဆင်းရဲခံနေရလေသည်'ဟု မိန့်တော်မူပါတယ်။

ဒီမိန့်ခွန်းတော်ထဲမှာ 'ငါ၏တပည့်သာဝကများ ဉာဏ်မျက်စိရှိကြပါပေစွ၊ သက်သေအရာ တည်ကြပါပေစွ' ဆိုတဲ့စကားရပ်ဖြင့် ဒီလိုပြိတ္တာကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး။ ထူးခြားတဲ့ အဘိညာဉ်မျက်စိရှိတဲ့ ပုဂ္ဂိုလ်ထူးများသာ မြင်နိုင်တယ်ဆိုတဲ့အကြောင်း သိရပါတယ်။ ဒါကြောင့် ယခုခေတ်သိပ္ပံပညာဖြင့် မတွေ့ရတာနဲ့ ဒီလိုသတ္တဝါမျိုး မရှိဘူးလို့ မငြင်းပယ်သင့်ဘူးဆိုတာကို နားလည်သင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် တွေ့မြင်ပြီး ဖြစ်ပေမယ့် သက်သေမရှိရင် တချို့က အထောက်အထား မရှိဘူးဆိုပြီး ပယ်ကြလိမ့်မယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေအား အကုသိုလ် မဖြစ်စေလိုတဲ့

http://www.dhammadownload.com



အတွက် မပြောကြားဘဲ နေခဲ့တယ်။ အရှင်မဟာမောဂ္ဂလာန် သက်သေအရာ တည်တော့မှ ထုတ်ဖော်ပြီး ပြောကြားတယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားရပ်ဖြင့်လည်း ကိုယ်မတွေ့တိုင်း ငြင်းပယ်ပြီး အပြစ်ပြောရင် အကုသိုလ်ပွားပြီး အပါယ်လားနိုင်တယ်ဆိုတာကိုလည်း သဘောပေါက်သင့်ပါတယ်။

ဒီအရိုးစုပြိတ္တာအကြောင်းထဲမှ ပြောလိုရင်းကတော့ ရာဇဂြိုဟ်မြို့မှာ လူဖြစ်စဉ်က စားဝတ်နေရေးအတွက် နွားတွေကို သတ်ခဲ့တယ်။ အဲဒီလိုသတ်ဖြတ်ပြီး သူ့ခန္ဓာဝန်ကို ပြုစုမွေးမြူခဲ့တဲ့အတွက် အနှစ်သိန်းပေါင်းများစွာ ငရဲဒုက္ခတွေကို ခံစားခဲ့ရတယ်။ အဲဒီငရဲမှ လွတ်ပြန်တော့လည်း အဲဒီနွားသတ်မှုကံကြွင်းကြောင့် အရိုးစုပြိတ္တာကြီးဖြစ်ပြီး လင်းတ၊ ကျီး၊ စွန်တွေ သို့မဟုတ် အဲဒီလို အကောင်သဏ္ဌာန်ရှိတဲ့ အရာတွေက နောက်မှလိုက်ပြီး ဆိတ်ကြ ထိုးဆွကြတာကို မချိမဆန့်ခံနေရရှာတယ်။ အဲဒါတွေဟာ ခန္ဓာဝန်လေးတာနဲ့စပ်ပြီး မှတ်ဖို့ရာပြောလိုရင်းပါပဲ။

## အသားတုံးပြိတ္တာ

နောင်တစ်ချိန်မှာတော့ အရှင်မဟာမောဂ္ဂလာန်က အသားတုံးပြိတ္တာကြီးကို တွေ့မြင်ပြန်တယ်။ အဲဒီအသားတုံးပြိတ္တာကြီးကိုလည်း လင်းတတွေ၊ ကျီးတွေ၊ စွန်တွေကလိုက်ပြီး ထိုးကြဆိတ်ကြတယ်။ အသားတုံးပြိတ္တာကြီးက နာကျင်ရှာလွန်းလို့ အင်မတန်စူးရှကျယ်လောင်တဲ့အသံနဲ့ ဟစ်အော်မြည်တမ်းပြီး ပြေးနေရရှာတယ်။ အဲဒါကိုလည်း အရှင်လက္ခဏက မြတ်စွာဘုရားရှေ့မှာ မေးပါတယ်။ အရှင်မောဂ္ဂလာန်က သူမြင်ခဲ့ပုံအကြောင်းအရာအလုံးစုံကို ပြန်ပြောပါတယ်။ အဲဒီလို မြတ်စွာဘုရားရှေ့မှာမှ ပြောရခြင်း၏အကြောင်းကတော့ မှန်ကန်ကြောင်း မြတ်စွာ

http://www.dhammadownload.com



ဘုရားထံမှ ထောက်ခံချက်ရလိုတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အရှင်မောဂ္ဂလာန် ပြောတဲ့အတိုင်း မှန်ကန်ကြောင်း၊ ကိုယ်တော်တိုင်လည်း ဘုရားဖြစ်မည့်ညဥ့်ကပင် တွေ့မြင်ခဲ့ပြီးဖြစ်ကြောင်း သက်သေခံမည်သူမရှိသေး၍ မဟောခဲ့သေးကြောင်းများကို မိန့်တော်မူပြီးတော့ အဲဒီပြိတ္တာ၏အတိတ်အကြောင်းကိုလည်း ဒီလို ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧသော သတ္တော၊ ဤအသားတုံးပြိတ္တာသတ္တဝါသည်။ ဣမသ္မိံယေဝ ရာဇဂဟေ၊ ဤရာဇဂြိုဟ်မြို့၌ပင်လျှင်။ ဂေါဃာတကော အဟောသိ၊ နွားသတ်သမား ဖြစ်ခဲ့ဖူးလေပြီ စသည်ဖြင့် နွားသတ်သမား ဖြစ်ခဲ့စဉ်က ပြုခဲ့တဲ့ နွားသတ်မှုအကုသိုလ်ကံကြောင့် ငရဲ၌ အနှစ်သိန်းပေါင်းများစွာ ကျက်ခဲ့ရ ခံစားခဲ့ကြောင်း၊ အဲဒီငရဲမှ လွတ်လာတဲ့အခါ အဲဒီကံကြွင်းကြောင့် အသားတုံးပြိတ္တာကြီးဖြစ်ပြီး ဒုက္ခခံနေခဲ့ရတဲ့အကြောင်းများကို ဟောကြားတော်မူပါတယ်။

ဒီနေရာမှာ အရိုးစုပြိတ္တာနဲ့ အသားတုံးပြိတ္တာ ဘာထူးသလဲလို့ဆိုရင် နွားသတ်တဲ့အကုသိုလ်ကံချင်းတော့ တူပါတယ်။ ဒါပေမဲ့ ငရဲမှ စုတေခါနီးမှာ ကမ္မနိမိတ်ထင်ပုံချင်းထူးလို့ ပြိတ္တာဖြစ်တဲ့အခါလည်း ထူးနေပါတယ်။ ပထမ နွားသတ်သမားမှာ ငရဲမှစုတေခါနီးတွင် နွားသတ်စဉ်ကာလက အသားတွေကို လှီးခြစ်ပြီး ပုံထားတဲ့အရိုးစုပုံ ကမ္မနိမိတ် ထင်ခဲ့တယ်။ ဒါကြောင့် အဲဒီအရိုးစုကိုစွဲပြီး ငရဲမှစုတေလာတဲ့အခါ အဲဒီအာရုံနိမိတ်နှင့်တူတဲ့ အရိုးစုပြိတ္တာကြီး ဖြစ်ရပါသတဲ့။ နောက် ဒုတိယ နွားသတ်သမားမှာတော့ အမဲသားတုံးကမ္မနိမိတ် ထင်ခဲ့တယ်။ အဲဒီအမဲသားတုံးကြီးကိုပဲစွဲပြီး ငရဲမှစုတေလာတဲ့အခါ အဲဒီအာရုံနိမိတ်နှင့်တူတဲ့ အသားတုံးပြိတ္တာကြီး ဖြစ်ရပါသတဲ့။ အဲဒါဟာ ကံချင်းတူပေမယ့် ကမ္မနိမိတ်ထင်ပုံချင်းမတူလို့ ဖြစ်ပုံချင်း မတူဘဲ ထူးခြားပုံပါပဲ။

http://www.dhammadownload.com



## အသားစုပြိတ္တာ

နောက်ပြီးတော့ အသားစုပြိတ္တာကိုလည်း တွေ့ရတယ်။ အဲဒါကိုလည်း မြတ်စွာဘုရားက ငှက်မုဆိုးဖြစ်ခဲ့ကြောင်းစသည်ဖြင့် ထုတ်ဖော်ဟောကြားတော်မူပါတယ်။

## အရေခွံမရှိတဲ့ ပြိတ္တာ

နောက်ပြီးတော့ အရေခွံမရှိဘဲ သွေးသံရဲရဲနဲ့ ပြိတ္တာကြီးကိုလည်း တွေ့ရတယ်။ အဲဒါကိုလည်း မြတ်စွာဘုရားက သိုးဆိတ်သတ်သမား ဖြစ်ခဲ့ကြောင်းစသည်ဖြင့် ဟောကြားတော်မူပါတယ်။

## သန်လျက်မွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ သန်လျက်မွေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့ရတယ်။ အဲဒီပြိတ္တာမှာ သူ့ကိုယ်မှ အမွေးသဖွယ်ဖြစ်နေတဲ့ ဓား၊ သန်လျက်တွေက ကောင်းကင်ကိုပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျသတဲ့။ ကံအကျိုးပေးပုံများ သိပ်ဆန်းကြယ်တာပဲ။ ဘယ်လိုမှ ပြေးလို့ တိမ်းရှောင်လို့ မရဘူးတဲ့။ ကြောက်စရာပါပဲ။ အဲဒီသန်လျက်တွေကတော့ သူ့ကံအားလျော်စွာ ဖြစ်နေကြတယ်ဆိုတာ ထင်ရှားပါတယ်။ ဘီလူးအစရှိတဲ့ တစ်စုံတစ်ယောက်က ပြုလုပ်တယ်လို့တော့ ဆိုဖွယ်ရာမရှိပါဘူး။ ဒါကြောင့် အရိုးစုပြိတ္တာစသည်ကို လိုက်ပြီးထိုးကြဆိတ်ကြတဲ့ လင်းတစသည်တွေဟာလည်း သူ့ကံအားလျော်စွာ ဖြစ်ပေါ်နေကြတဲ့ အတုအပလင်းတစသည်တွေဖြစ်တယ်လို့ယူရင် မသင့်စရာ မရှိပါဘူး။ သာပြီးသင့်ဖွယ်ရာသာ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ဘီလူးတွေဆိုတော့ သူတို့မှာ တခြားကိစ္စတွေလည်းရှိမယ်၊ မောပန်းခြင်း၊ ပျင်းရိငြီးငွေ့ခြင်းလည်း ရှိမယ်။ ဒါကြောင့် အခါခပ်သိမ်း အမြဲတမ်း လိုက်ပြီးနှိပ်စက်ဖို့

http://www.dhammadownload.com



ခဲယဉ်းပါတယ်။ နှိပ်စက်မည့်သူမရှိဘဲ လစ်လပ်နေတဲ့အချိန်လည်း ရှိနိုင်ပါတယ်။ ကံအားလျော်စွာ ဖြစ်နေတဲ့ အကောင်တုတွေဆိုတော့ အဲဒီလို လစ်လပ်ခြင်း မရှိနိုင်ဘူး။ သူ့ကံအားလျော်စွာ အမြဲတမ်း နှိပ်စက်ခြင်း ရှိနေနိုင်ပါတယ်။ ဒါကြောင့် ကံအားလျော်စွာ သန်လျက် အတုတွေ၊ လင်းတစသည် အကောင်တုတွေက လိုက်ပြီးထိုးကြ ဆိတ် ကြတယ်လို့ဆိုတာက သာပြီးသင့်လျော်ပါတယ်။

## လှံအမွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ လှံအမွေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့ရတယ်။ သူ့ကိုယ်မှ အမွေးသဖွယ်ဖြစ်နေတဲ့ လှံတွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ် ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်။ အဲဒါဟာ သားလိုက်မုဆိုးဖြစ်လို့ တဲ့။

## မြားမွေးတွေနဲ့ပြိတ္တာ

နောက်ပြီးတော့ မြားမွေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့ရတယ်။ သူ့ကိုယ်မှာ အမွေးသဖွယ်ဖြစ်နေတဲ့ မြားတွေက ကောင်းကင်ကိုပျံတက်ပြီး သူ့ကိုယ် ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်။ အဲဒါဟာ ကာရဏိက ခေါ်တဲ့ ညှဉ်းဆဲနှိပ်စက်သူ ဖြစ်ခဲ့လို့တဲ့။ မင်းပြစ်ဒဏ်သင့်တဲ့သူတွေကို သူက မြားနဲ့ထိုးဆွပြီး နှိပ်စက်ခဲ့တယ်။ ဒါကြောင့် သူ့ကံအားလျော်စွာ မြားတွေ က သူ့ကိုလိုက်ပြီး ထိုးနေကြတယ်တဲ့။ ကြောက်စရာပါပဲ။

## ကုမ္ဘဏ္ဍပြိတ္တာ

ကုမ္ဘဏ္ဍပြိတ္တာဆိုတာကိုလည်း အရှင်မဟာမောဂ္ဂလာန် တွေ့ရတယ်။ ကုမ္ဘဆိုတာ ရေအိုး၊ အဏ္ဍဆိုတာ လိင်ဥ၊ ရေအိုးကြီးလောက် ကြီးမားတဲ့

http://www.dhammadownload.com



လိင်ဥရှိနေတဲ့ပြိတ္တာကို ကုမ္ဘဏ္ဍပြိတ္တာလို့ ဆိုပါတယ်။ သူက လူ့ဘဝတုန်းက ကောက်ကျစ်စဉ်းလဲတဲ့ တရားသူကြီးဖြစ်ခဲ့တယ်။ ကွယ်ဝှက်ရာမှာ တံစိုးလက်ဆောင်ယူပြီး မတရား စီရင်ဆုံးဖြတ်ခဲ့တယ်။ အလွန်လေးလံကြီးမားတဲ့ အပြစ်ဒဏ်များကိုလည်း ပေးခဲ့တယ်။ ဒါကြောင့် သူ့မှာ ဖုံးကွယ်ထားရမည့်အင်္ဂါဟာ မဖုံးကွယ်နိုင်အောင်လည်း ဖြစ်နေတယ်။ အင်မတန်လေးလံတဲ့ လိင်ဥဝန်ကြီးကိုလည်း ဆောင်နေရတယ်။ သွားရင်လည်း အဲဒီလိင်ဥကြီးကို ထမ်းပြီး သွားရသတဲ့။ ထိုင်ရင်၊ အိပ်ရင်လည်း အဲဒီလိင်ဥကြီးပေါ်မှာပဲ ထိုင်ရ အိပ်ရသတဲ့။ အဲဒီလိုသွားရာနေရာမှာလည်း လင်းတတွေ၊ ကျီးတွေ၊ စွန်တွေက လိုက်ပြီးထိုးကြ ဆိတ်ကြတယ်။

## ပြိတ္တာမျိုးစုံ

အရှင်မဟာမောဂ္ဂလာန် တွေ့ရတဲ့ပြိတ္တာတွေက အမျိုးစုံပါပဲ။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့လို့ အရေခွံမရှိဘဲ ဒုက္ခရောက်နေရတဲ့ ပြိတ္တာမကြီးလည်းပါတယ်။ မိစ္ဆာအယူဝါဒကို ဖြန့်ခဲ့လို့ အရုပ်ဆိုးစွာဖြစ်နေတဲ့ နတ်ကတော် ပြိတ္တာမကြီးလည်းပါတယ်။ ရဟန်းကျင့်ဝတ်တွေ ကောင်းကောင်းမကျင့်ခဲ့ရလို့ ရဟန်းအသွင်၊ ရဟန်းမိန်းမအသွင်နဲ့ ဖြစ်နေတဲ့ ပြိတ္တာတွေလည်း ပါတယ်။ အဲဒီပြိတ္တာတွေမှာ သင်္ကန်းကလည်း မီးရဲရဲတောက်နေတယ်။ ကျောင်းအိပ်ရာတွေကလည်း မီးရဲရဲတောက်နေတယ်။ ဒီပြင်ပြိတ္တာတွေ တော်တော်များများ ပါသေးတယ်။

အဲဒီပြိတ္တာတွေဟာ လူ့ဘဝတုန်းက မိမိခန္ဓာဝန်ချမ်းသာရေးအတွက် မသင့်မလျော်တာတွေ ပြုလုပ်ခဲ့ကြလို့ပဲ။ ဒါကြောင့် ဒီခန္ဓာဝန်ဟာ အလွန်လေးကြောင်း သိရပါတယ်။ နောက်ပြီးတော့ ပေတဝတ္ထုမှာပြထားတဲ့ ပြိတ္တာတွေလည်း အများကြီးရှိပါသေးတယ်။ အဲဒါတွေထဲက တစ်ခုတော့ ဒီနေရာမှာ ပြောချင်သေးတယ်။

http://www.dhammadownload.com



## စီးပွားစုဆောင်းသည့် ပြိတ္တာမများ

ဘုရားလက်ထက်တော်ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ အလေးမမှန်၊ တောင်းမမှန်စသည်ဖြင့် မတရား စီးပွားဥစ္စာစုဆောင်းတဲ့ မိန်းမ ၄ ယောက် ရှိသတဲ့။ အဲဒီမိန်းမ ၄ ယောက်ဟာ ထောပတ်၊ ပျားရည်၊ ဆီ၊ စပါးစသည်တို့ကို မဟာရားရောင်းဝယ်ပြီး စီးပွားဥစ္စာ စုဆောင်းနေရာက သေဆုံးသွားတဲ့အခါ အဲဒီမြို့ရဲ့အပြင်က ကျုံးဘေးမှာ ပြိတ္တာမတွေ ဖြစ်နေကြတယ်။ တစ်ညသောအခါမှာ သူတို့ရဲ့ခင်ပွန်းဟောင်းတွေနဲ့ နောက်အိမ်ထောင်သည်တို့က သူတို့ရှာဖွေစုဆောင်းထားတဲ့ စီးပွားဥစ္စာတွေ သုံးဆောင်နေကြပုံနဲ့ သူတို့မှာ ဆင်းရဲဒုက္ခရောက်နေကြရပုံများကို စဉ်းစားပြီး ငိုကြွေးမြည်တမ်းကြပါတယ်။

အဲဒီအသံကို ကြားရတဲ့သူတွေက မကောင်းတဲ့အတိတ်နိမိတ်လို့ ယူဆပြီး အဲဒီနိမိတ်ဆိုးတွေ ပပျောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရဟန်းသံဃာတော်များနှင့်တကွ မြတ်စွာဘုရားကိုပင့်ပြီး ဆွမ်းကပ်ကြပါတယ်။ အဲဒီကြားရတဲ့အသံကြောင့် သူတို့မှာ ကြောက်လန့်ကြတဲ့ အကြောင်းကိုလည်း လျှောက်ထားကြပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

'ဥပါသကာတို့၊ အဲဒီကြားရတဲ့အသံကြောင့် သင်တို့မှာ အန္တရာယ်တစ်စုံတစ်ခုမျှ မရှိပါ။ အမှန်စင်စစ်တော့ ပြိတ္တာမ ၄ ယောက်တို့ဟာ ဆင်းရဲဒုက္ခ အနှိပ်စက်ခံရတဲ့အတွက် သူတို့ပြုမှားခဲ့တဲ့အမှုကို ပြောကြားပြီး ငိုကြွေးမြည်တမ်းကြခြင်းသာ ဖြစ်တယ်'လို့ မိန့်တော်မူပြီး အဲဒီပြိတ္တာမတွေ ငိုကြွေးပုံကိုလည်း ဒီလိုဟောကြားတော်မူပါတယ်။

မယံ ဘောဂေ သံဟရိမှာ၊ သမေန ဝိသမေနစ။

တေ အညေ ပရိဘုဥ္ဇန္တိ၊ မယံ ဒုက္ခဿ ဘာဂိနီ။ တဲ့။

မယံ၊ ငါတို့သည်။ ဘောဂေ၊ စီးပွားဥစ္စာတို့ကို။ သမေန စ၊ ညီညွတ်သော နည်းလမ်းမှန်ဖြင့်လည်းကောင်း။ ဝိသမေနစ၊ မညီညွတ်

http://www.dhammadownload.com



မတရားသော နည်းလမ်းများဖြင့်လည်းကောင်း။ သံဃာရှိမှာ၊ လှူဘဝတုန်းက ရှာမှီးစုဆောင်းခဲ့ကြလေကုန်ပြီ။ တော၊ ငါတို့စုဆောင်းထားခဲ့သော ထိုစီးပွားဥစ္စာတို့ကို။ အညေ၊ ငါတို့မှ တစ်ပါးသောပုဂ္ဂိုလ်တို့သည်။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ မယံ၊ ငါတို့မှာမူကား။ ဒုက္ခဿ ဘာဂိနီ၊ မစားရ၊ မသုံးရ ပြိတ္တာဘဝ ဆင်းရဲ၏အဖို့အစုကိုသာ ရနေကြပါတကား တဲ့။

သူတို့က မတရားသဖြင့် ပစ္စည်းဥစ္စာတွေကို ခဲခဲယဉ်းယဉ်းနဲ့ စုထားခဲ့ကြတယ်။ သူတို့သေသွားတဲ့အခါမှာ သူတို့ရဲ့ခင်ပွန်းတွေက နောက်အိမ်သူအသစ်တွေနဲ့ အဲဒီပစ္စည်းဥစ္စာတွေကို တပျော်တပါး သုံးဆောင်နေကြတယ်။ သူတို့မှာတော့ ဒါနကုသိုလ်စသည်ကို မပြုရက်ဘဲ မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတဲ့အတွက် ပြိတ္တာဘဝရောက်ပြီး သုံးစရာမရှိ၊ နေစရာ ထိုင်စရာ မရှိ အတိဒုက္ခရောက်နေကြရတယ်ဆိုတဲ့ အကြောင်းကို ပြောဆိုပြီး ငိုကြွေးရှာကြတာပါပဲ၊ တယ်သနားစရာကောင်းတာပဲ။

အဲဒါဟာ လှူဘဝတုန်းက သူတို့ရဲ့ခန္ဓာဝန်ကြီး ကောင်းစားချမ်းသာစေလိုတဲ့အတွက် မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတာပဲ။ သေတဲ့အခါကျတော့ သူတို့ရဲ့ရည်ရွယ်ချက်အတိုင်း မဟုတ်ဘဲ အလွန်ဆင်းရဲတဲ့ ပြိတ္တာခန္ဓာတွေကို ရနေရှာကြတယ်။ အဲဒီဟာ ခန္ဓာဝန်လေးလံကြောင်း ထင်ရှားစေတဲ့ သာဓကတစ်ခုပါပဲ။ သတိပြုစရာလည်း အထူးကောင်းပါတယ်။

ယခုပြောခဲ့တဲ့ပြိတ္တာတွေလိုပဲ မိမိခန္ဓာဝန်ကို ကောင်းစားချမ်းသာအောင် ရှာကြံပြုလုပ်နေရင်း အတိဒုက္ခရောက်နေကြတဲ့ အခြားပြိတ္တာတွေအကြောင်း သာဓကဝတ္ထုတွေလည်း အများကြီးပဲ ရှိနေပါသေးတယ်။ ဒါပေမဲ့ ယခုပြောခဲ့တာလောက်ဆိုရင် သဘောပေါက်လောက်ပါပြီ။

http://www.dhammadownload.com

# သူ့ကံနဲ့သူပဲ

လောကရေးရာဘက်ကဆိုရင်တော့ တတ်နိုင်လို့ရှိရင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ အစွမ်းကုန် ကူညီ ဆောင်ရွက်ရပါတယ်။ ဒါပေမဲ့ ဘယ်နည်းနဲ့မှ ကူညီဆောင်ရွက်ခွင့် မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာနဲ့ပဲ အသင့်အတင့် နှလုံး သွင်းရတယ်။ ဒါမှ စိတ်သက်သာရာ ရနိုင်ပါတယ်။ ဥပမာ ဆွေမျိုး မိတ်ဆွေဖြစ်တဲ့ လူတစ်ယောက် ရာဇဝတ်မှုနဲ့ အရေးယူခံနေရတယ်ဆိုပါ တော့။ အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆိုရင် အဲဒီလူလွတ်မြောက်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရပါတယ်။ ဒါပေမဲ့ တရားရုံးတော်က ပြစ်မှု ထင်ရှားတယ်ဆိုပြီး အဆုံးသတ် စီရင်ချက်ချလိုက်တဲ့အခါကျတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဆောင်ရွက်ဖို့ အခွင့်အရေးမရှိတော့ဘူး။ သူ့ကံနဲ့သူပဲလို့ နှလုံးသွင်းဖို့သာ ရှိတော့တယ်။ ယခုလောလောဆယ်မှာ အမှုအပြစ် မရှိဘူးလို့ထင်ရပေမယ့် သူ့မှာ ရှေးဘဝများကပြုခဲ့တဲ့ မကောင်းမှုကံ ရှိနေလို့သာ ခံရတာပဲလို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရ တယ်။ ဒီလိုဖြေမှပဲ စိတ်သက်သာရာ ရနိုင်မယ်။

ဒီနေရာမှာ သက်သေသာဓကတစ်ခုကို ထုတ်ပြချင်တယ်။ မြတ် စွာဘုရားလက်ထက်တော် ကာလတုန်းက သာဝတ္ထိပြည်မှာမဟာကာလ ဆိုတဲ့ သောတာပန် ဥပါသကာတစ်ယောက် ရှိတယ်။ အဲဒီ ဥပါသကာ ဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုသ်စောင့် ညအိပ်ပြီး တရားနာနေရာ က နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက်အဝက ရေကန်မှာ မျက်နှာသစ်နေတယ်။ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစ်စုက

http://www.dhammadownload.com



မဟာကာလရဲ့အနီးမှာ သူခိုးကပစ်ချခဲ့တဲ့ ခိုးရာပါပစ္စည်းနှင့်တကွ တွေ့ရတဲ့အတွက် သူ့ကို သူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းမှာပဲ ညအိပ်တရားနာနေတဲ့ သူတော်ကောင်းစင်စစ် ဖြစ်ပါလျက်နဲ့ သူခိုးလို့အစွပ်ခံရ အသတ်ခံရတာဟာ မသင့်လျော်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန်အခြေအနေရ မသင့်လျော်သော်လည်း သူ၏ရှေးကံအရဆိုလျှင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့။ မဟာကာလဟာ တစ်ခုသောဘဝတုန်းက လမ်းဓားပြတွေပေါများတဲ့ တောတစ်ခု၏အဝမှာ တောစခန်းစောင့်အရာရှိ ဖြစ်ခဲ့တယ်။ အဲဒီတော့ စခန်းဖြတ်သန်းသွားလိုတဲ့ ခရီးသည်တွေကို တစ်ဖက်မှ တစ်ဖက်အရောက် ဘေးရန်ကင်းအောင် သူက စောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်။ တစ်နေ့သောအခါမှာ လူတစ်ယောက်ဟာ ရုပ်ရေအဆင်းလှပတဲ့ ဇနီးနှင့်တကွ လှည်းယဉ်ကလေးစီးပြီး အဲဒီတောစခန်းဝကို ရောက်လာတယ်။ တောစခန်းစောင့်က အဲဒီလူရဲ့ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တစ်ညအိပ်စေပြီးတော့ နောက်တစ်ရက် ခရီးထွက်တဲ့အခါမှာ 'ပတ္တမြားပျောက်တယ်၊ မသင်္ကာဘူး' ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေးတယ်။ စောစောက သူ့ဟာသူ ထည့်ထားတဲ့ပတ္တမြားကို တွေ့ရတဲ့အခါမှာ သူက အဲဒီခရီးသည်ကို ပတ္တမြားသူခိုးလို့ စွဲချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီမကောင်းမှုကံကြောင့် မဟာကာလအလောင်း တောစခန်းစောင့်ဟာ အဲဒီဘဝက သေတဲ့အခါ အဝီစိငရဲမှာကျရောက်ပြီး ရှည်မြင့်စွာသော ကာလပတ်လုံး ငရဲဒုက္ခတွေကို အကြီးအကျယ် ခံစားခဲ့ရ

http://www.dhammadownload.com



တယ်။ ငရဲမှလွတ်ပြန်တော့လည်း အဲဒီကံကြွင်းကြောင့် ဘဝတစ်ရာ တိုင်တိုင် ဒီပုံဒီနည်းဖြင့် သူခိုးလို့အစွဲခံရပြီး အသတ်ခံခဲ့ရတယ်။ ဒါကြောင့် ရှေးဘဝက ရက်ရက်စက်စက်ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရ ဆိုလျှင်တော့ သူခိုးထင်ပြီး မဟာကာလ အသတ်ခံရတာဟာ သင့်လျော် ထိုက်တန်လှပါပေတယ်လို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်မရှိဘဲ ခံရတယ်လို့ ထင်ရတဲ့သူအတွက် သူ့ကံနဲ့သူပဲလို့ နှလုံးသွင်းသင့်တယ်လို့ဆိုရာမှာ သက်သေသာဓကတစ်ခုပါပဲ။ ဒီလိုသာဓကဝတ္ထုတွေကတော့ အများကြီးရှိပါတယ်။

ဒီလိုနေရာမှာ ယခုပြောခဲ့တဲ့အတိုင်း သူ့ကံနဲ့သူပဲလို့ အသင့်အတင့် နှလုံးမသွင်းဘဲ မျက်မြင်လောက်သာကြည့်ပြီး 'မည်သူမည်ဝါတွေက မတရားလုပ်တယ်၊ မတရားနှိပ်စက်တယ်၊ အနိုင်ကျင့်တယ်' စသည်ဖြင့် အပြစ်တင်နေမယ်ဆိုရင်တော့ သူတစ်ပါးကို ပြစ်မှားတဲ့ ဒေါသ အကုသိုလ်တွေလည်း ဖြစ်ပွားမယ်၊ စိတ်ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲတွေလည်း များစွာဖြစ်မယ်၊ သူ့ကံနဲ့သူပဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုလိုက်ရင်တော့ အဲဒီအကုသိုလ်တွေ စိတ်ဆင်းရဲတွေဟာ အကုန်လုံးငြိမ်းပြီး စိတ်အေးခြင်းသုခကို ရနိုင်ပါတယ်။

နောက်ပြီးတော့ ဒီဥပေက္ခာနဲ့ တရားမျှတစွာ နှလုံးသွင်းတာဟာ တရားသူကြီးများအတွက်ဆိုရင်လည်း အံကျကိုက်ပြီး အလွန်ပင် သင့်လျော်ပါတယ်။ တရားသူကြီးများဟာ တရားလိုနဲ့တရားခံ မည်သူ့ကိုမျှ ကွက်ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာဖြင့် အခွင့်အရေး မပေးသင့်ဘူး။ ဒီလူကို ချမ်းသာစေချင်တယ်၊ ဟိုလူကိုသနားတယ်၊ ဟောဒီလူကိုတော့ ချမ်းသာမြဲ ချမ်းသာစေချင်တယ်ဆိုပြီး တစ်ဖက်သတ် အခွင့်အရေး ပေးလိုက်ရင် ဆန္ဒာဂတိနှင့် မောဟာဂတိတစ်ခုခု ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် သူ့အမှုကံနဲ့သူပဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရား

http://www.dhammadownload.com



မျှတစွာ ဖြစ်အောင်သာ ဘက်မလိုက်ဘဲ စစ်ဆေးဆောင်ရွက်သင့်ပါ တယ်။ ဒီလိုပဲ ဆောင်ရွက်နေကြတယ်လို့လည်း ကြားသိရပါတယ်။ ဒါကြောင့် ဒီဥပေက္ခာဟာ တရားစီရင်ရာမှာလည်း အလွန်သင့်လျော် တယ်လို့ မှတ်ယူသင့်ပါတယ်။

http://www.dhammadownload.com

# သူများမနာလို ကိုယ်အကျိုးမရှိ

ကိုယ့်ထက်သာ မနာလိုဆိုတဲ့ စကားပုံအတိုင်း အများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက်သာတာကို မြင်ရကြားရ သိရရင် မျက်မုန်းကျိုးမှု၊ မနာလိုမှုက ဖြစ်တတ်တယ်။ အဲဒီမနာလိုမှုဟာ မုဒိတာရဲ့ဆန့်ကျင်ဘက် ရန်သူပဲ။ ဒီမနာလိုမှုဟာ ဘာမှ အကျိုးမခံစားရဘဲနဲ့ သက်သက်အကုသိုလ်ပွားတဲ့ သဘောပါပဲ။ သူက မျက်မှောက်ဘဝမှာလည်း မကောင်းကျိုးတွေကို ပေးတတ်တယ်၊ နောင်တမလွန်မှာလည်း အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေကို ပေးတတ်တယ်။ အဲဒါကို ပုံစံထုတ်ပြရရင်

၁။ ။ ရှေးတုန်းက ဘုရင်တစ်ပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ်တစ်ယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပွတ်တိုက်ဆုပ်နယ်ပြီး ပြုစုနေသတဲ့။ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့အတွက် အဲဒီမောင်းမရဲ့ကိုယ်ပေါ်မှာ မီးအိုးကင်းထဲက မီးကျီးတွေနဲ့ လောင်းချလိုက်တယ်။ အဲဒီမကောင်းမှုကြောင့် အဲဒီမိဖုရားကြီးဟာ ငရဲမှာ ကျရောက်ပြီး အနှစ်သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာ ရဲရဲတောက်နေတဲ့ မီးကျီးတွေနဲ့ အလောင်းခံနေရတဲ့ ပြိတ္တာမကြီး ဖြစ်နေရရှာတယ်။

၂။ ။ နောက်ပြီးတော့ ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးဟာလည်း ရဟန္တာတစ်ပါးကို မနာလိုပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာကျရောက်ပြီးတဲ့နောက် ယခု ဂေါတမ

http://www.dhammadownload.com



မြတ်စွာဘုရားလက်ထက်မှာ လောသကတိဿဆိုတဲ့လူ ဖြစ်လာပြီး အကြီးအကျယ်ဒုက္ခရောက်ရရှာတယ်။ အဲဒီလောသကတိဿ ပဋိသန္ဓေနေကတည်းက သူ့မိဘတွေနဲ့တကွ တစ်ရွာလုံးဟာ မီးဘေး၊ မင်းဘေး၊ ငတ်မွတ်ခေါင်းပါးတဲ့ဘေးတွေ သင့်ကြရတယ်။ ဒါနဲ့ ရွာကို နှစ်ပိုင်းခွဲလိုက်တယ်။ အဲဒီအခါကျတော့လည်း သူပါတဲ့အပိုင်းမှာ ဒုက္ခရောက်ကြရပြန်တယ်။ ဒါကြောင့် နောက်လည်း ထပ်ခါထပ်ခါ ရွာကိုခွဲကြပြန်တယ်။ ခွဲတိုင်းခွဲတိုင်း သူပါတဲ့အပိုင်းမှာ ဒုက္ခရောက်ရတာချည်းပဲ။ နောက်ဆုံးကျတော့ သူ့မိဘတစ်အိမ်တည်း တစ်ပိုင်းဖြစ်သွားတယ်။ အဲဒီအခါမှာလည်း သူတို့တစ်အိမ်ထဲ ဒုက္ခရောက်ကြရတယ်။ ဒါကြောင့် လောသကတိဿ စကားပြောနိုင် သွားလာနိုင်တဲ့အခါကျတော့ မိဘတွေကလည်း သူ့ကိုစွန့်ပစ်ပြီး သင့်တော်ရာ အလွတ်ထွက်သွားကြတယ်။ လောသကတိဿလည်း ခွက်ကလေးတစ်ခုနဲ့ ရောက်တတ်ရာရာ သွားပြီး တောင်းရမ်းစားနေရရှာတယ်။ တစ်နေ့မှ ဝဝလင်လင် စားရတယ်လို့ မရှိဘူးတဲ့။

နောင်တစ်ချိန်မှာ အရှင်သာရိပုတ္တရာက သူ့ကိုသနားလို့ ရှင်ရဟန်းပြုပေးထားတယ်။ ရှင်ရဟန်းဖြစ်တဲ့အခါလည်း သူ့မှာ ဝဝလင်လင် စားသောက်လောက်အောင် ဆွမ်းမရရှာဘူးတဲ့။ သူ့နဲ့အတူတူ ဆွမ်းခံသွားရင် အခြားရဟန်းတွေတောင် ဆွမ်းကောင်းကောင်း မရကြဘူးတဲ့။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်နေ့မှာတောင် အရှင်သာရိပုတ္တရာ သူ့ဆီအပို့ခိုင်းတဲ့ဆွမ်းဟာ သူ့ဆီမရောက်ဘူး၊ သူ့ကို အမှတ်မရဘဲ လမ်းတွင်စားပစ်လိုက်တယ်။ အရှင်သာရိပုတ္တရာက လာပြီးမေးမှ ဆွမ်းမစားရသေးမှန်း သိရတာနဲ့ သံဝေဂဖြစ်တော်မူရတယ်။ အချိန်ကလည်း နေမွန်းလွဲနေတာနဲ့ စတုမဓုဆွမ်းကို ခံယူလာပြီး အရှင်လောသကတိဿကို ကျွေးရတယ်။ ဒါတောင် သူ့လက်ထဲပေးလိုက်ရင် ကွယ်ပျောက်သွားမှာစိုးလို့ အရှင်သာရိပုတ္တရာ လက်ထဲကပဲ ယူစားစေတယ်။ သူ့

http://www.dhammadownload.com



တစ်ဘဝလုံးမှာ အဲဒီတစ်နေ့ပဲ ဝဝလင်လင် ဘုဉ်းပေးသုံးဆောင်ရသတဲ့။ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန်စံတော်မူရတယ်။ ဤသို့သောဆိုတဲ့ မနာလိုမှုဟာ ပရိနိဗ္ဗာန်စံရမည့်နေ့ထိအောင် လိုက်ပြီးမကောင်းကျိုးပေးတယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

၃။ ။ ဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည်မှာ ဃောသက ဆိုတဲ့ ကျောင်းဒကာ သူဌေးတစ်ဦး ရှိခဲ့တယ်။ ငယ်စဉ်တုန်းက သူ့ကို မွေးစားတဲ့ အဖသူဌေးကြီးက သားရင်းကလေး ရလာတဲ့ အခါ ဃောသကသူငယ်ကို မလိုလားတာနဲ့ ၆ ကြိမ်တိုင်တိုင် သေရာ သေကြောင်း ကြံစည်ပြုလုပ်တယ်။ ဒါပေမဲ့ 'သေကံမရောက် သက် မပျောက်' ဆိုတာလိုပဲ သူ့မှာ သေဖို့ရာကံက မပါတဲ့အတွက် သေဘေး မှ လွတ်ခဲ့တယ်။ အဲဒီ ၆ ကြိမ်ထဲမှာ တစ်ကြိမ်ကတော့ အိုးဖုတ်တဲ့ ဖိုကြီးထဲမှာထည့်ပြီး မီးဖုတ်လိုက်ဖို့ အိုးထိန်းသည်ထံ ဃောသကသူငယ် ကို စေလွှတ်လိုက်တယ်။ လမ်းခုလတ်မှာ သူဌေးကြီးရဲ့သားအရင်းက ခုံညင်းထိုးကစားရာမှာ ရှုံးနေလို့ သူ့အစ်ကိုဃောသကကို ကူညီပြီး ကစားပေးဖို့ တောင်းပန်တယ်။ ဖခင်က အိုးထိန်းသည်ထံ စေလွှတ် လိုက်တဲ့အကြောင်း ပြောတော့ အဲဒီသူဌေးသားအရင်းက 'ခုံညင်းသာ နိုင်အောင် ထိုးရစ်ပါ၊ သူသွားပေးပါမယ်' ဆိုပြီး အိုးထိန်းသည်ထံ သွားတယ်။ အိုးထိန်းသည်ကလည်း အဲဒီသူငယ်ကို ဃောသကလို့ပဲ ထင်ပြီး သူဌေးကြီးရဲ့အမိန့်အတိုင်း အိုးဖိုထဲထည့်ပြီး မီးဖုတ်လိုက်တယ်။ အဲဒီအကြောင်းကို သူဌေးကြီး သိရတဲ့အခါ အလွန်အကဲ စိတ်ဆင်းရဲ ဒုက္ခရောက်ရရှာတယ်။ စိတ်နှလုံးပူပန်ပြီး ရောဂါဝေဒနာအကြီးအကျယ် စွဲကပ်ခံရတယ်။ အဲဒီရောဂါနဲ့ပဲ နောက်ဆုံးမှာ သေသွားရရှာတယ်။ ဒါလည်း မနာလိုမှုရဲ့ မကောင်းကျိုးပဲ။

ဒါကြောင့် 'သူများမနာလို ကိုယ်အကျိုးမရှိ' လို့ ပြောစမှတ်ပြု ကြတယ်။ တစ်ခါတုန်းက ဘုန်းကြီးကျောင်းတစ်ခုမှာ ဖိုးသူတော်

http://www.dhammadownload.com



တစ်ယောက် ရှိသတဲ့။ အဲဒီဖိုးသူတော်က 'သူများမနာလို ကိုယ်အကျိုး မရှိ' ဆိုတဲ့ ဒီစကားပုံလေးကို မကြာခဏရွတ်ဆိုပြီး တရားနှလုံးသွင်း နေသတဲ့။ အဲဒီကျောင်းမှာ ကိုးကွယ်ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမ ကြီးတစ်ယောက် ဖိုးသူတော် ရွတ်ဆိုနေတဲ့စကားကို ခဏခဏကြားရ တော့ သူ့စောင်းပြီး ရွတ်ဆိုနေတယ်လို့ထင်ပြီး ဖိုးသူတော်အပေါ်မှာ ရန်ငြိုးဖွဲ့သွားသတဲ့။ ဒါနဲ့ ဒီဒကာမကြီးက မုန့်ထဲမှာ အဆိပ်ထည့်ပြီး ဖိုးသူတော်ကို လှူသတဲ့။ ဖိုးသူတော်ကလည်း မစားရစဖူး အထူးရတဲ့ မုန့်ပဲလို့ အလေးအမြတ်ပြုပြီး ဘုရားမှာဆွမ်းတော်ကပ်လိုက်သတဲ့။ မုန့်လှူတဲ့ ဒကမကြီးရဲ့သားကလည်း အဲဒီကျောင်းမှာ ကျောင်းသား အဖြစ်နဲ့ နေတဲ့အတွက် အဲဒီကျောင်းသားက ဆွမ်းတော်တင်ထားတဲ့ အဲဒီမုန့်ကို ကောက်ပြီးစားမိလို့ အဆိပ်သင့်ပြီး သေရှာသတဲ့။ ဒီတော့ မုန့်လှူတဲ့ဒကာမကြီးက ဖိုးသူတော်မသေဘဲ သူ့သားသေနေတာကို တွေ့ရတဲ့အတွက် (သူများမနာလို ကိုယ်အကျိုးမရှိ) ဆိုတဲ့ ဖိုးသူတော် ကမ္မဋ္ဌာန်းကို သဘောပေါက်ပြီး 'ဦးသူတော် ကမ္မဋ္ဌာန်း ငါ့ကိုရမ်း ဗျန်းဗျန်းကွဲလေပြီ'လို့ မြည်တမ်းငိုကြွေးရှာသတဲ့။

ယခု ပြောခဲ့တာတွေဟာ မုဒိတာကိုပွားစေမည့်ပုဂ္ဂိုလ်မှာ မုဒိတာ ရဲ့ ဆန့်ကျင်ဘက်ရန်သူဖြစ်တဲ့ ဣဿာဆိုတဲ့ မနာလိုမှုကို အပြစ်မြင်ပြီး မုဒိတာကို ပွားစေနိုင်ဖို့ သာဓကတွေပါပဲ။

http://www.dhammadownload.com

# မုဒိတာ၏ ရလဒ်

သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာနိုင်တဲ့ မုဒိတာ တရားကတော့ အင်မတန် အေးချမ်းပါတယ်။ ဝမ်းမြောက်ကြည်သာ နေတုန်းလည်း စိတ်ထဲမှာ ချမ်းသာပါတယ်။ မည်သူ့မှာ စီးပွားဥစ္စာ တွေ တိုးတက်နေသတဲ့၊ လုပ်ငန်းတွေ အောင်မြင်နေသတဲ့၊ စာမေးပွဲ အောင်သတဲ့၊ ဘွဲ့ထူးရသတဲ့၊ ရာထူးတိုးသတဲ့စသည်ဖြင့် ကြားရ၊ တွေ့ရ၊ သိရရင် 'ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊ ကြီးပွားမြဲ ကြီးပွား ပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရထားတဲ့ရာထူး ဌာနန္တရနဲ့ တည်မြဲ ပါစေ' စသည်ဖြင့် ဝမ်းမြောက်ကြည်သာ သဘောတူတာဟာ မုဒိတာပဲ။ အင်မတန် ကြည်လင်အေးမြပါတယ်။ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန် ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင်ဖြစ်ပွားနေပါ တယ်။ သိပ်နေရာကျတာပဲ။

ဒီမုဒိတာကို ပွားစေတဲ့အတွက် ကောင်းကျိုးချမ်းသာကို မျက် မှောက်ဘဝမှာလည်း ရတတ်ပါတယ်။ နောင်တမလွန်မှာလည်း ရတတ် ပါတယ်။

၁။ ။ မျက်မှောက်အကျိုးပေးပုံကတော့ အသဒိသဒါနဝတ္ထုဖြင့် ထင် ရှားပါတယ်။ ပသေနဒီကောသလမင်းကြီး တစ်နေ့တည်းနဲ့ ၁၄ ကုဋေ အကုန်ခံပြီး အသဒိသအလှူတော်ကြီးကို ပေးလှူတယ်လို့ ဆိုပါတယ်။ အဲဒါကို 'ကာဠ' ဆိုတဲ့အမတ်ကြီးက 'ဘဏ္ဍာတော်ငွေတွေ ၁၄ ကုဋေ အလဟဿ ပျက်စီးသွားတယ်' လို့ ကဲ့ရဲ့ဝေဖန်တယ်။ 'ဇုဏှ' ဆိုတဲ့ အမတ်ကြီးကတော့ 'ပြည့်ရှင်မင်းမို့သာ ဒီလိုအလှူကြီး ကို ပေးလှူနိုင်တာပဲ။ ငါလည်း ဒီလိုအလှူကြီးကို ပေးလှူချင်ပါဘိတော့

http://www.dhammadownload.com



တယ်' လို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုတယ်။ အဲဒီ အကြောင်းကို ဘုရင်မင်းမြတ်က ကြားသိရတဲ့အခါ ကဲ့ရဲ့တဲ့ ကာဠ အမတ်ကြီးကို ပြည်နှင်ဒဏ်ပေးတယ်။ အနုမောဒနာပြုတဲ့ ဇုဏှအမတ်ကြီးကို ၇ ရက်ပတ်လုံး မင်းအဖြစ် ပေးပြီး မိမိလိုပဲ အသဒိသအလှူကြီးကို ပေးလှူစေသတဲ့။ အဲဒါဟာ မုဒိတာရဲ့အကျိုးကို မျက်မှောက်ဘဝမှာ ရပုံသာဓကပါပဲ။

၂။ ။ နောင်တမလွန်မှာ အကျိုးရပုံတွေကတော့ အလွန်ပဲများပါတယ်။ ဘုရားလက်ထက်တော်တုန်းက အမျိုးသမီး တစ်ယောက်ဟာ ဝိသာခါရဲ့ကျောင်းအလှူကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုရုံ သက်သက်နဲ့ တာဝတိံသာနတ်ပြည်မှာ အင်မတန်ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြွေအရံတွေနဲ့တကွ ဂုဏ်သိန်ကြီးတဲ့ နတ်သမီး ဖြစ်နေတယ်။ နောက်ပြီးတော့ တချို့လူတွေဟာ ကုသိုလ်ကံမရှိတဲ့အတွက် ပြိတ္တာဘဝ ရောက်ပြီး စားရမဲ့၊ သောက်ရ ဝတ်ရမဲ့နဲ့ အတိဒုက္ခရောက်နေရာမှာ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့အခါ သာဓု အနုမောဒနာပြုကြတဲ့အတွက် နတ်စည်းစိမ်ချမ်းသာတွေကို ချက် ချင်းပဲ ရသွားကြတယ်။ ဒါတွေဟာ ဒီနေရာမှာ သက်သေသာဓကတွေပါပဲ။

အဲဒီလို ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး၊ လောကရေးရာတွေမှာလည်း သူများကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာနိုင်တဲ့အတွက် နတ်ရွာသုဂတိကို ရောက်ရတဲ့အပြင် လူ့ဘဝရောက်လာတဲ့အခါမှာလည်း သူများထက် အခြွေအရံပေါများပြီး ကြီးပွားချမ်းသာရကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက အထင်အရှားဟောထားပါတယ်။

ဒါကြောင့် ဒီမုဒိတာတရားဟာ ကုသိုလ်ရေးနဲ့စပ်ပြီးတော့ ဖြစ်ဖြစ်၊ လောကရေးနဲ့စပ်ပြီးတော့ဖြစ်ဖြစ် ပွားများသင့်ကြောင်း အင်မတန်ထင်ရှားနေပါတယ်။

http://www.dhammadownload.com

# အဖော်မလိုသူ

တစ်ချိန်က သီဟိုဠ်ကျွန်း အနုရာဓမြို့က မဟာစေတီတော်ကြီး ရင်ပြင်တော်ပေါ်မှာ အင်္ဂတေဖြင့် ပြုပြင်ကြတယ်။ အရိယာမထေရ်တစ်ပါးက လက်တစ်ဖက်ဖြင့် အင်္ဂတေခွက်ကို ကိုင်ပြီးတော့ အခြားလက်တစ်ဖက်ဖြင့် သံလက်ကိုကိုင်ကာ စေတီတော်ရင်ပြင်တစ်နေရာမှာ တက်ရောက်နေတယ်။ တစ်ပါးတည်း ဆိတ်ငြိမ်စွာနဲ့ ရှုမှတ်မှုမပျက်စေဘဲ ပြုပြင်ဖို့ ရည်ရွယ်ပြီးတော့ နေရာယူတာပါပဲ။ ကိုယ်လက်ကြံ့ခိုင်ရေးလောက်သာ အားထုတ်ပြီး တရားနှလုံးသွင်းခြင်းမရှိတဲ့ ရဟန်းတစ်ပါးက စကားပြောဖော်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီမထေရ်ထံသို့သွားတယ်။ အရိယာမထေရ်က တခြားနေရာကို ရွှေ့သွားတယ်။ ထိုရဟန်းက အဲဒီမထေရ်ထံသို့ လိုက်လာတယ်။ အရိယာမထေရ်က တခြားနေရာကို ရွှေ့သွားပြန်တယ်။ အဲဒီရွှေ့ရာသို့ ထိုရဟန်းက လိုက်လာပြန်တယ်။ အဲဒီအခါ အရိယာမထေရ်က 'သူတော်ကောင်း စေတီရင်ပြင်ဟာ ကျယ်ပါတယ်၊ တခြားနေရာမှာ ပြုပြင်ရန် အခွင့်မရပါဘူးလား' လို့ ပြောလိုက်တယ်။ ဒီတော့မှ တရားနှလုံးသွင်းမှု မရှိတဲ့ရဟန်းက တခြားနေရာသို့ ခွာသွားပါသတဲ့။ အဲဒါဟာ အရိယာမထေရ်က စကားပြောနေရင် ရှုမှတ်မှု လွတ်သွားမှာစိုးလို့ အဖော်မရှိတဲ့အရပ်ကို ရွေးချယ်တာပါပဲ။ တစ်ပါးတည်းဆိုတော့ ရှုမှတ်မှု မပျက်စေဘဲ ပြုလုပ်ဆောင်ရွက်နိုင်တာပေါ့။

လူဝတ်ကြောင်များမှာတော့ 'ဃရာဝါသော ဗဟုကိစ္စော' လို့ အဆိုရှိတဲ့အတိုင်း ကိစ္စတွေက အလွန်များပါတယ်။ စားဝတ်နေရေး

http://www.dhammadownload.com



အတွက်လည်း မပြတ်ကြောင့်ကြစိုက်နေကြရတယ်။ ရပ်ရေး ရွာရေး မင်းရေး စိုးရေး လူ့ဒါန်းရေးအတွက်လည်း ကြောင့်ကြစိုက်နေကြရတယ်။ အဲဒီလို များပြားလှတဲ့ လူမှုကိစ္စတွေ ဆောင်ရွက်နေကြရပေမယ့် သောတာပန် အရိယာဆိုရင် သီလ၊ သမာဓိ၊ ပညာအကျင့်ကိုတော့ မေ့ပစ်မထားဘူး၊ အထူးအားဖြင့် ရှုမှတ်မှု ဝိပဿနာအလုပ်ကိုတော့ အခွင့်ရသမျှ အားထုတ်နေတတ်တယ်။ လုပ်ကိုင်နေရင်းလည်း ရံခါရံခါ အမှတ်သတိက အလိုလိုပါနေတတ်တယ်။ အဲဒီလို သိက္ခာသုံးပါးကို ကျင့်ရန် စိတ်အလိုဆန္ဒ ထက်သန်နေတာဟာ အရိယာပုဂ္ဂိုလ်မှာ ဖြစ်မြဲရိုးရာဓမ္မတာ သဘောပါပဲ။ ဒါကြောင့် အဲဒီဓမ္မတာသဘောနဲ့ ပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်တဲ့အခါမှာ သောတာပန်အစစ်ဆိုရင် ပြည့်စုံနေကြောင်း သိမြင်ဆုံးဖြတ်နိုင်ပါတယ်။

http://www.dhammadownload.com

# နွံ့ပေမယ့် မနွံ့တော့ပြီ

အရိယာအစစ်ဖြစ်ရင်တော့ ရုပ် နာမ်အဖြစ်အပျက် အနိစ္စ စသည်ကို သိပုံဟာ အရိယာအချင်းချင်းလည်း တူညီရမယ်။ မြတ်စွာဘုရား၏ တရားတော်နှင့်လည်း ညီညွတ်ရမယ်။ အဲဒီရုပ်နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသိဟာ ခိုင်လည်းခိုင်မြဲနေရမယ်။ အဲဒီလို ခိုင်မြဲပုံကို သူရမ္ဗဋ္ဌဝတ္ထုဖြင့် ထင်ရှားသိနိုင်ပါတယ်။

## သူရမ္ဗဋ္ဌဝတ္ထု

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက သာဝတ္ထိမြို့မှ သူရမ္ဗဋ္ဌ ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ သူက ဗုဒ္ဓသာသနာတော်မှ အပြင်ပ တိတ္ထိတွေကို ကိုးကွယ်နေတယ်။ တစ်နေ့သောအခါမှာ မြတ်စွာဘုရား က သူရမ္ဗဋ္ဌ တရားထူးသိမြင်မည့်အကြောင်းကို မြင်တော်မူတဲ့အတွက် သူရမ္ဗဋ္ဌ အိမ်ကို ဆွမ်းခံကြွတော်မူပါတယ်။ သူရမ္ဗဋ္ဌက မြတ်စွာဘုရား ကို မကြည်ညိုသော်လည်း အလွန်ထင်ရှားကျော်စောနေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူတာကို ငဲ့ပြီး မလွဲမရှောင်သာတဲ့အနေဖြင့် မြတ်စွာဘုရားကိုပင့်ပြီး ဆွမ်းကပ်လှူတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ မြတ်စွာဘုရားက အနုမောဒနာအနေဖြင့် သူနှင့်သင့်လျော်တဲ့တရားကို ဟောတော်မူတယ်။ တရားနာနေရင်း ရှုမှတ်နှလုံးသွင်းလာခဲ့တဲ့အတွက် ဒေသနာတော်၏အဆုံးမှာ သူရမ္ဗဋ္ဌဟာ သောတာပန်ဖြစ်သွားတယ်။ မြတ်စွာဘုရားလည်း ကျောင်းတော်သို့ ပြန်ကြွသွားတော်မူတယ်။

အဲဒီအခါ မာရ်နတ်က စဉ်းစားတယ်။ 'သူရမ္ဗဋ္ဌဟာ ငါတို့

http://www.dhammadownload.com



ဘက်သားပဲ။ ဒါပေမဲ့ ယနေ့ ဗုဒ္ဓဂေါတမက သူ့အိမ်ကို သွားတယ်။ သူဟာ တရားနာပြီး အယူများပြောင်းသွားလေသလားမသိ၊ ငါသွားပြီး စုံစမ်းလိုက်ဦးမှပဲ’ လို့ စဉ်းစားပြီးတော့ သူက ဘုရားယောင်ဖန်ဆင်းပြီး သူရမ္ဗဋ္ဌအိမ်ကို သွားတယ်။ မာရ်နတ်က ဉာဏ်နုတယ်ထင်ရတဲ့သူတွေ အား ထင်ယောင်ထင်မှားဖြစ်အောင် အင်မတန်လုပ်တတ်တယ်။ အမျိုး သမီးတွေများ သူက သိပ်အထင်သေးတယ်။ သူပြောလိုက်ရင် ထင် ယောင်ထင်မှား ဖြစ်သွားမယ်လို့ သူက ထင်ထားတယ်။ ဒါကြောင့် သူက ဘိက္ခုနီမတွေ တစ်ပါးတည်း တရားနှလုံးသွင်းနေရာများမှာ သွားပြီးတော့ ‘ဟဲ့ ဘိက္ခုနီမ လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်ဆိုတာ မရှိဘူး၊ ဆိတ်ငြိမ်ရာမှာလာနေလို့ အကျိုးမရှိဘူး၊ အလကားပဲ။ ရောမ ရသေ့ ရဟန်းမြတ်ကြီးတွေမှ ရနိုင်တဲ့တရားထူးကို လက်နှစ်သစ်လောက် ဉာဏ်ပညာရှိတဲ့ နင်တို့မိန်းမတွေ မရနိုင်ဘူး’ စသည်ဖြင့် စိတ်ပျက်ပြား ကျဆင်းသွားအောင် ပြောတတ်ပါတယ်။ ဒါပေမဲ့ အဲဒီဘိက္ခုနီတွေ က ရဟန္တာမတွေဖြစ်နေလို့ တော်ပါသေးရဲ့၊ သူပြောတာ ဘာမှအရာ မရောက်ပါဘူး။

အဲဒီလို မာရ်နတ်က ထင်ယောင်ထင်မှားဖြစ်အောင် လုပ်လေ့ရှိ တဲ့အတွက် ဘုရားအသွင်ဖန်ဆင်းပြီး သူရမ္ဗဋ္ဌ အိမ်ကိုသွားတယ်။ သူရမ္ဗဋ္ဌက ဘုရားအစစ်ထင်မှတ်တဲ့အတွက် ဘာကိစ္စရှိလို့ ပြန်ကြွလာ ပါလိမ့်မလဲလို့ စဉ်းစားပြီး ဘုရားအတုမာရ်နတ်ထံသို့ ချဉ်းကပ်သွား တယ်။ ရိုသေစွာရှိခိုးပြီး ဒီလိုမေးလျှောက်တယ်။ ‘မြတ်စွာဘုရား၊ အရှင်ဘုရားဟာ ယခုတွင်ပဲ ဒီအိမ်က ကြွသွားတယ်။ ယခုပဲ ပြန်ကြွ လာတယ်။ ဘာအကြောင်းရှိပါသလဲဘုရား’ လို့ မေးလျှောက်တယ်။ ဒီတော့ ဘုရားမာရ်နတ်က ‘သူရမ္ဗဋ္ဌ၊ သင့်အား ငါတရားဟောစဉ်က မဆင်ခြင်မိဘဲ ခန္ဓာငါးပါးအကုန်လုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပဲလို့ ဟောခဲ့တယ်။ ဒီအတိုင်းတော့လည်း မဟုတ်တတ်ဘူး၊ တချို့ခန္ဓာများက

http://www.dhammadownload.com



တော့ နိစ္စ၊ ဓုဝ၊ သဿတဖြစ်ပြီး မြဲတယ်၊ ခိုင်တယ်။ အစဉ်ထာဝရ တည်နေတယ်။ အဲဒီအချက်ကလေးကို ပြင်ချင်လို့ ပြန်လာခဲ့တယ်'လို့ ပြောတယ်။

ဒီတော့ သူရမ္ဗဋ္ဌက 'ဒီစကားဟာ အလွန်ဝန်လေးတဲ့စကားပဲ။ ဗုဒ္ဓမြတ်စွာဘုရားများမှာ မစူးစမ်း မဆင်ခြင်ဘဲ ပြောဆိုရိုးမရှိဘူး။ မာရ်နတ်ဆိုတာ မြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ပြုလေ့ရှိတယ်လို့ ကြားရဖူးတယ်၊ ဒီဟာ မာရ်နတ်ပဲထင်ပါရဲ့' လို့ ဆင်ခြင်ပြီး 'သင်ဟာ မာရ်နတ်မဟုတ်လား' လို့ တဲ့တိုးပဲ မေးလိုက်တယ်။ အဲဒီလို အရိယာ ပုဂ္ဂိုလ်က မေးလိုက်တော့ မာရ်နတ်က ဟုတ်ပါတယ်လို့ပဲ ဝန်ခံဖြေဆို ရတယ်။ ဒီတော့ သူရမ္ဗဋ္ဌက 'ဟေ့ မာရ်နတ်၊ သင်လိုမာရ်နတ်တွေ တစ်ရာ တစ်ထောင်လာပြီး လှုပ်ပေမယ့် ငါ၏ယုံကြည်မှုသဒ္ဓါတရားကို တော့ မလှုပ်စေနိုင်ဘူးလို့ မှတ်ထားပါ။ ဂေါတမမြတ်စွာဘုရားက အားလုံးသော ရုပ်နာမ်သင်္ခါရတရားတွေဟာ အနိစ္စ မမြဲတာတွေချည်းပဲ လို့ ဟောသွားတယ်။ ငါကိုယ်တိုင်လည်း အားလုံးပင် မမြဲဘူးလို့ သိ မြင်နေတယ်။ သင်ဟာ ငါ့အိမ်ဝမှာ လာမနေပါနဲ့၊ ချက်ချင်းထွက်သွား ပါ'လို့ လက်ဖျောက်တီးပြီး နှင်လိုက်တယ်။ အဲဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသိအမြင်တွေ မဂ်ဉာဏ်ဖြင့် ခိုင်မြဲနေလို့ပါပဲ။ အရိယမဂ် ဉာဏ်ဖြင့် မခိုင်မြဲသေးတဲ့သူဆိုရင် ဘုရားကိုယ်တော်တိုင်က လာပြီး ပြင်တယ်ဆိုတော့ ပယ်ဖို့ခက်ပါလိမ့်မယ်။

ယခုကာလမှာ နိုင်ငံခြားသွားနေပြီး ပြန်လာတဲ့အခါ အချို့မှာ အယူအဆတွေ တစ်မျိုးဖြစ်လာတယ်။ တချို့ကတော့ နိုင်ငံခြားသာသနာ ပြုအနေနဲ့ သွားတယ်။ ပြန်လာတဲ့အခါ အယူအဆတွေဟာ ရှေးကလို မဟုတ်တော့ဘဲ ဖောက်ပြန်လာတယ်။ ဒီလိုဟာမျိုးတွေလည်း ကြားရ တယ်။ အဲဒါဟာ အရိယမဂ်ဖြင့် ခိုင်မြဲတဲ့အသိအမြင် ဉာဏ်ပညာ မပြည့်စုံသေးလို့ပါပဲ။ အရိယမဂ်ဉာဏ်အမြင်နှင့် မပြည့်စုံသေးရင် အနိစ္စ၊

http://www.dhammadownload.com



ဒုက္ခ၊ အနတ္တ အသိအမြင်တွေဟာ ဘယ်လိုပဲကောင်းနေတယ်ဆိုပေမယ့် လို့ စိတ်မချရသေးဘူး။ ယခုဘဝမှာ မပျက်တောင် နောက်ဘဝတွေကျ တော့ ပျက်သွားနိုင်တယ်။ ယခုနေအခါမှာ မြန်မာပြည်က ကုသိုလ် ကောင်းမှုနှင့် ပြည့်စုံတဲ့သူတွေဟာ တိုးတက်နေတဲ့ အခြားနိုင်ငံတွေမှာ သွားဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်ရင် အဲဒီဖြစ်ရာဘဝက မိဘဆွေမျိုးတွေ၏ အယူအဆအတိုင်း ဖြစ်သွားဖို့ သေချာပါတယ်။ အဲဒါဟာ အရိယာ ဉာဏ်ဖြင့် မတူတဲ့အတွက် စိတ်မချရတာ မခိုင်မြဲတာပါပဲ။

ဒါကြောင့် အရိယာနှင့် ဉာဏ်ဖြင့် တူအောင်လို့ အရိယမဂ် ဉာဏ် အမြင်ကို ရအောင်ကျင့်သုံးအားထုတ်ဖို့ဟာ အလွန်ပင် အရေး တကြီး လိုပါတယ်။ ခုတွင်က ပြောခဲ့တဲ့အတိုင်း ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်လို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိပြီး အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားရင်တော့ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တအသိဟာ တစ်ခါတည်း ခိုင်မြဲသွားတယ်။ မရှုမှတ်ဘဲ မဆင်ခြင်ဘဲ နေတဲ့အခါ သူများလိုပင် မထူးခြားဘူးထင်ရသော်လည်း ရှုမှတ်လိုက် ဆင်ခြင်လိုက်ရင် ခဏမစဲ ဖြစ်ပျက်နေတဲ့ရုပ်နာမ်သဘော မျှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲဆိုတာ ဉာဏ်ထဲရှင်းနေတယ်။ အဲဒါဟာ မျက်မှောက်မှာရော မျက်ကွယ်မှာရော အရိယာနှင့် အသိ အမြင် ဉာဏ်ပညာချင်း တူနေပုံပါပဲ။ ဒီအရိယာပညာနှင့် ပြည့်စုံရင် ရှေ့နားကပြောခဲ့တဲ့ အရိယာသီလနှင့်လည်း ပြည့်စုံတယ်။ မေတ္တာ ကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံများနှင့်လည်း ပြည့်စုံတယ်။ သီလဝန္တပုဂ္ဂိုလ်များနှင့် မိမိပစ္စည်းကို ဝေငှသုံးဆောင်တယ်ဆိုတဲ့ ဂုဏ် နှင့်လည်း ပြည့်စုံတယ်။

http://www.dhammadownload.com

# ဆိတ်ကွယ်ရာ မရှိ

အရိယာ မဖြစ်သေးပေမယ့် အရိယကန္တခေါ်တဲ့ ငါးပါးသီလကို ရိုရိုသေသေ စင်စင်ကြယ်ကြယ် စောင့်ရှောက်နေရင်လည်း အဲဒီလိုပုဂ္ဂိုလ်ကို သိတင်းသုံးဖော်တွေ၊ အတူနေဖူးတဲ့သူတွေက မမေ့နိုင်ဘဲ အမှတ်တရ ဖြစ်နေတတ်ကြပါတယ်။ ချစ်ခင်ကြည်ညိုတတ်ကြပါတယ်။ ရိုသေလေးစားတတ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်နှင့် ငြင်းခုံရခြင်း ကွဲပြားခြင်း မရှိဘဲ ညီညွတ်နေတတ်ကြပါတယ်။ ဒါကြောင့် အရိယာ မဖြစ်သေးပေမယ့် အရိယာတို့ မြတ်နိုးအပ်တဲ့ အရိယကန္တသီလကို မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်နေအောင် စောင့်ရှောက်သင့်ပါတယ်။ အဲဒီစကားထဲမှာ မျက်ကွယ်ဆိုတာကလည်း တကယ်စင်စစ်တော့ မရှိပါဘူး။ လူတွေက မမြင်နိုင်ပေမယ့် နတ်တွေကတော့ မြင်နေမှာပဲ။ ဘယ်သူကမှ မမြင်ဘူးဆိုတောင်မှ မိမိကိုယ်တိုင်ကတော့ ထင်ရှားမြင်တွေ့နေတာပါပဲ။ ဒါကြောင့် ဘယ်သူကမှ မသိပေမယ့် မိမိကိုယ်တိုင်ပြုထားတဲ့ မကောင်းမှုဟာ သေခါနီးကာလမှာ ထင်ရှား ပေါ်လာတတ်ပါတယ်။ အဲဒီလိုမျက်ကွယ်မရှိပုံကို သီလဝီမံသနဇာတ်ဖြင့် ထင်ရှားသိနိုင်ပါတယ်။

## သီလဝီမံသန ဇာတ်ဝတ္ထု

တစ်ခုသောဘဝတုန်းက အရှင်သာရိပုတ္တရာ၏အလောင်းဟာ ဒိသာပါမောက္ခဆရာကြီး ဖြစ်ခဲ့တယ်။ တပည့် ၅၀၀ ကို ပညာသင်ပေးနေတယ်။ အဲဒီဆရာကြီးမှာ အချိန်အရွယ်ရောက်နေတဲ့ သမီးတစ်ယောက်

http://www.dhammadownload.com



ရှိတယ်။ ရုပ်ရည်ကလည်း အလွန်လှပတင့်တယ်တယ်။ အသိအလိမ္မာ အတတ်ပညာနှင့်လည်း ပြည့်စုံတယ်။ အဲဒီသမီးကို သီလနှင့်ပြည့်စုံတဲ့ လူတော်လူကောင်းနဲ့ ထိမ်းမြားပေးရန် ရည်ရွယ်ပြီး သူ့တပည့် ၅၀၀ ထဲက အသင့်တော်ဆုံးလူကို ရွေးချယ်ရန် စုံစမ်းရေးလုပ်တယ်၊ သူ လုပ်ပုံက ဒီလိုတဲ့။

သူ့တပည့်တွေကို ခေါ်ပြီးတော့ 'တပည့်တို့၊ ငါ့မှာ အချိန်အရွယ် ရောက်နေတဲ့ သမီးတစ်ယောက်ရှိတယ်။ သင်တို့သိတဲ့အတိုင်းပဲ ရုပ်ရည်လည်း လှပတယ်၊ လိမ္မာတယ်၊ ပညာလည်း တတ်တယ်။ အဲဒီ သမီးကို တပည့်တို့ထဲက သင့်တော်တဲ့လူတစ်ယောက်နဲ့ ထိမ်းမြားပေး ချင်တယ်။ ဒါပေမဲ့ ငါ့သမီးမှာ ဝတ်ဆင်ဖို့ သုံးစွဲဖို့ပစ္စည်းက လိုနေ တယ်။ ဒါကြောင့် ငါ့သမီးကို အလိုရှိကြရင် မောင်တို့အိမ်က လက်ဝတ် လက်စား အဆင်တန်ဆာပစ္စည်းများကို ဘယ်သူမှ မသိစေဘဲ တိတ် တဆိတ် ခိုးယူလာခဲ့ကြရမယ်' လို့ ပြောကြားလိုက်ပါသတဲ့။

အဲဒီတော့ အများစုကျောင်းသားတွေက သူတို့အိမ်က ပစ္စည်း ဥစ္စာတွေကို သူတစ်ပါးထက်သာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိတ် တဆိတ် ခိုးယူခဲ့ပြီး ဆရာကြီးထံ ပေးကြတယ်။ ဘုရားအလောင်းတော် ဖြစ်တဲ့ ကျောင်းသားကတော့ ဘာတစ်ခုမှ ခိုးယူမလာခဲ့ဘူးတဲ့။ အဲဒီ တော့ ဆရာကြီးက အဲဒီကျောင်းသားကို 'ဘာကြောင့် ခိုးမယူလာခဲ့ သလဲ' လို့ မေးတယ်။ ဘုရားအလောင်း ကျောင်းသားက ဒီလိုဖြေပါ တယ်။ 'ဆရာကြီးက ဘယ်သူမှ မသိ မမြင်အောင် တိတ်တိတ်ခိုးယူလာ ခဲ့ရမယ်လို့ ဆိုတဲ့အတိုင်း ဘယ်သူမှ မသိ မမြင်အောင် ခိုးဖို့ရာ ကျွန်တော် စဉ်းစားကြည့်ပါတယ်။ အဲဒီလို စဉ်းစားကြည့်တဲ့အခါ ဘယ်သူမှ မသိ မမြင်နိုင်ဘူးဆိုပေမယ့် ကျွန်တော်ကခိုးရင် ကျွန်တော်ကိုယ်တိုင်ကတော့ သိမြင်နေမှာပဲ။ ဒါကြောင့် ဘယ်သူမှ မသိ မမြင်အောင်ခိုးဖို့ ဆိတ် ကွယ်ရာအရပ်ကို ရှာမတွေ့ရတဲ့အတွက် ကျွန်တော် မခိုးခဲ့ခြင်းဖြစ်ပါ

http://www.dhammadownload.com



တယ်' လို့ ဖြေကြားလိုက်ပါတယ်။ အဲဒီတော့ ဆရာကြီးက ဘုရားအလောင်းတော်ကျောင်းသားကို သီလနှင့်ပြည့်စုံတဲ့ လူတော်လူကောင်းအစစ်ပဲလို့ သိပြီးတော့ သူ့သမီးကို အဲဒီဘုရားအလောင်းတော် ကျောင်းသားနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ပါတယ်။ အခြားကျောင်းသားများခိုးလာတဲ့ပစ္စည်းတွေကိုလည်း အသီးသီး ပြန်ပေးလိုက်ပါသတဲ့။

## မကောင်းမှုပြုဖို့ ဆိတ်ကွယ်ရာမရှိ

အဲဒီဇာတ်ဝတ္ထုထဲမှာ ပြထားတဲ့အတိုင်း ဘယ်သူမှ မသိမမြင်ဘူးလို့ ထင်ပြီး ပြုတဲ့သူမှာလည်း ပြုတဲ့သူကိုယ်တိုင်ကတော့ သိနေတာပဲ။ ငါပြုတယ်၊ ငါပြုတယ်လို့ မဆိုသော်လည်း ဆိုသကဲ့သို့ စိတ်ထဲက သက်သေခံနေတာပဲ။ ဒါကြောင့် သေခါနီးကာလမှာ အဲဒီမကောင်းမှုကံက ထင်ရှားပေါ်လာတတ်ပါတယ်။ အဲဒီမကောင်းမှုကို စွဲလမ်းပြီး သေသွားရင် အပါယ်လေးပါးကို ကျရောက်သွားနိုင်တယ်။ ဒါကြောင့် ကံနှင့် ကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါတရားနှင့် ပြည့်စုံတဲ့သူဆိုရင် ကာယကံ၊ ဝစီကံ ဒုစရိုက်မကောင်းမှုဟူသမျှကို ကြဉ်ရှောင်ပြီး သီလစင်ကြယ်အောင် အပြစ်ကင်းအောင် ထိန်းသိမ်းစောင့်ရှောက်နေသင့်ပါတယ်။ အဲဒီလို ရိုရိုသေသေနဲ့ သီလကို စောင့်ရှောက်နေရင် အဲဒီလိုပုဂ္ဂိုလ်ကိုလည်း အတူနေပုဂ္ဂိုလ်တွေက ယုံကြည်အားကိုးကြတယ်။ သူ့ဂုဏ်ကို မမေ့နိုင်ဘဲ အမှတ်ရနေကြတယ်၊ ချစ်ခင်ကြည်ညိုကြတယ်၊ ရိုသေလေးစားကြတယ်။ အဲဒီပုဂ္ဂိုလ်နှင့် အငြင်းအခုံ အကွဲအပြားမရှိဘဲ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်နေတယ်။

http://www.dhammadownload.com

# လှူချင်သလောက် လှူပေမယ့် ဆွမ်းမကုန်တဲ့သူ့သပိတ်

ဝေဖန်ပေးကမ်းမှုဆိုတဲ့ ဒီသာရဏီယကျင့်ဝတ်ကို ကျင့်တဲ့ရဟန်းဟာ ဆွမ်းခံခြင်း၊ စေတနာရိုးဖြင့် တရားဟောခြင်း၊ ဓုတင်ကျင့်ခြင်းစသော ကျင့်ဝတ်ဖြင့် ရလာတဲ့ဆွမ်းအစရှိသော ပစ္စည်းများကို သီလဝန္တ သံဃာတော်အရှင်မြတ်တို့အား လှူပြီးမှ ကျန်တဲ့ပစ္စည်းကို သုံးဆောင်ရတယ်။ အဲဒီလို ကျင့်ပုံကို အဋ္ဌကထာမှာ ပြထားတာကတော့ ဆွမ်းခံလို့ ရလာတဲ့ဆွမ်းကို ဂိလာနရဟန်း၊ ဂိလာနပြုစုတဲ့ရဟန်း၊ အာဂန္တုရဟန်း၊ ခရီးသွားဆဲရဟန်းများအား ပေးလှူရတယ်။ သင်္ကန်းသပိတ်ကိုင်မှု၊ ရုံမှု၌ မကျွမ်းကျင်သေးတဲ့ ရဟန်းသစ်များအားလည်း ပေးလှူရတယ်။ အဲဒီလို ပေးလှူပြီး ကျန်သေးလို့ရှိရင် မထေရ်ကြီးမှစပြီး အစဉ်အတိုင်း အလိုရှိသလောက် ယူရန် ပေးလှူရတယ်။ ကုန်သွားရင် တစ်ဖန် ဆွမ်းခံသွားပြီးတော့ ရလာတဲ့ဆွမ်းအကောင်းအမြတ်တွေကို မထေရ်ကြီးမှစပြီး နည်းတူပင် အစဉ်အတိုင်း လှူရတယ်။ အဲဒီလိုလှူပြီးတော့ ကျန်တဲ့ဆွမ်းကိုမှ မိမိ စားသုံးရတယ်။ ပါဠိတော်မှာ သီလဝန္တေဟိလို့ ဆိုတဲ့အတွက် သီလမရှိတဲ့ ရဟန်းကိုတော့ မပေးလှူဘဲ ထားနိုင်ပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ရလာသမျှကို မထေရ်ကြီးမှစပြီး အစဉ်အတိုင်း ပေးလှူပြီးတော့ အကြွင်းကျန်ကိုသာ စားရမယ်ဆိုတော့ အလိုက်မသိတတ်တဲ့ ရဟန်းများရှိရာနေရာမှာ ကျင့်ဖို့ အလွန်ခက်ပါလိမ့်မယ်။ ဒါကြောင့် အဋ္ဌကထာမှာ 'အယံ ပန သာရဏီယဓမ္မော၊ ရဟန်းသံဃာအား ပေးလှူပြီးမှ အကျန်ကိုသာ သုံးဆောင်ရသော ဤသာရဏီယအကျင့်သည်၊ သုသိက္ခိတာယ ပရိသာယ၊ ကောင်းစွာသင်ကြားထားပြီး၍

http://www.dhammadownload.com



အလိုက်သိတတ်သော ရဟန်းပရိသတ်၌။ သုပ္ပူရော ဟောတိ၊ ပြည့်စေရန် လွယ်ကူပေ၏။ အသိက္ခိတာယ ပရိယာသ၊ သင်ကြားမှုမရှိ၍ အလိုက်မသိတတ်သောရဟန်းပရိသတ်၌။ န သုပ္ပူရော၊ ပြည့်စုံရန်မလွယ်ပေဘူး' လို့ ပြဆိုထားပါတယ်။ အဲဒီအကျင့်က ဘယ်လောက်ကြာမှ ပြည့်စုံသလဲဆိုတော့ ၁၂ နှစ်ကြာမှ ပြည့်စုံပါသတဲ့။ ၁၂ နှစ်ပြည့်မည့် နောက်ဆုံးရက်မှာတောင် သံဃာမထေရ်က သူ့ဆွမ်းယူပြီး ဘုဥ်းပေးလို့ ကုန်သွားတဲ့အတွက် စိတ်နှလုံးမသာဖြစ်ရင် အဲဒီသာရဏီယကျင့်ဝတ် ပျက်သွားပါသတဲ့။ တစ်ဖန် ကျင့်ချင်ရင် နောက်ထပ်လည်း ၁၂ နှစ် ကြာအောင် ကျင့်ရမယ်တဲ့။ အလွန်ခဲယဉ်းတဲ့ကျင့်ဝတ်ပါပဲ။

၁၂နှစ်ပတ်လုံး တစ်ရက်မျှ နှလုံးမသာမဖြစ်ဘဲ ပြီးစီးအောင်မြင်သွားရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ အကောင်းအမြတ်ဆုံး ပစ္စည်းတွေကို ရတတ်တယ်။ အငတ်ဘေးသင့်နေတဲ့အရပ်ပေမယ့် ဆွမ်းခံသွားရင် နတ်များက ဆွမ်းလောင်းပါသတဲ့။ တောထဲမှာလည်း နတ်များက ဆွမ်းလောင်းပါသတဲ့။ သူ့သပိတ်ထဲက ဆွမ်းကိုရာထောင် သိန်းသန်း များစွာတို့အား ပေးလှူသော်လည်း ကုန်သွားတယ်လို့ မရှိဘူးတဲ့။

http://www.dhammadownload.com

# ရှားတဲ့သူ

လောကမှာ ရှားတာနဲ့ ပေါတာ ၂ မျိုး ရှိတယ်။ ပေါတာက အဖိုးမတန်ဘူး။ မြေမှုန့်တွေ၊ ကျောက်ခဲတွေ၊ သဲတွေ၊ မြက်ပင်၊ အမှိုက်ပင်တွေ ဒီလိုဟာတွေက ပေါတယ်။ ဘယ်မှာမဆို ရနိုင်တယ်။ အဲဒီ အပေါစားတွေက အဖိုးမတန်ဘူး။ ရွှေ၊ ငွေ၊ ကျောက်၊ ပတ္တမြားတွေ၊ စားသောက်ဖွယ် အသီးအနှံပင်တွေ ဒီလိုဟာတွေက ရှားတယ်။ ရှားတဲ့အတွက် ရခဲတယ်။ ရခဲရင် အဖိုးတန်တယ်။ ရခဲလေလေ အဖိုးတန်လေလေပဲ။ စိန်တို့ ကျောက်ပတ္တမြားတို့ဆိုတာတွေဟာ အလွန်ရှားလို့ ရခဲတဲ့အတွက် သောင်းနဲ့သိန်းနဲ့ချီပြီး အဖိုးတန်နေတာပဲ။ အဲဒါလိုပဲ သူ့ကျေးဇူး သိတတ်တဲ့ လူကလည်းရှားတယ်။ ရခဲတယ်ဆိုတာ အဲဒီလိုလူက မြင့်မြတ်တာ၊ အဖိုးတန်တာပဲ။ သူ့ကျေးဇူးမသိတဲ့သူ၊ ကျေးဇူးကန်းတဲ့သူတွေကတော့ အပေါစားတွေ ဖြစ်နေတဲ့အတွက် အဖိုးမတန်ဘူးပေါ့။ အဲဒီတော့ မိမိတို့ကိုယ်ကို အဖိုးမတန်တဲ့ အပေါစားမျိုး မဖြစ်ရအောင်၊ အဖိုးတန်တဲ့ အမြင့်အမြတ်စားမျိုး ဖြစ်ရအောင် သတိပြုကြရမယ်။ ဘယ်လိုလဲဆိုရင် ခုတွင်က ပြောခဲ့တဲ့အတိုင်း သူ့ကျေးဇူးကို စိတ်ဖြင့်သိတတ်တဲ့ ကတညုပုဂ္ဂိုလ်မျိုးဖြစ်အောင် ကိုယ်နှုတ်တို့ဖြင့် သူ့ကျေးဇူးကို ထင်ရှားပေါ်စေလျက် ကျေးဇူးတုံ့ပြန်ဆပ်နိုင်တဲ့ ကတဝေဒီပုဂ္ဂိုလ်မျိုးဖြစ်အောင် သတိပြုသွားဖို့ပါပဲ။

## အရှင်သာရိပုတ္တရာ သူ့ကျေးဇူးသိပုံ

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ရာဓဆိုတဲ့ ပုဏ္ဏားအိုကြီးဟာ သူ့သားသမီးတွေက ပြုစုစောင့်ရှောက်ခြင်း မရှိတဲ့အတွက်

http://www.dhammadownload.com



ခိုကိုးရာမဲ့ဖြစ်ပြီး ကျောင်းမှာ သံဃာ့ဝေယျာဝစ္စကို ဆောင်ရွက်နေတယ်။ ရဟန်းတော်များကလည်း သူ့ကိုချီးမြှောက်ကြပါတယ်။ ဒါပေမဲ့ သူက အလွန်ကြီးအိုမင်းနေတဲ့အတွက် ဥပဇ္ဈာယ်ဆရာအဖြစ်နဲ့ တာဝန်ယူပြီး ရဟန်းပြုပေးဖို့ကျတော့ အလိုမရှိကြဘူး။ သူကလည်း ရဟန်းပြုခွင့် မရတဲ့အတွက် စိတ်ပင်ပန်းပြီး ပိန်ချုံးနေရှာသတဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက ရာဓပုဏ္ဏားရဲ့ ရဟန္တာဖြစ်နိုင်မည့်အကြောင်းကို မြင်တော်မူတဲ့အတွက် သံဃာကိုစည်းဝေးစေပြီးတော့ 'ရာဓပုဏ္ဏား၏ကျေးဇူးကို သိတဲ့သူ တစ်စုံတစ်ယောက် ရှိပါသလား' လို့ မေးတော်မူပါတယ်။ အရှင်သာရိပုတ္တရာက သူသိတဲ့အကြောင်း လျှောက်တယ်။ သူသိပုံက တော့ တစ်ချိန်က ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွနေစဉ်မှာ ရာဓပုဏ္ဏားက ဆွမ်းတစ်ဇွန်း လောင်းလှူဖူးတဲ့ကျေးဇူးကို သိတာပါပဲတဲ့။ အဲဒီတော့ မြတ်စွာဘုရားက 'သာရိပုတ္တရာ ဒီလိုကျေးဇူးပြုဖူးတဲ့သူကို ဆင်းရဲမှ လွတ်မြောက်အောင် ချီးမြှောက်ရန် မသင့်ပေဘူးလား' လို့ မိန့်တော်မူ တယ်။ အရှင်သာရိပုတ္တရာက 'ကောင်းပါပြီဘုရား၊ ရာဓကို ရှင်ရဟန်း ပြုပေးပါမည်' လို့ ဝန်ခံပြီး ရာဓပုဏ္ဏားကြီးကို ရှင်ရဟန်းပြုပေးပါတယ်။ အရှင်ရာဓလည်း အရှင်သာရိပုတ္တရာ၏အဆုံးအမကို ရိုသေစွာ လိုက်နာ ပြီး ကျင့်ကြံအားထုတ်တဲ့အတွက် ရက်အနည်းငယ်အတွင်းမှာပဲ ရဟန္တာ ဖြစ်တော်မူပါတယ်။ နောက်တစ်ချိန်မှာ 'ရာဓရဟန်းတော်ကြီး ဆိုဆုံးမ လွယ်ရဲ့လား' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။ 'ဒီလိုဆုံးမလွယ် တဲ့တပည့်ကို ရလျှင် ဘယ်နှယောက် လက်ခံနိုင်မလဲ' လို့ မေးတော်မူ တယ်။ များစွာကို လက်ခံနိုင်ကြောင်း အရှင်သာရိပုတ္တရာက လျှောက်ပါ သတဲ့။

အဲဒီအကြောင်းအရာထဲမှာ ဆွမ်းတစ်ဇွန်းမျှ လှူဖူးတဲ့ကျေးဇူးကို သိတော်မူတဲ့ အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးသိတတ်ပုံကို အတုယူ စရာ ကောင်းတယ်။ နောက်ပြီးတော့ ရာဓရဟန်းကြီး၏ ဆိုဆုံးမလွယ် တဲ့ဂုဏ်ကိုလည်း အတုယူစရာကောင်းတယ်။

http://www.dhammadownload.com

# စံတင်လောက်သော ဦးနှောက်ဖြောများ

သူတစ်ပါးအား ပေးကမ်းဖို့ မဆိုထားနဲ့၊ သူတစ်ပါးမြင်မှာ သိမှာတောင် အလိုမရှိဘဲ လျှို့ဝှက်ထားလိုတဲ့ သဘောဟာ မစ္ဆရိယ ဝန်တိုခြင်းပဲလို့ ဆိုပါတယ်။ ဒါကြောင့် မစ္ဆရိယအားကြီးတဲ့သူက သူ့မှာရှိတဲ့ပစ္စည်းကို သူများမြင်သွားမှာကိုတောင် အလိုမရှိဘူး။ ဘုရားလက်ထက်တော်က မဋ္ဌကုဏ္ဍလီ၏ဖခင်သူဌေးကြီးဟာ မဋ္ဌကုဏ္ဍလီ အသည်းအသန် မမာနေတဲ့အခါ သူ့အိမ်ထဲကို လူမမာမေးလာတဲ့ ဆွေမျိုးမိတ်ဆွေတွေက သူ့အိမ်တွင်း ပစ္စည်းတွေကို မြင်သွားမှာစိုးလို့ မဋ္ဌကုဏ္ဍလီကို အိမ်အပြင်ဘက် ထုတ်ထားသတဲ့။ အဲဒါဟာ ဝန်တိုနှမြောအားကြီးလွန်းလို့ သူ့ပစ္စည်းတွေကို လျှို့ဝှက်တဲ့သဘောပါပဲ။ ဒါပေမဲ့ အဲဒီလို အိမ်အပြင်ထုတ်ထားတဲ့အတွက် သေခါနီးဆဲဆဲကာလမှာ မြတ်စွာဘုရားက အဲဒီအိမ်ရှေ့ကြွလာတဲ့အခါ မဋ္ဌကုဏ္ဍလီက မြတ်စွာဘုရားကို ဖူးမြင်ပြီး ကုသိုလ်ဖြစ်ပွားစေခွင့် ရသွားတယ်။ အဲဒီကုသိုလ်ကြောင့် မဋ္ဌကုဏ္ဍလီဟာ သေဆုံးတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်ရတယ်။ အဲဒီကနောက် မဋ္ဌကုဏ္ဍလီ၏ဖခင် သူဌေးကြီးဟာ မဋ္ဌကုဏ္ဍလီ၏သင်္ချိုင်းကို သွားပြီး ငိုနေရာမှာ မဋ္ဌကုဏ္ဍလီနတ်သားက လာရောက်ပြီး သတိပေး ပြောကြားတဲ့အတွက် မြတ်စွာဘုရားထံ ဆည်းကပ်ပြီး ပြဿနာမေးတယ်။ မြတ်စွာဘုရားက ပြဿနာဖြေကြားပြီး တရားဟောတယ်။ အဲဒီတရားကို နာပြီး သူဌေးကြီးရော၊ မဋ္ဌကုဏ္ဍလီနတ်သားရော သောတာပတ္တိဖိုလ် ရောက်သွားတယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ ပြဆိုထားပါတယ်။

http://www.dhammadownload.com



## မစ္ဆရိယ ကောသိယဝတ္ထု

နောက်ပြီးတော့ ဝန်တိုပုံမှာ စံတင်လောက်တဲ့ ဝတ္ထုတစ်ခုကတော့ ကောသိယသူဌေးရဲ့ဝတ္ထုပါပဲ။ ကပ်စေးနဲ ဝန်တိုလွန်းအားကြီးတဲ့အတွက် သူ့ကို မစ္ဆရိယကောသိယလို့ ခေါ်ကြတယ်။ ရာဇဂြိုဟ်မြို့နှင့် မဝေးလှတဲ့ သက္ခရဆိုတဲ့နိဂုံးရွာကြီးမှာ နေတယ်။ ပစ္စည်းကတော့ ကုဋေပေါင်း လေးဆယ် ကြွယ်ဝတယ်။ ဒါပေမဲ့ နှမြောလွန်းလို့ ဆီတစ်စက်မျှတောင် မပေးလှူဖူးဘူးတဲ့။ ကိုယ်တိုင်လည်း မသုံးစွဲရက်ဘူးတဲ့။ တစ်နေ့သော အခါ ရာဇဂြိုဟ်မြို့ဘုရင်ထံ ခစားပြီး ပြန်လာတဲ့အခါ ဆာလောင်နေတဲ့ လူတစ်ယောက် အိုးကင်းကြော်မုန့်ကို မြိန်မြိန်ရှက်ရှက်စားနေတာကို မြင်ရတဲ့အတွက် သူလည်းစားချင်စိတ် ဖြစ်လာတယ်။ ဒါပေမဲ့ သူက 'အဲဒီလိုမုန့်ကို စားချင်တယ်လို့ ပြောလိုက်ရင် သူ့အိမ်က လူများအတွက် ရော လုပ်ရလိမ့်မယ်။ အဲဒီလိုလုပ်ရင် နှမ်း၊ ဆန်၊ ထောပတ်၊ တင်လဲ စသည်တွေ များစွာကုန်သွားလိမ့်မယ်'လို့ ဆင်ခြင်ပြီး နှမြောတဲ့အတွက် ဘယ်သူ့ကိုမှ မပြောဘဲ ကျိတ်ပြီးအောင့်နေသတဲ့။ ကြာလေလေ စားချင်လေလေ ဖြစ်ပြီး တဖြည်းဖြည်းနဲ့ ပိန်ချုံးကျသွားသတဲ့။ နောက်ဆုံးမှာ အိပ်ရာထဲ အိပ်နေရသတဲ့။

အဲဒီအခါ သူဌေးကတော်ကြီးက အနားကပ်ပြီး မေးတယ်။ 'ဘာကြောင့်လဲ၊ ဘာအလိုရှိလို့လဲ၊ အငယ်အနှောင်းများ အလိုရှိလို့လား' စသည်ဖြင့် အတင်းအကျပ် မေးတဲ့အခါကျမှ အိုးကင်းကြော်မုန့် စားချင်တဲ့အကြောင်းကို ပြောတယ်။ ဒီတော့ သူဌေးကတော်ကြီးက 'အမယ်လေးတော် ဒီအိုးကင်းကြော်မုန့် စားချင်တာများ ဒီလောက်အောင့်ထားရ သလား၊ ရှင်က သူဆင်းရဲမှတ်နေသလား၊ တစ်ရွာလုံး စားလောက် အောင် မုန့်ကြော်မယ်' လို့ လွှတ်ခနဲပြောလိုက်တော့ သူဌေးကြီးက 'တခြားလူတွေအတွက် မလိုဘူး' လို့ ပြောတယ်။ ဒီတော့ သူဌေး

http://www.dhammadownload.com



ကတော်ကြီးက 'တစ်လမ်းလုံး တစ်ရပ်ကွက်လုံးအတွက် ကြော်မယ်၊ အိမ်နီးနားချင်းတွေအတွက်ရော ကြော်မယ်၊ သားသမီးတွေအတွက်ပါ ကြော်မယ်'လို့ လျှော့လျှော့ပြီး ပြောရတယ်။ အဲဒါတွေကိုလည်း အကုန်ငြင်းပယ်လိုက်တာနဲ့ 'ကိုင်း ဒါဖြင့် ရှင်နဲ့ကျွန်မ နှစ်ယောက်အတွက်ပဲ ကြော်မယ်' လို့ ပြောပြန်တော့လည်း 'သင့်အတွက် မလိုပါဘူး' လို့ ပြောပြန်သတဲ့။ နှမြောလိုက်ပုံကတော့ သူ့ဇနီးတောင် မကျွေးချင်ဘူး၊ နယ်ပယ်ကုန်ရောပါပဲ။

ဒါကြောင့် သူဌေးကတော်ကြီးက သူဌေးကြီးတစ်ယောက်စာပဲ ကြော်ဖို့ ပြုပြင်ရတယ်။ ကြော်တဲ့အခါလည်း သူများမြင်ရင် တောင်းရမ်းမှာ ပေးရမှာ စိုးရိမ်လို့ ခုနစ်ထပ်ရှိတဲ့တိုက်၏ အထက်ဆုံးအထပ်မှာ သူတို့သမီး ခင်ပွန်း နှစ်ယောက်တည်း တက်ပြီးကြော်နေကြတယ်။ တံခါးအဆင့်ဆင့်တွေလည်း ပိတ်ပြီး ကလန့်ထိုးတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက မိစ္ဆရိယ ကောသိယသူဌေးနှင့် သူဌေးကတော်တို့၏ သောတာပန်ဖြစ်နိုင်မည့်အကြောင်းကို မြင်တော်မူတဲ့အတွက် အရှင်မဟာမောဂ္ဂလာန်ကို မုန့်အလှူခံစေလွှတ်တော်မူလိုက်တယ်။ အရှင်မဟာမောဂ္ဂလာန်ကလည်း မြတ်စွာဘုရား၏ အမိန့်တော်ကို နာခံပြီး တန်ခိုးဖြင့် အဲဒီသူဌေးအိမ်ကို ကြွသွားတယ်။ သူတို့ မုန့်ကြော်နေတဲ့ပြတင်းပေါက်အနီး ကောင်းကင်မှာ ရပ်တော်မူနေတယ်။ သူဌေးကြီးက အရှင်မောဂ္ဂလာန်ကို မြင်လိုက်တာနဲ့ စိတ်ထဲမှာ အများကြီး ထိခိုက်တုန်လှုပ်သွားတယ်။ ဒီလိုအ လှူခံတွေ မမြင်ရအောင်လို့ ဘုံခုနစ်ဆင့်မှာ တက်ပြီးမုန့်ကြော်နေရာ ဒီကိုယ်တော်ဟာ ဘယ်ဏ္ဍများ ရောက်လာပါလိမ့်မတုံးလို့စဉ်းစားပြီးတော့ 'အရှင်ဘုရားဟာ ကောင်းကင်မှာရပ်နေရုံနဲ့ မုန့်ကိုရမှာမဟုတ်ဘူး၊ စင်္ကြံသွားပြတောင် ရမှာမဟုတ်ဘူး' လို့ ပြောလိုက်တယ်။ အရှင်မောဂ္ဂလာန်က ကောင်းကင်မှာ စင်္ကြံကြွ

http://www.dhammadownload.com



နေတယ်။ 'ကောင်းကင်မှာ တင်ပျဉ်ခွေထိုင်နေတောင် ရမှာမဟုတ်ဘူး' လို့ ပြောပြန်တယ်။ အရှင်မဟာမောဂ္ဂလာန်က ကောင်းကင်မှာ တင်ပျဉ်ခွေ ထိုင်နေတယ်။ 'ပြတင်းပေါက်တံခါးခုံပေါ်မှာ တည်နေတောင် ရမှာမဟုတ်ဘူး'လို့ ပြန်ပြောတယ်။ အရှင်မောဂ္ဂလာန်က တံခါးခုံပေါ်မှာ တည်နေတယ်။ 'အခိုးလွှတ်ပြတောင် ရမှာမဟုတ်ဘူး' လို့ ပြောပြန်တယ်။ အရှင်မဟာမောဂ္ဂလာန်က တန်ခိုးဖြင့် အခိုးတွေလွှတ်လိုက်တယ်။ တိုက်ပြာသာဒ်ကြီးတစ်ခုလုံး အခိုးတွေ ပြည့်သွားတယ်။ ဒါပေမဲ့ 'မီးလျှံလွှတ်ပြတောင် ရမှာမဟုတ်ဘူး'လို့တော့ မဆိုဝံ့ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုဆိုလိုက်လို့ အရှင်မောဂ္ဂလာန်က မီးလျှံတွေလွှတ်လိုက်ရင် သူ့ပြာသာဒ်ကြီး မီးလောင်သွားမှာစိုးလို့ပါပဲ တဲ့။

အဲဒီအခါ 'ဒီရဟန်းဟာ အလွန်တွယ်ကပ်နေတာပဲ၊ မရရင် သွားမှာမဟုတ်ဘူး၊ မုန့်တစ်ခုတော့ လှူမှပဲ' လို့ စဉ်းစားပြီး မုန့်ငယ်ငယ်ကလေးတစ်ခုကို အကြော်ခိုင်းတယ်။ သူဌေးကတော်လည်း မုန့်မှုန့်နည်းနည်းကလေးထည့်ပြီး ကြော်တယ်၊ မုန့်က အိုးကင်းပြည့်နေအောင် အကြီးကြီး ဖြစ်လာတယ်။ အဲဒါကိုမြင်ရတော့ မုန့်မှုန့်အထည့်များလို့ မုန့်ကြီးသွားတယ် ထင်ပြီးတော့ သူဌေးကြီးက သူ့ကိုယ်တိုင် ယောက်မအဖျားနဲ့ နည်းနည်းကလေးကော်ပြီး ထည့်လိုက်တယ်။ အဲဒါက သာပြီး ကြီးနေပြန်တယ်။ အဲဒီလိုပဲ ထည့်တိုင်းထည့်တိုင်း မုန့်က သာသာပြီး ကြီးနေတော့ စိတ်ကုန်သွားတယ်။ ဒါကြောင့် 'မုန့်တစ်ခု လှူလိုက်ပါတော့ကွယ်' လို့ သူဌေးကြီးက ပြောတယ်။ သူဌေးကတော်က မုန့်တောင်းထဲက မုန့်တစ်ခုကို ယူလိုက်တဲ့အခါ မုန့်တွေက အကုန်လုံး တွယ်ကပ်နေကြတယ်။ ခွာလို့ ခွဲလို့မရနိုင်ဘဲ ရှိနေတယ်။ ဒီတော့ သူဌေးကြီးက သူကိုယ်တိုင်ဆွဲခွာတယ်။ သူလည်း မခွာနိုင်ဘူး။ ဒါနဲ့ သူတို့နှစ်ယောက် တစ်ယောက်တစ်ဖက်စီ ကိုင်ပြီး ဆွဲခွာကြတယ်၊ လွန်ဆွဲသလို အကြိတ်အနယ် ဆွဲခွာကြပေမယ့် မုန့်တွေက မကွဲဘဲ

http://www.dhammadownload.com



တွဲလျက်ပဲ ရှိနေတယ်။ ကြာတော့ ကိုယ်က ပင်ပန်းပြီး ချွေးတွေတောင် ထွက်ကုန်တယ်လို့ ဆိုပါတယ်။ အဲဒီအခါ စားချင်စိတ်လည်း ကုန်သွားတာနဲ့ မုန့်တွေကို အကုန်လုံး အလှူခိုင်းတယ်၊ သူဌေးကတော်က အရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်ပြီး မုန့်တွေကိုလှူလိုက်တယ်။

အဲဒီအခါ အရှင်မဟာမောဂ္ဂလာန်က ဒါနစသော ကုသိုလ်အကျိုးကို ဖော်ပြပြီး တရားဟောတော့ သူဌေးကြီးက သဒ္ဓါတရားဖြစ်ပြီး သူ့အိမ်မှာပဲ ဘုဉ်းပေးဖို့ လျှောက်တယ်။ မြတ်စွာဘုရားသခင်ဟာ ရဟန်း ၅၀၀ နှင့်တကွ ဒီမုန့်ကို ဘုဉ်းပေးဖို့စောင့်နေတယ်။ သဘောတူလို့ရှိရင် သင်တို့ကိုလည်း ငါဆောင်သွားမယ်လို့ ပြောပြီး ၄၅ ယူဇနာဝေးကွာသော သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ အရှင်မောဂ္ဂလာန်က တန်ခိုးဖြင့် ခေါ်ဆောင်သွားတယ်။ ဆောင်သွားပုံကတော့ အဲဒီအိမ်၏ လှေခါးရင်း လွန်တာနဲ့ ဇေတဝန်ကျောင်း တံခါးမုခ် ရောက်ပါသတဲ့။ အဲဒီရောက်တော့ သူဌေးကြီးက အလှူရေကပ်တယ်၊ သူဌေးကတော်ကြီးက မုန့်လိုက်ကပ်တယ်။ တစ်ဖန် သူဌေးကြီးက မုန့်နှင့်ရောပြီး ဘုဉ်းပေးဖို့ နွားနို့၊ ထောပတ်၊ ပျားရည်၊ သကြားစသည်တို့ကို လိုက်ကပ်တယ်။ မူလက တစ်ယောက်စာမျှပင် ဖြစ်သော်လည်း တန်ခိုးတော်ကြောင့် မြတ်စွာဘုရားနှင့်တကွ ရဟန်း ၅၀၀ ဘုဉ်းပေးလောက်သည့်ပြင် သူဌေးကြီးတို့ သမီးခင်ပွန်း စားလို့လည်း မကုန်သေးသောကြောင့် သူတောင်းစားတို့အား ပေးပြီးသော်လည်း မကုန်သေးဘဲ ရှိနေပါသတဲ့။ ဒါကြောင့် ဇေတဝန်ကျောင်းတံခါးဝအနီးရှိ ချိုင့်ထဲမှာ သွန်ပစ်ကြရပါသတဲ့။ အဲဒီလို မုန့်များကို ဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက အနုမောဒနာတရားကို ဟောတော်မူတယ်။ အဲဒီတရားကို နာပြီး သူဌေးကြီးနှင့် သူဌေးကတော်ကြီးနှစ်ဦးလုံး သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားကြပါတယ်။

http://www.dhammadownload.com



## မစ္ဆရိယ၏ရသ

ယခုပြောခဲ့တဲ့ မစ္ဆရိယကောသိယ၏ ဝတ္ထုဖြင့် မစ္ဆိရိယခေါ်တဲ့ ဝန်တိုခြင်းဟာ ကိုယ်ပိုင်ပစ္စည်းကို နှမြောသဖြင့် လျှို့ဝှက်ခြင်းသဘော ရှိကြောင်း အလွန်ထင်ရှားပါတယ်။ နောက်ပြီးတော့ ဒီမစ္ဆရိယဟာ ကိုယ်ပိုင်ပစ္စည်း သူတစ်ပါးနှင့် စပ်ဆိုင်မယ်ဆိုလျှင် စိတ်ဆင်းရဲစေခြင်း၊ သည်းမခံနိုင်စေခြင်းကိစ္စ ရှိပါတယ်တဲ့။ မစ္ဆရိယအားကြီးတဲ့သူဟာ ကိုယ့်ပစ္စည်းကို သူများကိုင်မယ် ယူမယ်ဆိုရင် သည်းမခံနိုင်ဘူး။ 'သမီး ခင်ပွန်းဆိုလို့ရှိရင် အခြားသူ အနီးအပါးကပ်တာ ကြည့်ရှုတာတောင် မကြိုက်တတ်ဘူး၊ အခြားသူနှင့် ပြုံးပြုံးရွှင်ရွှင် စကားပြောတာကို တွေ့ရရင် သည်းမခံနိုင်ဘူး၊ စိတ်ဆင်းရဲများစွာ ဖြစ်တတ်တယ်' ဆိုတာ စာပေအရအားဖြင့်လည်းကောင်း လောကမျက်မြင်အရအားဖြင့်လည်းကောင်း ထင်ရှားပါတယ်။

http://www.dhammadownload.com

# ခွေးဖြစ်သွားသော သူဌေး

ပေးလှူနိုင်လောက်တဲ့ ပစ္စည်းကို မပေးလှူရက်ဘဲ ဖြစ်နေတာကတော့ မစ္ဆရိယပဲ။ တချို့က ပေါများပြည့်စုံနေပါလျက်နဲ့ ပေးကမ်းလှူဒါန်းခြင်း မရှိဘူး၊ ရသမျှကို သိမ်းသာသိမ်းထုပ်ထားတယ်။ ကိုယ့်အိမ်သူ အိမ်သား တွေတောင် မပေးချင်ဘူး၊ ကိုယ်တိုင်တောင် မသုံးရက်ဘူး။ သူများတွေ ပေးကမ်းလှူဒါန်းတာကိုလည်း ပိတ်ပင်တားမြစ်တတ်တယ်။ အဲဒီလို ဝန်တိုတာကတော့ အပြစ်ကြီးတယ်၊ နောင်သံသရာဘဝအတွက် အားကိုး ရာမဲ့ဖြစ်ပြီး အပါယ်ငရဲကျရောက်တတ်တယ်။ လူ့ဘဝပြန်ရောက်လာရင် လည်း ပစ္စည်းဥစ္စာမဲ့ပြီး ဆင်းရဲဒုက္ခရောက်တတ်တယ်ဆိုတဲ့အကြောင်း ကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ဟောပြောထားပါတယ်။ ဝန်တိုခြင်းမရှိဘဲ ပေးလှူတတ်တဲ့သူကတော့ နတ်ရွာသုဂတိရောက်တတ် ကြောင်း လူ့ဘဝပြန်ရောက်လာရင်လည်း ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ တတ်ကြောင်းကိုလည်း ဒီသုတ်မှာ ဟောပြထားပါတယ်။ အဲဒါကို ဘုန်းကြီးက **'မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါများသည်'** လို့ ဆောင်ပုဒ် စီထားတယ်။

## တောဒေယျပုဏ္ဏားအကြောင်း

စူဠကမ္မဝိဘင်္ဂသုတ်ဆိုတာ တောဒေယျပုဏ္ဏားကြီး၏သား သုဘလုလင် က မေးလို့ မြတ်စွာဘုရားက ဖြေရှင်းဟောကြားထားတဲ့ သုတ်ပါပဲ။ တောဒေယျဆိုတာ ပသေနဒီကောသလမင်းက အပိုင်စားပေးထားတဲ့ တုဒိရွာစား ပုရောဟိတ်ပုဏ္ဏားကြီးဖြစ်တယ်။ ပစ္စည်းဥစ္စာကတော့ ၈၇

http://www.dhammadownload.com



ကုဋေ ကြွယ်ဝတယ်။ (ပရမမစ္ဆရိ) အလွန် ဝန်တိုနမြောတယ်။ သူ့အိမ် သူ အိမ်သားတွေကို သူက ဒီလို ဆုံးမသင်ကြားပါသတဲ့။

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ၊

မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။ တဲ့။

အဉ္ဇနာနံ၊ မျက်စဉ်းကျောက်တို့၏။ ခယံ၊ သွေးတိုင်း ကုန်ကုန် သွားခြင်းကိုလည်းကောင်း။ ဝမ္မိကာနံ၊ တောင်ပို့တို့၏။ သဉ္စယံ စ၊ တစ်နေ့ထက်တစ်နေ့ တစ်ချိန်ထက်တစ်ချိန် တိုးပွားလာခြင်းကိုလည်း ကောင်း။ မဓူနံ၊ ပျားတို့၏။ သမာဟာရံ စ၊ စုဆောင်းပုံကိုလည်းကောင်း။ ဒိသွာ၊ ကြည့်ရှုဆင်ခြင်၍။ ပဏ္ဍိတော၊ ရှေ့နောက်မျှော်သိ ပညာရှိ သည်။ ဃရံ အာဝသေ၊ အိမ်ကိုအုပ်မိုးနေရာ၏ တဲ့။

ကုလားထုံးစံအရ မျက်စဉ်းကျောက်ညိုကိုသွေးပြီး မျက်စိကို ကွင်းရတယ်။ မျက်ကွင်းညိုကလေးဖြစ်အောင် လုပ်တာပါပဲ။ အဲဒီလို မျက်စဉ်းကျောက်ကို သွေးရာမှာ တစ်ကြိမ်တစ်ကြိမ်အတွက်ဆိုရင် မျက်စဉ်းကျောက်မှာ ပွန်းပြီး ကုန်ကုန်သွားတာဟာ ဘာမှမပြောပ လောက်ပါဘူး။ နည်းနည်းကလေးပါပဲ။ ဒါပေမဲ့ သွေးဖန်များတော့ မျက်စဉ်းကျောက်ဟာ အကုန်လုံး ကုန်သွားတယ်။ အဲဒီလိုပဲ သုံးစွဲ ပေးလှူလို့ရှိရင် နည်းနည်း နည်းနည်းချင်းပေမယ့် ကြာရင် အများ ကြီး ကုန်သွားနိုင်တယ်။ ရှိစုမဲ့စု အကုန်လုံးလည်း ကုန်သွားနိုင်တယ် ဆိုတာကို ဆင်ခြင်ပြီး အသုံးအစွဲ ချွေတာရမယ်၊ မပေးမကမ်းရဘူးလို့ ပထမပိုဒ်က ဆိုလိုပါတယ်။ လောကစီးပွားရေးမျက်စိနဲ့ကြည့်ရင် အဲဒါ သဘာဝကျတယ်လို့ ဆိုရမှာပဲ။ ယခု အသင့်အတင့်ပစ္စည်းဥစ္စာ ပြည့် စုံနေတဲ့သူတွေကို စိစစ်ကြည့်ရင် အသုံးအဖြုန်းနည်းတဲ့သူတွေ ဖြစ် ကြောင်း တွေ့ရပါလိမ့်မယ်။ ပစ္စည်းဆင်းရဲတဲ့သူတွေကို စိစစ်ကြည့်ရင် လည်း စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းတဲ့အတွက်ဖြစ်ကြောင်း တော်တော်များများ တွေ့ရပါလိမ့်မယ်။

http://www.dhammadownload.com



မြန်မာပြည်မှာ ရှင်ပြုတို့၊ မင်္ဂလာဆောင်တို့ ဒီလိုကိစ္စတွေကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ပြုကြတဲ့အလေ့အထ ရှိတယ်။ ပြည့်စုံကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ ဘာမှပြောစရာ မရှိပါဘူး။ ပြုသင့်တယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ ကိုယ့်မှာမရှိဘဲနဲ့ သူများထံမှ ချေးငှားပြီး ပကာသနလုပ်ကြတာတွေကတော့ ပျက်စီးဖို့ရာ ဖြစ်နေတာပဲ။ တချို့တောရွာက လူတွေဟာ ငွေသုံးလေးရာလောက်နဲ့ အခြေတည်ပြီး တစ်ထောင်ကျော် နှစ်ထောင်ကျော် ရှင်ပြုအလှူပွဲကြီး လုပ်တယ်။ ပွဲပြီးတဲ့အခါ တစ်ထောင်ကျော်လောက် ကြွေးတင်နေတယ်။ အဲဒီအကြွေးတွေအတွက် လှည်း နွားစသည်တွေ ပြုတ်ကုန်တယ်။ ရှေးကဆိုရင်တော့ လယ်ယာတွေလည်း ပြုတ်ကုန်တယ်။ နောက်ပြီးတော့ တောရွာတွေမှာ ဘုန်းကြီးပျံကိစ္စဆိုတာလည်း ရှိတယ်။ ဘုရားပွဲကိစ္စတွေဆိုတာလည်း ရှိတယ်။ အဲဒီလိုပွဲတွေအတွက်လည်း မလွှဲမရှောင်သာ အလှူငွေထည့်ကြရတယ်။အဲဒါတွေဟာ စေတနာကလည်း ထက်သန်လှမယ်မဟုတ်ဘူး။ ဒါကြောင့် အကျိုးမများဘဲနဲ့ စီးပွားဖြစ်ဖို့အကြောင်းတွေ ဖြစ်နေတယ်လို့ ဆိုဖွယ်ရာရှိပါတယ်။

ဒါပေမဲ့ ကုသိုလ်ရေးဘက်က ကြည့်ရင်တော့ ပေးလှူသင့်တာတွေလည်း ရှိပါတယ်။ မိမိ၏လက်ရှိပစ္စည်းကို လေးပုံပုံပြီး တစ်ပုံကို သုံးရမယ်၊ ၂ ပုံဖြင့် စီးပွားရေးအလုပ်ကို လုပ်ရမယ်၊ ကျန်တဲ့ တစ်ပုံကို လိုရမယ်ရ သိမ်းထားရမယ်ဆိုတဲ့ ရှေးခေတ်က ပညာရှိတို့၏ ဩဝါဒအတိုင်း ဖြစ်စေ၊ ယခုခေတ်အလိုက် သင့်လျော်တဲ့အချိုးအစားဖြင့် ဖြစ်စေ သုံးစွဲရတယ်။ အဲဒီသုံးစွဲတဲ့ အဖို့ထဲမှ ခွဲထုတ်ပြီး ပေးလှူသင့်တဲ့ ပုဂ္ဂိုလ်များအား ပေးလှူရမယ်။ မလွှဲမကင်းသာ ပြုရတဲ့ သားရှင်ပြုမျိုးဆိုရင် မိမိတတ်နိုင်သမျှနဲ့ ဆောင်ရွက်လိုက်ရင်လည်း ရှင်ပြုကုသိုလ်ပြီးမြောက်နိုင်ပါတယ်။ အကျဉ်းဆုံးအားဖြင့်ဆိုရင် သင်္ကန်း၊ သပိတ်၊ ဆွမ်းတစ်အုပ်လောက်နဲ့ ကျောင်းသွားပြီး ရှင်ပြုလိုက်ရင် စင်စင်ကြယ်

http://www.dhammadownload.com



ကြယ် ရှင်ပြုကုသိုလ်အလှူ ဖြစ်နိုင်တာပါပဲ။ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ သူ့အင်အားရှိသလောက် စေတနာထက်သန်သလောက် ချဲ့ပြီး အကြီးအကျယ် အလှူပွဲကြီးလည်း လုပ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီကုသိုလ်ဟာ သံသရာတစ်လျှောက်လုံးမှာ လိုက်ပါပြီး ချမ်းသာစေမည့်ကုသိုလ် ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ ထို့အတူ တတ်နိုင်ရင်တော့ မိမိအင်အားရှိသလောက် ချင့်ချိန်ပြီး အခါအားလျော်စွာ ပေးကမ်းလှူဒါန်းခြင်းတွေလည်း ပြုသင့်တာပါပဲ။ ဒါပေမဲ့ တောဒေယျပုဏ္ဏားကြီးရဲ့ အလိုကတော့ ပေးကမ်းခြင်းကို လုံးဝမပြုရဘူး၊ ပေးရင် ပစ္စည်းကုန်ရုံပဲလို့ ယူဆပြီး ဩဝါဒပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့ဩဝါဒကတော့ ကုသိုလ်ရေးကို လုံးဝပိတ်ပင်တဲ့အတွက် မသင့်လျော်တဲ့ ဩဝါဒသာ ဖြစ်တယ်လို့ ဆိုရမှာပဲ။

ခြတောင်ပို့ တိုးတက်ပုံ၊ ပျားတို့၏ ပျားရည်စုဆောင်းပုံတွေကတော့ နည်းနည်းများများ ရသမျှ စုဆောင်းရမယ်၊ ကြာရင် များစွာသော ပစ္စည်းအစုအပုံကြီး ဖြစ်လာနိုင်တယ်လို့ ဆိုလိုပါတယ်။ ဒါကတော့ ပစ္စည်းစုရေး သက်သက်ဖြစ်တဲ့အတွက် နည်းယူစရာပါပဲ။

တောဒေယျပုဏ္ဏားကြီးဟာ အဲဒီလို ဩဝါဒပေးပြီးတော့ သူကိုယ်တိုင်လည်း ဆွမ်းတစ်ဇွန်းမှ လှူခြင်းမရှိပါဘဲ ပစ္စည်းဥစ္စာမှာ တပ်မက်ပြီး သေသွားတဲ့အခါ သူ့အိမ်မှာပဲ ခွေးဖြစ်ရရှာတယ်။ သုဘလုလင်က အဲဒီခွေးကို အလွန်ချစ်မြတ်နိုးတယ်။ သူစားတဲ့ထမင်းကို ကျွေးတယ်၊ အိပ်ရာကောင်းပေါ်မှာ ပွေ့တင်ပြီး သိပ်တယ်။ တစ်နေ့သောအခါမှာ သုဘလုလင် သရဏဂုံသီလဌ် တည်မည့်အကြောင်းကို မြင်တော်မူတာနဲ့ မြတ်စွာဘုရားက သုဘလုလင်၏အိမ်ကို ကြွတော်မူတယ်။ အဲဒီခွေးက ဟောင်ပြီး မြတ်စွာဘုရားဆီ လာတယ်။ အဲဒီအခါ မြတ်စွာဘုရားက 'ဟဲ့ တောဒေယျ၊ နင်ဟာ လူ့ဘဝတုန်းက ငါ့ကို မရှိမသေ ပြောဆိုတဲ့အတွက် ခွေးဖြစ်နေရတယ်၊ ယခုတစ်ခါ ငါ့ကို

http://www.dhammadownload.com



ဟောင်ပြန်ပြီ။ ဒါကြောင့် နင် အဝီစိငရဲကို ရောက်လိမ့်မယ်’လို့ မိန့်တော်မူတယ်။ အဲဒီတော့ ခွေးက ‘ရဟန်းဂေါတမ ငါ့အကြောင်း သိသကိုး’လို့ နှလုံးသွင်းပြီး စိတ်ညစ်တာနဲ့ မီးဖိုပြာပုံထဲမှာ သွားပြီးအိပ်နေတယ်။ သူ့ကို ဘယ်သူမှ အိပ်ရာကောင်းပေါ် တင်လို့မရဘူး။ သုဘလုလင်က အပြင်မှ ပြန်လာတဲ့အခါ သူ့ခွေးအကြောင်း မေးကြည့်တော့ အကြောင်းစုံကို ပြောကြားကြတယ်။ အဲဒီတော့ သုဘလုလင်က ‘ငါ့ဖခင်ဟာ ဗြဟ္မာ့ပြည် ရောက်သွားတာပဲ၊ ရဟန်းဂေါတမက ငါ့ဖခင်ကို ခွေးဖြစ်တဲ့အနေနဲ့ ပြောသွားတယ်။ သူဟာ နှုတ်တက်ရာရာ ပြောချင်တာကို ပြောသွားတာပဲ’ လို့ ဆင်ခြင်ပြီး စိတ်ဆိုးတယ်။ ဘုရားလက်ထက် ပုဏ္ဏားတွေက သူတို့ပုဏ္ဏားတွေသေရင် ဗြဟ္မာ့ပြည် ရောက်တယ်လို့ချည်း ယုံကြည်ယူဆ ကြတယ်။ ဒါကြောင့် သူ့ဖခင် အမည်နဲ့ ခွေးကိုပြောတာအကြောင်းပြုပြီး သူက စိတ်ဆိုးတယ်။

အဲဒီလိုစိတ်ဆိုးပြီး မြတ်စွာဘုရားကို မုသာဝါဒဖြင့် စွပ်စွဲမယ်လို့ ဘုရားထံသွားပြီး မေးတယ်။ မြတ်စွာဘုရားက သူ့ဖခင် ခွေးဖြစ်တဲ့ အကြောင်း ပြောပြီးတော့ သက်သေသာဓက ခိုင်လုံစေရန် ‘သင့်ဖခင်က မပြောတဲ့ဥစ္စာ ရှိသလား’ လို့ မေးတော်မူတယ်။ တစ်သိန်းစီထိုက်တန်တဲ့ ရွှေပန်းကုံး၊ ရွှေခြေနင်းနှင့် ရွှေခွက်နှင့် တစ်သိန်းဆိုတဲ့ ပစ္စည်း ၄ ရပ်ကို မပြောခဲ့ကြောင်း လျှောက်တယ်။ ဒါဖြင့် သင်အိမ်ပြန်သွား၊ သင့်ခွေးကို နို့ထမင်းကျွေးပြီး အိပ်ပျော်လုနီးဖြစ်နေတဲ့အခါမှာ မေးကြည့်လေ၊ အဲဒီပစ္စည်းတွေ ထားတဲ့နေရာကို ခွေးက ပြလိမ့်မယ်လို့ မိန့်တော်မူလိုက်တယ်။ သုဘလုလင်လည်း မြတ်စွာဘုရား အမိန့်ရှိတဲ့ အတိုင်း ခွေးကိုကျွေးပြီး အိပ်ရာပေါ်မှာ တင်အိပ်တယ်၊ အိပ်ပျော်လုနီး ဖြစ်နေတဲ့အခါ ခွေးကို မေးတယ်၊ ဒီတော့ ခွေးက ‘ငါ့အကြောင်း အကုန်သိကုန်ပြီ’ လို့ ဆင်ခြင်ပြီးတော့ အူပြီး ဥစ္စာထားတဲ့နေရာကို လက်နဲ့ယက်ပြီး ပြတယ်။

http://www.dhammadownload.com



## ပြဿနာ ၁၄ ခု

အဲဒီတော့မှ သုဘလုလင်က မြတ်စွာဘုရားကို အလုံးစုံ သိတော်မူတဲ့ ဘုရားပဲလို့ ယုံကြည်သဒ္ဓါဖြစ်ပြီး ပြဿနာ ၁၄ ခုကို မေးလျှောက်တယ်။ လူလူချင်းတူပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ တချို့က အဆင်းလှတယ်၊ တချို့က အခြွေအရံနည်းတယ်၊ တချို့က အခြွေအရံများတယ်၊ တချို့က ပစ္စည်းမရှိဘူး၊ တချို့က ပစ္စည်းရှိတယ်၊ တချို့က အမျိုးညံ့တယ်၊ တချို့က အမျိုးမြတ်တယ်၊ တချို့က ပညာမရှိဘူး၊ တချို့က ပညာကြီးတယ်၊ အဘယ်အကြောင်းကြောင့် ဒီလိုကွဲပြားနေကြရပါသလဲလို့ ပြဿနာ ၇ စုံ ၁၄ ခုကို မေးလျှောက်တယ်။

အဲဒီပြဿနာ ၁၄ ခုကို မြတ်စွာဘုရားက ရှင်းလင်းဖြေကြားတော်မူပါတယ်။ အဲဒီအဖြေ ၁၄ ခုထဲက ဥစ္စာမဲ့ များအကြောင်းကိုတော့ ယခုပြောဆဲပဲ ရှိနေပါတယ်။ အဲဒီဆောင်ပုဒ်ကို ထပ်ပြီးဆိုကြရမယ်။

မပေးလှူက၊ မွဲပြာကျ၊ လှူမှ ပေါများသည်။

ပစ္စည်းဥစ္စာတွေ ရှိနေပါလျက်နဲ့ ဝန်တိုနှမြောပြီး ပေးကမ်းလှူဒါန်းခြင်းကို မပြုရင် ဒါနကုသိုလ် မဖြစ်ဘူး၊ ကုသိုလ်ကတော့ မပြုဘဲရပ်ထားရင် ဖြစ်တယ်။ အကုသိုလ်ကတော့ ရပ်ထားလို့ ဖြစ်တာမဟုတ်ဘူး။ အကုသိုလ်တွေကတော့ အကြောင်းအားလျော်စွာ ဖြစ်နေမှာပဲ။ လိုချင်စရာကိုတွေ့ရင် လိုချင်တပ်မက်တဲ့လောဘ ဖြစ်မှာပဲ။ သူတစ်ပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်စေချင်တဲ့ အဘိဇ္ဈာလည်း ဖြစ်နိုင်တာပဲ။ ခိုးဝှက် လုယက်မှု လိမ်လည်မှုလည်း ဖြစ်နိုင်တာပဲ။ မုန်းစရာကိုတွေ့ရင် ဒေါသဖြစ်မှာပဲ။ ညှဉ်းဆဲလို သေစေလိုတဲ့ ဒေါသလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် ဒါနကုသိုလ်တောင် မရှိတဲ့သူမှာ အဲဒီအကုသိုလ်တွေက

http://www.dhammadownload.com



သေတဲ့အခါ ငရဲကို ဆောင်သွားလိမ့်မယ်။ ငရဲကိုမရောက်အောင် ကယ်တင်မည့် ကုသိုလ်က သူ့မှာမရှိတဲ့အတွက် ဘာမှအားကိုးစရာ မရှိဘဲ ဖြစ်နေလိမ့်မယ်။ ဥပမာအားဖြင့် ဆွေမျိုးမိတ်ဆွေ မရှိတဲ့သူကို ရန်သူက နှိပ်စက်လျှင် ကယ်မည့်သူမရှိသလိုပါပဲ။ အဲဒီ ဒါနကုသိုလ် မရှိတဲ့သူဟာ ငရဲမှလွတ်လို့ ကုသိုလ်ကံတစ်ခုခုကြောင့် လူဖြစ်လာပြန် ရင်လည်း စားသုံးစရာ ပစ္စည်းဥစ္စာ မရှိဘဲ မွဲပြာကျနေတတ်ပါတယ်တဲ့။

ဝန်တိုခြင်းမရှိဘဲ မိမိသုံးဖို့ စားဖို့ထဲမှ ခွာထုတ်ပြီး ပေးကမ်း လှူဒါန်းတဲ့သူမှာတော့ သေတဲ့အခါ နတ်ပြည်ကို ရောက်နိုင်တယ်။ အကုသိုလ်အတော်အတန်ရှိနေပေမယ့် ဒါနကုသိုလ်ကြောင့် နတ်ပြည်ကို ရောက်နိုင်တယ်။ ဥပမာအားဖြင့် ရာဇဝတ်မှု အတော်အတန်ရှိနေပေ မယ့်လို့ မျက်နှာကြီးဖြစ်တဲ့သူမှာ အပြစ်ဒဏ်မှ လွတ်မြောက်တတ်သလို ပါပဲ။ အဲဒီဒါနကုသိုလ်ရှိတဲ့သူဟာ လူ့ဘဝ ပြန်ရောက်လာရင်လည်း ဒါနကုသိုလ်၏အစွမ်းကြောင့် ပစ္စည်းဥစ္စာ ပေါများတတ်ပါတယ်တဲ့။ ဒါကြောင့် ဝန်တိုနှမြောခြင်းဆိုတဲ့ မစ္ဆရိယကို ပယ်ပြီးတော့ မိမိတို့၏ အခြေအနေအရ ဒါနကုသိုလ်ကို တတ်နိုင်သမျှ ပြုကြရမယ်။

ဒါပေမဲ့ ဗုဒ္ဓသာသနာဝင် မြန်မာပြည်သူ ပြည်သားတွေအတွက် ကတော့ တိုက်တွန်းစရာတောင် မလိုပါဘူး။ လှူဒါန်းပေးကမ်းမှုဘက် က အင်မတန် ရက်ရောကြပါတယ်။ ဒီသာသနာ့ရိပ်သာက ကိုယ်တော် တွေ ၃၀ ကျော် ၄၀ ကျော် အစဉ်အတန်းနဲ့ ဆွမ်းခံကြွကြတယ်၊ နေ့စဉ် နေ့တိုင်း ဆွမ်းတွေ ဟင်းတွေ ပြည့်စုံရုံ မကဘဲ ပိုလျှံနေအောင် တောင် လောင်းကြလှူကြတာပဲ။ ဆန်ဝယ်မရလောက်နီးပါး ရှားတဲ့ အချိန်တုန်းကလည်း တော်တော်ပြည့်စုံအောင် ဆွမ်းလောင်းနိုင်ကြသေး တာပဲ။ အဲဒီလိုလှူကြတဲ့သူတွေဟာ အများအားဖြင့် ချမ်းသာကြွယ်ဝ တဲ့သူတွေ မဟုတ်ကြပါဘူး။ ဒါပေမဲ့ စေတနာသဒ္ဓါက ထက်သန် ကြတဲ့အတွက် ဆွမ်းလောင်းစရာကို ရအောင်ရှာကြံပြီး လှူနိုင်ကြပေ

http://www.dhammadownload.com



တာပဲ။ နောင်သံသရာတစ်လျှောက်လုံး ကြီးပွားချမ်းသာသွားကြမည့် သူတွေပါပဲ။ တချို့က ဆွမ်းပင့်ကပ်ခြင်း၊ ပေးလှူခြင်းတွေကို ခဏခဏ ပြုလုပ်ကြလို့ ဘုန်းကြီးတို့က တားမြစ်တောင်မှ ထားရသေးတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာပြည်သူ ပြည်သားတွေကိုတော့ ဒါနနှင့်စပ်ပြီး အထူးတိုက်တွန်းစရာ မလိုပါဘူး။

http://www.dhammadownload.com

# နဂါးမလေးတွေကြောင့်

တဏှာက နန္ဒီရာဂသဟဂတာ၊ နှစ်သက် နှစ်သက်ပြီး တပ်စွဲနေတတ်တယ်တဲ့။ ကောင်းတယ်ထင်ရတဲ့ အာရုံဝတ္ထုတွေကို သူက နှစ်သက်တယ်၊ နှစ်သက်ပြီးတော့ ဆီတို့၊ ဆိုးရည်တို့ဟာ ထိရာထိရာမှာ စွဲစွဲကျန်နေသလို အဲဒီနှစ်သက်တဲ့ အာရုံမှာ စွဲငြိနေတယ်။ နောက်ပြီးတော့ ဒီတဏှာက ရောက်ရာရောက်ရာဘဝမှာ ပျော်မွေ့နေတာပဲ။ ပျင်းတယ်လို့ မရှိဘူး။ ကောင်းတယ်ထင်ရတဲ့ အာရုံတွေမှာလည်း ရရာ ရရာမှာ နှစ်သက်ပျော်မွေ့နေတာပဲ။

လူ့လောကတွင်ပဲ ဆင်ခြင်ကြည့်ရင် အောက်တန်းစားလူတွေရဲ့အခြေအနေဟာ အထက်တန်းကျတဲ့လူတွေအနေနဲ့ နှစ်သက်စရာ ပျော်စရာ မကောင်းဘူး။ ဒါပေမဲ့ အကြောင်းမညီညွတ်လို့ အဲဒီအခြေအနေ ရောက်သွားရင်တော့ အဲဒီရောက်ရာဘဝမှာ ပျော်နေတာပါပဲ။ လူတွေအနေနဲ့ တိရစ္ဆာန်ဘဝတွေကိုကြည့်ရင် ပျော်စရာ မရှိဘူး၊ ရွံစရာကြောက်စရာအနေနဲ့သာ ထင်ရတယ်။ မြွေရဲ့ကိုယ်ထဲမှာ ပိုးကောင်ရဲ့ကိုယ်ထဲမှာ ဝင်နေရမယ်ဆိုရင် သိပ်ရွံစရာ ကြောက်စရာကောင်းတာပဲ။ ဒါပေမဲ့ ကံအားလျော်စွာ အဲဒီဘဝမျိုး ရောက်သွားရင်တော့ သူ့ကိုယ်နဲ့သူ သာယာစရာဖြစ်ပြီး ပျော်မွေ့သွားတာပါပဲ။ ဒါဟာ တဏှာဆိုတဲ့ တရားက ရောက်ရာဘဝ ရရာအာရုံမှာ နှစ်သက်ပျော်မွေ့တတ်တဲ့သဘော ရှိနေလို့ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီတဏှာကို 'တတြတတြာဘိနန္ဒိနီ၊ ထိုထိုရောက်ရာဘဝ၊ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိတယ်' လို့ ပြဆိုတော်မူတာပါပဲ။ အဲဒါကို စမွေယျနဂါးမင်းဝတ္ထု၊ ဥပရိမိဖုရားဝတ္ထုတို့ဖြင့် ထင်ရှားသိနိုင်ပါတယ်။

http://www.dhammadownload.com



## စမ္မေယျနဂါးမင်းဝတ္ထု

ဘုရားလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက စမ္ပာမြစ်အနီးအရပ်၌ ဆင်းရဲသားတစ်ယောက် ဖြစ်ခဲ့တယ်။ အဲဒီတုန်းက စမ္မေယနဂါးမင်း စည်းစိမ်ကို လိုချင်တောင့်တပြီးတော့ ဘုရားအလောင်း ဆင်းရဲသားက ဒါန သီလကုသိုလ်တွေကို ပြုခဲ့တယ်။ ဒါကြောင့် အဲဒီဘဝက သေတဲ့ အခါ ဘုရားအလောင်း ဆင်းရဲသားဟာ စမ္မေယျနဂါးမင်း၏ပလ္လင်ပေါ် မှာ ကိုယ်အင်္ဂါအပြည့်အစုံနဲ့ ဥပပါတ်နဂါးကြီး ဖြစ်သွားတယ်။ နဂါး ဆိုတာ မြွေပါပဲ။ လူစင်စစ်က မြွေကြီးဖြစ်ရတယ်ဆိုတော့ ကြောက်စရာ ရွံစရာကြီးပေါ့။ ဒါကြောင့် နဂါးဖြစ်ခါစမှာ ဘုရားအလောင်းက သူ့ ကိုယ်သူကြည့်ပြီး ရွံရှာစက်ဆုပ်တယ်။ ငါပြုခဲ့တဲ့ ဒါန သီလကုသိုလ်ကံ တွေဟာ နတ်ပြည် ၆ ထပ်ရှိတဲ့အနက်က ဘယ်ဘုံမှာမဆို ဖြစ်စေနိုင် တာပဲ၊ ဒါပေမဲ့ ငါက နဂါးမင်းစည်းစိမ်ကို တောင့်တမိလို့ ဒီမြွေ တိရစ္ဆာန်ဘဝမှာ ဖြစ်ရတယ်။ ဒီမြွေတိရစ္ဆာန်အဖြစ်နဲ့ အသက်ရှင်နေတာ ထက် သေရတာက ကောင်းသေးတယ်လို့ သေဖို့ရာတောင် ကြံစည်မိ ပါသေးသတဲ့။

အဲဒီအတောအတွင်းမှာ 'သုမနာ' ဆိုတဲ့ နဂါးမကလေးက အခြားနဂါးမတွေကို ဖျော်ဖြေဖို့ အချက်ပေးနှိုးဆော်လိုက်တယ်။ နဂါးမ လေးတွေက အကုန်လုံးလှပတင့်တယ်တဲ့ နတ်သမီးအသွင် ဖန်ဆင်းပြီး တော့ တူရိယာအမျိုးမျိုး တီးမှုတ်ပြီး သီဆိုကခုန်လျက် ဖျော်ဖြေကြ တယ်။ အဲဒီလို နတ်သမီးအသွင်နဲ့ တီးမှုတ်သီဆိုကခုန်နေကြတာကို မြင်ရတော့ ဘုရားအလောင်း စမ္မေယျနဂါးမင်း၏စိတ်ထဲမှာ အဲဒီနဂါး ဌာနကို သိကြားမင်း၏ဘုံဗိမာန်လို့ထင်ပြီး ပျော်မွေ့သွားပါသတဲ့။ ဒါ ကြောင့် သူကလည်း နတ်အသွင်ဖြင့် ပြောင်းပြီးတော့ အဲဒီနဂါးမလေး တွေနဲ့အတူတကွ တစ်ပေါင်းတည်းဖြစ်ပြီး ပျော်မွေ့သွားပါရောတဲ့။

http://www.dhammadownload.com



ဒါပေမဲ့ ဘုရားအလောင်းတော်ဆိုတော့ သတိတရားရလွယ်ပါတယ်။ ဒါကြောင့် နောင်တစ်ချိန်မှာ နဂါးဘဝမှလွတ်မြောက်ပြီး လူ့ဘဝ ရောက်ရအောင်၊ လူ့ဘဝရောက်ပြီး ဒါနသီလစသော ပါရမီကုသိုလ်တွေကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်အောင် ရည်ရွယ်ပြီးတော့ လူ့လောကတောအရပ်ဒေသမှာ ဥပုသ်သီလကို စောင့်သုံးပါသေးတယ်။

ဒီစမ္ပေယျနဂါးမင်းဝတ္ထုမှာ ပြောလိုရင်းကတော့ လူ့အမြင်နဲ့ကြည့်ရင် မြွေနဂါးကိုယ်ကြီးဟာ ကြောက်စရာလည်းကောင်းတယ်၊ ရွံစရာလည်းကောင်းတယ်။ နဂါးဖြစ်ခါစမှာတော့ ဘုရားအလောင်းလည်း အဲဒီနဂါးဘဝကို ရွံရှာစက်ဆုပ်တယ်၊ ဒါပေမဲ့ ဖျော်ဖြေတဲ့နဂါးမလေးတွေကို မြင်ရတော့ အဲဒီဖြစ်ရာဘဝမှာ နတ်ဘဝလိုပင် ပျော်မွေ့သွားတယ်ဆိုတာကို ပြောလိုရင်းပါပဲ။ အဲဒီလို ရောက်ရာဘဝမှာ ပျော်မွေ့သွားတယ်ဆိုတာကို ပြောလိုရင်းပါပဲ။ အဲဒီလို ရောက်ရာဘဝမှာ ပျော်မွေ့သွားတာဟာလည်း တခြားကြောင့်မဟုတ်ဘူး။ 'ထိုထိုဘဝ၊ ထိုထိုအာရုံမှာ ပျော်မွေ့တတ်တယ်'ဆိုတဲ့ တဏှာကြောင့်ပါပဲ။ နောက်ပြီးတော့ ဘုရားအလောင်းဟာ ဆင်းရဲသားဘဝတုန်းက စမ္ပေယျနဂါးမင်းစည်းစိမ်ကို နှစ်သက်လိုချင်ခဲ့တယ်၊ အဲဒီနှစ်သက်လိုချင်တဲ့တဏှာကြောင့် စမ္ပေယျနဂါးဘဝ ဖြစ်ရတယ်။ အဲဒါဟာ 'ပေါနောဘဝိကာ၊ တစ်ဖန်ဘဝအသစ်ကို ဖြစ်စေတတ်တယ်' ဆိုတဲ့စကားတော်နှင့်အညီ ဘဝသစ်ဖြစ်ရတာပါပဲ။

http://www.dhammadownload.com

# ရက်စက်သူကိုမှ အချစ်ကြီးလေသူ

နောက်တစ်ချက်ကတော့ လူပုဂ္ဂိုလ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ တပ်မက်ခင်တွယ်နေရင် အဲဒီပုဂ္ဂိုလ်ပစ္စည်းများ အနီးအပါး၌ ဒီတဏှာက ဘဝသစ်ကို ဖြစ်စေတတ်တယ်ဆိုတာလည်း သိမှတ်ထားရမယ်။ အဲဒီနှစ်မျိုးထဲမှာ ပစ္စည်းကို တပ်မက်ခင်တွယ်နေတဲ့အတွက် အဲဒီပစ္စည်းအနီး၌ ဘဝသစ်ဖြစ်ပုံကတော့ သင်္ကန်းကိုတပ်မက်ပြီး သေသွားတဲ့ အရှင်တိဿရဟန်းဟာ အဲဒီသင်္ကန်းမှာပဲ သန်းဖြစ်ရတဲ့အကြောင်း အများသိကြပြီးဖြစ်နေပါတယ်။ ယခု မယားချစ်လို့ မြွေ၊ ခွေး၊ နွားဖြစ်ရတဲ့ဝတ္ထုပြောရမယ်။

## မယားချစ်လို့ မြွေ၊ ခွေး၊ နွားဖြစ်

(သီဟိုဠ်ကျွန်းက တောရွာတစ်ခုမှာ) လူတစ်ယောက်ဟာ အစ်ကို၏မယား (မရီး) နှင့် ဖောက်ပြန်ကျူးလွန်နေတယ်။ ထိုမိန်းမကလည်းသူ့ခင်ပွန်းထက် အဲဒီမတ်ဖြစ်သူကို သာပြီးချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို လုပ်ကြံသတ်ဖြတ်ဖို့ အဲဒီမတ်ဖြစ်သူအား တိုက်တွန်းတယ်။ 'ဟဲ့ အကောင်မ၊ နင်အဲဒီလို မပြောနဲ့' လို့ မတ်က ကြိမ်းမောင်းတယ်။ ဒါပေမဲ့ မရီးဖြစ်သူက သုံးကြိမ်တိုင်တိုင် ထပ်ပြောတော့ 'ဘယ်လိုလုပ်ပြီး အခွင့်ရမလဲ' လို့ ပြောတယ်။ ဒီတော့ မရီးက 'ဟိုခံတက်ပင်ကြီးရေဆိပ်က ပဲခွပ်လက်နက်နဲ့ စောင့်နေပါ။ အဲဒီကို ငါလွှတ်လိုက်မယ်' လို့ ပြောပြီး မတ်ဖြစ်သူက အဲဒီသွားပြီး သစ်ပင်ကြားမှာ ပုန်းကွယ်လျက်စောင့်နေတယ်။

http://www.dhammadownload.com



ခင်ပွန်းဖြစ်သူ တောကအလုပ်လုပ်ပြီး အိမ်ပြန်လာတဲ့အခါ အဲဒီ ဇနီးဖြစ်သူက ချစ်မြတ်နိုးတဲ့အနေနဲ့ ခေါင်းကဆံပင်များကို ယုယုယယ နဲ့ ဖြီးပေးနေရင်း 'ခေါင်းက ညစ်ပေလွန်းအားကြီးပါတယ်၊ ဟို ခံတက် ပင်ကြီး ရေဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါဦး' လို့ ပြောပြီးတော့ လွှတ်လိုက်တယ်။ ခင်ပွန်းဖြစ်သူက 'ငါ့ဇနီးဟာ ငါ့အား အင်မတန် ယုယုယယနှင့် ပြုစုပေတယ်' လို့ အောက်မေ့လျက် အဲဒီရေဆိပ်သွားပြီး ခေါင်းငုံ့လျက် ခေါင်းလျှော်ဖို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ သူ့ညီ ဖြစ်သူက သစ်ပင်ကြားမှထွက်လာပြီး ပဲခွပ်နှင့် ခုတ်သတ်လို့ သေဆုံး သွားရှာတယ်။

သေပြီးတော့ သူ့ဇနီးကို တပ်မက်တွယ်တာတဲ့တဏှာကြောင့် အဲဒီအိမ်မှာပဲ (ဓမ္မနီ) ခေါ်တဲ့ ထန်းမြွေဖြစ်တယ်။ (သီဟိုဠ်ဆရာတို့က တော့ လင်းမြွေလို့ ဆိုကြတယ်) အဲဒီမြွေက သူ့ဇနီးအား တပ်မက် တွယ်တာနေတဲ့အတွက် အိမ်အမိုးမှ အဲဒီမိန်းမအပေါ် သူ့ကိုယ်ကို ပစ်ပစ်ချနေသတဲ့။ အဲဒီမိန်းမက သူ့ခင်ပွန်းဟောင်းဖြစ်မှာပဲလို့ ကြံတွေး ပြီးတော့ အဲဒီမြွေကို သတ်စေပြန်တယ်။

မြွေဘဝကသေတော့လည်း အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ ခွေးဖြစ်ရရှာတယ်။ အဲဒီခွေးက ချစ်တဲ့စိတ်ဇောနဲ့ အဲဒီ မိန်းမနောက်ကို တကောက်ကောက်နဲ့ လိုက်နေတယ်။ မခွာရက်ဘူး။ တောထဲသွားလည်း လိုက်လာတာပဲ၊ ဒီတော့ လူတွေက 'ဟေ့ ခွေးမုဆိုး ထွက်ပြီ၊ ဘယ်အရပ်သွားမလဲ မသိဘူး' လို့ ပြောင်လှောင်ပြောဆိုကြ သတဲ့။ ဒါကြောင့် အဲဒီမိန်းမက အဲဒီခွေးကိုလည်း အသတ်ခိုင်းတယ်။

ခွေးဘဝမှသေတော့လည်း အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ နွားဖြစ်ရပြန်တယ်။ အဲဒီနွားကလေးကလည်း အဲဒီမိန်းမ နောက်ကို တကောက်ကောက်နဲ့ လိုက်နေတယ်။ အဲဒီလိုလိုက်နေတာကို မြင်ရတော့ လူတွေက 'ဟေ့ နွားကျောင်းသား ထွက်ပြီ၊ နွားတွေ

http://www.dhammadownload.com



ဘယ်စားကျက်မှာ ကျက်စားကြမလဲ မသိ' လို့ ပြောင်လှောင်ပြောဆိုကြပြန်သတဲ့။ ဒါပေမဲ့ ခင်ပွန်းဟောင်းကတော့ သူ့ဇနီးဟောင်းအပေါ် ချစ်စိတ်က မပြယ်သေးဘူး၊ ဒါကြောင့် အဲဒီနွားဘဝမှ သေရတဲ့အခါ အဲဒီဇနီးဟောင်းရဲ့ဝမ်းထဲမှာပဲ ပဋိသန္ဓေနေပြီး လူဖြစ်လာတယ်။

အဲဒီအခါမှာတော့ ရှေးက လေးဘဝတိုင်တိုင် အဲဒီမိန်းမ၏ ခိုင်းစေချက်ဖြင့် သေခဲ့ရတာတွေကို ပြန်လည်အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရနေတဲ့အတွက် 'ဒီလို ရန်သူမိန်းမ၏ ဝမ်းထဲမှာ ဖြစ်မှဖြစ်ရလေခြင်း' လို့ ဆင်ခြင်ပြီး အလွန်ပင် စိတ်မချမ်းမသာဖြစ်နေတယ်။ ဒါကြောင့် အဲဒီရန်သူမိခင်၏လက်နဲ့တောင် အထိမခံဘူး၊ 'သား သား' ဆိုတဲ့အနေနဲ့ အဲဒီမိခင်က လက်ဖြင့်ထိလျှင် ကိုင်လျှင် ကလေးက အပြင်းအထန် ငိုတော့တာပဲတဲ့။

ဒါကြောင့် အဲဒီသူငယ်ကို အဘိုးက ပြုစုစောင့်ရှောက်ခဲ့ရတယ်။ စကားပြောနိုင်တဲ့အရွယ်ရောက်တော့ သူ့အဘိုးက 'ငါ့မြေး၊ မင့်အမေထိတာ ဘာကြောင့်ငိုတာလဲ' လို့ မေးတယ်။ 'အဲဒီမိန်းမကြီးဟာ ကျွန်တော့အမေ မဟုတ်ဘူး၊ လေးဘဝတိုင်တိုင် ကျွန်တော့ကိုသတ်နေတဲ့ ရန်သူပဲ' လို့ ပြောပြီးတော့ အကြောင်းအလုံးစုံကို အကုန်ပြန်ပြောတယ်။ အဲဒီတော့ အဘိုးက အဲဒီသူငယ်ကို ပွေ့ဖက်လျက် ငိုယိုပြီးတော့ 'လာပါကွယ် ငါ့မြေး၊ ငါတို့မှာ ဒီအရပ်၌နေခြင်းဖြင့် အကျိုးမရှိပါဘူး' လို့ ပြောပြီး အဲဒီသူငယ်ကိုခေါ်ဆောင်လျက် ထွက်သွားတယ်။ ကျောင်းတိုက်တစ်ခုသို့ သွားပြီး ရှင်ရဟန်းပြုကြတယ်။ မြေးအဘိုးနှစ်ယောက်လုံး အဲဒီကျောင်းတိုက်မှာနေလျက် တရားအားထုတ်ပြီး အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကာ ရဟန္တာဖြစ်သွားကြပါသတဲ့။

ဒီဝတ္ထုမှာ ပြောလိုရင်းကတော့ ခင်မင်တွယ်တာမှုတဏှာကြောင့် ခင်မင်တွယ်တာရာမှာ အခါခါဖြစ်ရတယ်ဆိုတာပါပဲ။ အဲဒါဟာ 'ပေါနောဘဝိကာ၊ တဏှာက တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်'

http://www.dhammadownload.com



ဆိုတာကို ထင်ရှားပြတဲ့ ဝတ္ထုတစ်ခုပါပဲ။ ဒါပေမဲ့ အဲဒီမြွေဖြစ်၊ ခွေး ဖြစ်၊ နွားဖြစ်ပြီး သေခြင်းဆိုးနဲ့ချည်း သေလာရတဲ့ပုဂ္ဂိုလ်ဟာ လူဖြစ်တဲ့ နောက်ဆုံးဘဝမှာတော့ ရဟန္တာဖြစ်သွားတဲ့အတွက် ဘဝသစ်ကို ဖြစ်စေ နိုင်တဲ့ တဏှာကင်းသွားပြီ။ ဒါကြောင့် အဲဒီက နောက်မှာ ဘဝသစ် မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားပြီ၊ အဲဒီလို ဆင်းရဲ ခပ်သိမ်း အကုန်ငြိမ်းသွားအောင် သံဝေဂယူပြီး ဝိပဿနာတရားအလုပ် ကို အားထုတ်စရာလည်း ကောင်းပါတယ်။

ပါဠိ အဋ္ဌကထာ စာပေကျမ်းဂန်လာ ဝတ္ထုတွေ ပြောနေရင်တော့ မဆုံးနိုင်ဘူး။ ဒါကြောင့် အဲဒါတွေကို ဒါလောက်နဲ့ရပ်ထားပြီးတော့ ယခုမျက်မှောက်ခေတ် ပစ္စုပ္ပန်ဝတ္ထုများကို ပြောရမယ်။

## ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး

ဘုန်းကြီးဟာ မော်လမြိုင်မြို့ တောင်ဝိုင်းတိုက်ကျောင်းမှာ ၁၂၉၁ ခု နှစ်မှ ၁၃၀၃ ခုနှစ်အထိ နေထိုင်ခဲ့ပါတယ်။ အဲဒီအခါတုန်းက မော်လမြိုင်မြို့ပေါ်မှာ ထင်ရှားတဲ့ ဓမ္မကထိကဆရာတော်ကြီးတစ်ပါး ရှိခဲ့ပါတယ်။ ရှေ့နေဒကာကြီးတစ်ဦး ကွယ်လွန်သွားလို့ ရက်လည်ဆွမ်း ကပ်လှူတဲ့အခါ အဲဒီဆရာတော်ကြီးက ရက်လည်ဆွမ်း အနုမောဒနာ တရားကို ဒီလိုဟောကြားတယ်။

(အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ) မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အဒ္ဓုဝံ၊ မခိုင်မြဲပါတကား။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်ကား။ ဓုဝံ၊ မချွတ်ကေန် မြဲမြံ၏။ အဝဿံ မယာ မရိတဗ္ဗ မေဝ၊ သေရမည်တည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်နေ ခြင်းသည်။ မရဏပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိချေ၏။ (ဇီဝိ တမေဝ အနိယတံ၊ မရဏံ နိယတံ) ဇီဝိတမေဝ၊ အသက်ရှင်နေခြင်း

http://www.dhammadownload.com



သည်သာလျှင်။ အနိယတံ၊ ကိန်းသေမမြဲ။ မရဏံ၊ သေခြင်းသည်ကား။ နိယတံ၊ ကိန်းသေပင်တည်း ဆိုတဲ့ ဒီမရဏာဿတိ ဆင်ခြင်ပုံစကားကို အရင်းခံပြုပြီး ဟောသွားတယ်။ အဲဒီတုန်းက ဘုန်းကြီးလည်း အဲဒီအလှူမှာ ပါလို့ နာကြားလိုက်ရပါတယ်။

အဲဒီကနောက် ၇ ရက်မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အဲဒီဓမ္မကထိကဆရာတော်ကြီး ပျံတော်မူသွားကြောင်း ကြားသိရတယ်။ အဲဒီတော့ ပျံတော်မူတဲ့အခါ သူဟောတဲ့ မရဏာဿတိတရား အမှတ်ရပြီး ပျံတော်မူသွားမှာပဲလို့ ဘုန်းကြီးက စဉ်းစားမိပါတယ်။ ပျံလွန်ခြင်း၏ အကြောင်းကတော့ လူဆိုးများက ဓားနဲ့ထိုးသတ်သွားလို့ဆိုတဲ့အကြောင်း လည်း ကြားသိရပါတယ်။

အဲဒီကနောက် ၃ နှစ်လောက်ကြာတဲ့အခါကျတော့ မြိတ်နယ်က သူငယ်ကလေးတစ်ယောက် ပေါ်လာတယ်။ မော်လမြိုင်မြို့မှာ သူ့ ကျောင်းရှိတယ်။ 'လိုက်ပို့ပါ' လို့ ပူဆာတဲ့အတွက် အဲဒီကလေးရဲ့ မိဘများက လိုက်ပို့ကြတယ်။ အဲဒီပျံလွန်တော်မူသွားတဲ့ ဆရာတော် ကြီးကျောင်းရောက်တော့ သူဟာ အရင်ဘဝက အဲဒီကျောင်းပိုင်ဆရာ တော်ကြီး ဖြစ်ကြောင်းစသည်တွေကို အဲဒီကလေးက ပြောတယ်။ အဲဒီ ကျောင်းဆိုင်ရာ အကြောင်းအရာတွေကို သူက အကုန်လုံးပြောနိုင်တယ်။ ပြောသမျှလည်း အမှန်ချည်းဖြစ်နေတယ်။ အဲဒီအနီးအပါးက ဆရာတော် တွေကိုလည်း သူက အကုန်မှတ်မိနေတယ်။ ဘွဲ့အမည်တွေကိုလည်း ရှေးကခေါ်နေကျအတိုင်း သူက ခေါ်နေသတဲ့။

အဲဒီဆရာတော်ကြီးနဲ့ ရင်းနှီးတဲ့ ကပ္ပိယဒကာတစ်ဦးကို အမည်ထုတ်ဖော်ပြီး မေးကြတဲ့အခါကျတော့ ဒီကလေးက 'ကြောက် စကြောက်စ' လို့ ဆိုသတဲ့။ 'ဘာကြောင့် ကြောက်သလဲ' လို့ မေးတော့ အခြားလူတစ်စုနဲ့ အဲဒီလူက သူ့ကိုဓားနဲ့ထိုးသတ်တဲ့အကြောင်း၊ သူက ထွက်ပြေးလို့ မြစ်ကမ်းနားရောက်တော့ လှေကြီးကိုတွေ့တာနဲ့ အဲဒီလှေ

http://www.dhammadownload.com



ကြီးကိုစီးပြီး လိုက်သွားကြောင်း၊ မြိတ်ပင်လယ်ကမ်းခြေရွာတစ်ခု ရောက်တော့ ယခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်နေကြောင်းများကို အဲဒီကလေးက ပြောပါသတဲ့။

အဲဒီမှာ ကျောင်းမှထွက်ပြေးပုံ၊ ကမ်းနားရောက်တော့ လှေကြီးတွေ့ပုံ၊ အဲဒီလှေကြီးစီးပြီး လိုက်သွားပုံ၊ လက်ရှိသူ့မိဘအိမ် ဝင်နေပုံတွေကတော့ ပျံတော်မူခါနီးတုန်းက ထင်ခဲ့တဲ့ ဂတိနိမိတ်တွေပါပဲ။ ဒီဝတ္ထုပြာလည်း တဏှာက ဘဝသစ်ကို ဖြစ်စေတတ်တယ်ဆိုတာနဲ့ စပ်ပြီး အထူးမှတ်သားသင့်တဲ့ အကြောင်းအရာတစ်ခုပါပဲ။

## ငွေ ၄၀ အတွက် ကျွဲဖြစ်သလား

မုံရွာခရိုင် မြို့တစ်ခု၌ ငွေတိုးပေး ချေးငှားပြီး စီးပွားရေးလုပ်နေတဲ့ လူကြီးတစ်ယောက် ဗြိတိသျှခေတ်တုန်းက ရှိခဲ့တယ်။ အဲဒီလူကြီးက လယ်ယာသမားတစ်ဦးထံမှ အကြွေးတောင်းတယ်၊ လယ်ယာသမားက အကြွေးပေးဆပ်ပြီးကြောင်း ပြောတယ်။ ကြွေးရှင်လူကြီးက 'မဆပ်ရသေးပါဘူး၊ ဆပ်ပါ' လို့ အထပ်ထပ်ပြောပြီး နောက်ဆုံးကျတော့ 'ကြွေးဆပ်ပြီးဖြစ်ပါလျက် ထပ်တောင်းတာဖြစ်လို့ရှိရင် အဲဒီထပ်ပြီးဆပ်တဲ့ ငွေ ၄၀ အတွက် မင့်အိမ်မှာ ငါကျွဲဖြစ်ရပါစေ' လို့ ကျိန်ဆိုပြီး အတင်းတောင်းနေသတဲ့။ ဒီတော့ ဆင်းရဲသား လယ်ယာသမားက သိလျက်သားနဲ့ ငွေ ၄၀ ထပ်ပြီး ပေးဆပ်လိုက်ရတယ်။

အဲဒီကြွေးရှင်လူကြီး သေဆုံးသွားပြီးတဲ့နောက် အဲဒီကြွေး ၂ ခါ ဆပ်ရတဲ့ လယ်ယာသမားအိမ်မှာ ကျွဲကလေးတစ်ကောင် မွေးလာတယ်။ အဲဒီကျွဲကလေးကို သူ့ဆရာကြွေးရှင်လူကြီးက ဖြစ်လာတယ်လို့ ထင်မြင်ယူဆပြီး အဲဒီလယ်ယာသမား ဆင်းရဲသားက သူ့ဆရာကို ရှေးကခေါ်နေကျအတိုင်း အဲဒီကျွဲကလေးကို 'ဆရာ ဆရာ လာပါ'လို့ ခေါ်ကြည့်တယ်။ အဲဒီလို ခေါ်လိုက်တော့ အဲဒီကျွဲကလေးက လာသတဲ့။

http://www.dhammadownload.com



ဒီတော့ အဲဒီလယ်ယာသမားက 'သူ့ကြွေးရှင်လူကြီးဟာ သူ့ကျိန်စာအရ မိမိအိမ်မှာ ကျွဲလာဖြစ်တယ်' ဆိုတာ ယုံကြည်ပြီး ပြောတယ်။ အဲဒီအခါ ကွယ်လွန်သွားတဲ့ပစ္စည်းရှင် လူကြီး၏သမီးက ဂုဏ်သရေ ပျက်အောင် ပြောတယ်ဆိုပြီး ရုံးမှာတရားစွဲသတဲ့။

အဲဒီတော့ တရားသူကြီးက ကျွဲကလေးနှင့်တကွ တရားလို၊ တရားခံ သက်သေများပါ အစုံခေါ်ယူပြီး စစ်ဆေးတယ်။ လယ်ယာသမားက အကြွေးရှင်လူကြီးကို 'ဆရာ' လို့ ခေါ်လေ့ရှိတဲ့အတိုင်း ကျွဲကလေးကို 'ဆရာ လာပါ' လို့ ခေါ်လိုက်တော့ ကျွဲကလေးက အဲဒီလူဆီ ကို လာသတဲ့။ အကြွေးရှင် လူကြီးရဲ့သမီးက သူ့အဖေကို 'ရှိရှိ' လို့ ခေါ်နေကျအတိုင်း အဲဒီကျွဲကလေးကို 'ရှိရှိ လာပါ' လို့ ခေါ်လိုက်တဲ့အခါလည်း အဲဒီခေါ်တဲ့အမျိုးသမီးဆီကို လာသတဲ့။ ဒီတော့ တရားသူကြီးက 'လယ်ယာသမားပြောတာဟာ ရိုးသားစွာပြောတာပဲ' လို့ အယုံအကြည်ရှိပြီး အမှုကိုရုပ်သိမ်းလိုက်ပါသတဲ့။

ဒီဝတ္ထုလည်း လူ့ဘဝမှ ကျွဲဖြစ်သွားရတယ်ဆိုတာ ယုံကြည်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့် တဏှာက ဘဝသစ်ဖြစ်စေတယ် ဆိုတာကို ထင်ရှားစေသည့်ပြင် မှားယွင်းစွာ ကျန်ဆိုမိရင် ကျိန်ဆိုတဲ့အတိုင်း ဒုက္ခရောက်ရတတ်တယ်ဆိုတာကိုလည်း သတိပြုစရာပါပဲ။

## ညီုရဲ့ ဆန်တစ်စလယ်

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်ဝေးတဲ့အရပ်မှာ ချောင်းရိုးရွာဆိုတာ ရှိတယ်။ အိမ်ခြေ ၄၀၀ ခန့် ရှိတယ်။ အဲဒီရွာမှာ ညီုနဲ့ ဘဆိုင်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းပြီး ရောင်းတဲ့အလုပ်ကို လုပ်ကြတယ်။ တစ်နေ့တော့ ကွမ်းရောင်းရာမှ ပြန်လာတဲ့အခါ ဘဆိုင်မှာ ဆန်ကုန်သွားလို့ ညီုထံမှာ ဆန်တစ်စလယ်

http://www.dhammadownload.com



ချေးပြီး ချက်စားရတယ်။ အဲဒီလိုစားပြီးနောက် ညဥ့်အခါ လရောင်ဖြင့် ပြန်လာကြရာ လမ်းမှာပိုးထိလို့ ဘဆိုင်ဟာ သေသွားရှာတယ်။ အဲဒီ အခါတုန်းက သူတို့၏အသက်ဟာ ၂၀ ကျော်လောက် ရှိဟန်တူပါ တယ်။ ခုနှစ်ကတော့ ၁၂၇၀ နဲ့ ၁၂၈၀ အတွင်း ဖြစ်ပါလိမ့်မယ်။

ဘဆိုင်ဟာ သေပြီးတော့ ညီဖြိအိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန် တစ်စလယ်အကြွေးကိုစွဲလမ်းပြီး သေသွားဟန်တူပါတယ်။ အဲဒီကြက် က တိုက်ကြက်ကလေးမို့ ညီဖြိုက အခြားလူများရဲ့ ကြက်များနှင့် ကြက်တိုက်ပွဲလုပ်တယ်။ ၃ ပွဲ ၃ ကြိမ်တိုင်အောင် အနိုင်ရတယ်။ ၄ ကြိမ်မြောက်ပွဲကျတော့ အသက်လည်းရင့်၊ အားအင်လည်း ကြီးတာနဲ့ ညီဖြိုကြက်က ရှုံးတယ်။ အဲဒီတော့ ညီဖြိုက ရှုံးရမလားဆိုပြီး စိတ်ဆိုး တာနဲ့ သူ့ကြက်ကို ခြေနှစ်ချောင်းကိုင်ပြီး မြေကြီးနဲ့ရိုက်လိုက်တယ်။ မသေမရှင်နဲ့ အိမ်သို့ယူလာခဲ့ပြီး ရေအိုးစင်နား ပစ်ချထားတယ်။ အဲဒီ အချိန်မှာ ညီဖြိုရဲ့နွားမကြီးက အဲဒီကြက်ကလေးကို နမ်းသွားသတဲ့။

အဲဒီကြက်ကလေးက သေပြီးတော့ အဲဒီနွားမကြီး ဝမ်းထဲမှာ ပဋိသန္ဓေနေရတယ်။ မွေးလာတဲ့အခါ နွားမကလေး ဖြစ်နေသတဲ့။ အဲဒီနွားမကလေး အတော်အတန်ကြီးလာတဲ့အခါ ညီဖြိုရဲ့မိတ်ဆွေများက အဲဒီနွားမကလေးကို တန်ဖိုး ၄ ကျပ်ထားပြီး ညီဖြိုပါ သတ်စားကြ သတဲ့။ အဲဒီလိုသတ်ပြီး အမဲသားတွေကို လှီးဖျက်နေတုန်း တောင်တွင်း ကြီးမှ စာရေးကြီးနဲ့ စာရေးကတော်ကြီးက အဲဒီနေရာကို ရောက်လာ ကြတယ်။ စာရေးကတော်က နွားမကလေးအား သနားကရုဏာသက် ပြီးတော့ 'ငါ့နွားသာဆိုရင် မသတ်ရက်ပါဘူး၊ သူ့အလိုလို သေသွား တောင် မစားရက်ပါဘူး၊ မြေကြီးထဲ မြှုပ်လိုက်မှာပဲ' လို့ ပြောသတဲ့။

အဲဒီကနောက် စာရေးကြီးကတော်မှာ သားယောကျ်ားကလေး ဖွားမြင်လာတယ်။ အဲဒီကလေး အသက် ၇ နှစ်ရှိသည့်တိုင်အောင်

http://www.dhammadownload.com



စကား မပြောဘူးတဲ့။ ဒီတော့ ဖခင်စာရေးကြီးက 'ငါ့သား စကားပြော ကွာ၊ ဒီကနေ့ လခထုတ်ရမယ်၊ ငါ့သားအတွက် အဝတ်အစားကောင်း ကောင်း ဝယ်ခဲ့မယ်' လို့ ပြောပြီးတော့ ညနေပြန်လာတဲ့အခါ 'ဟောဒီ အဝတ် လှလှကလေးတွေဟာ ငါ့သားဖို့ပဲ၊ ကဲ စကားပြောပေတော့' လို့ ပြောတဲ့အခါ အဲဒီကလေးက 'ညို့ဆန် တစ်စလယ်' လို့ ပြောသတဲ့။

အတိုချုံးပြောရမှာပဲ၊ အဲဒီကနောက် ဖခင်စာရေးကြီးက 'ငါ့သား စကားသာပြောပါ၊ ဆန်တစ်စလယ် မကဘူး၊ ဆန်တစ်အိတ်တောင် ကြွေးဆပ်ပေးမယ်' လို့ ပြောတော့ အဲဒီကလေးက 'ဒီလိုဆိုရင် ဆန်အိတ် ကို လှည်းပေါ်တင်ပါ၊ ယခုပဲသွားပြီး ကြွေးဆပ်ရအောင်' လို့ ပြော သတဲ့။ ဒါနဲ့ ဆန်တစ်အိတ်ကို လှည်းပေါ်တင်ပြီးတော့ ဘယ်ကိုမောင်းရ မလဲလို့ မေးတဲ့အခါ တောင်တွင်းကြီးမြို့မှ မြောက်ဘက်မောင်းဖို့ ကလေးက ပြောတယ်။ နောက်လည်း ကလေးပြောတဲ့လမ်းအတိုင်း လှည်းကို မောင်းသွားကြရာ ချောင်းရိုးရွာရောက်တော့ 'အဲဒီရွာပဲ၊ ရွာထဲဝင်ပါ၊ ဒီလမ်းကိုမောင်းပါ' စသည်ဖြင့် ကလေးက ညွှန်ပြတယ်။ နောက်ဆုံး ညိုအိမ်ရောက်တဲ့အခါ 'ဟော ရောက်ပြီ၊ အဲဒီအိမ်ပဲ' လို့ ကလေးက ပြောတယ်။ 'ဒါ ဦးညိုအိမ် ဟုတ်ပါရဲ့လား' လို့ လူ ကြီးတွေက မေးတော့ ဦးညိုက 'ဟုတ်ပါတယ်' ဆိုပြီး အိမ်ပေါ်မှ ဆင်းလာတယ်။ အနားရောက်တော့ ကလေးက 'ဟေ့ ညို ငါ့မှတ်မိ သေးရဲ့လား' လို့ မေးလိုက်တယ်။ အဲဒါကိုကြားရတော့ 'သူ့အဖေ လောက်ရှိတဲ့ ငါ့ကို ညိုလို့ ခေါ်ရမလား' ဆိုပြီး ဦးညိုက စိတ်ဆိုး လိုက်တာတဲ့။ ဒါနဲ့ စာရေးကြီးက 'ဦးညိုရေ၊ စိတ်မဆိုးပါနဲ့ဗျာ၊ ဒီ ကလေးက ထူးခြားတဲ့အကြောင်းရှိပါတယ်' လို့ ပြောပြီး တောင်းပန်ရ တယ်။

အိမ်ပေါ်ရောက်တဲ့အခါကျတော့ ကလေးက 'ဟေ့ ညို၊ မင်း ငါ့ကိုမမှတ်မိတော့ဘူးလားကွ၊ ဟိုတုန်းက မင်းနဲ့ငါ ကွမ်းထမ်းပြီး

http://www.dhammadownload.com



ရောင်းကြတယ်၊ ငါက မင်းဆီက ဆန်တစ်စလယ် ချေးဖူးတယ်၊ အဲဒီအကြွေး မဆပ်ရသေးခင် ပိုးထိလို့ ငါသေခဲ့ရတယ်။ မင်းအိမ်မှာ ကြက်ဖြစ်ရတယ်၊ တိုက်ပွဲမှာ ၃ ကြိမ်တိုင်တိုင် ငါက အနိုင်ရအောင် ခွပ်ပေးခဲ့တယ်။ ၄ ကြိမ်မြောက်ကျတော့ ဟိုကြက်ကြီးက ငါ့ထက် အားကြီးလို့ ငါရှုံးရတယ်၊ မင်းက ငါ့ကိုရှုံးရမလားလို့ စိတ်ဆိုးပြီး ရိုက်သတ်တယ်၊ မသေမရှင်နဲ့ ပစ်ချထားရာမှာ နွားမကြီးကလာပြီး ငါ့ကိုနမ်းတယ်၊ အဲဒီနွားမကြီးဝမ်းထဲမှာဖြစ်ရပြီး မွေးလာတော့ နွားမ ကလေး ဖြစ်ရတယ်။ နွားမတန်းအရွယ်လောက်မှာ မင်းတို့က ငါ့ကို သတ်စားကြတယ်။ အဲဒီအခါတုန်းက ဟောဒီစာရေးကြီး အဖေနဲ့အမေ တို့က အနီးအပါးရောက်လာပြီး သနားသက်ညှာတဲ့စကားကို ပြောသွား တယ်။ အဲဒီနွားမဘဝကသေတော့ ဟောဒီအဖေ အမေတို့၏သား ဖြစ်နေရတယ်။ ယခု ဆန်တစ်စလယ် အကြွေးဆပ်ဖို့ လာတယ်' စသည်ဖြင့် ပြောတယ်။ ပြောသမျှတွေကလည်း အကုန်လုံးအမှန်ချည်း ဖြစ်နေတယ်။

ဒါကြောင့် ဦးညိုမှာ သူပြုမိတာတွေကို စဉ်းစားပြီးတော့ အင်မတန် ဝမ်းနည်းတဲ့အတွက် ငိုကြွေးရှာပါသတဲ့။ (ဒီအကြောင်းအရာ တွေကို ဦးညိုကိုယ်တိုင်ပင် ရေစကြိုမြို့နယ်က ဦးဘသွင်အား ၁၃၁၃ ခုလောက်က ပြောကြားလိုက်ကြောင်း သိရသည်။ သို့ရာတွင် ပထမ အကြိမ်ရိုက်၌ အရှေ့မြောက်၊ ချောင်းဆုံရွာ၊ ကံကြီးဟု ရှိသည်တို့ကို တောင်တွင်းကြီးမြို့မှ ဦးဗသိန်း၏ စုံစမ်းတွေ့ရှိချက်အရအားဖြင့် ဒုတိယ အကြိမ်ရိုက်၌ အနောက်မြောက် ချောင်းရိုးရွာ ဘဆိုင်ဟု ပြင်လိုက်ပါ သည်။)

ဒီဝတ္ထု သိစေလိုရင်းမှာ တဏှာမကင်းသေးရင် တစ်ဖန်ဘဝသစ် အမျိုးမျိုး ဖြစ်ရတယ်ဆိုတာ သိစေလိုရင်းပါပဲ။

http://www.dhammadownload.com



## သရဲဖြစ်ရ နွားဖြစ်ရတာ ကြောက်စရာ

၁၃၀၁ ခုနှစ်လောက်က မန္တလေးမြို့ ဘုရားကြီးတိုက်မှာ စာသင်သား ရဟန်းတော်တစ်ပါး ရှိခဲ့တယ်။ သူ့ဘွဲ့တော်က ဦးအာစိဏ္ဏ တဲ့။ ရုပ်ရည်ထွားကျိုင်းဖြူစင်တယ်၊ သဒ္ဒါတရား ကောင်းတယ်၊ ပိဋကတ်စာပေကို ကြိုးကြိုးစားစား ကျက်မှတ်တယ်။ အဲဒီ ဦးအာစိဏ္ဏက တစ်နေ့သောအခါ သပိတ်ဆေးနေရင်း 'အရှင်ဘုရားတို့ သတိပြုကြပါ၊ သူများတွေ လှူတဲ့ဆွမ်းတွေကိုစားပြီး ကောင်းကောင်းကျင့်သုံးနေထိုင်ကြပါ၊ တပည့်တော်ကတော့ သုံးဘဝတိုင်တိုင် ကိုယ်တွေ့ဖြစ်ခဲ့လို့ အထူးသတိပြုနေပါတယ်' စသည်ဖြင့် အတူနေရဟန်းများအား ပြောကြားတယ်။

အဲဒီလိုပြောပြီးတဲ့နောက် သူ့အကြောင်း သိချင်တာနဲ့ ကိုယ်တော်တစ်ပါးက မေးကြည့်တယ်။ အဲဒီအခါ သူက ဒီလိုပြောပါတယ်။ 'သူဟာ လူ့ဘဝမှ သေတဲ့အခါ သရဲမကြီး ဖြစ်ခဲ့ရတယ်။ အဲဒီတုန်းက စားစရာလည်း မပြည့်စုံ၊ နေစရာလည်း ကောင်းကောင်းမရှိတဲ့အတွက် ဟိုသွားရ ဒီသွားရနဲ့ အင်မတန် ဆင်းရဲခဲ့တယ်။ အဲဒီဘဝမှ သေတော့ နွားထီးကြီးဖြစ်ရတယ်။ အဲဒီဘဝမှာ ဝန်အတူရုန်းဖော်ဖြစ်တဲ့ အခြားနွားတစ်ကောင်နဲ့ စားကျင်းတစ်ခုတည်းမှာ အတူတူစားရတယ်။ အဲဒီအတူစားနေရတဲ့ နွားရဲ့နှာခေါင်းမှ နှာရည်ပုပ်တွေ မခံနိုင်အောင် ထွက်နေတဲ့အတွက် အဲဒီနွားကို ဝှေ့တယ်။ အဲဒီလိုဝှေ့တော့ ပိုင်ရှင်လူက ရိုက်တယ်။ 'ကျယ်တယ်၊ အနိုင်ကျင့်တယ်' ထင်လို့ ရိုက်တာဖြစ်ပါလိမ့်မယ်။ ခဏခဏဝှေ့တယ်၊ ဝှေ့တိုင်း ဝှေ့တိုင်း အရိုက်ခံရတယ်။ အဲဒီနွားဘဝမှ သေတော့ ယခုဘဝ ရောက်လာတယ်။ ဒါကြောင့် သံဝေဂရပြီး ရဟန်းပြုလာတဲ့အကြောင်း ပြောကြားတယ်။ (အဲဒီလိုပြောကြားစဉ်က အဲဒီပြောတဲ့ရဟန်းမှာ ၉ ဝါ၊ ၁၀ ဝါခန့် ရနေပြီဖြစ်ကြောင်း သိရသည်။)

http://www.dhammadownload.com



ဒီဝတ္ထုဖြင့် သိစေလိုရင်းကလည်း တဏှာရှိနေလို့ ဘဝသစ်ဖြစ်ရတယ်ဆိုတာပါပဲ။ နောက်ပြီးတော့ သရဲ တစ္ဆေဖြစ်ရတာလည်း ကြောက်စရာကောင်းကြောင်း နွားတွေမှာ စကားမပြောတတ်တဲ့အတွက် သူတို့၏အခက်အခဲများကို လူတို့အား မသိစေနိုင်သဖြင့် လူတို့၏အနှိပ်အစက်ခံနေတာလည်း ကြောက်စရာကောင်းကြောင်းများလည်း သံဝေဂယူဖွယ်ဖြစ်ပါတယ်။

## နွား ခွေးဖြစ်ပြီးမှ လူပြန်ဖြစ်

၁၃၁၀ ခုနှစ်လောက်ဆီက မုံရွာမြို့နယ် ကျေးရွာဘုန်းကြီးကျောင်းတစ်ခုမှ ဘုန်းကြီးကို သူပုန်ဗိုလ်တစ်ယောက်က 'သူ့တပည့်ရဲဘော်အားနှိပ်စက်တယ်' ဆိုပြီး သေနတ်ဖြင့် ပစ်သတ်တယ်။ အဲဒီကိုယ်တော်ဟာ ယခုတစ်ဖန် လူ့ဘဝရောက်လာပြီး ရဟန်းဖြစ်နေတယ်။ ပထမပြန်စာမေးပွဲမှာတောင် အချို့အဆင့်အတန်းများ အောင်မြင်နေပြီလို့ ကြားသိရတယ်။ အဲဒီရဟန်းက 'သေနတ်ဖြင့် အပစ်ခံရပြီး သေတဲ့အခါ နွားဘဝ၌ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် ခွေးဘဝ၌ ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် လူဘဝ ပြန်ရောက်လာခဲ့ကြောင်း' ပြောပါသတဲ့။ နောက်ပြီးတော့ အဲဒီရဟန်းဟာ သေနတ်လက်ကိုင်သူများကို အလွန်ကြောက်တတ်တယ်လို့လည်း ဆိုပါတယ်။

ဒီဝတ္ထုမှာ 'ရဟန်းအဖြစ်မှ နွားဖြစ်ရတယ်၊ ခွေးဖြစ်ရတယ်' ဆိုတော့ အင်မတန် ယုတ်ညံ့တယ်လို့ ထင်စရာရှိပါတယ်။ တဏှာမကင်းသေးရင် ဒါထက်ယုတ်ညံ့တဲ့ဘဝတွေလည်း ဖြစ်နိုင်သေးတာပဲ။ ဘုရားလက်ထက်တော်တုန်းက 'အရှင်တိဿဆိုတဲ့ရဟန်းဟာ သန်းတောင် ဖြစ်သေးတာပဲ။ ဒါကြောင့် တဏှာမကင်းသေးတဲ့သူတိုင်း (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလည်း မကင်းသေးရင်) ဒီလိုဘဝမျိုးတွေမှာ ဖြစ်နိုင်သေးတယ်ဆိုတာကို သိပြီးတော့ တဏှာကင်းအောင် အားထုတ်ဖို့

http://www.dhammadownload.com



အရေးကြီးပါတယ်။ အောက်ထစ်ဆုံးအားဖြင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းအောင် အားထုတ်ဖို့လိုပါတယ်။

## တောက်တဲ့တောင် ဖြစ်ရသေးသတဲ့

၁၃၂၃ ခုနှစ်လောက်က ဒိုက်ဦးမြို့အနီး ဖအောင်ဝဲဆိုတဲ့ရွာမှာ ထူးဆန်းတဲ့ ကလေးတစ်ယောက် ပေါ်လာတယ်။ အဲဒီကလေးက သူဟာ ဒိုက်ဦးတောင်ဘက် ၂ မိုင်လောက်ဝေးတဲ့ ရွာဝိုင်းကြီးက ဘုန်းကြီး ဖြစ်ကြောင်း ပြောပါသတဲ့။ စာကျက်မှတ်ဉာဏ်လည်း အထူးကောင်းသတဲ့။ သူနေခဲ့တယ်ဆိုတဲ့ကျောင်းကို ခေါ်သွားတဲ့အခါ အဲဒီကျောင်းက ပစ္စည်းတွေကို သူက အကုန်လုံးသိနေတယ်။ ဒါက ဘယ်သူက လှူတဲ့ ပစ္စည်းစသည်ဖြင့် လှူတဲ့သူတွေကိုလည်း ပြောတယ်။ ပြောတဲ့သူတိုင်းလည်း မှန်သတဲ့။ သူဟာ အဲဒီဘုန်းကြီးဘဝမှ ပျံလွန်တော်မူတဲ့အခါ အဲဒီကျောင်းမှာပဲ တောက်တဲ့ဘဝ၌ ဖြစ်ခဲ့ရသတဲ့။ အဲဒီတောက်တဲ့ဟာ ကျောင်းနဲ့ထန်းပင်အကူးမှာ လွတ်ကျပြီး ပေါင်ကျိုးသွားတဲ့ ဒဏ်ရာကြောင့် သေခဲ့ရသတဲ့။ သေတဲ့အခါ အဲဒီကျောင်းနားမှာ လယ်လုပ်နေတဲ့ ဖအောင်ဝဲရွာ (ဖောင်ထဲရွာ) က လယ်သမား (ယခု သူ့အဖေ) ရဲ့ လှည်းပေါ်မှာ စီးလိုက်သွားပြီး အဲဒီလယ်သမားအိမ်မှာပဲ ဝင်နေတယ်လို့လည်း ပြောပါသတဲ့။ အဲဒီမှာ လှည်းပေါ်စီးလိုက်သွားတယ်ဆိုတာ စသည်ကတော့ ဂတိနိမိတ် ထင်ခဲ့ပုံတွေပါပဲ။

ဒီဝတ္ထုလည်း တဏှာမကင်းသေးရင် ဒီလိုဘဝသစ်တွေလည်း ဖြစ်နိုင်တယ်ဆိုတာ သံဝေဂယူပြီး အဲဒီတဏှာကင်းရေးအတွက် မဂ္ဂင်ရှစ်ပါးတရားကို ပွားစေကြဖို့ပါပဲ။ ယခုလို ပစ္စုပ္ပန်ဝတ္ထုတွေကို ထုတ်ဖော်ပြရတာဟာ ဘာကြောင့်လဲဆိုရင် ယခုနေအခါမှာ တချို့က နောင်တမလွန်ဘဝမရှိဘူးလို့ ပြောနေကြတယ်၊ တချို့ကလည်း ရှိမရှိ ဇဝေဇဝါ ဖြစ်နေကြတယ်။ စာပေကျမ်းဂန်တွေ အထင်အရှားရှိနေပေမယ့် တချို့က

http://www.dhammadownload.com



ရှေးက ရေးထားတာတွေပဲဆိုပြီး လေးလေးနက်နက် မယုံကြည်နိုင်ဘဲ ရှိနေကြတယ်။ ဒါကြောင့် ကံ ကံ၏အကျိုးနဲ့ တမလွန်ဘဝကို ယုံကြည်တဲ့ သဒ္ဓါတရား ဖြစ်ပွားပြီး ခိုင်မြဲကြစေရန်အတွက် ရည်မျှော်ပြီး ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ပြစရာအလားတူ ဝတ္ထုတွေကတော့ အများကြီး ရှိပါသေးတယ်။ ဒါပေမဲ့ ဒီလောက်ဆိုရင် ရည်ရွယ်ချက်အတွက် ပြည့်စုံလောက်ပါပြီ။

http://www.dhammadownload.com

# အညာမခံရစေနှင့်

သာယာဖွယ်အာရုံတွေဆီကို နှစ်သက်သာယာပြီး စီးဆင်းသွားတတ်တဲ့ တဏှာကို မစီးဆင်းစေရ၊ မဖြစ်စေရဘူး။ စီးဆင်းခွင့် ဖြစ်ခွင့်မရအောင် ပေါ်လာသမျှအာရုံတွေကို မပြတ်ရှုမှတ်နေရမယ်။ အမှန်ကတော့ မပြတ်ရှုမှတ်နေရမယ်ဆိုရင် မြင်ရာကလည်း ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဆိုတာ သိရတယ်။ ကြားရာ၊ နံရာ၊ စားရာ၊ သိရာ၊ တွေ့ထိရာ၊ ကြံသိရာတွေကလည်း ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဆိုတာ သိရတယ်။ ဒါကြောင့် ဘယ်မှာမှ သာယာစရာ မရှိဘူး။ မရှုနိုင် မမှတ်နိုင် မသိနိုင်ကြလို့သာ ဒီအာရုံခြောက်ပါးတွေကို သာယာဖွယ်လို့ ထင်နေကြတာပဲ။ သာယာဖွယ် ထင်မှတော့ အဲဒီအာရုံတွေနောက် လိုက်ပြီးတော့ ကြောင့်ကြစိုက်ပြီး ဒုက္ခရောက်ကုန်ကြတော့တာပဲ။

## ၇ နှစ် ၇ လ ကိုယ်ဝန်ဆောင်ရတယ်

မြတ်စွာဘုရားလက်ထက်တော်အခါတုန်းက ကောလိယမင်းမျိုးထဲက သုပ္ပဝါသာဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်။ အဲဒီသုပ္ပဝါသာမှာ ရှေးအကုသိုလ်ကံက အကျိုးပေးပြီး ဝင်္ခလိုက်လာလို့ ကိုယ်ဝန်ပဋိသန္ဓေကို လွယ်ရတာဟာ သူများလို ကိုးလ ဆယ်လ မဟုတ်ဘဲ ၇ နှစ် ၇ လတောင် ကြာသတဲ့။ နောက် မီးဖွားတဲ့အခါကျတော့လည်း ၇ ရက်ပတ်လုံး ဒုက္ခကြီးစွာ ခံစားရပြီးတော့ ဖွားရသတဲ့။ ဖွားမြင်လာတဲ့ သားကလေးကတော့ သာမညပုဂ္ဂိုလ်မဟုတ်ပါဘူး။ အရှင်သီဝလိ လို့ ထင်ရှားမည့် အလောင်းအလျာကလေး ဖြစ်ပါတယ်။

http://www.dhammadownload.com



သူတို့ သားအမိနှစ်ဦးဟာ ရှေးဘဝတစ်ခုတုန်းက ဗာရာဏသီမင်း၏ မိဖုရားကြီးနဲ့ သားတော်ဖြစ်ခဲ့ဖူးကြပါတယ်။ အဲဒီတုန်းက ကောသလမင်းက ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူတယ်၊ ဗာရာဏသီမင်းကို ကွပ်မျက်သတ်ပစ်တယ်၊ မိဖုရားကြီးကိုတော့ မိဖုရားကြီးအဖြစ်နဲ့ပဲ သိမ်းပိုက်ထားတယ်။ မင်းသားကလေးကတော့ ထွက်ပြေးတိမ်းရှောင်နေရင်း စစ်သည်အင်အားစုပြီး ခမည်းတော်၏ အမွေဖြစ်တဲ့ ဗာရာဏသီပြည်ကို ပြန်လည်သိမ်းပိုက်ရန် ချီတက်လာတယ်။ မယ်တော်က အကြံဉာဏ်ပေးတဲ့အတိုင်း မြို့ကိုဝန်းရံပိတ်ဆို့ပြီးတော့ ကောသလမင်းကို အညံ့ခံမလား၊ သို့မဟုတ် စစ်တိုက်မလားလို့ ရာဇသံပေးလိုက်တယ်။ ဒါပေမဲ့ မင်းက အရှုံးလည်းမပေးဘူး၊ ထွက်ပြီးတော့လည်း စစ်မတိုက်ဘူး၊ မြို့သူမြို့သားတွေမှာလည်း လိုတဲ့ပစ္စည်းတွေကို လစ်လပ်နေတဲ့ တံခါးငယ်များမှ သယ်ယူခွင့်ရနေတဲ့အတွက် နေသာထိုင်သာ ရှိနေကြတယ်။ အဲဒါဟာ ၇ နှစ် ၇ လတောင် ကြာသွားသတဲ့။

ဒီအခါမှာ မယ်တော်၏ နောက်ထပ်ညွှန်ကြားချက်အရဖြင့် တံခါးငယ်ကလေးတွေပါ တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားလိုက်တယ်။ အဲဒီလို မြို့ကိုပိတ်ထားလို့ ၇ ရက် ကြာတော့ တိုင်းသူပြည်သားတွေက မခံမရပ်နိုင်တာနဲ့ ကောသလမင်းကို သတ်ပြီး အဲဒီမင်းသားကို မင်းမြှောက်ကြတယ်။ အဲဒီလို မြို့ကိုပိတ်ဆို့တဲ့ အကုသိုလ်ကြောင့် အရှင်သီဝလိအလောင်းဟာ အဝီစိငရဲမှာ ကျရောက်ပြီးတော့ (မြေကြီး တစ်ယူဇနာလောက် တက်လာသည့်တိုင်အောင်) နှစ်ပေါင်းမရေတွက်နိုင်အောင် ကြာမြင့်စွာ ဒုက္ခခံခဲ့ရတယ်။ ယခု နောက်ဆုံးဘဝမှာလည်း ၇ နှစ် ၇ လတိုင်အောင် ပဋိသန္ဓေနေရတယ်။ ၇ ရက်တိုင်တိုင် ကျပ်တည်းစွာ ပိတ်ဆို့ခဲ့တဲ့အကုသိုလ်ကံကြောင့် ဖွားတဲ့အခါ ၇ ရက်ပတ်လုံး ဒုက္ခကြီးစွာ ခံရပါတယ်တဲ့။ အကုသိုလ်ဟာ အင်မတန်ကြောက်စရာကောင်းပါတယ်။

http://www.dhammadownload.com



အဲဒီလို ဖွားမြင်ပြီးနောက် ဝိဇာယနမင်္ဂလာ အထိမ်းအမှတ်နဲ့ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းကျွေးပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာမထေရ်က သီဝလိသူငယ်ကလေးကို အနီးအပါး ခေါ်ပြီး စကားပြောပါတယ်။ ဒီကလေးကလည်း မွေးခါစဆိုပေမယ့် သူ့အသက်က ၇ နှစ်တောင် ရှိနေပြီ။ ဒါကြောင့် သူများပြောတာကို လည်း သူက နားလည်တယ်၊ ပြောလည်း ပြောတတ်တယ်။ သွားလည်း သွားနိုင်တယ်။ အရှင်သာရိပုတ္တရာ ပြောပုံကတော့ 'ဘယ့်နှယ်လဲကွဲ့ လူကလေး၊ မင့်မှာ အမိဝမ်းထဲ ပဋိသန္ဓေနေရတာဟာ မဆင်းရဲဘူးလား၊ ကြောက်စရာ မကောင်းဘူးလား' လို့ သူနဲ့ထိုက်တန်တဲ့အကြောင်းအရာ ကိုပဲ မေးပါတယ်။ ဒီတော့ သူငယ်က 'ဆင်းရဲပါတယ်ဘုရား၊ အင် မတန်ကို ကြောက်စရာကောင်းပါတယ်' လို့ ပြန်လျှောက်သတဲ့။ အဲဒါကို ကြားရတော့ မိခင်ဖြစ်တဲ့သူရဲ့စိတ်ထဲမှာ အလွန်သဘောကျပြီး အားရ ကျေနပ်တယ်။ 'အင်း ငါ့သားဟာ အင်မတန်ထူးတဲ့ သားရတာပဲ၊ ကြည့်စမ်း အရှင်သာရိပုတ္တရာကိုယ်တော်ကြီးနဲ့တောင် တရားစကား ပြောနိုင်တယ်၊ ဖြေနိုင်တယ်၊ ပုဂ္ဂိုလ်ထူးကလေးပဲ' လို့ ဒီလိုစဉ်းစားပြီး အားရကျေနပ်နေသတဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက 'ချစ်သမီး သုပ္ပဝါသာ၊ ဒီလိုသားမျိုးများ နောက်ထပ်ရမယ်ဆိုရင် လိုချင်ပါသေး သလား' လို့ မေးတော်မူပါတယ်။ ဒီတော့ သုပ္ပဝါသာက 'မှန်လှပါ ဘုရား၊ ဒီလိုသားမျိုးကို ရဦးမယ်ဆိုရင် ခုနစ်ယောက်လောက်တောင် လိုချင်ပါသေးတယ်ဘုရား' လို့ ပြန်ပြီးလျှောက်သတဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီတရားဂါထာကို ဥဒါန်းကျူးတော်ပါတယ်။

အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။
ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တ မတိဝတ္တတိ။

အဿတံ၊ သာယာဖွယ်မဟုတ်သော အရာဝတ္ထုသည်။ သာတ

http://www.dhammadownload.com



ရှုပေန၊ သာယာဖွယ်အရောင် ဟန်ဆောင်သဖြင့်။ ပမတ္တံ၊ မေ့လျော့နေသော ပုဂ္ဂိုလ်ကို။ အတိဝတ္တတိ၊ လွှမ်းမိုးနှိပ်စက်လေတော့၏။

## သာယာဖွယ်ယောင် ဟန်ဆောင်ပြီး နှိပ်စက်တယ်

ဒီနေရာမှာ မေ့လျော့တယ်ဆိုတာ ဘာကိုမှ မသိဘဲ ဖြစ်နေတာမျိုးကို ဆိုတာမဟုတ်ပါဘူး။ ယခု ယောဂီတွေ မှတ်သိနေတဲ့ သတိသမ္ပဇဉ်မျိုး မရှိဘဲ ကင်းနေတာ၊ မြော်မြင်ဆင်ခြင်မှု သတိသမ္ပဇဉ်မရှိဘဲ ကင်းနေတာကိုပဲ မေ့လျော့နေတယ်လို့ ဆိုလိုပါတယ်။ အဲဒီလို မေ့လျော့နေတဲ့သူကို ဘာမှသာယာဖွယ်မဟုတ်တာကလေးတွေက သာယာဖွယ်လိုလို ဘာလိုလိုနဲ့ ဟန်ဆောင်ပြီးတော့ လွှမ်းမိုးနှိပ်စက်တတ်တယ်တဲ့။ ရိုးရိုးသားသားနဲ့ အမှတ်တမဲ့နေတဲ့သူကို လူလိမ်က လူရိုးလူကောင်း ဟန်ဆောင်ပြီး လိမ်သွားသလိုပဲ၊ သာယာဖွယ်မဟုတ်တာကလေးတွေက သာယာဖွယ် ဟန်ဆောင်ပြီး လွှမ်းမိုးနှိပ်စက်သွားတတ်ပါတယ်တဲ့။ ရိပ်မိကြရဲ့လား။

ယခု သုပ္ပဝါသာဆိုတဲ့အမျိုးသမီးဟာ သားတစ်ယောက်အတွက်နဲ့ ၇ နှစ် ၇ လတိုင်တိုင် ကိုယ်ဝန်ကိုလွယ်ပြီး ဒုက္ခကြီးစွာ ရောက်ခဲ့ရတယ်။ မွေးလာတဲ့အခါမှာလည်း ၇ ရက်တိုင်တိုင် အတိဒုက္ခရောက်ခဲ့တယ်။ ဒါလောက်တောင် ဒုက္ခခံရတဲ့သားမျိုးကို နောက်ထပ်လည်း ၇ ယောက်လောက်တောင် လိုချင်သေးတယ်ဆိုတော့ သာယာဖွယ်မဟုတ်တာကို သူ့စိတ်ထဲမှာ သူမရိပ်မိလို့ သာယာနေတာပေါ့။ ဒါဟာ သာယာဖွယ်မဟုတ်တာက သာယာဖွယ်အယောင် ဟန်ဆောင်ပြီး လိမ်လည်နှိပ်စက်တာပါပဲ။ ဘယ်လိုလူကို နှိပ်စက်တတ်သလဲဆိုတော့ ပမတ္တံ၊ မေ့လျော့နေတဲ့သူကို နှိပ်စက်တတ်ပါတယ်တဲ့။ ဘယ်လိုနှလုံးသွင်း ဆင်ခြင်ရမလဲဆိုရင် ဆင်းရဲတရားဟူသမျှတွေကို 'ဒါက ဆင်းရဲပဲ' လို့လည်း နှလုံးသွင်း ဆင်ခြင်ရမယ်။ အဲဒီဆင်းရဲတွေ ဖြစ်ပေါ်လာခြင်းရဲ့

http://www.dhammadownload.com



အကြောင်းကိုလည်း 'ဒါက ဆင်းရဲဖြစ်ကြောင်းပဲ' လို့လည်း နှလုံးသွင်း ဆင်ခြင်ရမယ်။

လောကဘက်ကနေ ပြောရမယ်ဆိုရင် စားသောက်နေထိုင်ရေး စသည်အတွက် ကြံစည်မှု ကြောင့်ကြစိုက်မှုမရှိဘဲ အမှုမဲ့ အမှတ်မဲ့ နေတဲ့သူဟာ မေ့လျော့နေတဲ့သူပဲ၊ လောကရေးရာနဲ့စပ်ပြီး မြော်တွေး ဆင်ခြင်မှု မရှိတဲ့သူဟာ မေ့လျော့နေတဲ့သူပဲ။ အဲဒီလိုလူကို လူလည် တွေက ဘာမှမဟုတ်တာကလေးတွေနဲ့ ဗန်းပြပြီး လိမ်သွားတတ်တယ်။ သံသရာဘက်က ပြောရမယ်ဆိုရင်တော့ နောင်ဘဝသံသရာရေးအတွက် ကုသိုလ် အကုသိုလ်ဆိုတာကို မစဉ်းစားဘဲ ယခုဘဝ ကောင်းစားရေး လောက်သာ အားထုတ်နေတဲ့သူဟာ မေ့လျော့နေတဲ့သူပဲ။ အဲဒီလိုလူကိုပဲ တစ်ဘဝစာ ကာမဂုဏ် အာရုံလေးတွေက အင်မတန် အဖိုးတန်ကြီး အနေနဲ့ ဟန်ဆောင်ပြီး လိမ်သွားတတ်တယ်။ ဘယ်အခါကျမှ အလိမ်ခံ ရမှန်း သိသလဲဆိုရင် သေခါနီးကျမှလည်း သိတတ်တယ်။ တချို့က တော့ သေပြီးလို့ နောက်ဘဝရောက်မှလည်း သိတတ်တယ်။

## သေပြီး ပြိတ္တာဖြစ်နေမှ ကံ ကံ၏အကျိုးကို သိတယ်

ဓမ္မာသောကမင်းကြီးလက်ထက်က သုရဋ္ဌတိုင်းမှာ 'နန္ဒက' ဆိုတဲ့ လူကြီးတစ်ယောက် ရှိခဲ့တယ်။ သူက ကုသိုလ်ကံမရှိ၊ အကုသိုလ်ကံ မရှိ၊ ကံ၏အကျိုး မရှိ၊ နောင်ဘဝ မရှိဆိုတဲ့ သူ့အယူကို သဘောကျ နေတယ်။ ဒါကြောင့် မျက်မှောက်ဘဝအတွက်လောက်သာ သူက အားထုတ်တယ်။ သေတဲ့အခါကျတော့ ဝိဉ္ဈာတောကြီးထဲမှာ ပြိတ္တာ ဖြစ်နေတယ်။ ဒီတော့မှ ကံ ကံ၏အကျိုး ရှိတယ်၊ နောင်ဘဝ ရှိတယ် ဆိုတာ ကိုယ်တိုင်တွေ့သိပြီးတော့ သာယာဖွယ်မဟုတ်တာတွေရဲ့ အလိမ် ခံရမှန်း သိတယ်။ အဲဒီအခါမှာ သူ့သမီးဥတ္တရာက သောက်ရေနဲ့မုန့်ကို သံဃာတော်အား လှူပြီး အမျှပေးဝေတယ်။ အဲဒါကို သာဓုခေါ်ပြီး

http://www.dhammadownload.com



သူ့မှာ နတ်ဌ်ဖြစ်သော စားသောက်ဖွယ်တွေ မုန့်တွေကို အလိုရှိတဲ့ အတိုင်း အများကြီးရရှိသွားတယ်။ ဒီတော့ သူဟာ ရှေးဘဝက အယူမှား ခဲ့မှန်း သာပြီးသိလာတယ်။ အလိမ်ခံရတာ သိတဲ့သဘောပါပဲ။

## မမေ့ဖို့ အရေးကြီးပါတယ်

ဒါကြောင့် သံသရာနဲ့စပ်ပြီးတော့လည်း မမေ့ဖို့ အရေးကြီးပါတယ်။ ဘယ်လိုလဲဆိုရင် နောင်ဘဝသံသရာတစ်လျှောက်မှာ ဆင်းရဲဒုက္ခ နည်း တန်သမျှ နည်းပြီး ချမ်းသာနဲ့ ပြည့်စုံသွားရအောင် မကောင်းမှု အကု သိုလ်မှ ကြဉ်ရှောင်ရမယ်၊ ကောင်းမှုကုသိုလ်တွေ တတ်နိုင်သမျှ ပြုလုပ် ရမယ်၊ ဒါပါပဲ။ ဒီလိုပြုလုပ်သွားရင် သံသရာရေးနဲ့စပ်ပြီး မမေ့တဲ့သူ လို့ ဆိုထိုက်ပါတယ်။

အထူးအားဖြင့် သာပြီးအရေးကြီးတာကတော့ သံသရာက လွတ် မြောက်ရေးအတွက် မမေ့ဖို့ပါပဲ။ အဲဒါက ဘယ်လိုလဲဆိုရင် မိမိသန္တာန် မှာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုမှတ်ပြီး သတိရနေရ မယ်၊ ဒါပါပဲ။ အဲဒီလို မရှုနိုင် မမှတ်နိုင်ရင် အဲဒီမပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကိုပဲ အကောင်းထင်နေတတ်တယ်။ အဲဒီလို အကောင်းထင် တော့ အဲဒါတွေကိုပဲ သာယာနေတယ်၊ မြင်ရာကလည်း သာယာတယ်၊ ကြားရာ နံရာ စားရာ တွေ့ထိရာ ကြံသိရာတွေကလည်း သာယာနေ တယ်၊ အကုန်လုံး နေရာတကာမှာပဲ သာယာနေတယ်။ အဲဒီလို သာယာ နေတော့ အဲဒီသာယာတဲ့ အာရုံတွေအတွက် မျက်မှောက်မှာလည်း ဒုက္ခရောက်ရတယ်၊ ကံမကောင်း အကြောင်းမညီမညွတ်တဲ့အခါမှာ အပါယ်ငရဲရောက်ပြီးတော့လည်း ဒုက္ခရောက်ရတယ်။ အဲဒါဟာ သာယာ ဖွယ်မဟုတ်တာတွေက နှိပ်စက်သွားတာပါပဲ။ မပြတ်ရှုမှတ်ပြီး သတိရ လျှင်တော့ အဲဒီရုပ်နာမ်တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တမျှပဲဆိုတာ အမှန် အတိုင်း သိတယ်။ ဒီလိုသိတော့ အဲဒီအာရုံတွေအတွက် မျက်မှောက်မှာ

http://www.dhammadownload.com



လည်း ဒုက္ခမရောက်ရဘူး၊ အပါယ်သံသရာလည်းမကျဘူး။ အကြောင်း ညီညွတ်ရင် ဒီလိုအမှတ်ရနေရင်းနဲ့ အရိယမဂ်ဖိုလ် တရားထူးကိုလည်း ရသွားနိုင်တယ်။ ဒီလိုရသွားရင် အောက်ထစ်ဆုံးအားဖြင့် အပါယ် သံသရာမှ လုံးဝလွတ်မြောက်သွားပါတယ်။ ဒါကြောင့် သာယာဖွယ် မဟုတ်တာကလေးတွေက မနှိပ်စက်နိုင်အောင် မမေ့မလျော့ဖို့ အရေး ကြီးပါတယ်။

http://www.dhammadownload.com

# လှည့်စားခြင်း ကင်းပါစေ

ဘာသာရေးဆိုင်ရာ လှည့်စားမှုတွေကလည်း များပါတယ်။ မဟုတ်မမှန်တဲ့ ဘာသာရေးအကျင့်လမ်းစဉ်ကို ဟုတ်မှန်တဲ့အနေနဲ့ ဟောပြောနေတာတွေဟာ မိမိက တကယ်ယုံကြည်လို့ ဟောပြောနေပေမယ့်လို့ လက်ခံယုံကြည်တဲ့သူတွေမှာ များစွာပင် နစ်နာစေတဲ့အတွက် လှည့်စားရာ ရောက်တာပါပဲ။ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက နွားလိုကျင့်နေတဲ့ ပုဏ္ဏနဲ့ ခွေးလိုကျင့်နေတဲ့ သေနိယတို့ဟာ မြတ်စွာဘုရားထံ လာရောက်ပြီးတော့ သူတို့၏နွားအကျင့်၊ ခွေးအကျင့်များကို ဘယ်လိုအကျိုးရှိသလဲလို့ မေးလျှောက်ကြတယ်။ မြတ်စွာဘုရားက အဲဒီပြဿနာကို မမေးဖို့ ၂ ကြိမ်တိုင်တိုင် တားမြစ်တယ်။ ၃ ကြိမ်မြောက် မေးတဲ့အခါကျတော့ ဒီလိုဖြေကြားတော်မူပါတယ်။ 'နွားလိုကျင့်တဲ့သူဟာ အပြည့်အစုံကျင့်ရင် သေပြီးတဲ့နောက် နွားဖြစ်ရတယ်။ ခွေးလိုကျင့်တဲ့သူလည်း အပြည့်အစုံကျင့်ရင် ခွေးဖြစ်ရတယ်။ အကျင့်မပြည့်စုံရင်တော့ ဟန်ဆောင်လိမ်လည်ရာရောက်တဲ့အတွက် အဲဒီမိစ္ဆာအယူကြောင့် ငရဲနဲ့တိရစ္ဆာန်တစ်မျိုးမျိုးမှာ ဖြစ်ရတယ်'လို့ ဖြေကြားတော်မူလိုက်ပါတယ်။

အဲဒီတော့ ပုဏ္ဏနဲ့ သေနိယတို့က ငိုကြတယ်။ ဘာကြောင့် ငိုကြသလဲဆိုတော့ အဲဒီနွားလို ခွေးလိုကျင့်ခြင်းဖြင့် ချမ်းသာတဲ့ဘဝလောကသို့ ရောက်နိုင်တယ်လို့ ဆရာသမားတို့၏ ဟောကြားချက်ကို ယုံကြည်ပြီး ရှည်မြင့်စွာသောကာလပတ်လုံး နွားအကျင့်၊ ခွေးအကျင့်ကို ကျင့်လာခဲ့တာဟာ အလှည့်စားခံရသလိုပင် ဖြစ်နေ၍ ငိုနေကြတာပါတဲ့။

http://www.dhammadownload.com



နောက်တစ်ခုကတော့ တာလပုဋဆိုတဲ့ ကချေသည်ဆရာကြီးက မြတ်စွာဘုရားကို ဒီလိုမေးလျှောက်တယ်။ 'လူအများကို ရွှင်လန်းပျော်မွေ့စေတဲ့ ကချေသည်ဟာ ပဟာသခေါ် ရွှင်ပျော်နတ်မျိုးမှာ ဖြစ်ရတယ်လို့ ဆရာအစဉ်အဆက် ပြောတာကို ကြားဖူးပါတယ်။ ဒီအရာမှာ မြတ်စွာဘုရားက ဘယ်လိုဟောပါသလဲ' လို့ လျှောက်တယ်။ မြတ်စွာဘုရားက ၂ ကြိမ်တိုင်တိုင် ပယ်မြစ်ပြီး ၃ ကြိမ်မြောက် မေးလျှောက်တဲ့အခါကျတော့ ဒီလိုမိန့်ကြားတော်မူပါတယ်။ 'မူလကပင် လောဘ၊ ဒေါသ၊ မောဟမကင်းဘဲ ရှိနေကြတဲ့လူတွေအား ကချေသည်က လောဘ၊ ဒေါသ၊ မောဟပွားအောင် ကပြတယ်။ ဒါကြောင့် သေသည်၏အခြားမဲ့၌ ပဟာသခေါ်တဲ့ ငရဲ၌ ဖြစ်ရတယ်။ ကပြခြင်းကြောင့် နတ်ဖြစ်ရတယ်လို့ ခိုင်မြဲစွာ ယူမှားနေရင် အဲဒီအမှားကြောင့် ငရဲနဲ့တိရစ္ဆာန်တစ်မျိုးမျိုး ဖြစ်ရတယ်' လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီတော့ တာလပုဋဆိုတဲ့ ကချေသည်ဆရာကြီးက ငိုတယ်။ ဘာကြောင့်ငိုသလဲဆိုတော့ 'လူအများအား ကပြခြင်းဖြင့် ရွှင်လန်းပျော်မွေ့စေတဲ့အတွက် ပဟာသနတ်မျိုး ဖြစ်ရတယ်' လို့ ဆရာ့ဆရာတို့က (ဒီဃရတ္တံ) ရှည်မြင့်စွာသော ကာလပတ်လုံး (နိကတော ဝဉ္စိတော) လိမ်လည်လှည့်စားအပ်သောကြောင့် အလှည့်စားခံရသောကြောင့်ပါပဲတဲ့။

ဒိပြင်လည်း အလားတူအကြောင်းအရာတွေ များစွာပင်ရှိပါသေးတယ်။ ယခုနေအခါ ဗုဒ္ဓတရားတော်ကို မှားယွင်းစွာ ယူဆပြီးတော့ ဘုရားအလိုတော်နှင့် ပြောင်းပြန်ဆန့်ကျင်ပြီး ဟောနေကြတာတွေ ရှိတယ်။ ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရားက 'အကုသိုလ်ဟူသမျှကို ပယ်ရမယ်၊ ကုသိုလ်ဟူသမျှကို ပြုလုပ်ရမယ်။ သီလ၊ သမာဓိ၊ ပညာ အကျင့်များကို ကျင့်ရတယ်။ သမထ၊ ဝိပဿနာ၊ ဘာဝနာအလုပ်ကို အားထုတ်ရမယ်။ မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွားစေရမယ်' လို့ တိတိကျကျ ပြတ်ပြတ်သားသား ဟောထားတယ်။ အဲဒီဟောထားချက်နဲ့ ဆန့်ကျင်

http://www.dhammadownload.com



ပြီးတော့ ဟောပြောနေကြတာတွေပါပဲ။ ဟောပြောနေကြပုံကတော့ 'အကုသိုလ် ကိလေသာဆိုတာ (အနိစ္စ) အမြဲမရှိ၊ အမြဲတမ်းမရှိတာမို့ ပယ်ဖို့မလိုတော့ဘူး။ သတ်မှုမှာ ကြဉ်ရှောင်ဖို့ထက် သတ်ဖို့ရာ အား ထုတ်တာက ပိုခက်တယ်။ ကုသိုလ်ပြုရင် သီလ၊ သမာဓိ၊ ပညာအကျင့် ကို ကျင့်ရင် ဘာဝနာအလုပ်ကိုလုပ်ရင် (သဗ္ဗေ သင်္ခါရာဒုက္ခာ) ဆိုတဲ့ ဒေသနာအရ ဆင်းရဲတာပဲ၊ ကိုယ်ပင်ပန်းအောင် လုပ်ရာရောက်တယ်။ လုပ်သမျှ ဒုက္ခချည်းပဲ၊ ဘာမှုအားမထုတ်ဘဲ အငြိမ်းစားနေမှ ချမ်းသာ တယ်' စသည်ဖြင့် ဟောပြောနေကြတာတွေပါပဲ။

အဲဒါတွေဟာ ဘုရားဟောတရားနဲ့ ဆန့်ကျင်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။ အဲဒီဆန့်ကျင်ဘက်တရားကို ဘုရားအလိုတော်ကျ မှတ်ပြီး ယုံကြည်လက်ခံတဲ့သူတွေမှာ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်သာ ဖြစ်ပွားနေမှာက သေချာပါတယ်။ နောက်ဆုံးတစ်ချိန်ကျတော့ အားကိုး စရာ ကုသိုလ်မရှိဘဲ အကုသိုလ်က အကျိုးပေးတဲ့အခါ တရားမှားဖြင့် အလှည့်စားခံရတဲ့အတွက် ဒုက္ခရောက်ရတယ်ဆိုတာ ကိုယ်တိုင်တွေ့ ဖြစ်ပြီး စိတ်မချမ်းသာဖြစ်ဖို့ရာ အလွန်ပင်နီးစပ်နေပါတယ်။

ယခုပြောပြခဲ့တဲ့အတိုင်း စီးပွားရေးဖြင့်ဖြစ်စေ၊ ဘာသာရေးဖြင့် ဖြစ်စေ အလှည့်စားခံရတဲ့သူမှာ အလွန်နစ်နာပါတယ်။ စီးပွားရေးထက် ဘာသာရေးဖြင့် အလှည့်စားခံရတာက ပိုပြီးနစ်နာပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ဖြစ်ဖြစ်၊ ဘာသာရေးနဲ့ဖြစ်ဖြစ် လှည့်စားခြင်းမရှိပါစေနဲ့။ လှည့်စားခြင်း ကင်းပါစေ၊ ကင်းကြပါစေလို့ မေတ္တာပွားရန် ညွှန်ကြား တော်မူတာပါပဲ။

http://www.dhammadownload.com

# စွန့်ခွာသွားရမည်

သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာရယ်လို့ မရှိဘူးတဲ့။ လောကအလိုအားဖြင့် ကိုယ်ပိုင်ပစ္စည်းဆိုတာ အနည်းနှင့်အများသာ ကွာခြားတယ်၊ ရှိတန်သလောက်တော့ ရှိနေကြတာပါပဲ။ ဘေးရန်အန္တရာယ်မရှိလို့ မပျက်စီးမဆုံးရှုံးသေးခင်တော့ ရှိနေကြပါတယ်။ ဒါပေမဲ့ (သမ္ပတ္တိ ဝိပတ္တိ ပရိယောသာနာ) သမ္ပတ္တိ၊ ပြည့်စုံခြင်းဟူသမျှသည်။ ဝိပတ္တိ ပရိယောသာနာ၊ ပျက်စီးခြင်းလျှင် အဆုံးရှိပါတယ်တဲ့။ လောကမှာ ပြည့်စုံနေတာ၊ ကြီးပွားချမ်းသာနေတာတွေဟူသမျှကား နောက်ဆုံးတစ်ချိန်ကျတော့ ပျက်စီးသွားတာချည်းပဲ။ ပျက်စီးခြင်းမှာ အဆုံးသတ်သွားတာချည်းပါတဲ့။ ပျက်စီးခြင်းလျှင် အဆုံးရှိတယ်ဆိုတာ တကယ်ဟုတ်တာပဲ။ အနာကင်းရှင်း ကျန်းမာခြင်းဟာ နာခြင်းမှာ အဆုံးသတ်သွားတာပဲ။ စောစောက ဘယ်လိုပင် ပြည့်စုံနေပေမယ့်လို့ နောက်ဆုံး သေတဲ့အခါမှာ ဘာမှယူမသွားနိုင်ဘူး။ အခြွေအရံများခြင်းဟာလည်း အခြွေအရံမဲ့ခြင်းမှာ အဆုံးသတ်သွားတာပဲ။ အသက်ရှင်နေခြင်းဟာလည်း သေခြင်းမှာ အဆုံးသတ်သွားတာပဲ။ လောကဘက်က ကောင်းတာဟူသမျှဟာ နောက်ဆုံးကျတော့ အကုန်လုံးကင်းမဲ့သွားတော့တာပဲ။ အဲဒါကို သီရိဓမ္မာသောကမင်းကြီး၏ အတ္ထုပ္ပတ္တိဖြင့် ထင်ရှားသိနိုင်ပါတယ်။

## သီရိဓမ္မာသောကမင်းကြီးဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ၂၁၈ နှစ်လောက်မှာ အိန္ဒိယနိုင်ငံ၌ အသောကမင်းကြီးဆိုတာ ပေါ်ထွန်းခဲ့ပါတယ်။ ဇမ္ဗူဒီပါတစ်ကျွန်း

http://www.dhammadownload.com



လုံးကို အစိုးရတယ်လို့ ဆိုပါတယ်။ ဟိုတုန်းက ဇမ္ဗူဒီပါကျွန်းဆိုတာ အဲဒီအသောကမင်းကြီး ရေးသားခဲ့တဲ့ ကျောက်စာများအရအားဖြင့် ယခုအိန္ဒိယလို့ခေါ်နေတဲ့ နယ်ပယ်တစ်ဝိုက်ပါပဲ။ ဘာကြောင့်ဒီလိုသိရသလဲဆိုတော့ သူ့ကျောက်စာထဲမှာ ယခု အိန္ဒိယနယ်ပယ်၏ အစွန်ဖြစ်တဲ့ အရပ်များကို သူ့ပိုင်နက်၏ နယ်စပ်နိုင်ငံများအဖြစ်ဖြင့် ပြဆိုထားသောကြောင့်ပါပဲ။ ယခုခေတ်အမြင်နဲ့ဆိုရင်တော့ သိပ်မကျယ်တော့သလိုဖြစ်နေပါတယ်။ ဒါပေမဲ့ ဟိုရှေးခေတ်တုန်းကတော့ အလွန်ကျယ်တဲ့နိုင်ငံအဖြစ်ဖြင့် ထင်ရှားခဲ့ပါတယ်။ အလွန်လည်း ဘုန်းတန်ခိုးကြီးပါတယ်။ အဋ္ဌကထာများအဆိုအရအားဖြင့် အထက်ကောင်းကင်မှာတောင် တစ်ယူဇနာအထိ အစိုးရတယ်လို့ ဆိုပါတယ်။ အဲဒီလို အလွန်ဘုန်းတန်ခိုးကြီးတဲ့မင်းဖြစ်သောကြောင့် ပစ္စည်းဥစ္စာတွေကလည်း အလွန်ပေါများပြည့်စုံခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး နတ်ရွာစံခါနီးအချိန်ကျတော့ ဆီးဖြူသီးတစ်ခြမ်းမျှကိုသာ ပိုင်ဆိုင်အစိုးရတော့တယ်လို့ ဝိသုဒ္ဓိမဂ်မှာပြဆိုထားပါတယ်။

ပြဆိုပုံကတော့

သကလံ မေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။

အဍ္ဎမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။ တဲ့။

သုခီ၊ လွန်ကဲသော စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော။ အသောကော၊ အသောကမည်သော မင်းသည်။ သကလံ မေဒိနိံ၊ ဇမ္ဗူဒိပ်ကျွန်းတွင် မြေတစ်ပြင်လုံးကို။ ဘုတွာ၊ စိုးအုပ်သုံးဆောင်ပြီး၍။ ကောဋိသတံ ဒတွာ၊ ကုဋေတစ်ရာ များစွာသောဥစ္စာကိုလည်း လှူပြီး၍။ အန္တေ၊ အဆုံးစွန်ကျ နောက်ကာလ၌။ အဍ္ဎမလကမတ္တဿ၊ ဆီးဖြူသီးတစ်ခြမ်းမျှကို။ ဣဿရတံ၊ အစိုးရသောပိုင်ရှင်အဖြစ်သို့။ ဂတော၊ ရောက်သွားရရှာလေတော့သည်တဲ့။

အသောကမင်းကြီးဟာ စောစောပိုင်းကတော့ အလွန်တန်ခိုး

http://www.dhammadownload.com



ကြီးတဲ့မင်း ဖြစ်တယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရတယ်လို့လည်း ချီးကျူးရတယ်။ ပစ္စည်းဥစ္စာတွေလည်း အလွန်ပင်ပေါများ ပြည့်စုံခဲ့တယ်။ တစ်နေ့တည်းဖြင့် ၉၆ ကုဋေတောင် လှူခဲ့တယ်။ အားလုံးတော့ ကုဋေ ၁၀၀ တောင် လှူခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ နောက်ဆုံး နတ်ရွာစံခါနီးကျတော့ ကျန်းမာရေးက ချို့နေတယ်။ မှူးကြီး၊ အမတ်ကြီးတွေကလည်း ရှိသေမှု ပေါ့သွားဟန်တူပါတယ်။ ဒိဗ္ဗာဝဒါနကျမ်းမှာ အဲဒီအကြောင်းအရာများကို ပြထားတာရှိပါတယ်။ ဝိသုဒ္ဓိမဂ် မြန်မာပြန်မှာ တော်တော်ပြည့်ပြည့်စုံစုံ ပြထားပြီး ရှိပါတယ်။ ဒီမှာတော့ အကျဉ်းလောက် ပြောပြရမှာပဲ။

အသောကမင်းကြီး မကျန်းမမာဖြစ်နေတဲ့အချိန်မှာ စားသုံးဖွယ်များကို မူလက ဆက်သနေကျအတိုင်း ရွှေခွက်ဖြင့် ဆက်သကြတယ်။ စားသုံးပြီးတဲ့အခါ မင်းကြီးက အဲဒီရွှေခွက်များကို ကုက္ကုဋာရာမကျောင်းသို့ ပို့လှူစေတယ်။ အဲဒီကနောက် ငွေခွက်ဖြင့် ဆက်သကြတယ်။ အဲဒီငွေခွက်များကိုလည်း ကုက္ကုဋာရာမကျောင်းသို့ လှူစေတယ်။ အဲဒီလို လှူတာကလည်း သူ့ရည်ရွယ်ချက်အတိုင်း ကုဋေ ၁၀၀ ပြည့်ရန် ၄ ကုဋေ လိုနေတဲ့အတွက် ပြည့်အောင်လှူတယ်လို့လည်း ဆိုပါတယ်။ အဲဒီကနောက်တော့ မှူးမတ်များက စားသုံးဖွယ်ရာများကို မြေခွက်ဖြင့်သာ ဆက်သကြစေတယ်လို့ ဆိုပါတယ်။ အဲဒီအခါမှာ အသောကမင်းကြီး၏ လက်ထဲသို့ ဆီးဖြူသီးတစ်ခြမ်းမျှသာ ရောက်လာတဲ့အတွက် မင်းကြီးမှာ ထိတ်လန့်တုန်လှုပ်ပြီးတော့ မှူးမတ်တွေ နန်းတွင်းသားတွေကို စည်းဝေးစေတယ်။ စည်းဝေးမိတဲ့အခါမှာ အသောကမင်းကြီးက 'ဒီနိုင်ငံမြေကို ဘယ်သူအစိုးရသလဲ' လို့ မေးတယ်။ 'အရှင်မင်းကြီး အစိုးရပါတယ်' လို့ အမတ်ကြီးက လျှောက်တယ်။

အဲဒီတော့ အသောကမင်းကြီးက 'အသင်အမတ်ကြီး ပြောတဲ့အတိုင်း မဟုတ်တော့ဘူး၊ ယခုအခါမှာတော့ ငါ့မှာ ဒီဆီးဖြူသီးတစ်ခြမ်း

http://www.dhammadownload.com



မျှသာ စိုးပိုင်တော့တယ်' လို့ ပြောပြီးတော့ 'ပြည့်စုံခြင်းဟူသမျှဟာ ပျက်စီးခြင်း အဆုံးရှိတယ်' လို့ ဟောတော်မူတဲ့ မြတ်စွာဘုရားစကားတော် မှန်ကန်ကြောင်းလည်း မြွက်ဆိုသွားပါသတဲ့။ အကျယ်သိချင်ရင်တော့ ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒုတိယတွဲမှာ ကြည့်ရှုနိုင်ပါတယ်။

ဒါကြောင့် 'သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာမရှိဘူး၊ သေတဲ့အခါ အားလုံးကို စွန့်လွှတ်သွားကြရမယ်' ဆိုတာဟာ သိပ်မှန်တာပဲ။ ငါ့ဟာ ငါ့ဟာနဲ့ အစွဲအလမ်းကြီးနေကြပေမယ့် သေတဲ့အခါကျတော့ အကုန်လုံးကို စွန့်လွှတ်သွားကြရတာချည်းပဲ။ ကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်စသောပစ္စည်းတွေလည်း စွန့်လွှတ်သွားကြရတာပဲ။ မိမိတို့၏ရုပ်ကိုယ်ကြီးကိုလည်း စွန့်လွှတ်သွားရတာပဲ။ အဲဒီလို ဘဝတိုင်း စွန့်လွှတ်သွားကြရတာတွေကို မြင်တော်မူလို့ မြတ်စွာဘုရားရှင်က သတ္တဝါတွေကို သနားတော်မူပါသတဲ့။ မြတ်စွာဘုရား သနားတော်မူသလို ကိုယ်ပိုင်ဥစ္စာမရှိတဲ့ သတ္တဝါတွေကို အာရုံပြုပြီး ကရုဏာပွားကြရမယ်။

http://www.dhammadownload.com

# ညီတူညီမျှ မေတ္တာ

မြတ်စွာဘုရားရှင်က သတ္တဝါတွေကို အဲဒီလိုသနားရာမှာ ရင်းနှီးသူ၊ စိမ်းကားသူရယ်လို့ ခွဲခြားခြင်းမရှိဘဲ ညီတူညီမျှပင် သနားတော်မူပါတယ်။ လူ့ဘဝတုန်းကရခဲ့တဲ့ သားတော်ရာဟုလာကို သနားသလိုပင် အကျိုးမဲ့ကို ကြံစည်လုပ်ကိုင်နေတဲ့ အရှင်ဒေဝဒတ်ကိုလည်း ညီတူညီမျှပင် သနားတော်မူတယ်။ တစ်ခါက အရှင်ဒေဝဒတ်ဟာ အဇာတသတ်မင်းနဲ့ ပူးပေါင်းပြီး မြတ်စွာဘုရားအား သေရာသေကြောင်း ကြံစည်တယ်။ နာဠာဂီရိဆိုတဲ့ မင်းစီးဆင်တော်ကြီးကို ဘုရားဆွမ်းခံကြွလာတဲ့ လမ်းမှာ လွှတ်စေခဲ့တယ်။ အဲဒီဆင်ကြီးက အလွန်ကြမ်းတယ်။ တွေ့ရာလူတွေကို ထိုးကြိတ်နင်းပြီး သတ်တတ်တယ်။ အရှင်ဒေဝဒတ်၏ ညွှန်ကြားချက်အရ ဆင်ထိန်းတွေက နာဠာဂီရိဆင်ကြီးကို အရက်တွေအလွန်အကျွံတိုက်ပြီး မြတ်စွာဘုရား ဆွမ်းခံကြွလာတဲ့ လမ်းမှာ လွှတ်လိုက်တယ်။

အဲဒီအခါ မြတ်စွာဘုရား၏ နောက်တော်မှ သံဃာတော်တွေလည်း များစွာပါလာပါတယ်။ ဆင်ကြီးက အရက်မူးပြီး ထိုးမယ်လို့ မြတ်စွာဘုရားဆီ အတင်းပြေးလာတယ်။ အရက်မူးနေရင် လူတောင်မှ မပြောသင့်တာတွေ ပြော၊ မပြုသင့်တာတွေ ပြုသေးတာပဲ။ တိရစ္ဆာန်ဖြစ်တဲ့ဆင်ဆိုတော့ ဘယ်မှာပြောစရာ ရှိတော့မလဲ။ ထိုးမယ်လို့ အတင်းပြေးလာတာပေါ့။ အဲဒီအခါ ရဟန်းတော်များက စိုးရိမ်ကြတဲ့အတွက် နောက်သို့ဆုတ်ခွာတိမ်းရှောင်ရန် မြတ်စွာဘုရားအား လျှောက်ကြပါတယ်။ မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



'အာဂစ္ဆထ ဘိက္ခဝေ၊ လာသာလာကြပါ ရဟန်းတို့။ မာဘာယိတ္ထ၊ မကြောက်ကြပါလင့်။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ မြတ်စွာဘုရားကို အခြားပုဂ္ဂိုလ်က လုပ်ကြံအားထုတ်ခြင်းဖြင့် အသက်မှချခြင်း၊ သေစေနိုင်ခြင်း၏အကြောင်း အခွင့်အရေးဆိုတာ မရှိပါဘူး၊ ရဟန်းတို့။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊ မည်သို့မျှ လုပ်ကြံအားထုတ်မှု မရှိဘဲ မြတ်စွာဘုရားတို့ဟာ ပရိနိဗ္ဗာန်စံကြမြဲ ဖြစ်ပါတယ် ရဟန်းတို့' လို့ မိန့်ကြားတော်မူပါတယ်။ ရဟန်းတော်များက သုံးကြိမ်တိုင်တိုင် လျှောက်ကြပါတယ်။ မြတ်စွာဘုရားကလည်း သုံးကြိမ်လုံး အထက်ပါအတိုင်းပင် မိန့်ကြားတော်မူပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက စိုးရိမ်အားကြီးသောကြောင့် မြတ်စွာဘုရား၏ကိုယ်စား ငါက အရင်အသေခံမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား၏ရှေ့တော်၌ ရပ်တည်နေပါသတဲ့။ မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် အဖယ်ခိုင်းပေမယ့် အရှင်အာနန္ဒာက မဖယ်ဘဲ ရှိနေတဲ့အတွက် တန်ခိုးတော်ဖြင့် ဖယ်ရှားတော်မူရပါသတဲ့။

အရှင်အာနန္ဒာကို ဖယ်ရှားပြီးတော့ မြတ်စွာဘုရားက နာဠာဂီရိဆင်ကို (မေတ္တာယ ဖရိ) မေတ္တာဖြင့် ဖြန့်တော်မူပါတယ်။ ဒါက မေတ္တာကို ပဓာနပြုပြီး ပြတော်မူတာပါပဲ။ စာစောပိုင်းက မဟာကရုဏာသမာပတ်ဖြင့် ဖြန့်တော်မူခဲ့သလိုပင် သနားတော်မူတာကလည်း အပ္ပဓာနအားဖြင့် ဖြစ်ပွားတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရား၏ မေတ္တာကရုဏာတော်ဖြင့် သွန်းဖျန်းခံရတဲ့ နာဠာဂီရိ ဆင်ကြီးမှာ မူးယစ်ခြင်းလည်း တစ်ခါတည်းပြေငြိမ်းသွားတယ်၊ စိတ်လည်း နူးညံ့သွားတယ်၊ ဘုရားကိုလည်း ကြည်ညိုလာတယ်။ ဒါကြောင့် ထောင်ထားတဲ့နှာမောင်းကြီးကို အောက်ချပြီး မြတ်စွာဘုရားထံ ရှိသေစွာ ချဉ်းကပ်လာပြီး ခြေတော်ရင်းမှာ ဝပ်နေပါသတဲ့။ အဲဒီအခါ မြတ်စွာ

http://www.dhammadownload.com



ဘုရားက နာဠာဂီရိဆင်ကြီး၏ ဦးကင်းကို လက်ယာလက်တော်ဖြင့် သုံးသပ်လျက် ဒီလိုဆုံးမတော်မူတယ်။

'နာဠာဂီရိ သင်ဟာ ငါကဲ့သို့သော ဘုရား (နာဂဆင်) ကို မပြစ်မှားနဲ့၊ ပြစ်မှားရင် ဒုက္ခရောက်သွားမယ်၊ မမူးယစ်နဲ့၊ မမေ့နဲ့၊ မေ့နေရင် ဘဝကောင်းကို မရောက်နိုင်ဘူး။ ဘဝကောင်းရောက်ရအောင် သင်ကိုယ်တိုင် ပြုရမယ်' စသည်ဖြင့် ဆုံးမတော်မူပါတယ်။ အဲဒီအခါကစပြီး နာဠာဂီရိဆင်ကြီးဟာ ငါးပါးသီလ လုံခြုံပြီး သူတော်ကောင်းဖြစ်သွားပါသတဲ့။ ရှေးတုန်းကလူတွေကို နင်းသတ်လေ့ရှိပေမယ့် အဲဒီအခါကစပြီး သတ်ခြင်းလည်း မရှိတော့ဘူး၊ အရက်လည်း မသောက်တော့ဘူးတဲ့။ အဲဒါဟာ မြတ်စွာဘုရားရှင်က မိမိကိုထိုးသတ်ဖို့ လာတဲ့ ဆင်ကြီးကို ရာဟုလာသားတော်ကဲ့သို့ပင် ချမ်းသာစေလိုတဲ့ မေတ္တာ၊ သနားတဲ့ကရုဏာ ညီမျှစွာဖြင့် မိန့်ကြားဆုံးမတော်မူတာပါပဲ။

http://www.dhammadownload.com

# အတင်းတိုက်တွန်းပါ

စကားကောင်းကိုပြောပေမယ့် အချိန်အခါမဟုတ်ရာမှာတော့ မပြောရဘူး။ အတိုင်းအရှည်မရှိဘဲ အလွန်အကျွံတော့ မပြောရဘူး။ ပြောသင့်တဲ့အချိန်အခါမှသာ တော်သင့်ရုံလောက်သာ ချင့်ချိန်ပြီး ပြောရမယ်။ ဒါကြောင့် တရားစကားပေမယ့် အခြေအနေကြည့်ပြီး ပြောရတယ်။ တရားမနာချင်တဲ့လူကို ခဏခဏသွားပြီး ဟောနေရင် အဲဒီလူက တရားကို ကြောက်သွားတတ်တယ်။ တရားအားမထုတ်ချင်တဲ့လူကို ခဏခဏ တိုက်တွန်းရင်လည်း အဲဒီလူက အတွေ့မခံချင်ဘဲ ဖြစ်နေတတ်တယ်။ ဒါကြောင့် အဲဒီလိုလူရဲ့ အခြေအနေကိုကြည့်ပြီး သင့်လျော်တဲ့အချိန်အခါမှာ နည်းနည်းချင်းပြောရ တိုက်တွန်းရတယ်။ သို့ပေမယ့် အလွန်ရင်းနှီးတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ဃဋီကာရထုံးကို နှလုံးသွင်းပြီး သင့်လျော်တဲ့အချိန်အခါမှာ အတင်းလည်း တိုက်တွန်းသင့်ပါတယ်။

## ဃဋီကာရထုံး

ကဿပမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက ဝေဂဠိင်္ခေါ်တဲ့ နိဂုံးရွာကြီးမှာ 'ဃဋီကာရ' ဆိုတဲ့ အိုးလုပ်သမား အနာဂါမ်ဥပါသကာ တစ်ယောက် ရှိတယ်။ တစ်နေ့သောအခါမှာ သူက မိတ်ဆွေရင်းဖြစ်တဲ့ ဇောတိပါလကို ကဿပမြတ်စွာဘုရားအား အဖူးအမြော်သွားရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းတယ်၊ ဇောတိပါလကလည်း 'ဦးပြည်းရဟန်းကို ဖူးမြော်လို့ ဘာမျှအကျိုးမရှိပါဘူး၊ မသွားလိုပါဘူး' လို့ချည်း သုံးကြိမ်တိုင်တိုင် ရင့်ရင့်သီးသီး ငြင်းပယ်တယ်။ ဇောတိပါလဆိုတာ

http://www.dhammadownload.com



သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဂေါတမမြတ်စွာဘုရား၏ အလောင်းလျာပဲ။ ဒါပေမဲ့ အဲဒီဘဝတုန်းက ပုဏ္ဏားမျိုးဖြစ်နေတဲ့အတွက် ဗြာဟ္မဏဝါဒစွဲကြောင့် ကဿပမြတ်စွာဘုရားကို သူက အထင်သေးပြီး အဲဒီလို မရှိမသေ ပြောဆိုငြင်းပယ်နေတယ်။ မိဘရိုးရာ အစွဲအလမ်းများဟာ သိပ်ကြောက်စရာကောင်းတာပဲ။ အဲဒီတော့ ဃဋိကာရဆိုတဲ့ အိုးလုပ်သမားက ဇောတိပါလကို မြစ်ဆိပ်သွားပြီး ရေချိုးဖို့ခေါ်တယ်။ ကဿပမြတ်စွာဘုရား သီတင်းသုံးရာကျောင်းနဲ့ နီးတဲ့နေရာရောက်အောင်လို့ ပရိယာယ်ဖြင့် ဖြားယောင်းပြီး ခေါ်ခဲ့တာပဲ။ အဲဒီလို ရေချိုးဖို့ဆိုတော့ ဇောတိပါလက လွယ်လွယ်ကူကူနဲ့ပဲ လိုက်လာတယ်။ အဲဒီမြစ်ဆိပ်မှာ ရေချိုးပြီးလို့ ခါးဝတ်ကိုဝတ်ပြီး ဆံပင်များ ရေခြောက်အောင် ခေတ္တရပ်နေတဲ့အခါ ဇောတိပါလကို ဃဋိကာရက ကဿပမြတ်စွာဘုရား၏ ကျောင်းတော်အနီးတွင် ရှိတဲ့အကြောင်းပြောပြီး ဘုရားဖူးရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းပြန်တယ်။ ဇောတိပါလကလည်း သုံးကြိမ်တိုင်တိုင် ရှေးနည်းအတိုင်း ငြင်းပယ်နေတယ်။ ဒီတော့ ဃဋိကာရက ဇောတိပါလ၏ခါးပုံကိုဆွဲကိုင်ပြီး ဘုရားထံသွားဖို့ တိုက်တွန်းပြန်တယ်။ ဇောတိပါလက ခါးပုံစကို လွှတ်စေပြီး ငြင်းပယ်ပြန်တယ်။ အဲဒီတော့ ဃဋိကာရက ဆံပင်ကိုကိုင်ပြီး တိုက်တွန်းပြန်တယ်။ အဲဒီအခါ ဇောတိပါလမှာ အံ့အားသင့်သွားတယ်။ ဃဋိကာရက အိုးလုပ်သမား ဇာတ်နိမ့်သူပဲ၊ ဇာတ်မြင့်သူငါ၏ဆံပင်ကိုတောင် ဆွဲကိုင်ပြီး တိုက်တွန်းတာဟာ သိပ်အံ့သြစရာကောင်းတာပဲ။ ဃဋိကာရက ငါ့ဆံပင်ကို ကိုင်ဝံ့တာဟာ သူ့ဆရာဘုရားကို အားကိုးပြီး ကိုင်ဝံ့တာဖြစ်ပေလိမ့်မယ်လို့ အံ့အားသင့်ပြီး ကြံမိတယ်။

'အဆွေ ဃဋိကာရ၊ ဆံပင်ကို ဆွဲကိုင်ရသည့်တိုင်အောင်တောင် ဆိုတော့ အရေးကြီးလှပါကလား' လို့လည်း ပြောတယ်။ ဃဋိကာရကလည်း 'အဆွေ ဇောတိပါလ ဆံပင်ကို ဆွဲကိုင်ရသည့်တိုင်အောင်ပဲ

http://www.dhammadownload.com



အရေးကြီးပါတယ်' လို့ ပြောပြီး ဘုရားထံသွားဖို့ တိုက်တွန်းပြန်ပါတယ်။ အဲဒီတော့ ဇောတိပါလက 'ဃဋိကာရဟာ ပထမ နှုတ်သက်သက်နဲ့ တိုက်တွန်းတယ်၊ အဲဒီကနောက် ခါးပုံဆွဲပြီး တိုက်တွန်းပြန်တယ်၊ နောက်ဆုံး ဆံပင်ကို ဆွဲကိုင်ပြီး တိုက်တွန်းပြန်တယ်။ ဒီတော့ ဒီကိစ္စဟာ ယုတ်ညံ့သေးနုပ်တဲ့ကိစ္စ မဟုတ်ပေဘူး' လို့ စဉ်းစားပြီးတော့ ဃဋိကာရ၏ တိုက်တွန်းချက်ကို လက်ခံလိုက်ပါတယ်။ လက်ခံပြီးတော့ ဃဋိကာရနှင့်အတူ ကဿပဘုရားထံ လိုက်သွားတဲ့အခါ မြတ်စွာဘုရား၏တရားတော်ကို နာရတော့ ဗုဒ္ဓသာသနာတော်မှာ ကြည်ညိုပြီး ရဟန်းပြုသွားပါတယ်။

အဲဒီမှာ ဃဋိကာရက ဇာတ်နိမ့်အမျိုးညံ့ထဲကဖြစ်ပြီး ဇောတိပါလက ဇာတ်မြင့် ဗြာဟ္မဏအမျိုးဖြစ်ပေမယ့် အကျိုးများမည့်အမှုဖြစ်တဲ့အတွက် နှုတ်နဲ့တိုက်တွန်းလို့မရတဲ့အခါ ခါးပုံကိုဆွဲကိုင်ပြီးတော့လည်း တိုက်တွန်းတယ်။ ဇာတ်မြင့်တွေက မထိကောင်းဘူးလို့ စွဲလမ်းထားတဲ့ အမျိုးညံ့ထဲက ဖြစ်ပါလျက်နဲ့ ဆံပင်ကိုဆွဲကိုင်သည်အထိ တိုးတက်ပြီးတော့ တိုက်တွန်းပါတယ်။ အဲဒါတွေဟာ ဃဋိကာရ၏ တိုက်တွန်းတဲ့ထုံးပါပဲ။ အဲဒီလိုတိုက်တွန်းတဲ့အတွက် ဇောတိပါလဟာ မြတ်စွာဘုရား၏တရားကို နာရပြီး အတိုင်းမသိ အကျိုးများသွားတယ်။ အဲဒီအခါကျတော့ ဇောတိပါလက ဃဋိကာရကို အများကြီးကျေးဇူးတင်တယ်။

အဲဒီလိုပါပဲ၊ ယခုအခါမှာ တချို့ယောဂီတွေက မိတ်ဆွေဖြစ်သူကို အတင်းအကျပ် တိုက်တွန်းကြတယ်၊ အဲဒီလို တိုက်တွန်းတဲ့အတွက် မိတ်ဆွေဖြစ်သူက စိတ်မပါပေမယ့် အားနာတာနဲ့ ဘုန်းကြီးတို့၏ရိပ်သာတွေမှာ လာပြီးအားထုတ်တယ်၊ အားထုတ်တဲ့အခါ သူ့ပါရမီအားလျော်စွာ တရားအရသာကို တွေ့ရတော့ တိုက်တွန်းတဲ့သူကို အများကြီးကျေးဇူးတင်တယ်။ ဒီလိုပုဂ္ဂိုလ်တွေ များလှပြီ။ အဲဒါဟာ ဃဋိကာရထုံးနှင့်အညီ အတင်းအကျပ်တိုက်တွန်းလို့ ကျေးဇူးများသွားကြပုံပါပဲ။

http://www.dhammadownload.com



ဒါကြောင့် တရားတော်ကို ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံတယ်လို့ ချီးကျူးရပေတာပဲ။ မြတ်စွာဘုရား၏တရားတော်ဟာ ဧဟိပဿ၊ လာပါ ကြည့်လှည့်ပါ၊ လာကြည့်စမ်းပါလို့ ဖိတ်ခေါ်တိုက်တွန်းတဲ့တရားပါတဲ့။ အရသာကောင်းများကို ဖိတ်ခေါ်ပြီး ကျွေးသင့်သလိုပါပဲ၊ အရသာကောင်းများကို ဖိတ်ခေါ်ပြီးကျွေးရင် စားရတဲ့သူက ကျေးဇူးတင်တယ်။ ဒါလိုပဲ မြတ်စွာဘုရား၏တရားတော်ကို ကျင့်ဖို့တိုက်တွန်းရင် လက်ခံပြီး ကျင့်တဲ့ လူက တရားအရသာကို တွေ့ရတော့ အများကြီးကျေးဇူးတင်တယ်။ ဒါကြောင့် ခင်မင်ရင်းနှီးတဲ့သူများကိုတော့ သင့်လျော်တဲ့အချိန်အခါမှာ ဃဋီကာရထုံးကို နှလုံးသွင်းပြီး သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို အားထုတ်ဖို့ အတင်းအကျပ်ပဲ တိုက်တွန်းရမယ်။

http://www.dhammadownload.com

# အရောင်အလင်း ရဟန္တာ

မထေရ်တစ်ပါးက ကမ္မဋ္ဌာန်းတောင်းတဲ့တပည့်များကို ဒီလိုကမ္မဋ္ဌာန်း ပေးသတဲ့။ တစ်ခဏချင်း ရဟန္တာဖြစ်စေနိုင်တဲ့ ကမ္မဋ္ဌာန်းကို ဟောမယ်၊ 'မိမိနေရာကျောင်းခန်းထဲဝင်ပြီး မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းနေရမယ်၊ အဲဒီလို နှလုံးသွင်းနေစဉ်မှာ အရောင်အလင်းပေါ်လာရင် အဲဒါ ပထမမဂ် ပဲ။ အဲဒီပုဂ္ဂိုလ်ဟာ ဆက်ပြီးရှုနေစဉ် ဒုတိယအကြိမ် အရောင်အလင်း ပေါ်လာပြန်ရင် အဲဒါ ဒုတိယမဂ်ပဲ။ ထို့အတူ တတိယအကြိမ်၊ စတုတ္ထ အကြိမ် အရောင်အလင်းပေါ်လာရင်လည်း တတိယမဂ်ပဲ၊ စတုတ္ထမဂ်ပဲ။ ဒါလောက်ဆိုရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်ပြီးဖြစ်တယ်' လို့ ကမ္မဋ္ဌာန်းကို ဟောကြားညွှန်ပြပေးသတဲ့။ အဲဒီလို ကမ္မဋ္ဌာန်းပေးတဲ့ အတွက် သူ့တပည့်တွေက အဲဒီဆရာမထေရ်ကို ရဟန္တာပဲလို့ယုံကြည် ဆုံးဖြတ်ကြသတဲ့။ နောက်ကာလ အဲဒီမထေရ် ပျံလွန်တော်မူတဲ့အခါ ရဟန္တာ ပရိနိဗ္ဗာန်စံတယ်လို့ ယုံကြည်ယူဆပြီး အကြီးအကျယ်ပူဇော် ကြ သင်္ဂြိုဟ်ကြတယ်။ အရိုးများကိုလည်း ကောက်ယူပြီး စေတီတည် ထားကြတယ်။

အဲဒီအခါ ဗဟုသုတပြည့်စုံတဲ့ အာဂန္တုရဟန်းများ ရောက်လာပြီး မေးမြန်းကြည့်တဲ့အခါ ကျောင်းနေတပည့်များက သူတို့၏ဆရာမထေရ် ကြီး ကမ္မဋ္ဌာန်းတရားဟောပုံကို ပြောပြီးတော့ ပရိနိဗ္ဗာန်စံသွားကြောင်း ဓာတ်တော်များကို စေတီတည်ထားကြောင်းများကို ပြောကြတယ်။ အဲဒီအခါ အာဂန္တုရဟန်းများက 'အရှင်တို့ဆရာမထေရ်ကြီး တွေ့တဲ့ အရောင်အလင်းဟာ မဂ်မဟုတ်ဘူး၊ ဝိပဿနာ ညစ်ညူးကြောင်း

http://www.dhammadownload.com



ဥပက္ကိလေသ ခေါ်တယ်။ အရှင်ဘုရားတို့က ဝိပဿနာအကြောင်းကို မသိကြဘဲကိုး။ အဲဒီမထေရ်ကြီးဟာ ပုထုဇဉ်ပဲ' လို့ တရားကျမ်းဂန်နှင့် အညီ ရှင်းပြောကြတယ်။ ဒါပေမဲ့ အဲဒီမထေရ်ကြီး၏ တပည့်ရဟန်းတွေက သူတို့၏ဆရာကို ပုထုဇဉ်လို့ ဆိုရပါမလားလို့ မခံမရပ်နိုင်ဖြစ်ပြီး ငြင်းခုံကြသတဲ့။ အဲဒီလို ရဟန္တာမဟုတ်တဲ့ပုဂ္ဂိုလ်ကို ရဟန္တာလို့ အထင်မှားနေတဲ့အယူကို မစွန့်ရင် အဲဒီလိုပုဂ္ဂိုလ်တွေမှာ မဂ်ဖိုလ်လည်း မရနိုင်ဘူး၊ နတ်ပြည်တောင် မရောက်နိုင်ဘူးလို့ အဲဒီအဋ္ဌကထာမှာ ပြဆိုထားပါတယ်။ ပြဆိုပုံကို ထုတ်ပြပါဦးမယ်။

ဧဝံ ဝါဒီနံ၊ ဤသို့ မှားသောအယူဝါဒရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သတံ ဝါ ဟောတု သဟဿံ ဝါ၊ တစ်ရာသော်လည်းကောင်း၊ တစ်ထောင်သော်လည်းကောင်း ရှိပါစေ၊ ယာဝ တံ လဒ္ဓိံ နပ္ပဇဟန္တိ၊ ထိုမှားသော အယူဝါဒကို မစွန့်သမျှကာလပတ်လုံး၊ သဂ္ဂေါပိ မဂ္ဂေါပိ ဝါရိတောယေဝ၊ နတ်ပြည်ကိုရော မဂ်ကိုရော တားမြစ်အပ်သည်သာတည်း တဲ့။

အဲဒီမှာ ဋီကာက ဒီလိုထပ်ဆင့်ပြီး ဖွင့်ပြပါတယ်။

ကဲ့ရဲ့ထိုက်သော ပုထုဇဉ်အဖြစ်၌ တည်သည့်ပုဂ္ဂိုလ်ကို ချီးမွမ်းထိုက်သော အရိယာအဖြစ်သို့ မြှင့်တင်၍ ယူထားသောထိုမိစ္ဆာအယူကို မြဲမြဲစွာ ချီးမြှောက်၍ ပြောဆိုငြင်းခုံခြင်းကြောင့် 'နတ်ပြည်ကိုရော၊ မဂ်ကိုရော တားမြစ်အပ်သည်သာတည်း' ဟု အဋ္ဌကထာဆရာ ဆိုပေသည်တဲ့။

အဲဒါဟာ ကိုယ့်ဆရာကို မဟုတ်ဘဲနဲ့ ဂုဏ်တင်ပြီး ငြင်းခုံပြောဆိုရင် အပြစ်ကြီးကြောင်း အထူးသတိပြုကြဖို့ပါပဲ။

http://www.dhammadownload.com

# အိုးကင်းလှော် ရဟန္တာ

အဲဒီအဋ္ဌကထာမှာပဲ အခြားမထေရ်တစ်ပါး ဟောပုံကိုလည်း ဒီလိုဆက်ပြထားတယ်။ 'စိတ်ကူးဖြင့် ဖိုခုံလောက်သုံးခုကို ပြင်ပြီး စိတ်ကူးဖြင့်ပင် ဒယ်အိုးကင်းကို တည်ရမယ်၊ စိတ်ကူးဖြင့်ပင် မီးထည့်၊ စိတ်ကူးဖြင့်ပင် မိမိ၏ သုံးဆယ့်နှစ်ကောဋ္ဌာသကို ဒယ်အိုးကင်းထဲထည့်ပြီး စိတ်ကူးဖြင့်ပင် တုတ်နဲ့မွှေမွှေပြီး လှော်ရမယ်။ ပြာကျတဲ့အခါ ပါးစပ်လေဖြင့် မှုတ်လွှင့်ပစ်လိုက်ရမယ်။ အဲဒီလိုပုဂ္ဂိုလ်ဟာ မကောင်းမှုကို ခါထုတ်ပြီးသော ရဟန်းမည်တယ်'လို့ ဟောသတဲ့။ အဲဒီလိုဟောတဲ့ဆရာကိုလည်း ရှေးနည်းအတူ ရဟန္တာလို့ယူပြီး စေတီတည်ကြတယ်။ အာဂန္တုရဟန်းများနဲ့ ငြင်းခုံကြပါတယ်တဲ့။

http://www.dhammadownload.com

# အိုးစရည်းကြီး ရဟန္တာ

အခြားမထေရ်တစ်ပါးကတော့ 'စိတ်ကူးဖြင့် အိုးစရည်းကြီးကို တည်ထား၊ စိတ်ကူးဖြင့်ပင် ၃၂ ကောဋ္ဌာသကို အဲဒီအိုးကြီးထဲ ထည့်၊ စိတ်ကူးဖြင့်ပင် မွှေတံတပ်ပြီး မွှေရမယ်၊ မွှေလို့ ကြေမွသွားတဲ့အခါ တက်လာတဲ့အမြှုပ်ကို စားသုံးရမယ်။ အဲဒါဟာ အမြိုက်ကို သုံးဆောင်ရတာပဲလို့ ဟောသတဲ့။ အဲဒီလိုဟောခြင်းကတော့ 'ကာယဂတာသတိကို သုံးဆောင်ရတဲ့ သူတွေဟာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရတယ်' လို့ ဟောတော်မူတဲ့ ဒေသနာတော်ကို မှီပြီးတော့ မှားယွင်းယူဆပြီး ပြောဟောခြင်းပါပဲတဲ့။ အဲဒီလို ဟောတဲ့ဆရာကြီးကိုလည်း သူ့တပည့်တွေက ရှေးနည်းတူ ရဟန္တာလို့ ပူဇော်ကြ၊ စေတီတည်ကြတယ်။ အမှန်ကိုပြောပြတဲ့ အာဂန္တုရဟန်းတွေနဲ့လည်း ငြင်းခုံကြပါတယ်။ အဲဒါဟာ ဟိုခေတ်တုန်းက မိစ္ဆာဝိမုတ္တိဖြစ်ပုံကို ထုတ်ပြထားချက်တွေပါပဲ။ ဟိုရှေးခေတ်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ယခုခေတ်မှာ အဲဒီလိုမိစ္ဆာဝိမုတ္တိတွေ သာပြီးများဖို့ ရှိပါတယ်။ တစ်ချိန်က သစ္စာလေးပါးသိရင် ဗုဒ္ဓဘုရား ဖြစ်တယ်လို့ ဟောသူက ဟောတဲ့အတွက် ယုံကြည်တဲ့တပည့်များက သူတို့ကိုယ်သူတို့ ဗုဒ္ဓဘုရားဖြစ်တယ်လို့တောင် ဝန်ခံဝံ့တဲ့သူတွေ ပေါ်လာကြသေးတာပဲ။ ဒါပေမဲ့ မိစ္ဆာဝိမုတ္တိတွေကို တိတိကျကျ ထုတ်ဖော်ပြောရင် သူများစောင်းပြောသလိုလို ဖြစ်နေလိမ့်မယ်။ ဒါကြောင့် မိစ္ဆာဝိမုတ္တိအကြောင်းကို ဒါလောက်နဲ့ပဲ ရပ်ထားလိုက်ပါတော့မယ်။

http://www.dhammadownload.com

# ဆိုဆုံးမခံမှ တိုးတက်ကြီးပွားတယ်

တချို့သားသမီးတွေက မိဘစကားကို နားမထောင်ဘူး၊ တချို့တပည့်တွေက ဆရာ့စကားကို နားမထောင်ဘူး၊ အောက်လူတွေက အထက်လူကြီးစကားကို နားမထောင်ဘူး၊ တချို့သီတင်းသုံးဖော်တွေက အချင်းချင်း ပြောဆိုတဲ့စကားကို နားမထောင်ဘူး။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ဒုဗ္ဗစ၊ ဆိုဆုံးမခက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။ တချို့က 'ဘယ်သူ့စကားမှ နားမထောင်ဘူး၊ ငါထင်ရာလုပ်မယ်' ဆိုတဲ့စိတ်နဲ့ ထင်ရာလုပ်နေတာလည်း ရှိတယ်။ အဲဒီလိုပုဂ္ဂိုလ်ကတော့ ဆိုဆုံးမခက်တဲ့ပုဂ္ဂိုလ်တွေထဲမှာ ပထမတန်းလို့ ဆိုရမှာပဲ။

ဒီနေရာမှာ မလိုလို့ ပြောဆိုတာလည်း ရှိတယ်၊ အဲဒီလို စကားနားမထောင်တာကတော့ အပြစ်မရှိပါဘူး။ ဒုဗ္ဗစလို့လည်း မဆိုရပါဘူး။ အရေးကြီးတာကတော့ 'မမှားသင့်တာ မမှားပါစေနဲ့၊ မှားနေတာကို အမှန်ရောက်ပါစေ' လို့ ဒီလိုမေတ္တာနဲ့ ကရုဏာနဲ့ အကြောင်းသင့်၊ အကျိုးသင့် ပြောဆိုတဲ့ သတိပေးစကား အဆုံးအမစကားကို လိုက်နာဖို့ကတော့ အရေးကြီးပါတယ်။ နောက်ပြီးတော့ အခြားပုဂ္ဂိုလ်များအား အနှောင့်အယှက်မပြုဖို့ ဆုံးမစကားကိုလည်း လိုက်နာဖို့ အရေးကြီးပါတယ်။ အဲဒီလို စကားမျိုးကို နားမထောင်ရင်တော့ ဒုဗ္ဗစပုဂ္ဂိုလ်မည်ပါတယ်။ မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက အဆိုအဆုံးမခက်တဲ့ ပုဂ္ဂိုလ်အနေနဲ့ အထူးထင်ရှားတဲ့ပုဂ္ဂိုလ်ကတော့ အရှင်ဆန္နတဲ့။

http://www.dhammadownload.com



## အရှင်ဆန္နမထေရ်အကြောင်း

အရှင်ဆန္နဆိုတာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဘုရားအလောင်းတော် တောထွက်စဉ်က နောက်တော်ပါအဖြစ်နဲ့ လိုက်ပါရတဲ့ ဆန္နအမတ်ပဲ။ သူ့ကို မြင်းမြီးဆွဲ မောင်ဆန်လို့ ခေါ်ကြသေးတယ်။ သူက နောက်ကာလမှာ သာသနာတော်မှာဝင်ပြီး ရဟန်းပြုပြီးနေတဲ့အခါ ဝိနည်းကျင့်ဝတ်နဲ့ မညီတဲ့ အပြုအမူတွေကို ပြုတဲ့အတွက် သီတင်းသုံးဖော်ရဟန်းများက သူ့ကို သတိပေးကြ၊ သွန်သင်ဆုံးမကြတယ်။ အဲဒီတော့ သူက အဆုံးအမ မခံဘူး။ ပြန်ပြီး ခုခံပြောဆိုနေတယ်။ ပြောဆိုပုံကတော့ 'သင်တို့က ဘယ်လိုပုဂ္ဂိုလ်တွေမို့ ငါ့ကို ဆုံးမကြရတာပဲ။ ငါ့ကို သာမန်ပုဂ္ဂိုလ် ထင်နေကြသလား။ ငါဟာ အလောင်းတော် တောထွက်တုန်းက လိုက်ပါရတဲ့ အပါးတော်မြဲဖြစ်တယ်။ အဲဒီတုန်းက အနော်မာမြစ်ကမ်းအထိ ငါက လိုက်ပို့ရတယ်။ ဝေယျာဝစ္စလည်း ဆောင်ရွက်ခဲ့ရတယ်။ သင်တို့က ယခုမှ အဂ္ဂသာဝက သာရိပုတ္တရာ၊ မောဂ္ဂလာန်စသည်ဖြင့် တပည့်ရင်းတွေ လုပ်နေကြတာ၊ သင်တို့က နောက်တိုးတွေ၊ လက်သစ်တပည့်တွေပဲ။ သင်တို့ပြောတဲ့စကားကို ငါနားမထောင်နိုင်ပါဘူး' စသည်ဖြင့် ခုခံပြောဆိုနေပါသတဲ့။ အဲဒါကိုအကြောင်းပြုပြီး မြတ်စွာဘုရားက သိက္ခာပုဒ်တောင် ပညတ်တော်မူရတယ်။

အဲဒီသိက္ခာပုဒ်ထဲမှာ ဆိုဆုံးမပုံ၊ အကြောင်းပြထားပုံဟာ အင်မတန် နှစ်သက်စရာကောင်းတယ်။ 'ဘိက္ခူဟိ သဟဓမ္မိကံ ဝုစ္စမာနော၊ သီတင်းသုံးဖော် အတူနေရဟန်းများက အကြောင်းပြုပြီး ဆုံးမပြောဆိုတဲ့အခါ တစ်စုံတစ်ယောက်သော ရဟန်းက သူ့ကိုမဆုံးမအပ်ကြောင်း ပြောဆိုငြင်းပယ်နေလျှင် ဒီလိုဆိုဆုံးမရမယ်တဲ့။ ဆုံးမပုံကတော့ 'အရှင်ဘုရားဟာ ကိုယ့်ကိုယ်ကို သူတစ်ပါးက မဆုံးမအပ်၊ မဆုံးမကောင်းတဲ့အနေ မပြုပါနဲ့၊ ဆုံးမကောင်းတဲ့အနေနဲ့သာ လက်ခံပါ။ အရှင်ဘုရားက

http://www.dhammadownload.com



လည်း အခြားရဟန်းများကို ပြောစရာရှိလျှင် ပြောဆိုပါ။ အခြားရဟန်းများကလည်း အရှင်ဘုရားကို ပြောစရာရှိလျှင် ပြောဆိုကြပါလိမ့်မယ်။ ဒီလိုအချင်းချင်း ပြောဆိုဆုံးမခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော်ဟာ တိုးတက်ကြီးပွားသွားနိုင်ပါတယ်' လို့ ဆိုဆုံးမရတယ်တဲ့။ အင်မတန်ကောင်းတဲ့ နည်းလမ်းပါပဲ။

ဒါပေမဲ့ အရှင်ဆန္နကတော့ အဆုံးအမ မခံဘဲ ငြင်းပယ်နေတာပါပဲ။ ဒါကြောင့် သူ့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်အထိ တရားထူးကို မရဘဲ ဖြစ်နေတယ်။ ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့ နောက်ကာလကျမှ မြတ်စွာဘုရားက မိန့်မှာထားခဲ့တဲ့အတိုင်း သံဃာတော်က သူ့ကို ဗြဟ္မဒဏ်ပေးတယ်။ 'ဗြဟ္မဒဏ်' ဆိုတာ အရှင်ဆန္နက ပြောချင်တာ ပြောပါစေ၊ အခြားရဟန်းများကတော့ သူ့ကို ဘာမျှမပြောရဘူး၊ အဆုံးအမ ဩဝါဒ မပေးရဘူးတဲ့။ အဲဒီ ဗြဟ္မဒဏ်ပေးတဲ့အကြောင်းကို ကြားရတဲ့အခါကျတော့မှ အရှင်ဆန္နမှာ မာနကျိုးသွားတယ်။ မြတ်စွာဘုရားလည်း မရှိတော့ဘူး၊ သီတင်းသုံးဖော်များကလည်း ငါ့ကို မပြောဆိုတော့ဘူးဆိုရင် ငါ့မှာ အားကိုးရာမဲ့ ဖြစ်တော့တာပဲ၊ ကြီးပွားရေးအတွက် သေရာရောက်တော့တာပဲလို့ စဉ်းစားပြီး မာနကျသွားတယ်။ အဲဒီအခါကျမှ ရှိရှိသေသေ တရားအားထုတ်ပြီး ရဟန္တာ ဖြစ်တော်မူပါသတဲ့။

လောကမှာဖြစ်စေ၊ သာသနာတော်မှာဖြစ်စေ ဆိုဆုံးမခံမှ ယဉ်ကျေးတယ်။ တိုးတက်ကြီးပွားတယ်။ အချင်းချင်း မပြောမဆိုဘဲ အပြောအဆို မခံဘဲ နေကြရင် တိရစ္ဆာန်တွေလို အရိုင်းအစိုင်းဘဝက မတက်ဘဲ ရှိနေလိမ့်မယ်။

http://www.dhammadownload.com

# တရားထူးရနိုင်သူ

မြတ်စွာဘုရား၏လက်ထက်တော် အခါကာလက ဘုရား၏မျက်မှောက်မှာတောင်မှ အကြောင်းမညီညွတ်လို့ရှိရင် တရားဆိုတာက မရနိုင်ဘူး၊ အကြောင်းညီညွတ်မှ ရတယ်။ ဒီနေရာမှာ တရားမရခြင်းရဲ့အကြောင်းက ၂ ခုရှိတယ်။ ဘာတွေလဲဆိုလို့ရှိရင် ကိရိယပရိဟာနိနဲ့ ပါပမိတ္တတဲ့။ ဒီကိရိယပရိဟာနိနဲ့ ပါပမိတ္တဆိုတဲ့ အကြောင်းနှစ်ခုဟာ တရားထူးကို မရနိုင်အောင် အန္တရာယ်ပြုတတ်တယ်။ နှောင့်ယှက်တတ်တယ်။

## ပေဿဝတ္ထု

တစ်ချိန်တုန်းက မြတ်စွာဘုရားဟာ သံဃာတော်ပရိသတ်တွေနဲ့ သီတင်းသုံးပြီးနေတုန်း ကန္ဒရကဆိုတဲ့ပရိဗိုဇ်နဲ့ ပေဿဆိုတဲ့ လူဝတ်ကြောင်ဒကာတစ်ယောက် ရောက်လာကြတယ်။ အဲဒီလို ရောက်လာတဲ့အခါ မြတ်စွာဘုရား၏ပတ်ဝန်းကျင်မှာ ရှိနေတဲ့သံဃာတော်တွေ ငြိမ်သက်သိမ်မွေ့နေတာကို တွေ့မြင်ရတော့ ကန္ဒရကဆိုတဲ့ ပရိဗိုဇ်ဟာ သာသနာပြင်ပက ရသေ့ဖြစ်ပေမယ့် သူ့မှာ သဒ္ဓါတရားတွေဖြစ်တယ်။ ဘယ်လိုဖြစ်သလဲဆိုတော့ 'ဒီလောက်များတဲ့သံဃာတော်တွေထဲမှာ တစ်ပါးမျှလက်လှုပ်ခြင်း မရှိဘူး၊ ခြေလှုပ်ခြင်း မရှိဘူး၊ စကားပြောဆိုခြင်းမရှိဘူး၊ သိမ်မွေ့ပါပေတယ်၊ ကြည်ညိုစရာ ကောင်းပါပေတယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ ဩဝါဒနဲ့ ဆုံးမထားလို့ဖြစ်မှာပဲ' လို့ ဆင်ခြင်ပြီးတော့ သူ့စိတ်ထဲက သဘောကျကြည်ညိုသွားတယ်။

ဒါကြောင့် သူက မြတ်စွာဘုရားကို အဲဒီအကြောင်း ထုတ်ဖော်

http://www.dhammadownload.com



ပြီး လျှောက်တယ်။ ဒီလိုလျှောက်တော့ မြတ်စွာဘုရားက 'ကန္ဒရက ပရိဗိုဇ်၊ သင်ပြောတာ မှန်ပါတယ်။ ငါဟာ တပည့်သားတွေကို ကောင်းသော ဩဝါဒနဲ့ ဆုံးမထားပါတယ်။ ဒီသံဃာတော်တွေထဲမှာ တချို့က ရဟန္တာတွေပဲတဲ့။ ခုနက ပြောခဲ့တဲ့အတိုင်း သတိတွေ အမြဲထင်နေတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ။ တချို့ကလည်း အနာဂါမ်တွေတဲ့၊ သတိတွေ လေးပုံသုံးပုံ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေပေါ့။ တချို့ကလည်း သကဒါဂါမ်တွေတဲ့၊ သတိတွေ တစ်ဝက်လောက် ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေပေါ့။ တချို့ကလည်း သောတာပန်တွေတဲ့၊ သတိတွေ လေးပုံတစ်ပုံ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေပေါ့။ တချို့ကလည်း သတိပဋ္ဌာန်တရားတွေကို ပွားများအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေပဲ' လို့ မိန့်ကြားတော်မူပါတယ်။

သတိပဋ္ဌာန်တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ သတိက ပြည့်စုံပြီလို့ မဆိုရသေးသော်လည်း ရှိတန်သလောက်တော့ ရှိနေပါတယ်။ ဒါကြောင့် လက်ကွေးချင်လို့ရှိလျှင် ကွေးချင်တဲ့စိတ်ကလေးကစပြီး 'ကွေးချင်တယ်၊ ကွေးချင်တယ်' လို့ ရှုပြီးတော့ ဖြည်းဖြည်းချင်း ကွေးသွားတယ်။ မရှုဘဲနဲ့ ရုတ်တရက် ကွေးမိ ဆန့်မိတာရယ်လို့ မရှိဘူး။ ဒါကြောင့် သူက ဣန္ဒြေသိပ်ရနေတယ်။ စကားပြောချင်တဲ့အခါမှာလည်း အကျိုးရှိမရှိ ဆင်ခြင်ရသေးတယ်။ အဲဒီလိုမဟုတ်ရင်လည်း ပြောချင်တဲ့စိတ်ကလေးကို 'ပြောချင်တယ်၊ ပြောချင်တယ်'လို့ မှတ်နေရတယ်။ ဒါကြောင့် ပြောစရာအကြောင်းက မလုံလောက်ရင် မပြောတော့ဘူး၊ မလွှဲသာလို့ ပြောပြန်ရင်ပဲ ပြောတာကလေးကို မှတ်နေရတော့ စကားတွေဟာ အပိုအမိုတွေ များများမပြောဖြစ်ဘူး။ ဒါကြောင့် ဣန္ဒြေရနေပါတယ်။

## စိတ်ဓာတ်ပြုပြင်ရေးမှာ သတိတရားဟာ အရေးပါ

မြတ်စွာဘုရား၏ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ပုဂ္ဂိုလ်တွေထဲမှာ တချို့က

http://www.dhammadownload.com



ရဟန္တာ၊ တချို့က အနာဂါမ်၊ တချို့က သကဒါဂါမ်၊ တချို့က သောတာပန်၊ တချို့က သတိပဋ္ဌာန်တရား ပွားများနေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။ ကမ္မဋ္ဌာန်းလက်လွတ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး။ ဒါကြောင့် သိပ်ပြီး သိမ်မွေ့နေတယ်ဆိုတဲ့အကြောင်းကို မြတ်စွာဘုရားက အမိန့်ရှိပါတယ်။ ဒီလိုအမိန့်ရှိတော့ ပေဿဆိုတဲ့ လူဝတ်ကြောင်ဒကာက လျှောက်တယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ လူတွေကို ဖြောင့်မတ်အောင် ဆုံးမတာ အင်မတန်ကောင်းပါတယ်။ တိရစ္ဆာန်တွေဟာ မကောက်ကျစ်ဘူး၊ ဖြောင့်မတ်တယ်၊ တိရစ္ဆာန်တွေဟာ သူတို့လုပ်နေကျဟာကို လုပ်တာပဲ။ ကျင်ကြီးစွန့်ချင်လည်း စွန့်လိုက်တာပဲ။ ကျင်ငယ်စွန့်ချင်လည်း စွန့်ချလိုက်တာပဲ။ ဘာတွေညာတွေ သူတို့မစဉ်းစားဘူး။ ပြီးတော့ အရှင်သခင်တွေကိုလိမ်ညာပြီး ငါဘယ်လိုလုပ်မယ်လို့ ဒီလိုကောက်ကျစ်တဲ့အကြံ မရှိဘူး။ သူတို့မလုပ်ချင်ရင်၊ သူတို့မကြိုက်ရင် ကိုးရိုးကားရား လုပ်တာပဲ။ လူတွေကတော့ ဒီလိုမဟုတ်ဘူး ဘုရား၊ လူတွေက ကောက်ကျစ်တယ်၊ ရှေ့မှာ တစ်မျိုး၊ မျက်ကွယ်မှာ တစ်မျိုးနဲ့ ရှေ့မှာတော့ဖြင့် အကျိုးကို လိုလားယောင်ယောင် မေတ္တာရှိယောင်ယောင် လုပ်တတ်ကြပါတယ်။ မျက်ကွယ်ကျတော့ ဒီလိုမဟုတ်ဘူး။ အကျိုးမဲ့တွေကို လုပ်တတ်ကြပါတယ်။ လူတွေဟာ အင်မတန်ကောက်ကျစ်ပါတယ်။ အဲဒီလိုကောက်ကျစ်တဲ့သဘော ရှိနေတဲ့ လူတွေရဲ့စိတ်ဓာတ်တွေကို ဖြောင့်မတ်အောင် အရှင်ဘုရား ပြုပြင်ထားတာ သိပ်ကောင်းတာပဲ ဘုရား' လို့ ဆိုပြီးတော့ 'တပည့်တော်လည်း လူဝတ်ကြောင်ပေမယ့် ဒီသတိပဋ္ဌာန်တရားကို ရံဖန်ရံခါ ပွားများပါတယ်ဘုရား' လို့ သူက ချီးကျူးလျှောက်ထားပါတယ်။

ဟုတ်တယ်၊ သတိပဋ္ဌာန်တရားဟာ စိတ်ဓာတ်ပြုပြင်ရေးမှာ အလွန်ကောင်းတဲ့တရားပဲ။ လူတွေ ကောက်ကျစ်နေတယ်ဆိုတာဟာ

http://www.dhammadownload.com



ကိုယ့်စိတ်ကောက်ကျစ်နေတာကို မသိလို့ပါပဲ။ ကိုယ့်စိတ်ကို သိနေရင် ဘယ်မှာကောက်နိုင်ပါတော့မလဲ။ ကိုယ့်စိတ်ကလေး ကောက်ရင် ကောက်မှန်းသိဖို့၊ မကောက်ရင်လည်း မကောက်မှန်းသိဖို့ စိတ္တာနုပဿနာ ဟာ အလွန်အရေးကြီးပါတယ်။ စိတ္တာနုပဿနာ ကောင်းကောင်းပြည့်စုံ နေတဲ့ ပုဂ္ဂိုလ်မှာ ဒီလိုကောက်ကျစ်တဲ့သဘောတွေ ဘာမှမဖြစ်နိုင်ဘူး၊ သူ့စိတ်တွေဟာ အားလုံးဖြောင့်စင်းနေတယ်။ အလွန်ကောင်းပါတယ်။

## တရားရထိုက်ပေမယ့် တရားမရ

ပေဿက အဲဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက ပုဂ္ဂိုလ်လေးမျိုး ကို ဝေဖန်ပြီး ဟောတော်မူတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်လေးမျိုး အကျယ် ဝေဖန်မယ်လို့ ခေါင်းစဉ်ပြီးခါရှိသေး၊ အဲဒီပေဿက ဘာပြောသလဲ ဆိုတော့ 'အရှင်ဘုရား၊ တပည့်တော်မှာ ကိစ္စတွေက များတယ်ဘုရား၊ သွားဖို့ရာ ခွင့်ပြုပါဦး' လို့ မြတ်စွာဘုရားကို လျှောက်တယ်။ အဲဒီလို လျှောက်တော့ မြတ်စွာဘုရားက သူ့ကို 'ဟာ ပေဿ ခဏနေဦး၊ ငါဟောတဲ့တရား ဆုံးအောင်နာဦး' လို့ ပြောပေမယ့် နေနိုင်မှာမဟုတ် ဘူး၊ အားနာလို့ နေပြန်လည်းပဲ စိတ်က မပါတပါနဲ့ နာနေတော့ သူ့မှာ ဘာမှအကျိုးရှိမှာမဟုတ်တော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားက လည်း သူ့ကို မတားနိုင်ဘူး။ သင့်သဘောအတိုင်းပဲ ဆိုပြီး ခွင့်ပြုလိုက် တယ်။ ပေဿပြန်သွားတော့ မြတ်စွာဘုရားက 'ချစ်သားတို့၊ ပေဿက ပညာရှိပဲ၊ ငါဘုရား ယခုဟောမည့် ဒေသနာကို ပြီးဆုံးအောင် နာလိုက် ရင် သူဟာ သောတာပတ္တိမဂ်ဖိုလ် ရမယ်၊ သောတာပန်ဖြစ်မယ်၊ အကျိုး များသွားမယ်' လို့ မိန့်တော်မူပါတယ်။

အဲဒါကို အကြောင်းပြုပြီးတော့ အဋ္ဌကထာမှာ ဖွင့်ပြထားပုံက တော့ မြတ်စွာဘုရား၏ မျက်မှောက်မှာတောင်မှ တရားရထိုက်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



ပေမယ့် တရားမရဘဲ ဖြစ်နိုင်သေးသလားဆိုတဲ့ အကြောင်းကို မေးခွန်း ထုတ်ပြီးတော့ ဖြစ်နိုင်ပုံကို ဒီလိုဖွင့်ထားပါတယ်။ မဂ်ဖိုလ်မရခြင်း၏ အကြောင်းဟာ ကိရိယပရိဟာနိရယ်၊ ပါပမိတ္တရယ် ဒီလိုနှစ်ခုရှိပါတယ် တဲ့။ 'ကိရိယပရိဟာနိ' ဆိုတာက ပြုသင့်ပြုထိုက်တာကို ပြည့်စုံအောင် မပြုကျင့်တာပါပဲ။ ပြုသင့်ပြုထိုက်တာကလည်း နှစ်မျိုး ရှိပါတယ်။ ဟောတဲ့ပုဂ္ဂိုလ်က ပြုသင့်ပြုထိုက်သမျှကို ပြည့်စုံအောင် မပြုတာက တစ်မျိုး၊ နာတဲ့ပုဂ္ဂိုလ်က ပြုသင့်ပြုထိုက်သမျှကို ပြည့်စုံအောင် မပြုတာ က တစ်မျိုး ဒီလိုနှစ်မျိုး ရှိပါတယ်။ ဟောတဲ့ပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်လောက်အောင် တရားကို ပြည့်ပြည့်စုံစုံ မဟောလို့ရှိရင် ဟောတဲ့ ဆရာရဲ့တာဝန် လိုနေတာတဲ့။

ဟုတ်တယ်၊ ဟောတဲ့ပုဂ္ဂိုလ်က မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်လောက် အောင် တရားကို ပြည့်ပြည့်စုံစုံ မဟောလို့ရှိရင် တပည့်က ဘယ့်နှယ် လုပ်ပြီး အားထုတ်တတ်မလဲ။ တချို့က တရားအားထုတ်ချင်ကြပါတယ်၊ ဒါပေမဲ့ ဟောမယ့်ဆရာ မရှိဘူး၊ နည်းပေးလမ်းပြမယ့်သူ မရှိဘူး၊ ဒါနဲ့ တချို့လူတွေဟာ အိုပြီး သေကုန်ရှာကြတယ်။ တရားလည်း အားမထုတ်လိုက်ရဘူး။ တရားရဖို့ဆိုတာတော့ ဝေးရော။ အဲဒါကြောင့် ဟောတဲ့ဆရာက လိုနေလို့ တရားမရတာလည်း ရှိပါတယ်။ ဒါကတော့ ဆရာ့တာဝန် ချို့ယွင်းချက်ပဲ။ ယခု ဘုန်းကြီးတို့ကတော့ ဆရာတာဝန် မချို့ယွင်းရအောင် အပြည့်အစုံ ဟောနေပါတယ်၊ တိုက်တွန်းနေပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့အတွက်ကတော့ ဆရာတာဝန်ဘက်က လိုစရာ မရှိပါဘူး။ တချို့တပည့်ဖြစ်တဲ့ တရားနာပုဂ္ဂိုလ်တွေက တရား ကို ဆုံးအောင် မနာဘူး၊ နာပြန်ရင်လည်း ကျင့်ပါဆိုတော့ မကျင့်ပြန် ဘူး။ ကျင့်ပြန်တော့လည်း နည်းနည်းလောက်ပဲ ကျင့်တယ်၊ ပြည့်စုံ အောင် မကျင့်ဘူး။ အားမထုတ်ဘူး။ အဲဒီလို ပြည့်စုံအောင် မလုပ်တဲ့ မကျင့်တဲ့အတွက် အဲဒီပုဂ္ဂိုလ်မှာ ရသင့်ရထိုက်တဲ့တရားကို မရဘဲ

http://www.dhammadownload.com



ဖြစ်သွားတတ်ပါတယ်။ ယခု ပြောနေတဲ့ ပေဿဟာ မြတ်စွာဘုရား မျက်မှောက်မှာပဲ သူက တရားကို ဆုံးအောင်မနာလို့၊ တရားဆုံးအောင် နာပြီး နှလုံးသွင်းလိုက်ရင် သောတာပန်ဖြစ်သွားနိုင်ပါလျက်နဲ့ အဲဒီ အကျိုးကို မရဘဲ ဖြစ်သွားရှာပါတယ်။

http://www.dhammadownload.com

# အနီးကပ်

အမြဲမပြတ် လှူဒါန်းပေးကမ်းခြင်း၊ မိဘဆရာသမားတို့အား အမြဲဝတ်ပြုခြင်း၊ နေ့စဉ် ဘုရားဝတ်ပြုခြင်း၊ ဘုရားဂုဏ်တော်စသည်ကို အာရုံပြု၍ ပုတီးစိပ်၊ တရားအားထုတ်ခြင်းဆိုတဲ့ ဒီလိုအမြဲမပြတ် လေ့လာကျင့်သုံးနေတဲ့ ကုသိုလ်အမှုတွေလည်း ဗဟုလကံတွေပါပဲ။ ဒီဗဟုလကံတွေကလည်း ရှေးဦးစွာ အကျိုးပေးတတ်ပါတယ်။

## အာသန္နကံ

အဲဒီ ဗဟုလကံလည်း မရှိရင်တော့ သေခါနီးမှာ ပြုတဲ့ကံက အကျိုးပေးတယ်။ အဲဒီကံကို သေခါနီးမှာ ပြုတဲ့အတွက် အာသန္နကံလို့ ခေါ်တယ်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ ဒီအာသန္နကံက ဗဟုလကံထက် အားကောင်းတယ်ဆိုတဲ့အနေနဲ့ သူ့ကို ရှေးဦးစွာ ပြဆိုထားပါတယ်။ ဒါပေမဲ့ အာသန္နကံက ဗဟုလကံကို လွှမ်းမိုးပြီး အကျိုးပေးတယ်ဆိုတာက တစ်ရံတစ်ခါလောက် ဖြစ်ဖွယ်ရှိပါတယ်။ အများအားဖြင့်တော့ အဋ္ဌကထာကြီးများက ပြထားသည့်အတိုင်း အမြဲမပြတ်လေ့လာနေတဲ့ ဗဟုလကံကပဲ လွှမ်းမိုးပြီး အကျိုးပေးဖွယ်ရှိပါတယ်။ ဒါကြောင့် ဒီမှာ အဲဒီ အဋ္ဌကထာကြီးများက ဆိုထားတဲ့အတိုင်းပဲ ရှေ့နောက်စဉ်ပြီး ပြထားပါတယ်။

ဒါပေမဲ့ တမ္ဗဒါဌိကဝတ္ထုစသည်ကို ထောက်ဆကြည့်လျှင် အာသန္နကံကလည်း အားကိုးရပါတယ်။ တမ္ဗဒါဌိကာဟာ ၅၅ နှစ်ပတ်လုံး လူတွေကို သတ်လာခဲ့တယ်။ သေခါနီးမှာ အရှင်သာရိပုတ္တရာအား

http://www.dhammadownload.com



နွားနို့ယာဂုကိုလှူပြီး တရားနာတာနဲ့ သေသည်၏အခြားမဲ့မှာ တုသိတာနတ်ပြည် ရောက်သွားရတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၅ စသည်)

သီဟိုဠ်ကျွန်း မဓုအင်္ဂဏရွာမှာ ဒမိဠ= တမယ်လ်လူမျိုး ဒါရဝမ် တစ်ယောက် ရှိသတဲ့။ သူက နေ့စဉ် ငါးမျှားပြီး အနှစ် ၅၀ ပတ်လုံး အသက်မွေးနေသတဲ့။ သေခါနီးကျတော့ စူဠပိဏ္ဍ ပါတိကတိဿထေရ်က သနားတာနဲ့ သွားပြီး သရဏဂုံနဲ့ ငါးပါးသီလကို ပေးတယ်။ သရဏဂုံကို ဆောက်တည်ပြီး မေးခိုင်သွားလို့ သီလကို မဆောက်တည်နိုင်ရှာဘူး၊ အဲဒီ ဒါရဝမ်ဟာ သေသွားတဲ့အခါ သရဏဂုံဆောက်တည်တဲ့ ကုသိုလ်ကြောင့် စတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်ရသတဲ့။

(အံ၊ ဋ္ဌ ၂၊ ၁၀၈)

ကုသိုလ်အာသန္နကံသာ မဟုတ်ဘူး၊ အကုသိုလ် အာသန္နကံကလည်း အကျိုးပေးတာပဲ။ သီဟိုဠ်ကျွန်း အန္တရဂင်္ဂါဆိုတဲ့အရပ်မှာ မဟာဝါစကာလ အမည်ရှိတဲ့ ဥပါသကာဟာ အနှစ် ၃၀ ပတ်လုံး ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး နှလုံးသွင်း အားထုတ်နေတယ်။ ဒါပေမဲ့ အရောင်အလင်းကလေးလောက်တောင် မတွေ့ရတာနဲ့ ဗုဒ္ဓသာသနာတော်ဟာ ထွက်မြောက်စေနိုင်တဲ့ နိယျာနိကတရား မဟုတ်ဘူးလို့ အယူလွဲပြီး သေသွားတဲ့အခါ မိကျောင်းပြိတ္တာကြီး ဖြစ်သွားရှာသတဲ့။

(အံ၊ ဋ္ဌ ၂၊ ၁၀၈)

http://www.dhammadownload.com

# ဆင်းရဲသော သိကြားမင်း

ကောင်းကင်မှာ တည်တဲ့နတ်တွေမှာလည်း သူတို့အလိုရှိတိုင်း မပြည့်စုံလို့ စိုးရိမ်ပူဆွေးရ၊ စိတ်နှလုံးမသာရတဲ့ ဆင်းရဲတွေ ရှိနေပါတယ်။ တချို့နတ်တွေမှာ သူများလို ဘုံဗိမာန် အခြွေအရံ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်။ တချို့နတ်တွေမှာ သူများလို တန်ခိုးအရောင်အဝါနဲ့ မပြည့်စုံလို့ စိတ်ဆင်းရဲရတယ်။ သိကြားမင်းကြီးရဲ့ဖြစ်ပုံမျိုးပေါ့။

သိကြားမင်းကြီးက အရှင်မဟာကဿပကို ဆွမ်းလှူတဲ့အခါ ဒီလိုလျှောက်တယ်။ 'တပည့်တော်ဟာ နတ်ပြည်မှာ သိကြားမင်းကြီး ဖြစ်နေရပေမယ့် စိတ်ဆင်းရဲပါတယ်ဘုရား၊ တပည့်တော်ဟာ သာသနာပ က ကုသိုလ်ပြုပြီး နတ်ဖြစ်ရလို့ ကိုယ်ရောင်ကိုယ်ဝါ သိပ်မတောက်ပပါ။ သာသနာတွင်းက ကုသိုလ်ပြုပြီး နတ်ပြည်ကို ရောက်လာကြတဲ့ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သားဆိုတဲ့ ဒီနတ်သားကြီးတွေက တပည့်တော်ထက် တန်ခိုးအရောင်အဝါ ကြီးမားကြပါတယ်။ သူတို့နဲ့ လမ်းမှာတွေ့ဆုံနေရင် အရောင်အဝါချင်း မယှဉ်ပြိုင်နိုင်လို့ တပည့်တော်က ပုန်းလျှိုး တိမ်းရှောင်နေရပါတယ်' လို့ လျှောက်ပါတယ်။ အဲဒါကိုထောက်ဆကြည့်ရင် နတ်ပြည်မှာလည်း ကိုယ်အလိုရှိတိုင်း မပြည့်စုံလို့ စိတ်ဆင်းရဲနေရတာတွေ အများကြီး ရှိမယ်ဆိုတာ ယူဆနိုင်ပါတယ်။

အဲဒါထက် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးတစ်စုက အရှင်မဟာကဿပအား ဆွမ်းလှူဖို့ရာ အသနားခံကြတာက သာပြီး ထင်ရှားပါသေးတယ်။ သူတို့လျှောက်ပုံကတော့ 'တပည့်တော်မတို့

http://www.dhammadownload.com



ဟာ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်မိဖုရားကလေးတွေ ဖြစ်နေရတာကတော့ မှန်ပါတယ်။ ဒါပေမဲ့ တပည့်တော်မတို့ထက် အဆင့်အတန်းမြင့်တဲ့ နတ်မိဖုရားတွေက ဒုနဲ့ဒေးရှိနေတော့ တပည့်တော်မတို့ဟာ အင်မတန် ဆင်းရဲကြပါတယ်ဘုရား၊ ဒါကြောင့် အဆင့်အတန်းမြင့်ရအောင် အရှင်ဘုရားကို ဆွမ်းလှူလိုကြပါတယ်' လို့ လျှောက်ထားအသနားခံကြတယ်။ အဲဒါဟာ တော်တော်ယုတ္တိရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သိကြားမင်းမှာ အလုပ်အကျွေးနတ်သမီးတွေက ကုဋေနဲ့ချီပြီး ရှိနေတယ်လို့ ဆိုပါတယ်။ ဒီတော့ သိကြားမင်းကြီးရဲ့ ပတ်ဝန်းကျင်မှာ နတ်မိဖုရားကြီးတွေက ရှိနေတဲ့အတွက် သာမန်အလုပ်အကျွေးနတ်သမီးတွေမှာ အနားနားတောင် ကပ်ရမှာ မဟုတ်ပေဘူး။ အဲဒီလိုနတ်သမီးတွေမှာ စိတ်အလိုအတိုင်း မပြည့်တဲ့အတွက် အင်မတန်ဆင်းရဲကြမှာပဲ။ ဒိပြင်လည်း တန်ခိုးကြီးတဲ့နတ်သားကြီးတွေမှာ အခြွေအရံနတ်သမီးတွေ ၅၀၀၊ ၁၀၀၀၊ ၁၀၀၀၀ စသည်ဖြင့် ရှိနေကြပါတယ်။ အဲဒီလို နတ်သမီးတွေ အစုထဲမှာလည်း နတ်သားကြီးနား ချဉ်းကပ်ခွင့်မရတဲ့ နတ်သမီးတွေ အများကြီးရှိနေမှာပါပဲ။ အဲဒီလို နတ်သမီးတွေမှာလည်း စိတ်အလိုအတိုင်း မပြည့်လို့ ဆင်းရဲရှာကြမှာပဲ။

http://www.dhammadownload.com

# အမျှဝေ

ဒိဋ္ဌိပါဒန်ဆိုတာက ကံ ကံ၏အကျိုးမရှိစသည်ဖြင့် ယူဆစွဲလမ်းမှုဖြစ်ကြောင်း သတ္တမပိုင်းမှာ ပြောခဲ့ပါပြီ။ နောင်ဘဝမရှိဘူးဆိုရင်လည်း ကံ ကံ၏အကျိုးဆိုတာ မရှိနိုင်တော့ဘူး။ ဒါကြောင့် ယခုဘဝက သေပြီးလျှင် ဘာမျှမရှိတော့ဘူးလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိဟာလည်း ဒီ ကံ ကံ၏အကျိုး မရှိဘူးလို့ ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ထဲမှာ အတွင်းဝင်နေပါတယ်။ အဲဒီလို ကံ ကံ၏အကျိုး မရှိဘူး၊ နောင်ဘဝလည်း မရှိဘူးလို့ ယုံကြည်စွဲလမ်းနေတဲ့သူမှာ ကောင်းမှုကုသိုလ်ကိုလည်း ပြုဖို့မလိုဘူး၊ မကောင်းမှုအကုသိုလ်ကိုလည်း ရှောင်ကြဉ်ဖို့မလိုဘူး၊ အသက်ရှည်ရှည်နေရဖို့နဲ့ မသေမီအတွင်း ကောင်းစားချမ်းသာဖို့လောက်သာ ကြိုးစားအားထုတ်ဖို့ လိုတော့တယ်။ အဲဒီလို အယူအစွဲရှိတဲ့သူတွေက ဒီလိုပဲ ပြောကြပါတယ်။ 'မသေမီကာလအတွင်းမှာ ရတတ်သမျှနည်းနဲ့ ရှာကြံပြီး ခံစားရမယ်၊ ဒီလိုခံစားရသမျှဟာ အမြတ်ပဲ။ လောကနိဗ္ဗာန်ပဲ၊ နောင်ဘဝအတွက် ရည်မျှော်ပြီး အကုသိုလ်အလုပ်ဆိုတာတွေကို ရှောင်နေရင် ကုသိုလ်အလုပ်ဆိုတာတွေကို လုပ်နေရင် အခွင့်အရေး ဆုံးရှုံးရုံမျှပဲ၊ အရှုံးမခံရဘူး' စသည်ဖြင့် ဒီ ဒိဋ္ဌိပါဒါန်ရှိတဲ့သူတွေက ပြောနေကြပါတယ်။

ဒါကြောင့် ကံ ကံ၏အကျိုး မရှိဘူး၊ နောင်တမလွန်ဘဝ မရှိဘူးလို့ အယူအစွဲရှိတဲ့သူက မိမိကိုယ်ကို ချမ်းသာကောင်းစားရေးအတွက်ရော၊ မိမိနဲ့စပ်တဲ့သူတွေ ချမ်းသာကောင်းစားရေးအတွက်ရော ဖြစ်နိုင်သမျှ နည်းအမျိုးမျိုးဖြင့် ရှာကြံအားထုတ် ပြုလုပ်ရတယ်။ အဲဒီလို ပြုလုပ်ရာမှာ များသောအားဖြင့် အကုသိုလ်ကံတွေ ဖြစ်ပွားတယ်။

http://www.dhammadownload.com



အဲဒီကံတွေဟာ ဒိဋ္ဌုပါဒါန်ကြောင့်ဖြစ်တဲ့ ကမ္မဘဝတွေပါပဲ။ အဲဒီကံတွေက အကြောင်းညီညွတ်ရင် သေခါနီးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်စေပြီး အပါယ်ဘဝသစ်ကို ဖြစ်စေပါတယ်။ အဲဒါဟာ နန္ဒကပေတဝတ္ထုဖြင့် ထင်ရှားပါတယ်။

## နန္ဒက ပေတဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် အနှစ် ၂၀၀ ကျော် ကာလတုန်းက သုရဋ္ဌဆိုတဲ့တိုင်းပြည်မှာ ပိင်္ဂလဆိုတဲ့မင်း စိုးစံနေခဲ့ပါသတဲ့။ သုရဋ္ဌတိုင်းပြည်၏ တည်ရာဌာနကတော့ ယခု အိန္ဒိယပြည် အနောက်စွန်း ဘုံဘေနယ်ရဲ့မြောက်ဘက် ကာတိယာဝါခေါ်တဲ့ ကျွန်းဆွယ်ပေါ်မှာ ဖြစ်ပါတယ်။ အဲဒီပိင်္ဂလမင်းရဲ့စစ်သူကြီးက နန္ဒကအမည် ရှိပါသတဲ့။ မိစ္ဆာအယူလည်း ရှိပါသတဲ့။ ဒါကြောင့် ပေတဝတ္ထု အဋ္ဌကထာမှာ 'တဿ၊ ထိုမင်္ဂလမင်း၏။ သေနာပတိ၊ စစ်သူကြီးသည်။ နန္ဒကော နာမ၊ နန္ဒကအမည်ရှိ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူရှိ၏။ ဝိပရီတဒဿနော၊ ဖောက်ပြန်သောအမြင်ရှိ၏။ ဝါ အမြင်မှား၏။ နတ္ထိဒိန္နန္တိအာဒိနာ၊ ပေးလှူခြင်းသည် အကျိုးမရှိစသည်ဖြင့်။ မိစ္ဆာဂါဟံ၊ မှားသောအယူကို။ ပဂ္ဂယှ၊ ချီးမြှောက်အားပေး၍။ ဝါ မြဲမြံစွာယူ၍။ ဝိစရိ၊ နေခဲ့လေသည်' လို့ ပြဆိုထားပါတယ်။

အဲဒီနန္ဒကဟာ သေတဲ့အခါ ဝိဥ္ဈတောမှာ ပညောင်ပင်ကြီးကို အမှီပြုပြီးနေရတဲ့ ပြိတ္တာကြီး ဖြစ်နေရှာတယ်။ အဲဒီအခါမှာ သူ့သမီး ဥတ္တရာက အိမ်သို့ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တစ်ပါးအား ရေမုန့်များကို လှူပြီး သူ့ဖခင်အား အမျှပေးဝေပါတယ်။ အဲဒီအမျှပေးဝေလိုက်တဲ့ ကောင်းမှုကြောင့် နန္ဒကပြိတ္တာကြီးမှာ နတ်ပြည်လောကဥ္စ ဖြစ်သော သောက်ရေတွေနဲ့ မုန့်တွေဟာ စားလို့သုံးလို့ မကုန်နိုင်အောင် ဖြစ်ပေါ်လာပါသတဲ့။ အဲဒီတော့မှ နန္ဒကပြိတ္တာကြီးဟာ ကံ ကံ၏အကျိုးရှိမှန်း

http://www.dhammadownload.com



သိပြီး သံဝေဂရတယ်။ ပေးလှူတာ အကျိုးမရှိစသည်ဖြင့် လူ့ဘဝတုန်းက ဟောပြောညွှန်ကြားမိတာ၊ ဝါဒဖြန့်မိခဲ့တာတွေဟာ မှားကုန်ပြီလို့ နောင်တရမိသတဲ့။ တစ်နေ့သောအခါ ပိင်္ဂလမင်းက ဓမ္မာသောကမင်းထံ အခွန်ဆက်ပြီး ပြန်လာတယ်။ အဲဒီအခါမှာ အဲဒီနန္ဒကပြိတ္တာကြီးက သူ့ပညောင်ပင်ကြီးဆီကို လမ်းဖန်ဆင်းပြတယ်။ အဲဒီလမ်းအတိုင်း ပိင်္ဂလမင်းက လိုက်လာတဲ့အခါ အဲဒီညောင်ပင်ကြီးအောက် ရောက်လာတယ်။ အဲဒီအခါ နန္ဒကပြိတ္တာက နောက်ပါပရိသတ်နှင့်တကွ ပိင်္ဂလမင်းကို သောက်ရေနဲ့မုန့်များဖြင့် ဧည့်ခံကျွေးမွေးတယ်။ အဲဒီလိုကျွေးမွေးတဲ့အတွက် ပိင်္ဂလမင်းက အံ့သြပြီး တန်ခိုးကြီးတဲ့နတ်လား၊ သိကြားလားစသည်ဖြင့် မေးပါတယ်။ အဲဒီအခါ နန္ဒကပြိတ္တာက နတ်လည်းမဟုတ်၊ သိကြားလည်းမဟုတ်၊ သုရဋ္ဌတိုင်းပြည်က သေလာပြီး ပြိတ္တာဖြစ်နေတဲ့အကြောင်း ပြောပါတယ်။ ဘယ်လိုအမှုကြောင့် ဒီလိုဖြစ်ရသလဲလို့ မေးပြန်တော့ နန္ဒကပြိတ္တာက

ဒေဝ၊ အရှင်မင်းမြတ်။ အဟံ၊ ကျွန်ုပ်သည်။ သုရဋ္ဌသ္မိံ၊ သုရဋ္ဌတိုင်း၌။ ပါပစေတသော ပုရိသော၊ ယုတ်မာသော စိတ်ရှိသောသူဖြစ်ခဲ့ပါ၏။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူ ရှိခဲ့ပါ၏။ ဒုဿီလော၊ သီလမဲ့သူ၊ ကိုယ်ကျင့်တရားပျက်သူ ဖြစ်ခဲ့ပါ၏။ ကဒရိယော၊ နှမြောစေးနဲ့သည်ဖြစ်၍။ ပရိဘာ သကော၊ အလှူခံပုဂ္ဂိုလ်နှင့် ပေးလှူသူတို့ကို ပက်ပက်စက်စက် ကဲ့ရဲ့ပြောဆိုတတ်သူ ဖြစ်ခဲ့ပါ၏စသည်ဖြင့် ပြောပြပါတယ်။ ဒီလိုမကောင်းမှုတွေ ပြုလာပါလျက် စားစရာ သောက်စရာ ပြည့်ပြည့်စုံစုံနဲ့ တန်ခိုးကြီးတဲ့နတ်လိုပင် ဖြစ်နေရတာ အကောင်းသားပဲလို့ ထင်စရာရှိနေတဲ့အတွက် မကြာမီပင် အကုသိုလ်က အကျိုးပေးတော့မည့်အကြောင်းကို ဆက်ပြီး ဒီလိုပြောပြန်ပါတယ်။

ဩရံ ဆဟိ မာသေဟိ၊ ၆ လ အတွင်း၌။ မေ၊ အကျွန်ုပ်၏။ ကာလကိရိယာ၊ ဤဘဝမှ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။

http://www.dhammadownload.com



ကာလံ ကတွာ၊ သေပြီး၍။ ကေန္တ ကဋ္ဌုကံ၊ စင်စစ် ခါးစပ်လှ၊ ဆင်းရဲလှစွာသော။ ဃောရံ၊ ကြောက်မက်ဖွယ်ကောင်းလှစွာသော။ နိရယံ၊ ငရဲသို့။ အဟံ ပပတိဿံ၊ အကျွန်ုပ် ကျရောက်ရပါတော့မည်လို့ ပြောပြီးတော့ အဲဒီငရဲမှာ ကြောက်မက်ဖွယ်ကောင်းပုံတွေကို ဆက်ပြီး ပြောသွားပါတယ်။ အဲဒီငရဲကြီးဟာ လေးထောင့်သံသေတ္တာကြီးလိုပဲ အခင်းအကာ အမိုးအားလုံး သံဖြင့်ပြီးတဲ့အကြောင်း၊ မီးတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့အကြောင်း၊ နှစ်ပေါင်း တစ်သိန်းကြာတဲ့အခါ 'မောင်မင်းတို့၊ သင်တို့ ငရဲခံနေရတာ အနှစ်တစ်သိန်းရှိပြီ' ဆိုတဲ့အသံကို ကြားရတဲ့အကြောင်း၊ အဲဒီအသံဟာ ငရဲခံရမည့်နှစ်ပေါင်း ကုဋေများစွာရဲ့ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ မိစ္ဆာအယူရှိတဲ့ ဒုဿီလပုဂ္ဂိုလ်တွေ၊ အရိယာကို ပြစ်မှားတဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီငရဲမှာ နှစ်ပေါင်း ကုဋေတစ်သိန်းပတ်လုံး ခံရကြောင်း၊ အဲဒီငရဲမှာ ရှည်မြင့်စွာသော ကာလပတ်လုံး ခံရမည့်အရေးကို မျှော်တွေးပြီး သူ့မှာ စိုးရိမ်ပူပန်နေရတဲ့ အကြောင်းများကို ပြောပြီးတော့ သူ့မှာ နတ်ရေစင် နတ်မုန့်များကို ရခြင်းအကြောင်းကိုလည်း ဆက်ပြောပြန်ပါတယ်။

သူ့သမီး ဥတ္တရာဟာ ဗုဒ္ဓသာသနာဝင် ဥပါသိကာမဖြစ်ပြီး သီတင်းသီလနဲ့ ပြည့်စုံတဲ့အကြောင်း၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတစ်ပါး ဆွမ်းခံကြွလာတဲ့အခါ သောက်ရေနဲ့ မုန့်များကို လှူပြီးတော့ 'ဤကောင်းမှုသည် ကွယ်လွန်လေသော ဖခင်အား ဆိုက်ရောက်၍ ကျေးဇူးပြုပါစေ' လို့ ဆုတောင်း အမျှဝေတဲ့အကြောင်း၊ အဲဒီလိုဆုတောင်း အမျှဝေသည်၏အခြားမဲ့မှာပင် ရေတွေ၊ မုန့်တွေ အလိုရှိတိုင်း သုံးဆောင်ရတဲ့အကျိုးကို ခံစားရတဲ့အကြောင်းများကို ပြောကြားပါတယ်။

ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ကံ ကံ၏အကျိုးမရှိစသည်ဖြင့် ယူဆစွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်ပုံနှင့် အဲဒီအကုသိုလ်ကံကြောင့် အပါယ်ငရဲသို့ ကျရောက်ပြီး ဇာတိဖြစ်ပေါ်ပုံများပင် ဖြစ်ပါတယ်။

http://www.dhammadownload.com

# စိတ်ကိုစောင့်စည်းကြသည့် မထေရ်သုံးပါး

မမိုဝဲသင့်တဲ့ စိတ်ကူးအာရုံတွေကိုပယ်ပြီး ရှုမှတ်ရာမှာ အတုယူစရာ မထေရ်သုံးပါးအကြောင်းကို အဋ္ဌကထာမှာ ဒီလိုပြထားတယ်။ မထေရ်သုံးပါးဟာ ဝါကပ်တဲ့နေ့မှာ အချင်းချင်း ဒီလိုသြဝါဒပေးပြီး ကတိကဝတ် ပြုကြပါသတဲ့။ ပြုပုံကတော့ 'ကာမဂုဏ်ကိုကြံတဲ့ ဝိတက်၊ သူတစ်ပါးအား သေပျက်စေရန် ကြံတဲ့ဝိတက်၊ နှိပ်စက်ညှဉ်းဆဲရန် ကြံတဲ့ဝိတက်စသော အကုသိုလ်အကြံတွေကို မကြံရဘူး' လို့ ကတိကဝတ်ပြုထားကြတယ်။ ဝါကျွတ်တော့ ပဝါရဏာပြုတဲ့နေ့မှာ သံဃမထေရ်ကြီးက အငယ်ဆုံးမထေရ်ကို မေးတယ်။ 'ငါ့ရှင် ဒီဝါတွင်းသုံးလမှာ သင့်စိတ်ကို ဘယ်ဌာန၌ ပြေးသွားကျက်စားစေပါသလဲ' တဲ့။ 'ကျောင်းတိုက်အတွင်းက အပြင်မထွက်စေပါ၊ ကျောင်းတိုက်အတွင်းမှာသာ ကျက်စားစေပါတယ်ဘုရား' လို့ မထေရ်ငယ်က ပြန်ကြားလျှောက်ထားတယ်။ အဲဒါဟာ တရားရှုမှတ်နေရင်း အပြင်ကို စိတ်ထွက်တောင်မှ ကျောင်းတိုက်အတွင်းသာ ထွက်တယ်၊ ကျောင်းတိုက် အပြင်မရောက်ဘူး၊ ရပ်ထဲရွာထဲ စသည်တို့သို့ စိတ်မရောက်ဘူးလို့ ဆိုလိုတာပါပဲ။ အင်မတန် ချီးကျူးစရာကောင်းပါတယ်။ ယခုဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေအနေနဲ့ဆိုရင် ချီးမွမ်းစရာကောင်းကြောင်း ထင်ရှားပါတယ်။ ဘာကြောင့်လဲဆိုတော့ လူက ကမ္မဋ္ဌာန်းကျောင်းထဲမှာ ထိုင်ပြီး ဖောင်းတယ်၊ ပိန်တယ်စသည်ဖြင့် ရှုမှတ်နေပေမယ့် သမာဓိအား မရှိသေးခင်မှာဆိုရင် စိတ်က အိမ်ရောက်သွားလိုက်၊ မြို့ထဲရွာထဲ ဈေးထဲရောက်သွားလိုက်၊ ဟိုလူနဲ့ သွားတွေ့

http://www.dhammadownload.com



လိုက်၊ ဒီလူနဲ့ သွားတွေ့လိုက်နဲ့ စိတ်ထွက်ထွက်သွားတာကို ခဏခဏ တွေ့နေရသောကြောင့်ပါပဲ။

အလတ်မထေရ်ကိုမေးတော့ အဲဒီမထေရ်က 'တပည့်တော်က ကျောင်းခန်းထဲမှ အပြင်မထွက်စေပါဘုရား' လို့ လျှောက်ထားတယ်။ ဒါက ပိုပြီးအံ့ဩစရာ ချီးမွမ်းစရာကောင်းတာပဲ။ တစ်ဝါတွင်းလုံး တရားရှုမှတ်နေရင်း ကျောင်းခန်းအပြင် စိတ်မထွက်ဘူးဆိုတော့ သာပြီး အံ့ဩစရာ ချီးမွမ်းစရာကောင်းတာပေါ့။

အဲဒီမထေရ်ငယ်နှစ်ပါးက သံဃမထေရ်ကြီးကို မေးလျှောက်တယ်။ 'ဆရာတော်ဘုရားကြီးကတော့ စိတ်ကို ဘယ်လောက် ထိန်းသိမ်းနိုင်ပါသလဲ ဘုရား' လို့ မေးလျှောက်ကြတယ်။ 'ငါကတော့ အဇ္ဈတ္တခန္ဓာငါးပါးမှ အပြင်ကို မထွက်စေဘူး' လို့ ဖြေကြားတော်မူပါသတဲ့။ အဲဒီစကားရပ်ဖြင့် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ဒွါရခြောက်ပါး၌ ထင်ပေါ်သမျှ ရုပ်ခန္ဓာတွေကိုသာ မပြတ်ရှုမှတ်နေနိုင်တယ်။ အပြင်ထွက်ပြီး ကြံတဲ့စိတ်မရှိဘူးလို့ ဆိုလိုတာပါပဲ။ ဒါကတော့ အံ့စရာ ချီးမွမ်းစရာ အကောင်းဆုံးပါပဲ။ ဝါတွင်းသုံးလပတ်လုံး ကိုယ်တွင်းသန္တာန်မှ အပြင်မထွက်အောင် စိတ်ထိန်းထားနိုင်တယ်ဆိုတော့ အင်မတန်အံ့စရာပါပဲ။ ရဟန္တာဖြစ်နေဟန် ရှိပါတယ်။ ယခု တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီမထေရ်သုံးပါး၏ စိတ်ထိန်းပုံကို အတုယူပြီး မိမိတို့စိတ်ကို ထိန်းသွားကြဖို့ပါပဲ။

http://www.dhammadownload.com

# နိဗ္ဗာန်ဆုကို မတောင်းခဲ့သော သိကြားမင်း

သိကြားမင်းဖြစ်ကြောင်းတရားဆိုတာကို အဋ္ဌကထာမှာ သတ္တဝတပဒ ဆိုတဲ့ ကျင့်ဝတ်ခုနစ်ပါးဖြစ်ကြောင်း ဖွင့်ပြထားတယ်။ အဲဒီကျင့်ဝတ်တွေဟာ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဒီလိုပြဆိုထားလျက် ရှိနေပါတယ်။

၁။ တစ်သက်ပတ်လုံး မိဘတို့ကို ပြုစုလုပ်ကျွေးသူ ဖြစ်ပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

၂။ တစ်သက်ပတ်လုံး ဆွေမျိုးထဲက အသက်ကြီးသူများကို အရိုအသေပြုသူ ဖြစ်ပါမည်လို့ ဆောက်တည်ပြီး ကျင့်သုံးခြင်းက တစ်ပါး။

၃။ တစ်သက်ပတ်လုံး နူးညံ့ချိုသာသောစကားကိုသာ ပြောပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

၄။ တစ်သက်ပတ်လုံး ကုန်းချောစကားမပြောပါလို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

၅။ တစ်သက်ပတ်လုံး ဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ယာကို အုပ်ချုပ်စောင့်ရှောက်နေပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

၆။ တစ်သက်ပတ်လုံး အမှန်ကိုသာ ပြောဆိုပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။

၇။ တစ်သက်ပတ်လုံး စိတ်မဆိုးအောင် သတိပြုနေပါမည်၊ တစ်ရံတစ်ခါ စိတ်ဆိုးမိရင်လည်း အဲဒီစိတ်ဆိုးမှုကို ချက်ချင်းပင်

http://www.dhammadownload.com



ပယ်ဖျောက်ပါမည်လို့ ဆောက်တည်ပြီး ကျင့်ခြင်းက တစ်ပါး။ ဒီကျင့်ဝတ် ခုနစ်ပါးပါပဲ။

ယခုလက်ရှိ သိကြားမင်းကတော့ ဘုရားမပွင့်မီ ရှေးကာလက မဂဓတိုင်း မစလဆိုတဲ့ တောရွာမှာ မာဃဆိုတဲ့လုလင်ဖြစ်ခဲ့ကြောင်းကို ဒီသုတ်အဖွင့် အဋ္ဌကထာမှာ ဒီလိုပြောထားတယ်။

## သိကြားမင်းအလောင်းအလျာ မာဃလုလင်ဝတ္ထု

အဲဒီတုန်းက မာဃလုလင်ဟာ တစ်နေ့သောအခါ အိပ်ရာမှ စောစော ထပြီး ရွာအလယ်၌ ရွာအမှုကိစ္စကို လုပ်ဆောင်ရာဌာနသို့ သွားပြီးတော့ မိမိ၏တည်ရာဌာနကို ခြေဖျားဖြင့်ပင် မြေမှုန့်တွေ၊ အမှိုက်တွေ ဖယ်ရှားပြီး နေရာကောင်း နေရာသန့် ဖြစ်စေတယ်။ အခြားလူက အဲဒီနေရာသို့ လာပြီးတည်နေတာကို မြင်ရတော့ သူ့မှာ ကုသိုလ်ပြုရန် သတိတရားရလာတယ်။ ဒါကြောင့် ရွာအလယ်မှာ ကောက်နယ်တလင်းခန့် မြေကွက်ကို အညီအညွတ်ပြုပြီး သဲဖြူများလည်း ခင်းပေးတယ်။ အေးတဲ့ရာသီဥတုကျတော့ ထင်းများဖြင့် မီးဖိုများလည်း ပြုလုပ်ပေးတယ်။ လူငယ်တွေရော လူကြီးတွေရော အဲဒီနေရာမှာလာပြီး နေထိုင်ကြတယ်။

တစ်နေ့မှာတော့ သူ့မှာ ဒီလိုဆင်ခြင်မိတယ်။ မင်းနှင့် မင်းအမတ်အစရှိတဲ့ အရာရှိတွေကိုလည်း တွေ့ရတယ်။ နေနတ်သား၊ လနတ်သားစသည်ရှိကြောင်းကိုလည်း ကြားရဖူးတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ကောင်းမှုကံပြုလို့ အဲဒီစည်းစိမ်ချမ်းသာတွေကို ရတာဖြစ်မှာပဲ။ ဒါကြောင့် ငါလည်း ဒီလိုကောင်းမှုတွေကို ပြုသင့်တယ်လို့ ဆင်ခြင်လျက် ကြံစည်မိတယ်။

ဒါကြောင့် သူဟာ နံနက်စောစောအိပ်ရာမှထပြီး ယာဂုဆန်ပြုတ်ကို သောက်ပြီးတော့ ပေါက်တူးစသော ကိရိယာများကိုယူကာ လမ်းဆုံ

http://www.dhammadownload.com



အရပ်မှာ မညီညွတ်တာတွေကို ညီညွတ်အောင် ပြုတယ်။ တည်းခိုစရာ မဏ္ဍပ်တဲကိုလည်း ပြုလုပ်တယ်။ ရေကန်လည်း တူးတယ်။ တံတားလည်း ခင်းတယ်။ အဲဒီလိုလုပ်ရင်း ညနေအချိန်ကုန်မှ အိမ်သို့ ပြန်လာတယ်။

အဲဒီလိုပြန်လာတဲ့အခါ ဘာတွေသွားပြီးလုပ်နေသလဲလို့ အခြားသူက မေးတယ်။ နတ်ပြည်ရောက်ကြောင်း ကောင်းမှုကို ပြုလုပ်နေကြောင်း ပြောပြတယ်။ အဲဒီတော့ အဲဒီလူကလည်း မာဃလုလင်နဲ့အတူ လိုက်ပြီး ကောင်းမှုအလုပ်ကို လုပ်တယ်။ ဒီနည်းဖြင့် ကောင်းမှုအလုပ်သမားတွေ တိုးတိုးလာတာ ၃၃ ယောက်တောင် ရှိသွားသတဲ့။ မာဃလုလင်အမှူးရှိတဲ့ အဲဒီလူ ၃၃ ယောက်ဟာ လမ်းပြုပြင်ခြင်း၊ တံတားခင်းခြင်း၊ တည်းခိုဇရပ်ဆောက်ခြင်း၊ ရေကန်တူးခြင်းစသော ကောင်းမှုတွေကို အညီအညွတ် ဆောင်ရွက်ပြုလုပ်နေကြတယ်။

အဲဒီဤခါ မစလရွာစား သူကြီးက 'ရှေးတုန်းကတော့ ဒီလူငယ်တွေဟာ သေရည်အရက်သောက်ပြီး မတော်မသင့်တာတွေ ပြုလုပ်ကြတဲ့အတွက် သူတို့ထံမှ ဒဏ်ငွေ၊ လာဘ်ထိုးငွေများ ရနေခဲ့တယ်။ ယခုတော့ သူတို့က အများဆုံးကောင်းမှုတွေကိုသာ လုပ်နေကြတဲ့အတွက် အဲဒီလိုဒဏ်ငွေလာဘ်ထိုးငွေကို မရဘဲဖြစ်နေတယ်။ ဒီအကောင်တွေကို မင်းထံ ကုန်းတိုက်ပြီး နှောင့်ယှက်ဦးမယ်' လို့ အကြံပြုပြီးတော့ မင်းထံသွားပြီး စွဲချက်တင်တယ်။ မင်းကလည်း သူ့စကား ယုံကြည်တာနဲ့ အဲဒီလူငယ်တွေကိုဖမ်းပြီး ဆောင်ယူလာဖို့ အမိန့်လည်း ပေးလိုက်တယ်။ ဖမ်းဖို့ ပုလိပ်ရဲများကိုလည်း ပေးလိုက်တယ်။ အဲဒီရွာသူကြီးက မာဃလုလင်နှင့်တကွ အဲဒီလူငယ် ၃၃ ယောက်ကို ဖမ်းစေပြီးတော့ မင်းထံပို့ပေးတယ်။ မင်းကလည်း မမေးမစစ်ဘဲနဲ့ ဆင်ဖြင့်နင်းသတ်စေရန် အမိန့်ပေးလိုက်တယ်။

အဲဒီအခါ မာဃလုလင်က သူ့အဖော်များကို ဒီလိုအကြံပေးတယ်၊

http://www.dhammadownload.com



'မိတ်ဆွေတို့၊ ငါ့စကားကို လိုက်နာနိုင်ကြပါ့မလား' 'ခင်ဗျား၏စကားကို လိုက်နာလို့ ကျွန်ုပ်တို့ ယခု ဘေးသင့်နေကြတာပဲ။ ဒါပေမဲ့ ခင်ဗျား၏ စကားကို လိုက်နာပါမယ်၊ ဘာလုပ်ရမလဲ ပြောပါ' လို့ သူတို့က ဆိုကြတယ်။ သံသရာဝဋ်ထဲ ကျင်လည်နေကြရတဲ့သူတွေမှာ ဒီလိုဘေး တွေ့ရတာကတော့ ဖြစ်မြဲပဲ၊ သင်တို့ဟာ သူခိုး ဓားပြ ဟုတ်ကြပါ သလား၊ မဟုတ်ကြပါဘူးဗျာ၊ သစ္စာပြုတာဟာ ဒီလောက၏ မှီခို အားထားရာအစစ်ပဲ။ ဒါကြောင့် ခင်ဗျားတို့အားလုံးပင် 'ငါတို့ဟာ သူခိုး ဓားပြတွေ ဟုတ်ရင် ဆင်ကြီးနင်းပါစေ၊ မဟုတ်ရင်တော့ မနင်း ပါစေနဲ့' လို့ သစ္စာပြုကြရန် မာဃလုလင်က အကြံပေးတယ်။ မိတ်ဆွေ တွေက အဲဒီအတိုင်း သစ္စာပြုကြတယ်။ ဆင်ကြီးက သူတို့အနီး ချဉ်းကပ်ဖို့တောင် မစွမ်းနိုင်ဘူး။ ကျယ်လောင်စွာ ဟစ်အော်မြည်တမ်း ပြီး ထွက်ပြေးတယ်၊ ဆင်ကြီးကို သံချွန်း နားရင်းတုတ် လှံချွန်းတို့ဖြင့် ထိုးဆွနှိပ်စက်၍ မောင်းနှင်သော်လည်း ချဉ်းကပ်စေရန် မစွမ်းနိုင်ဘဲ ရှိနေပါသတဲ့။ အဲဒီအကြောင်းအရာကို မင်းထံလျှောက်တင်တော့ မင်းက ဖျာဖြင့်ဖုံးပြီး နင်းစေဖို့ အမိန့်ပေးလိုက်တယ်။ အဲဒီလို ဖျာဖြင့်ဖုံးပြီး နင်းစေတဲ့အခါကျမှ ဆင်ကြီးက အလျင်ကထက် နှစ်ဆတိုးပြီး ကျယ် လောင်စွာ ဟစ်အော်လျက် အတင်းထွက်ပြေးပါသတဲ့။

အဲဒီတော့ ကုန်းချောပြီး စွဲချက်တင်တဲ့ ရွာသူကြီးကို မင်းက ခေါ်ပြီး မေးတယ်။ ရွာသူကြီးက မာဃလုလင်၏မန္တန်ကြောင့်ပါလို့ လျှောက်တင်တယ်။ ဒီတော့ မင်းက မာဃလုလင်ကိုခေါ်ပြီး မေးတယ်။ 'အရှင်မင်းကြီး၊ အကျွန်ုပ်မှာ မန္တန်မရှိပါ၊ သစ္စာကိုသာ ပြုကြပါတယ်။ မင်းကြီး၏ သူခိုး ဓားပြတွေဖြစ်ရင် ဆင်ကြီးက နင်းပါစေ၊ မဟုတ်ရင် တော့ မနင်းပါစေနဲ့' လို့ သစ္စာပြုကြကြောင်း မာဃလုလင်က လျှောက် တင်ပါတယ်။ 'ဒါဖြင့် သင်တို့ဟာ ဘာတွေလုပ်နေကြသလဲ' လို့ မေး တယ်။ 'လမ်းကို ညီညွတ်အောင် ပြုပြင်ကြပါတယ်၊ လမ်းလေးခွမှာ

http://www.dhammadownload.com



တည်းခိုရန် ဇရပ်ဆောက်လုပ်ကြပါတယ်၊ ရေကန်တူးကြပါတယ်၊ တံတားခင်းကြပါတယ်၊ ဒီလိုကောင်းမှုတွေကို ပြုလုပ်နေကြပါတယ်'လို့ လျှောက်တင်တယ်။

'ဒီရွာသူကြီးက ဘာကြောင့်ကုန်းတိုက်တာလဲ' လို့ မေးပြန်တယ်။ 'ကျွန်ုပ်တို့ မူးယစ်ပေါ့လျော့နေတဲ့အခါ ဒဏ်ငွေ၊ လာဘ်ထိုးငွေများကို ရတယ်၊ မမေ့ မပေါ့ဘဲ ကောင်းမှုတွေ ပြုလုပ်နေတဲ့အခါ သူ့မှာ ဒဏ်ငွေ လာဘ်ထိုးငွေများကို မရဘူး။ ဒါကြောင့် ကုန်းတိုက်တာပါ' လို့ လျှောက်တင်တယ်။ အဲဒီတော့ မင်းကြီးက 'လူကလေးတို့ရေ၊ ဒီဆင်ဟာ တိရစ္ဆာန်ဖြစ်ပါလျက်တောင် သင်တို့၏ဂုဏ်ကျေးဇူးကို သိပါပေတယ်၊ ငါက လူဖြစ်ပါလျက်နဲ့တောင် မသိဘဲ ဖြစ်နေတယ်။ သင်တို့၏ မစလရွာကို သင်တို့အား အမြဲတမ်း အပိုင်ပေးလိုက်ပါတယ်၊ ဒီဆင်ကြီးကိုလည်း ပေးလိုက်ပါတယ်။ ကုန်းတိုက်တဲ့ရွာသူကြီးလည်း သင်တို့၏ အစေခံကျွန်ဖြစ်စေ၊ ဒီနေ့ကစပြီး ငါ့အတွက်လည်း ကောင်းမှုကို ပြုကြပါ' လို့ ပြောပြီးတော့ ပစ္စည်းဥစ္စာတွေလည်း ပေးပြီး လွှတ်လိုက်ပါသတဲ့။

အဲဒီတော့ မာဃလုလင်နှင့်တကွ ၃၃ ယောက်သော လုလင်တွေဟာ မင်းကပေးလိုက်တဲ့ ပစ္စည်းဥစ္စာတွေကို လက်ခံယူခဲ့ကြပြီး ဆင်ကိုလည်း တစ်လှည့်စီ စီးလျက် ပြန်လာကြတယ်။ ဒီလိုလည်း ဆွေးနွေးတိုင်ပင်ကြတယ်။ 'ကိုယ့်လူတို့၊ ကောင်းမှုဆိုတာ နောက်ဘဝအတွက် ပြုကြရတာပဲ၊ ဒါပေမဲ့ ယခုဘဝတွင်ပဲ အကျိုးပေးနေပြီ။ ဒါကြောင့် ယခင်ကထက် တိုးတက်ပြီး ပြုလုပ်ကြစို့' လို့ တိုင်ပင်ပြီးတော့ ကောင်းမှုတွေကို တိုးတက်ပြီး ပြုလုပ်ကြတယ်။ လမ်းလေးခွဋ္ဌ အများတည်းခိုရန် ကြီးကျယ်သော ဇရပ်ကြီးကိုလည်း ဆောက်လုပ်ကြတယ်။ အဲဒီလို အများအတွက် ကောင်းမှုလုပ်ငန်းတွေကို လုပ်ဆောင်ကြပြီးတဲ့နောက် အသက်တမ်းကုန်လို့ စုတေသေလွန်ကြတဲ့အခါ မာဃလုလင်က သိ

http://www.dhammadownload.com



ကြားမင်း ဖြစ်တယ်။ သူ့အဖော် ၃၃ ယောက်လည်း သူနှင့်အတူပင် နတ်များဖြစ်ကြပါသတဲ့။ အဲဒါဟာ သိကြားဖြစ်ကြောင်း ကောင်းမှု ပြုပုံ အကျဉ်းချုပ်ပါပဲ။

အဲဒီမာဃဝတ္ထုထဲမှာ အထူးမှတ်စရာ အချက်တစ်ခု ပါတယ်။ ဘာလဲဆိုရင် မာဃလုလင်နှင့်တကွ သူ့အဖော် ၃၃ ယောက်ဟာ ဘုရား တရားတော်ကို ကျကျနန ကြားနာရလို့ ကောင်းမှုကို ပြုခဲ့တာ မဟုတ်ဘူး၊ ကုသိုလ်က ကောင်းကျိုးပေးပုံအကြောင်းကို အတော်အတန် လောက်သာ ကြားနာဖူးတဲ့ လက္ခဏာရှိတယ်။ အဲဒီလို အတော်အတန် လောက် ကြားဖူးတာကိုမှီပြီး သူ့ဟာသူ စိတ်ကူးကြံစည်ကာ ပြုလုပ်ခဲ့ တာပဲ။ အဲဒီလို ကုသိုလ်ပြုရာမှာ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ ရည်ရွယ်ဆုတောင်း တာ မပါဘူး။ ဒါပေမဲ့ အဲဒီကောင်းမှုများကြောင့် သိကြားမင်း ဖြစ်လာပြီး တဲ့နောက် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရတဲ့အခါ သောတာ ပတ္တိဖိုလ်ကိုရောက်ပြီး သောတာပန် ဖြစ်သွားတယ်။ အဲဒီလို သောတာ ပန်ဖြစ်ပုံကို ထောက်ဆကြည့်ရင် ကုသိုလ်ပြုစဉ်က မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုမတောင်းခဲ့သော်လည်း ကံနှင့် ကံအကျိုးကို ယုံကြည်သိမြင်ပြီး ကုသိုလ်ကို ထက်ထက်သန်သန် ပြုခဲ့လျှင် အဲဒီကုသိုလ်ကြောင့် ထက် သန်တဲ့ တိဟိတ်ပဋိသန္ဓေဖြင့် နတ်ဘဝ၊ လူ့ဘဝ၌ဖြစ်ပြီး ဘုရား၏ တရားတော်ကို နာကြားကျင့်သုံး၍ တရားထူးကိုလည်း ရနိုင်တယ်ဆိုတာ အထူးသတိပြုပြီး မှတ်သားထားကြဖို့ပါပဲ။ အရေးကြီးတာကတော့ ကောင်းမှုကို ပြုလုပ်တဲ့အခါ ကံနှင့်ကံအကျိုးကို ယုံကြည်မိတဲ့ဉာဏ်ဖြင့် ထက်ထက်သန်သန်ပြုဖို့ အရေးကြီးပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန် ဆုတောင်းပြီး ပြုရင်တော့ ပိုပြီးသေချာတာပဲ။

http://www.dhammadownload.com

# သူတော်ကောင်းတို့၏ ကျင့်ဝတ်

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ မာန်မာနကင်းပုံကို အတုယူစရာ အနေဖြင့် ထုတ်ပြချင်ပါတယ်။

## အရှင်သာရိပုတ္တရာ၏ သီဟနာဒ (အံ ၃- ၁၈၀)

တစ်ချိန်က အရှင်သာရိပုတ္တရာမထေရ်က မြတ်စွာဘုရားထံမှ ခွင့်ပန်ပြီး ဒေသစာရီ ကြွချီတော်မူပါတယ်။ များစွာသော ရဟန်းတော်တွေလည်း အရှင်သာရိပုတ္တရာနောက်သို့ လိုက်ပါသွားကြပါတယ်။ အဲဒီလို ရဟန်းများစွာ လိုက်ပါသွားတာကို မြင်ရတော့ ရဟန်းတစ်ပါးက မနာလိုစိတ်ဖြစ်ပြီးတော့ မြတ်စွာဘုရားထံ သွားပြီး ဒီလိုလျှောက်ပါတယ်။ 'မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာဟာ တပည့်တော်ကို တိုက်သွားပါတယ်၊ တောင်းပန်ခြင်းလည်း မရှိဘဲ ဒေသစာရီ ကြွချီသွားပါတယ်ဘုရား' လို့ တိုင်ကြားလျှောက်ပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို လိုက်ခေါ်စေပြီးတော့ အဲဒီအကြောင်းကို မေးမြန်းတော်မူပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာမထေရ်က ဒီလို လျှောက်ထားဖြေရှင်းပါတယ်။

ယဿ နူန ဘန္တေ ကာယေ ကာယဂတာသတိ အနုပဋ္ဌိတာ အဿ၊ သော တ္ထေ အညတရံ သဗြဟ္မစာရိံ အာသဇ္ဇ အပ္ပဋိနိဿဇ္ဇ စာရိကံ ပက္ကမေယျ။

ဘန္တေ၊ မြတ်စွာဘုရား။ ယဿ၊ အကြင်ပုဂ္ဂိုလ်မှာ။ ကာယေ၊ ကိုယ်၌။ ကာယဂတာသတိ၊ ရုပ်အပေါင်းကိုယ်မှ အမှတ်ရမှု ရှုသိမှု

http://www.dhammadownload.com



သည်။ အနုပဋိဃော၊ မထင်သည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အညတရံ သဗြဟ္မစာရိံ၊ တရားကျင့်ဖက် အခြားသူကို။ အာသဇ္ဇ၊ ထိပါးတိုက်ခိုက်၍။ အပ္ပဋိနိဿဇ္ဇ၊ မတောင်းပန်ဘဲ။ စာရိကံ ပက္ကမေယျနုန၊ ဒေသစာရီ ကြွချီသွားတန်ရာပါသည် တဲ့။ ကာယဂတာသတိဘာဝနာကို ကောင်းကောင်းမပွားများဖူးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ တရားကျင့်ဖက် အခြားရဟန်းကို ကိုယ်ချင်းတိုက်ပြီး မတောင်းပန်ဘဲ ခရီးထွက်သွားတယ်ဆိုတာ ဖြစ်နိုင်လောက်ပါတယ်တဲ့။ ဒီစကားဖြင့် 'မိမိမှာတော့ ကာယဂတာသတိဘာဝနာကို ကောင်းစွာပွားများထားတဲ့အတွက် အဲဒီလို မဖြစ်နိုင်ပါဘူး' လို့ ဆိုလိုပါတယ်။ အဲဒီအကြောင်းကို ဒီလိုဆက်ပြီး လျှောက်ပြန်ပါတယ်။

ဥပမာဖြင့် လျှောက်ရလျှင် မြေကြီးပေါ်မှာ စင်ကြယ်တာကိုလည်း စွန့်ချကြတယ်၊ မစင်ကြယ်တာကိုလည်း စွန့်ချကြတယ်။ ကျင်ကြီးကျင်ငယ်၊ တံတွေး၊ ပြည်၊ သွေးတို့ကိုလည်း စွန့်ချကြပါတယ်။ ဒါပေမဲ့ မြေကြီးကတော့ မညည်းညူပါ၊ မရွံရှာပါ၊ မစက်ဆုပ်ပါ။ မြတ်စွာဘုရား တပည့်တော်ဟာ အဲဒီမြေကြီးလိုပါပဲ။ အဲဒီမြေကြီးနှင့်တူတဲ့ စိတ်ထားဖြင့် နေပါတယ်ဘုရား တဲ့။ ဒီစကားဖြင့် မြေကြီးလိုပင်သည်းခံနိုင်ပါတယ်လို့ ဆိုလိုပါတယ်။

ထို့အတူပင် ရေထဲမှာ စင်ကြယ်တာ၊ မစင်ကြယ်တာကိုလည်း ဆေးကြောကြတယ်၊ ကျင်ကြီး ကျင်ငယ်စသည်တို့ကိုလည်း ဆေးကြောကြတယ်။ ဒါပေမဲ့ ရေကတော့ ညည်းညူခြင်း၊ ရွံရှာစက်ဆုပ်ခြင်း မရှိဘူး။ အဲဒီရေလိုပင် စိတ်သဘောကောင်းပြီးနေကြောင်းလည်း လျှောက်ပါတယ်။

နောက်ပြီးတော့ လေဟာ စင်ကြယ်တာ၊ မစင်ကြယ်တာကိုလည်း တိုက်တယ်၊ ကျင်ကြီးစသည်ကိုလည်း တိုက်တယ်။ ဒါပေမဲ့ လေကတော့ စက်ဆုပ်ခြင်း မရှိဘူး၊ အဲဒီလေလိုလည်း စိတ်သဘောထားပြီး နေကြောင်း လျှောက်ပါတယ်။

http://www.dhammadownload.com



နောက်ပြီးတော့ (ရဇောဟရဏခေါ်တဲ့) ကြေးသုတ်အဝတ်ဟာ စင်ကြယ်တာ၊ မစင်ကြယ်တာကိုလည်း သုတ်တယ်၊ ကျင်ကြီးစသည်ကိုလည်း သုတ်တယ်၊ ဒါပေမဲ့ အဲဒီကြေးသုတ်အဝတ်ကတော့ စက်ဆုပ်ခြင်း မရှိဘူး။ အဲဒီကြေးသုတ်အဝတ်လိုလည်း စိတ်သဘောထားပြီး နေတဲ့အကြောင်းကို လျှောက်ပါတယ်။ နောက်ပြီးတော့ သူတောင်းစား သူငယ်ဖြစ်စေ၊ သူငယ်မဖြစ်စေ ခွက်လက်စွဲကာ ဟောင်းနွမ်းစုတ်ပြတ်တဲ့အဝတ်ကို ဝတ်လျက် ရွာနိဂုံးသို့ ဝင်သောအခါ မိမိကိုယ်ကို နှိမ့်ချထားတဲ့စိတ်ဖြင့် ဝင်ပါတယ်။ အဲဒီသူတောင်းစား သူငယ်လေး၊ သူငယ်မလေးလိုပင် နှိမ့်ချသောစိတ်ရှိပြီး နေကြောင်းကိုလည်း လျှောက်ပါတယ်။ အထက်တန်းစား ဗြာဟ္မဏမျိုးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်က (စဏ္ဍာလ) ဒွန်းစဏ္ဍား ဇာတ်နိမ့်မျိုး သူတောင်းစားမျိုးလိုပင် နှိမ့်ချထားတဲ့စိတ် ရှိနေတယ်ဆိုတာ အလွန်ပင် အံ့စရာလည်းကောင်းပါတယ်။ အဲဒါကို အတုယူပြီး မိမိတို့စိတ်ကို နှိမ့်ချပြီး နူးနူးညံ့ညံ့ ပြောဆိုနေထိုင်ဖို့ရာလည်း အထူးသတိပြုသင့်ပါတယ်။ နောက်ပြီးတော့ ဦးချိုကျိုးတဲ့နွားဟာ ဘယ်သူ့ကိုမှ ရန်မမူဘဲ ယဉ်ကျေးသိမ်မွေ့နေသလိုပင် စိတ်သဘောထားကြောင်းကိုလည်း လျှောက်ပါတယ်။

နောက်ပြီးတော့ ရေချိုးပြီးနောက် နံ့သာများလိမ်းပြီး စင်ကြယ်နေတဲ့ အပျို လူပျိုဟာ လည်ပင်း၌ မြွေသေပုပ်၊ ခွေးသေပုပ် ဆွဲထားမယ်ဆိုရင် အဲဒီအပုပ်ကောင်ကို စက်ဆုပ်သလိုပင် မိမိ၏ရုပ်ကိုယ်ကို စက်ဆုပ်နေကြောင်းလည်း လျှောက်ပါတယ်။

နောက်ပြီးတော့ အပေါက်အကွဲများမှ ယိုကျနေသော အဆီအိုးကို ရွက်နေတဲ့သူဟာ အဲဒီအဆီအိုးကို စက်ဆုပ်သလိုပင် မိမိ၏ရုပ်ကိုယ်ကို စက်ဆုပ်နေကြောင်းလည်း လျှောက်ပါတယ်။

အဲဒါတွေဟာ ကာယဂတာသတိဘာဝနာဖြင့် စက်ဆုပ်ဖွယ်ထင်နေတဲ့အတွက် အဲဒီကိုယ်ကိုအကြောင်းပြုပြီး မာန်မာနမရှိကြောင်း၊

http://www.dhammadownload.com



မာန်မာနဖြင့် သူတစ်ပါးကို မရှိမသေ မပြုကြောင်း သိစေတဲ့ လျှောက်ထားချက်များပါပဲ။ အဲဒီအရှင်သာရိပုတ္တရာ၏ စိတ်နေသဘောထားပုံကို အတုယူပြီး မာန်မာနကို ကင်းနိုင်သမျှ ကင်းအောင် ပယ်ကြဖို့ပါပဲ။

အဲဒီတုန်းက တိုင်ကြားလျှောက်ထားတဲ့ ရဟန်းဟာ အရှင်သာရိပုတ္တရာ၏ သင်္ကန်းစွန်းဖြင့် ထိပါးသွားတာလောက်ကို အကြောင်းပြုပြီးတော့ ကိုယ်စောင်းတိုက်သွားတဲ့အနေဖြင့် အပြစ်ဖော်ပြီး လျှောက်တာတဲ့။ အဲဒီလိုလျှောက်တာကလည်း ဘုရားထံမှာ များစွာမကျန်ရစ်တော့ဘဲ ရဟန်းအများစုက အရှင်သာရိပုတ္တရာနောက် လိုက်သွားကြတာကို မနာလိုတဲ့အတွက် ဒေသစာရီ ကြွချီမှုကိစ္စမှာ အနှောင့်အယှက်ဖြစ်အောင် လျှောက်တာတဲ့။ အဲဒီလို အပြစ်မရှိဘဲ စွပ်စွဲမိတဲ့အတွက် အရှင်သာရိပုတ္တရာ၏ ဖြေရှင်းချက် (သီဟနာဒ) ကို ကြားတဲ့အခါ အဲဒီရဟန်းမှာ စိတ်ထဲ၌ အလွန်ပူလောင်ပြီးတော့ မြတ်စွာဘုရားထံမှာ ပြစ်မှားမိတဲ့ သူ့အပြစ်ကို သည်းခံရန် တောင်းပန်လျှောက်ထားပါတယ်။ မြတ်စွာဘုရားက သည်းခံကြောင်း မိန့်တော်မူပြီးတော့ အရှင်သာရိပုတ္တရာကလည်း အဲဒီရဟန်းအား သည်းခံကျေနပ်ရန် မိန့်ကြားတော်မူပါတယ်။ အရှင်သာရိပုတ္တရာကလည်း သည်းခံကြောင်း ပြန်ကြားပြီးတော့ မိမိအပြစ်ကိုလည်း အဲဒီရဟန်းက သည်းခံပါလို့တောင် တောင်းပန်လိုက်ပါသေးသတဲ့။

အဲဒါကိုထောက်ဆကြည့်ရင် ယခုကာလမှာ အပြစ်ရှိတဲ့သူက သက်ဆိုင်ရာပုဂ္ဂိုလ်အား သည်းခံရန် တောင်းပန်ကန်တော့ဖို့ ဝန်မလေးသင့်ပါဘူး။ အပြစ်ရှိလို့ တောင်းပန်တယ်ဆိုတာ သူတော်ကောင်းတို့၏ ကျင့်ဝတ်ပဲ၊ အပြစ်ရှိပေမယ့် ဘယ်လိုပုဂ္ဂိုလ်တော့ မတောင်းပန်နိုင်ဘူးလို့ မာနဖြင့် တောင့်ခံနေတာကတော့ သူယုတ်မာတို့၏ ကျင့်ဝတ်ပဲ။ အဲဒါကိုလည်း အထူးသတိပြုကြရမယ်။

http://www.dhammadownload.com

# စွန့်စွန့်စားစား တရားကျင့်သည့် ကိုရင်နှင့်ရဟန်း

ကြောက်မက်ဖွယ် အာရုံဘေးဆိုတာက ဘာတွေလဲဆိုရင် ကျား၊ ခြင်္သေ့ စသည် သားရဲဘေး၊ မြွေကင်းဘေးများနဲ့ လူဆိုးဓားပြဘေးတွေပါပဲ။ ကြောက်ခြင်းဘေးဆိုတာကတော့ ဇာတိ ဇရာ ဗျာဓိ မရဏဘေး၊ မင်းဆိုးဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေးအစရှိတဲ့ ဘေး ၂၅ ပါးကို ကြောက်ရွံ့ခြင်းပါပဲ။ အဲဒီဘေး ၂၅ ပါးကို သီလဝဏ္ဏသုတ္တန်တရားတော် ပဌမပိုင်းမှာ အကျယ်ဝေဖန်ပြထားပြီး ရှိနေပါပြီ။

အဲဒီဘေး ၂ မျိုးထဲက ကြောက်စရာအာရုံဘေးဆိုတဲ့ ကျား စသည်ကတော့ ယခုနေအခါမှာ မရှိသလောက်ပါပဲ။ ဒါပေမဲ့ တချို့ တောကျတဲ့ ဌာနများ၊ မြွေကင်းပေါတဲ့ ဌာနများ၊ လူဆိုးသူခိုးတွေများတဲ့ ဌာနများမှာတော့ အဲဒီဘေးတွေကို ကြောက်တာနဲ့ ကမ္မဋ္ဌာန်းဌာနမှ ထွက်သွားတာ ရှိကောင်းရှိပါလိမ့်မယ်။ ပြန်ပေးဆွဲမှာကြောက်လို့ ကမ္မဋ္ဌာန်းဌာနကို မလာဝံ့တာလည်း ရှိနိုင်ပါတယ်။ ဘုရားလက်ထက်တော် ကာလဆီကတော့ အဲဒီလိုဘေးတွေကို မကြောက်ရွံ့ဘဲ စွန့်စားပြီး တောအရပ်တွေမှာ တရားအားထုတ်နေကြတာပဲ။ အဲဒီလို အကြောင်း အရာဟာ သံကိစ္စသာမဏေဝတ္ထုဖြင့် ထင်ရှားပါတယ်။

## သံကိစ္စသာမဏေဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်ကာလက အရှင်သာရိပုတ္တရာထံမှာ ရှင်ပြုတဲ့ သံကိစ္စသာမဏေဆိုတာ ရှိခဲ့ပါတယ်။ ရှင်ပြုရန် ခေါင်းရိတ်နေစဉ် မှာပင် ဆံပင်၊ မွေးညင်း၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေဆိုတဲ့

http://www.dhammadownload.com



ဒီကောဋ္ဌာသ ၅ ခုကို နှလုံးသွင်းရတဲ့ တစပဉ္စကကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီး ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်ခဲ့ပါတယ်။ နောက်တစ်ချိန်မှာ အရွယ်ကြီးမှ ရဟန်းပြုကြတဲ့ ရဟန်းသုံးကျိပ်က တစ်ခုသော တောအရပ်ကို သွားပြီး တရားအားထုတ်ဖို့ မြတ်စွာဘုရားထံ ပန်ကြားပြီး ကမ္မဋ္ဌာန်းယူကြတယ်။

အဲဒီအခါမှာ ဖြစ်ပေါ်မည့်ဘေးရန်ကို မြင်တော်မူတဲ့အတွက် အရှင်သာရိပုတ္တရာထံ ပန်ကြားပြီးမှ သွားကြဖို့ မြတ်စွာဘုရားက အမိန့်ရှိလိုက်တယ်။ အရှင်သာရိပုတ္တရာထံ ပန်ကြားကြတဲ့အခါ အရှင်သာရိပုတ္တရာက ဆင်ခြင်ကြည့်လိုက်တော့ အဲဒီရဟန်းများမှာ ဘေးတွေ့မည့်အရေးကိုလည်း မြင်တော်မူတယ်။ သံကိစ္စသာမဏေကို ထည့်လိုက်ပါမှ အဲဒီဘေးက လွတ်မြောက်နိုင်ကြမယ်ဆိုတာလည်း မြင်တော်မူတယ်။ ဒါကြောင့် အဲဒီရဟန်းသုံးကျိပ်အား သံကိစ္စသာမဏေကို ခေါ်သွားဖို့ ပြောပြီး သာမဏေကို ထည့်လိုက်ပါတယ်။

အဲဒီရဟန်းသုံးကျိပ်ဟာ သူတို့ရည်ရွယ်ထားတဲ့ တောအရပ်သို့ သံကိစ္စသာမဏေနှင့်တကွ သွားရောက်နေထိုင်လျက် မြတ်စွာဘုရားပေးလိုက်တဲ့ ကမ္မဋ္ဌာန်းကို ကြိုးကြိုးစားစား အားထုတ်နေကြပါတယ်။ အတိုချုံး ပြောရမှာပဲ။ အဲဒီလို အားထုတ်နေစဉ် တစ်ညဉ့်သောအခါမှာ တောပုန်းဓားပြ ၅၀၀ တို့က သတ်ပြီး ယစ်ပူဇော်ဖို့ ရဟန်းတစ်ပါးကို လာတောင်းကြတယ်။ အဲဒီတော့ မထေရ်ကြီးက သူကိုယ်တိုင် လိုက်သွားမယ်လို့ပြောတယ်။ အခြားရဟန်းများကလည်း အများအတွက် မိမိလိုက်သွားမယ်လို့ အသီးသီးပြောကြတယ်။ အဲဒီအခါ သံကိစ္စသာမဏေက အများအတွက် သူလိုက်သွားမယ်လို့ သံဃာအား ပန်ကြားတယ်။ သံဃာက သာမဏေကို ခွင့်မပြုရက်ဘူး။ အကြောင်းကတော့ အရှင်သာရိပုတ္တရာက ထည့်လိုက်တဲ့ သာမဏေလည်း ဖြစ်တယ်၊ ခုနစ်နှစ်သားအရွယ် ငယ်ရွယ်သူကလေးလည်း ဖြစ်တယ်။ အဲဒါတွေ

http://www.dhammadownload.com



အကြောင်းပြုပြီး အပြစ်တင်ခံရမှာ စိုးရိမ်လို့ပါပဲ။ ဒါပေမဲ့ သံကိစ္စ သာမဏေက 'အရှင်ဘုရားတို့ ဘာမှမပူကြပါနဲ့၊ ဥပဇ္ဈာယ်ဆရာတော် ဘုရားကြီးက ဘုရားတပည့်တော်ကို အရှင်ဘုရားတို့နှင့် ထည့်လိုက်တာ ဟာ ဒီကိစ္စအတွက်ပဲ ဖြစ်ပါတယ်။ ဘာမှမစိုးရိမ်ကြပါနဲ့' လို့ ပြောပြီး သံကိစ္စသာမဏေကလေးက ဓားပြတွေနဲ့ လိုက်ပါသွားတယ်။

သုံးကျိပ်သော ရဟန်းတော်တွေဟာ အားလုံးမျက်ရည်ကျလျက် ကျန်ရစ်ကြပါသတဲ့။ ဓားပြတွေက သူတို့နေရာရောက်တော့ သတ်ပြီး ယစ်ပူဇော်ဖို့ မီးဖိုစသည်ကို ပြင်ဆင်ကြတယ်။ ပြီးတဲ့အခါ ဓားပြ ခေါင်းဆောင်ကြီးက သံကိစ္စသာမဏေအနီးသို့ ဓားဖြင့် ခုတ်သတ်ရန် ချဉ်းကပ်သွားတယ်၊ အဲဒီအခါ သာမဏေက ဈာန်သမာပတ်ကို ဝင်စား နေတယ်။ မည်သည့်ဈာန်လို့တော့ အဋ္ဌကထာမှာ ပြဆိုမထားဘူး။ အာနေဉ္ဇခေါ်တဲ့ စတုတ္ထဈာန်ဖြစ်ဟန် ရှိပါတယ်။ အဲဒီအနေမှာ ဓားပြ ခေါင်းဆောင်ကြီးက သံလျက်ခေါ်တဲ့ သူ့ဓားရှည်ကြီးဖြင့် သာမဏေကို ခုတ်လိုက်တယ်၊ ဓားကောက်သွားတယ်။ နောက်တစ်ကြိမ် ခုတ်လိုက် ပြန်တယ်၊ အဲဒီတော့ ဓားက အရိုးဆီကို ခွေလိပ်သွားပါသတဲ့။ အဲဒီလို ဖြစ်ပုံကို တွေ့ရတော့ ဓားပြခေါင်းဆောင်ကြီးက သတိတရား ရလာ တယ်။ 'ကြည့်စမ်း၊ အသိစိတ်ဝိညာဏ် စေတနာမရှိတဲ့ ဓားကတောင် ဒီအရှင်၏ ဂုဏ်ကျေးဇူးကို သိသေးတယ်၊ အသိစိတ်ဝိညာဏ် စေတနာ ရှိပါလျက် ငါဟာ မသိတတ်ပါဘဲကလား'လို့ သတိတရားရပြီးတော့ ဓားကို ပစ်ချလိုက်ပြီး သာမဏေ၏ ခြေရင်းမှာ ဝပ်စင်းတောင်းပန် ကန်တော့တယ်၊ ကန်တော့ပြီးတော့ အဲဒီဓားပြ ၅၀၀ ဟာ သံကိစ္စ သာမဏေထံမှာ သင်္ကန်းဝတ်ကြပါသတဲ့။ သံကိစ္စသာမဏေလည်း သူတို့ကို သင်္ကန်းဝတ်ရန် ခွင့်ပြုပြီးတော့ တောကျောင်းနေ ရဟန်းများ ထံလည်း ပြန်သွားပြီး ပန်ကြားတယ်၊ ပန်ကြားပြီးတော့ အရှင်သာရိ ပုတ္တရာထံ ဓားပြထွက်တပည့် ၅၀၀ နှင့်တကွ ပြန်လာခဲ့တယ်။ မြတ် စွာဘုရားထံ သွားရောက်ကန်တော့တဲ့အခါ မြတ်စွာဘုရားက

http://www.dhammadownload.com



ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

ယော စ၊ အကြင်သူသည်ကား။ ဒုဿီလော၊ သီလမရှိဘဲ။ အသမာဟိတော၊ သမာဓိလည်း မရှိဘဲ။ ဝဿသတံ ဇီဝေ၊ နှစ်တစ်ရာပတ်လုံး အသက်ရှင်နေရာ၏။ တတော၊ ထိုသူ၏ နှစ်တစ်ရာပတ်လုံး အသက်ရှင်လျက် နေရခြင်းထက်။ သီလဝန္တဿ၊ သီလရှိသည့်ပြင်။ ဈာယိနော၊ သမထဈာန်၊ ဝိပဿနာဈာန်ဖြင့် ရှုနေသောသူ၏။ ဧကာဟံ ဇီဝိတံ၊ တစ်ရက်မျှ အသက်ရှင်နေရခြင်းသည်။ သေယျော၊ သာလွန်၍ ကောင်းမြတ်ပါပေသတည်းလို့ ဟောတော်မူပါတယ်။

အဲဒီဂါထာတရားကို နာကြားရပြီးတော့ ဓားပြထွက် အဲဒီရဟန်း ၅၀၀ ဟာ ရဟန္တာဖြစ်သွားကြပါသတဲ့။ ဒီဝတ္ထုမှာ ပြောလိုရင်းကတော့ ဘုရားလက်ထက်တော် ကာလတုန်းက တောကျောင်းအရပ်များမှာ ကျားစသည် သားရဲဘေးရန်သာမဟုတ်ဘူး၊ လူဆိုး၊ ဓားပြ ဘေးရန်လည်း ရှိတယ်။ အဲဒီလိုဘေးရန်ကို မကြောက်ရွံ့ဘဲ စွန့်စားပြီး တရားကျင့်သုံးကြတယ်ဆိုတာ သိစေလိုရင်းပါပဲ။ အဲဒီတော့ ဒီလိုစွန့်စားပြီး တရားကျင့်တော်မူကြတဲ့ ရဟန်းသံဃာတော်တွေဟာ ကြည်ညိုစရာကောင်းတာပေါ့။ အဲဒီလို ကြည်ညိုစရာဂုဏ်တွေကို အာရုံပြုပြီး ကြည်ညိုသဒ္ဓါ ဖြစ်ပွားလျက် တရားထူးရကြစေရန် မြတ်စွာဘုရားက 'ဘေရဝေသု စ န သမ္ပဝေဓေယျ' ဘယာကြောင့်လည်း မလှုပ်ဘဲ တရားကျင့်သုံးရတယ်'ဆိုတဲ့ ရဟန်းတော်များ၏ဂုဏ်ကို ထုတ်ဖော်ပြီး ဟောတော်မူတာပါပဲ။ အဲဒီမှာ ဆောင်ပုဒ်ကတော့ 'သုံးပါးဘဝ မတောင့်တ၊ ဘယာကြောင့်လည်း မလှုပ်ရာ'တဲ့။

## ကျားစားခံရတဲ့ ရဟန်းဝတ္ထု

နောက်ပြီးတော့ ကျားစားခံရသည်အထိ စွန့်စားပြီး ကျင့်သုံးတဲ့ရဟန်း၏

http://www.dhammadownload.com



ဝတ္ထုလည်း ဒီနေရာမှာ ထုတ်ပြချင်ပါသေးတယ်။ အဲဒီအကြောင်းကို မဟာသတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။ တစ်ချိန်က ရဟန်းတော် သုံးကျိပ်ဟာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူပြီးတော့ တောကျောင်းတစ်ခုမှာ ဝါကပ်နေကြပါသတဲ့။ ညဥ့်သုံးယံပတ်လုံး ကိုယ့်နေရာနဲ့ကိုယ် နေပြီး အားထုတ်နေကြတယ်။ အဲဒီလို အားထုတ်နေရာမှာ နံနက်မိုးသောက်ယံ၌ အိပ်ငိုက်နေတဲ့ ရဟန်းတစ်ပါးတစ်ပါးကို ကျားတစ်ကောင်က ချီယူသွားပါသတဲ့။ အဲဒီလို ကျားလာပြီးဆွဲတဲ့အခါမှာ အဆွဲခံရတဲ့ရဟန်းက အခြားရဟန်းများအား သမာဓိမပျက်စေလိုတဲ့ အတွက် 'တပည့်တော်ကို ကျားဆွဲတယ်' လို့တောင် အသံမပြုဘဲ လိုက်ပါသွားပါသတဲ့။ ၁၅ ပါးလောက် ကျားစားပြီးတဲ့အခါ ဥပုသ်ပြုရာမှာ ရဟန်းတွေ လျော့နေလို့ စုံစမ်းလိုက်တော့မှ အကြောင်းမှန်ကို သိရတဲ့အတွက် နောက်တစ်ခါ ကျားလာဆွဲရင် အသံပြုဖို့ ညွှန်ကြားပြောဆိုပြီး အားထုတ်မြဲ အားထုတ်နေကြပါသတဲ့။ ဒီနေရာမှာ ဆင်ခြင်ကြည့်ရင် အဲဒီရဟန်းများဟာ ကျားဆွဲတတ်မှန်း သိပါလျက်နဲ့ နေမြဲနေပြီး တရားကျင့်သုံးနေကြတာဟာ အင်မတန် ချီးကျူးစရာ ကြည်ညိုစရာ ကောင်းပါတယ်။ 'ဘယာကြောင့်လည်း မလှုပ်ရာ' ဆိုတဲ့ ဒီတရားတော်နှင့်လည်း ကိုက်ညီနေတာပဲ။ သဒ္ဓါနည်းတဲ့သူတွေရဲ့ အမြင်နဲ့ဆိုရင်တော့ အဲဒီရဟန်းတွေကို မိုက်ရူးရဲလုပ်တယ်လို့ ကဲ့ရဲ့ကောင်း ကဲ့ရဲ့ကြပေလိမ့်မယ်။

အဲဒီလို အားထုတ်မြဲ အားထုတ်နေကြရာမှာ ခုတင်က ပြောခဲ့တဲ့ အတိုင်းပင် ရဟန်းငယ်တစ်ပါးကို ကျားက လာဆွဲပြန်တယ်။ အဲဒီတော့ ကျားအဆွဲခံရတဲ့ရဟန်းက 'ကျားပါ အရှင်ဘုရား' လို့ အသံပြုလိုက်ပါတယ်။ အဲဒီအသံကိုကြားရတော့ အခြားရဟန်းတော်များက မီးရှူးမီးစည်းများနဲ့ တုတ်တောင်ဝှေးများကို ကိုင်ပြီးတော့ ကျားနောက်လိုက်ပြီး လွတ်မြောက်စေရန် အားထုတ်ကြတယ်။ ကျားက တစ်ဆယ့်ငါးပါး

http://www.dhammadownload.com



တောင် စားပြီးပြီဆိုတော့ အလွန်ရဲနေမှာပေါ့။ ဒါကြောင့် ကျားက ရဟန်းများ မတက်ရောက်နိုင်တဲ့ ကမ်းပါးပြတ်ထိပ်ပေါ်ကို တက်သွားတယ်။ အဲဒီတော့ ရဟန်းတွေက တက်မလိုက်နိုင်တာနဲ့ ဒီလိုသတိပေးကြပါသတဲ့။ 'ငါ့ရှင်သူတော်ကောင်းရေ၊ ယခုအခါမှာ ငါတို့ပြုလုပ်ဆောင်ရွက်စရာ မရှိတော့ဘူး၊ ရဟန်းတို့၏ဂုဏ်ထူး ဝိသေသဆိုတာ ဒီလိုအရာမှာ ထင်ရှားသိရပါတယ်' လို့ အားပေးစကားလောက်သာ ပြောကြရပါသတဲ့။ ဆိုလိုတာကတော့ 'မိမိ၏အစွမ်းသတ္တိ ထင်ပေါ်အောင် တရားကိုသာမြဲပြီး အားထုတ်ပေတော့' လို့ ဆိုလိုတာပါပဲ။ အဲဒီအခါ ကျားက ခြေမကစပြီး ကိုက်စားပါသတဲ့။ သော၊ ထိုရဟန်းသည်။ ဗျဂ္ဃမုခေ၊ ကျား၏ခံတွင်း၌။ နိပန္နော၀၊ လျောင်းလျက်ပင်လျှင်။ တံ ဝေဒနံ၊ ကျားစားခြင်းကြောင့် ဖြစ်နေသော ထိုဒုက္ခဝေဒနာကို။ ဝိက္ခမ္ဘေတွာ၊ ခွာ၍။ (ဝါ) ဝေးကွာစေ၍။ ဝိပဿနံ ဝဍ္ဎေန္တော၊ ဝိပဿနာကို ပွားစေလျက်။ ယာ၀ဂေါပ္ဖကာ ခါဒိတကာလေ၊ ခြေမျက်စိအထိ စားပြီးသောအခါ၌။ သောတာပန္နော ဟုတွာ၊ သောတာပန်ဖြစ်ပြီးလျှင်၊ ဒူးဆစ်အထိ စားပြီးသောအခါ သကဒါဂါမ်ဖြစ်ပြီး၍ ချက်အထိ စားပြီးသောအခါ အနာဂါမ်ဖြစ်ပြီးနောက် နှလုံးသားကို မစားသေးမီပင် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ (ရဟန္တာအဖြစ်) အရဟတ္တဖိုလ်သို့ ရောက်ပြီး၍ ဂါထာ ၂ ပုဒ်ကို ဥဒါန်းအဖြစ် ကျူးရင့်ရွတ်ဆိုသွားပါသတဲ့။

http://www.dhammadownload.com

# နွတ်သားတစ်ဦးအမြင်အရ လူ့လောက

တာဝတိံသာနတ်ပြည်မှာ မာလာဘာရီဆိုတဲ့ တန်ခိုးကြီးနတ်သားကြီး တစ်ဦး ရှိတယ်။ အထက်တန်း နတ်သားကြီးလို့ ဆိုရမှာပေါ့။ နတ်မင်းကြီးတော့လည်း မဟုတ်ပါဘူး။ အဲဒီနတ်သားကြီးမှာ နတ်သမီး အလုပ်အကျွေးတွေ ၁၀၀၀ တောင် ရှိသတဲ့။ အခြံအရံတွေ အင်မတန် များတာပဲ။ တစ်နေ့တော့ သူတို့တစ်တွေ ဥယျာဉ်ထဲမှာ သွားကြပြီးတော့ ကပွဲ ပြုလုပ်ကြတယ်။ ပျော်ပွဲရွှင်ပွဲပေါ့လေ။ နတ်သမီး ၅၀၀ က ပန်းပင်တွေပေါ် တက်ပြီးတော့ ပန်းခူးကြ၊ ခြွေချကြတယ်။ ကျန်တဲ့ နတ်သမီး ၅၀၀ ကတော့ အောက်ကနေပြီးတော့ ကျလာတဲ့ပန်းတွေကို သီကြ ကုံးကြတယ်ပေါ့။ ပန်းကုံးတွေပြုလုပ်ပြီးတော့ သူတို့ရဲ့နတ်သားကြီးကို တန်ဆာဆင်ပြင်ပေးကြသတဲ့။ ပျော်ပွဲပြိုင်ပွဲအနေနဲ့ နတ်သမီးတွေ အချင်းချင်း ပန်းပင်အောက်က ပန်းကောက်တဲ့နတ်သမီးတွေကလည်း အပြိုင်အဆိုင် ကောက်ကြတယ်၊ ပန်းပင်ပေါ်က နတ်သမီးတွေကလည်း အပြိုင်အဆိုင်ခူးပြီး ခြွေချကြတယ်။ အောက်ကနေပြီး ခူးမယ်ဆိုရင်လည်း နတ်တန်ခိုးနဲ့ပဲ ရနိုင်လောက်ပါတယ်။ ဒါပေမဲ့ ပျော်လိုပါးလိုလို့ တက်ကြတာ ဖြစ်မှာပါပဲ။ နတ်သားကြီးကိုလည်း အပြိုင်အဆိုင် မလှလှအောင် တန်ဆာဆင်ပြင်ပေးကြတယ်။

လူတွေအနေနဲ့ဆိုရင်တော့ ခဏလေးနဲ့ပဲ ပန်းကုံးတွေ အများကြီး ရမှာပါပဲ။ ဒါပေမဲ့ သူတို့မှာ တေးသီချင်းတွေ ဆိုလိုက်ကြ၊ ကလိုက်ကြနဲ့ဆိုတော့ မပြီးနိုင်ကြဘူး။ အကြာကြီးပဲ ပျော်ရွှင်နေကြတယ်။ အလုပ်ကလည်း ဒီပြင်လုပ်စရာမရှိတော့ တေးလေးတအေးအေးနဲ့ ပျော်ချင်တိုင်း ပျော်နေကြပုံ ရပါတယ်။ လူ့လောကမှာတော့ အလုပ်

http://www.dhammadownload.com



က အားလပ်ချိန် သိပ်ပြီးရကြတာမဟုတ်ဘူး။ ပြေးရင်းလွှားရင်းနဲ့ပဲ ပြီးလိုက်ကြရတာပဲ။ သူတို့လို အားလပ်ကြတာမှမဟုတ်ဘဲ။ စားဝတ်နေရေးတွေနဲ့ လူမှုရေးတွေက ရှိနေကြရသေးတာကိုး။

နတ်ပြည်မှာတော့ ဒီလိုအလုပ်တွေက မရှိဘူး။ ဒီတော့ ပျော်ချင်တိုင်း ပျော်ပြီး နေနိုင်ကြတာပေါ့။ ဒီလိုပျော်ပျော်ရွှင်ရွှင် ကခုန်သီဆိုနေကြရင်းမှာပဲ နတ်သမီးလေးတစ်ယောက်ဟာ ပန်းပင်ပေါ်မှာ ပန်းခူးရင်း စုတိပျက်ကြွေ သေလွန်သွားတယ်တဲ့။

နတ်တွေ သေတယ်ဆိုတာ လူတွေလို ရောဂါဘယတွေ ဖြစ်နေတာ မဟုတ်ဘူး၊ ဒီလိုပဲ ဖြုတ်ခနဲဆို သေသွားကြတာပဲ။ အသေမြန်တာလည်း ကြောက်စရာကောင်းတာပဲ။ ကုသိုလ်ကောင်းမှုလေးကိုမှ နှလုံးသွင်းချိန်ရဖို့ ခဲယဉ်းတယ်။ နှလုံးသွင်းမကောင်းဘဲ မကောင်းတဲ့ အကုသိုလ်စိတ်နဲ့များ သေသွားရင် အပါယ်ငရဲကို ရောက်သွားနိုင်တယ်။ အခုနတ်သမီးလေးမှာတော့ ကုသိုလ်စိတ်နဲ့ သေသွားတာဖြစ်လို့ တော်သေးရဲ့၊ လူ့လောကမှာ လာပြီးလူဖြစ်တယ်တဲ့။

## ခင်ပွန်းဟောင်းကို စွဲနေတယ်

စုတိသွားတဲ့ နတ်သမီးလေးဟာ သာဝတ္ထိပြည်က အမျိုးသမီးတစ်ဦးဝမ်းမှာ လာပြီးတော့ လူဖြစ်တယ်။ မွေးဖွားပြီး သိနားလည်တဲ့အရွယ်ရောက်တယ်ဆိုရင်ပဲ ရှေးကဖြစ်ခဲ့တဲ့ဘဝကို ပြန်ပြီးသတိရသတဲ့။ တာဝတိံသာမှာ မာလာဘာရီ နတ်သားကြီးနဲ့ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရပုံတွေ နတ်စည်းစိမ်တွေ ခံစား စံစားခဲ့ရပုံတွေကို ပြန်ပြီးလို့ အောက်မေ့မေ့ဖြစ်နေတယ်ပေါ့။ လူ့ပြည်က အခြေအနေတွေနဲ့ နတ်ပြည်က အခြေအနေတွေကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ အပုံကြီးကွာခြားနေတာကို တွေ့ရတယ်။ ဒါကြောင့် ရှေးဘဝက သူနေခဲ့ဖူးတဲ့ နတ်ပြည်ကို ပြန်ရောက်လိုစိတ်တွေ ဖြစ်နေတယ်။

http://www.dhammadownload.com



ဒါနဲ့ သိတတ်တဲ့အရွယ်ကစပြီး ကုသိုလ်ကောင်းမှုတွေ ပြုတော့တာပါပဲ။ ကုသိုလ်ကောင်းမှုကို ပြုတိုင်းပြုတိုင်းလည်း နတ်ပြည် သူ့ခင်ပွန်းထံ ပြန်ဖြစ်ဖို့ ဆုတောင်းဆုတောင်းပြီး ကောင်းမှုတွေကို ပြုသတဲ့။ အဲဒါတွေကို ဘယ်သူကမှ သင်ပေးနေရတာမဟုတ်ဘူး၊ သူ့ဘာသာသူ ကြားဖူးနားဝ ဗဟုသုတအခြေခံနဲ့ပဲ ကုသိုလ်ကောင်းမှုတွေကို ပြုပြုပြီးတော့ ဒီလိုပဲ ဆုတောင်းနေတာပါပဲ။

## အိမ်ထောင်ပြုတော့လည်း ဒီလိုပဲ

အရွယ်ရောက်လာလို့ ၁၆ နှစ်မြောက်တဲ့အခါမှာ အဲဒီကလေးမလေးဟာ အိမ်ထောင်ပြုလိုက်တယ်။ အိမ်ထောင်ကျတယ်ဆိုရင်ပဲ သူ့ခင်ပွန်းအိမ်မှာ လိုက်နေရတော့တယ်။ ဒီတော့လည်း သူဟာ ရှေးကလိုပဲ ကုသိုလ်ကောင်းမှုတွေကို စွမ်းနိုင်သမျှပြုပြီး အရင်က တောင်းတဲ့ဆုကိုပဲ ဆက်တောင်းတယ်။ တစ်ခါတစ်ခါတော့လည်း ကုသိုလ်ကောင်းမှုတွေကို ထူးထူးခြားခြား ပြုသေးတယ်။

သီဟိုဠ် (သီရိလင်္ကာ)မှာ ရှေးတုန်းက ရဟန်းတော်တွေ ဆွမ်းစားဖို့ရာ ရပ်ထဲရွာထဲမှာ ဆွမ်းစားကျောင်းကလေးတွေဆိုတာ ရှိတယ်။ ဆွမ်းခံပြီးရင် အဲဒီမှာပဲ ယာဂုတို့ ဆွမ်းတို့ ဘုဉ်းပေးသုံးဆောင်ကြတယ်။ အဲဒီနေရာမှာ သူက သာယာသန့်ရှင်းအောင် အမှိုက်သလင်း လှည်းကျင်းတယ်တဲ့။ သောက်ရေအိုးတွေကိုလည်း ရေထည့်တယ်၊ ဆွမ်းနဲ့ ဆွမ်းဟင်းစသည်ကိုလည်း လောင်းလှူတယ်။ အခြားရဟန်းတော်တို့ ဝေယျာဝစ္စတွေကိုလည်း ဆောင်ရွက်တယ်။ ဒီလိုကောင်းမှုတွေကို ပြုတိုင်းပြုတိုင်း သူ့ဆုတောင်းကတော့

'အယံ၊ ဤကောင်းမှုသည်။ သာမိကဿ၊ မာလာဘာရီခင်ပွန်းသည်၏။ သန္တိကေ၊ အထံ၌။ နိဗ္ဗတ္တနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှာ။ ဟောတု၊ ဖြစ်ပါစေသား'တဲ့။

http://www.dhammadownload.com



ဒီလိုဆုတောင်းတယ်။ သူပြုတိုင်းပြုတိုင်း ကောင်းမှုတွေဟာ သူ့ခင်ပွန်းထံ ပြန်ရောက်ဖို့ရာ ဖြစ်ပါစေတဲ့။ ဒါနဲ့ သူဆုတောင်းတာတွေကို ရဟန်းတော်တွေက သိသိနေတော့ 'ဒီဒကာမလေးဟာ သူ့ခင်ပွန်းအတွက်ချည်းပဲ ဆုတောင်းတယ်' လို့ဆိုပြီး သူ့အမည်ကို 'ပတိပူဇိကာ' ဆိုတဲ့အမည်ကို မှည့်ပေးတော်မူလိုက်ကြသတဲ့။ လင်ကို ပူဇော်တယ်၊ လင့်အတွက် ပူဇော်တယ်လို့ ဒီလိုအဓိပ္ပာယ်ရပါတယ်။

သူများတွေကတော့ ကုသိုလ်ပြုလို့ရှိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ ဆုတောင်းကြတယ်။ အာသဝေါ ကင်းရပါလို၏၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရပါလို၏စသည်ဖြင့် ဆုတောင်းကြတယ်။ သူကတော့ ဒီလိုမဟုတ်ဘူး၊ သူ့ခင်ပွန်းထံကိုပဲ ရောက်ရပါလို၏လို့ ဆုတောင်းတယ်တဲ့။

သဒ္ဓါတရားကလည်း ကောင်းတယ်၊ ကုသိုလ်ကောင်းမှုတွေလည်း အများအပြားပြုတယ်။ သူကိုယ်တိုင် ဒီလိုပြုရုံသာ မကသေးဘူး၊ ဒိပြင်လူတွေက အလုပ်များနေတဲ့အတွက် ပန်းတို့ ဆွမ်းတို့ လှူစရာရှိနေတာကို မလှူအားရင် သူ့ကိုလှူဒါန်းပေးဖို့ အပ်နှံကြတယ်။ အဲဒီလိုအခါမှာ သူက ယူသွားပြီး လှူဒါန်းပေးလိုက်သေးတယ်။ 'ငါ့လှူဖွယ်လေးကိုလည်း ရဟန်းသံဃာတော်တွေ ကြွလာရင် လှူပေးစမ်းပါ'လို့ ဆိုပြီး သူ့ကိုအပ်နှံလေ့ရှိကြတယ်။ သူကတော့ တာဝန်မလေးဘူးတဲ့။ ကုသိုလ်ပြုဖို့ဆိုရင်တော့ သူက သဘောကျနေတာပဲ။ သူတတ်နိုင်သမျှကိုလည်း လှူလိုက်သေးတယ်။ သူများတွေရဲ့ ကုသိုလ်ကောင်းမှုကိုလည်း ဝေယျာဝစ္စ ပြုလိုက်သေးတယ်။ အဲဒီလိုနဲ့ တဖြည်းဖြည်း အသက်ကြီးလာလိုက်တာ သားလေးယောက်တောင် ရသွားပြီတဲ့။

## သူ့ဆုတောင်းပြည့်သွားတယ်

အဲဒီလိုနဲ့ တစ်နေ့တော့ ရုတ်တရက် ရောဂါရပြီး သားလေးယောက်

http://www.dhammadownload.com



မိခင်ဟာ ကွယ်လွန်သွားရှာရောတဲ့။ အသက်အရွယ် ဘယ်လောက်မှာ သေသွားတယ်လို့တော့ အတိအကျ မသိရဘူး၊ သားလေးယောက် ရသွားပြီဆိုတော့ အသက်နှစ်ဆယ်ကျော် အစိတ်အတွင်းလောက် ဖြစ်နိုင်ပါတယ်။ ၁၆ နှစ်လောက်က အိမ်ထောင်ကျခဲ့တာဆိုတော့ ဒီလောက်ရှိမှာပါပဲ။ ဒါပေမဲ့လို့ ဒီလောက်ဟုတ်ချင်မှ ဟုတ်မှာပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီရပြီး သားလေးယောက်ဆိုတာက ဘယ်အသက်အရွယ်လောက်အရမှာ သူက မွေးမှန်းမသိပါဘူး။ အသက် ၄၊ ၅၀ ကျော်လို့ဆိုရင်လည်း ဖြစ်နိုင်တာပါပဲ။ အဲဒါတွေကိုတော့ ထားပါတော့လေ။

သူသေသွားတဲ့အခါမှာ တာဝတိံသာနတ်ပြည် မာလာဘာရီနတ်သားကြီးထံမှာပဲ နတ်သမီး ပြန်ဖြစ်တယ်တဲ့။ သူ့ဆုတောင်း ပြည့်သွားတယ်ပေါ့။ အဲဒီအချိန်ထိအောင် နတ်ပြည်မှာ သူ့နဲ့အတူ ပန်းခူးခဲ့တဲ့ နတ်သမီးတွေက ပန်းခူးကြ၊ သီကုံးကြနဲ့ ပျော်ရွှင်နေကြတုန်း ရှိကြသေးတယ်တဲ့။ လူ့ပြည်မှာဆိုရင် သူတို့တွေ ဘယ်ရှိတော့မှာလဲ၊ ကြာလှပြီဟာကိုး။ အနှစ် ၄၀၊ ၅၀ လောက်တောင် ကြာချင်ကြာလောက်နေမှာပါပဲ။ အဲဒီလောက်ကြာတာတောင် နတ်ပြည်က နတ်တွေဟာ ပျော်ပွဲရွှင်ပွဲ မပြီးကြသေးဘူး။ ပန်းခူးနေကြတုန်း၊ သီကုံးနေကြတုန်း ရှိသေးသတဲ့။

## အရိယာနတ်သားကြီးနဲ့ တူပါတယ်

သူ့ထံပြန်ရောက်လာတဲ့ နတ်သမီးကို မာလာဘာရီနတ်သားကြီးက မေးတယ်တဲ့။ 'ဟဲ့ နင် နံနက်ပိုင်းတုန်းက ဘယ်သွားနေတာတုံး၊ မမြင်ပါဘဲကလား' လို့ ဒီလိုမေးတယ်။ ဒီတော့ သူက အကြောင်းစုံပြန်ပြောပြတယ်။ သူဟာ နတ်ပြည်က စုတေပြီး လူ့ပြည်မှာ သွားဖြစ်ခဲ့တာတွေ၊ သား ၄ ယောက် ရခဲ့တာတွေ၊ နတ်သားကြီးထံမှာ ပြန်ဖြစ်ဖို့ ကုသိုလ်ကောင်းမှုတွေပြုပြီး ဆုတောင်းခဲ့ရပုံတွေပါ ပြောပြတယ်တဲ့။

http://www.dhammadownload.com



ဒီတော့ နတ်သားကြီးက 'လူ့ပြည်မှာ လူတို့သက်တမ်း ဘယ်လောက်ရှိသလဲ'လို့ မေးပြန်တယ်။ အနှစ် ၁၀၀ လောက်သာ ရှိပါတယ်လို့ သူကပြောတယ်။ အင်း လူ့ပြည်က အနှစ် ၁၀၀ ဆိုတာ သူတို့တာဝတိံသာနတ်သက်နဲ့ ဆိုရင်တော့ တစ်ရက်စာပဲ ရှိတာကိုး။ တစ်ရက်စာဆိုတော့ နတ်ပြည်ကနေ ကြည့်လိုက်ရင် လူတို့သက်တမ်းဟာ အင်မတန်တိုနေတာပေါ့။

အဲဒီလို အင်မတန်တိုတောင်းနေတာဖြစ်တော့ နတ်သားကြီးက ပြောပြန်တယ်။ 'လူတွေဟာ ဒီလောက်တောင် အသက်တိုတောင်းနေမှတော့ မေ့မေ့လျော့လျော့ နေကြဖို့ အချိန်များ ရှိကြသေးရဲ့လား၊ မနေမနား ကုသိုလ်တွေကိုချည်း ပြုမနေကြဘူးလား' လို့ မေးတယ်။ ဒီတော့ နတ်သမီးက 'ဒီလိုမဟုတ်ပါဘူး၊ လူတွေဟာ သူတို့ကိုယ်သူတို့ မသေကြတော့မလို ထင်နေကြပါတယ်။ မေ့မေ့လျော့လျော့ နေကြတာများပါတယ်'လို့ ပြောတယ်။ ဒီလိုကြားရတော့ နတ်သားကြီးမှာ သံဝေဂဖြစ်သွားတယ်တဲ့။ ဒီလောက်အသက်တိုနေကြတဲ့ အထဲမှာပင် မေ့မေ့လျော့လျော့ နေနိုင်ကြပါပေတယ်။ ဒီလိုသာနေကြရင် သံသရာဝဋ်ဆင်းရဲက ဘယ်မှာလွတ်နိုင်ကြပါ့မလဲလို့ သံဝေဂဖြစ်သတဲ့။ ဒီနတ်သားက အရိယာနတ်သားနဲ့ တူပါတယ်။ ဒါကြောင့် ဒီလိုသံဝေဂတွေကို ဆင်ခြင်သုံးသပ်နိုင်တာ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com

# နည်း အရေးကြီးသည်

ကမ္မဋ္ဌာန်းနည်း နားမလည်လို့ရှိရင် တရားအားထုတ်နိုင်ပါ့မလား။ (မထုတ်နိုင်ပါဘုရား) ကမ္မဋ္ဌာန်းနည်း မပြောနဲ့ ထမင်းချက်တဲ့နည်း တောင် နားမလည်ရင် ချက်လို့မဖြစ်ဘူး။ နားမလည်ဘဲ ချက်ရင် ပျက်ကုန်မှာပဲ။ ချက်ရေးပြုတ်ရေးပေမယ့် သင်တန်းတက်ရသေးတယ်။ ဒကာလူရဲ၊ အမျိုးသမီးတွေက သင်တန်းမတက်ဘဲနဲ့ ချက်တတ်တာဟာ သူ့အမေက သင်ကြားပေးထားလို့ပဲ။ သူ့အမေက ဘယ်လိုလုပ်ရမယ် ဆိုတာ ပြထားတယ်။ အထူးပြနေဖို့တောင် မလိုပါဘူး။ မြင်နေတာနဲ့ လည်း နားလည်နေကြပါတယ်။ အဲဒီလို နည်းသိမှ အချက်အပြုတ်က ပေမယ့် နေရာကျတာ။ ဒကာလူတို့ဘက်ကလည်း လုပ်ငန်းဆောင်တာ တွေ ရှိပါတယ်။ လယ်ယာကိုင်းကျွန်း စိုက်ပျိုးတဲ့လုပ်ငန်းတွေ၊ ထွန် ယက်တဲ့လုပ်ငန်းတွေ ဒါတွေလည်း အဖဖြစ်တဲ့ လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်က သင်ကြားပေးရသေးတယ်။ အထူး မသင်ပြတောင်မှ ဒီနည်းတွေကို မြင်တာနဲ့လည်း တတ်သိနားလည်နေကြပါတယ်။ လယ်ထွန်တာ မမြင် ဖူးတဲ့သူကို လယ်တောသွားပြီး အထွန်ခိုင်းလို့ ဖြစ်ပါ့မလား။ (မဖြစ်နိုင် ပါဘုရား) နွားတောင် မောင်းလို့ဖြစ်မယ်မဟုတ်ဘူး ဒကာလူရဲ။ နွားတွေ ကျွဲတွေကလည်း သိတယ်၊ မောင်းနေကျလူမဟုတ်ရင် မသွားဘူး၊ နည်းမသိရင် ဘာမှာမဖြစ်ဘူး ဒကာလူရဲ။ နည်းက အရေးကြီးပါတယ်။ နည်းအရေးကြီးပုံကလေး ဘုန်းကြီးက အကျယ်ချဲ့ပြီး ပြောချင်တယ်။

မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက် တော်မူတယ်။ ဘယ်အသက်အရွယ်တုံးဆိုတော့ ၂၉ နှစ်တဲ့။ ၁၆ နှစ်

http://www.dhammadownload.com



အရွယ်က ယသော်ရောဒေဝီမိဖုရားနဲ့ လက်ထပ်ထိမ်းမြားပြီးတော့ ထီးနန်းစည်းစိမ်တွေကို သုံးဆောင်ခံစားလာခဲ့တာ ၁၆ နှစ်ကနေပြီးတော့ ၂၉ နှစ်အထိဆိုတော့ ဘယ်နှနှစ်ရှိသလဲ ဒကာလူရဲ၊ (၁၃ နှစ်ပါဘုရား) အဲဒီ ၁၃ နှစ်လုံးလုံး မင်းစည်းစိမ်ခံစားနေတုန်း သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးမြင်တော့ သံဝေဂရပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ တရားရှာမယ်ဆိုပြီးတော့ တောထွက်တော်မူပါတယ်။ သတ္တဝါတွေဟာ မအိုချင်ဘဲနဲ့ အိုနေရ၊ မနာချင်ဘဲနဲ့ နာနေရ၊ မသေချင်ဘဲနဲ့ သေနေရတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ တရားကို ငါရှာမယ်။ ရှာပြီးတော့ သတ္တဝါတွေလည်း အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့တရားကို ရအောင်လို့ ငါဟောကြားမယ်ဆိုတဲ့ အင်မတန်ကောင်းတဲ့၊ အင်မတန်မြင့်မြတ်တဲ့ သမ္မာဆန္ဒ အလိုတော်ကြီးနဲ့ တောထွက်တော်မူပါတယ်။ ဒီလိုတောထွက်သာ လာခဲ့တယ်၊ အဲဒီတုန်းက ဘုရားအလောင်းမှာ တရားအားထုတ်နည်း မပါဘူး၊ ပေစာတွေ စာအုပ်တွေနဲ့လည်း ရှိတာမဟုတ်ဘူး။ နည်းနိဿယတွေက သဲလွန်စတောင် မရှိသေးဘူး။ ဒီအတိုင်း ဗလာသက်သက်နဲ့တောထဲမှာ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ တရားကို သူ့ဟာသူ ရှာမယ်လို့ ထွက်လာခဲ့တာ။ အဲဒီတုန်းက ဘာနည်းမှမရှိဘူး။

တောထဲရောက်တဲ့အခါကာလကျတော့ ရဟန်းပြုပြီးတော့ နည်းနိဿယတွေကို လိုက်ပြီးရှာနေရင်း ကာလာမအမျိုးအနွယ်ဖြစ်တဲ့ အာဠာရရသေ့ကြီးအကြောင်း သတင်းကြားရတယ်။ အဲဒီတုန်းက အာဠာရ ရသေ့ကြီးဟာ တပည့်ပေါင်း ၃၀၀ နဲ့ ဝဇ္ဇီတိုင်းပြည် ဝေသာလီမြို့အနီး တောအရပ်မှာ ကမ္ဘဋ္ဌာန်းဌာနကြီး ဖွင့်ပြီးတော့ တရားပြနေသတဲ့။ အဲဒီအာဠာရ ရသေ့ကြီးက ဘယ်လောက်များ အစွမ်းသတ္တိရှိသလဲဆိုတော့ လောကီသမာပတ် ရှစ်ပါးရှိတဲ့အနက်က နေဝသညာနာသညာယတနဆိုတဲ့ နောက်ဆုံးသမာပတ်ကို ချန်ထားပြီးတော့ သမာ

http://www.dhammadownload.com



ပတ် ခုနစ်ပါးလုံး ပြည့်စုံနေတယ်။ ဒါကြောင့် အဲဒီအာဠာရ ရသေ့ကြီးရဲ့ ဂုဏ်သတင်းကို ကြားရလို့ အဲဒီမှာသွားပြီးတော့ ဘုရားအလောင်းတော်က အာဠာရ ရသေ့ကြီးထံမှာ ကမ္မဋ္ဌာန်းနည်းကိုယူတယ်။ 'ငါ့ရှင်အာဠာရ၊ ငါဟာ သင့်ထံမှာ ကမ္မဋ္ဌာန်းနည်းယူပြီး တရားအားထုတ်လိုပါတယ်' လို့ ဘုရားအလောင်းတော်က ပြောတော့ အာဠာရ ရသေ့ကြီးက ဘယ့်နှယ်ပြန်ပြောသလဲလို့ဆိုရင် 'ငါ့ရှင်ဂေါတမ၊ ကျုပ်တို့တရားနည်းက အင်မတန်ကောင်းပါတယ်၊ ဘယ်လိုကောင်းသလဲဆိုတော့ ငါ့ရှင်ဂေါတမတို့လို ဉာဏ်ပညာထက်မြက်တဲ့ပုဂ္ဂိုလ်များတရားအားထုတ်လိုက်မယ်ဆိုရင် ကျုပ်တို့တရားက ဆရာသိတဲ့တရားကို တပည့်သိတယ်ဗျ၊ အင်မတန်ကောင်းတဲ့ တရားနည်းပါပဲ' လို့ ပြောသတဲ့ ဒကာလူရ။ အဲဒါဟာ အင်မတန် အရေးကြီးတဲ့စကားကလေးပါပဲ။

ဆရာသိတဲ့တရားကို တပည့်လည်း သိနိုင်မှ နေရာကျတယ် ဒကာလူရ။ 'ဆရာသာ သိတယ်၊ တပည့်တွေတော့ မသိနိုင်ဘူး'ဆိုလို့ရှိရင် သူ့ဟာ ဟုတ်ချင်မှဟုတ်မှာ၊ စိတ်မချရဘူး ဒကာလူရ။ ဒါမျိုးတွေက ခုကာလမှာလည်း ရှိတယ်၊ ဆရာသာ သိပြီး တပည့်မသိတော့ ဆရာကြီးယုံပြီးတော့ တချို့ဂိုဏ်းဆရာကြီးတွေက ဝိဇ္ဇာဖြစ်သလိုလို သိဒ္ဓိပေါက်နေသလိုလိုနဲ့ တပည့်တွေကတော့ မပေါက်ဘူး။ အပြီးသတ်တော့ ဆရာလည်း မပေါက်ပါဘူး။ ဒါပေမဲ့ ဆရာကတော့ ပေါက်သလိုလို ဘာလိုလိုနဲ့ တပည့်တွေက ယုံကြည်ပြီး ကိုးကွယ်ကြ ဆည်းကပ်ကြတယ်။ ရေမန်းတွေယူ၊ ဓာတ်လုံးတွေယူနဲ့ပေါ့လေ အစုံပေါ့။ ကိုယ်ကတော့ မသိဘူး၊ ဆရာကြီးကတော့ သိတယ်လို့ထင်ပြီး ယုံကြည်အားကိုးနေကြတာကိုး။ အဲဒါကို ဘုန်းကြီးများကတော့ နေရာမကျဘူးလို့ ယူဆတာပဲ။ ဒါက ယခုခေတ်ကာလမှာ အများတွေ့နေကြတာကို ပြောတာ။

ဒါမျိုးက ဘာသာရေးတွေထဲမှာလည်း ရှိတယ်။ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



အပြင်ဘက်က ဘာသာတွေဟာ ဒီလိုပဲ ဘုရားသခင်ကို ကိုးကွယ်နေကြတယ်။ ဘယ်ဟာမဆို မေးကြည့်လိုက်ရင် 'ဘုရားသခင်သာ သိတယ်၊ သူတို့ကတော့ မသိဘူး' တဲ့။ ဘုရားသခင် အလိုတော်အတိုင်းပဲဆိုပြီး ဘုရားသခင်ကို မျက်စိမှိတ်ပြီးတော့ ယုံကြည်ကိုးကွယ်နေတာတွေ ရှိတယ်။ သူတို့အဆိုက ဒီလိုတဲ့။ ကမ္ဘာလောကကြီးနဲ့ သတ္တဝါတွေကို ထာဝရဘုရားက ဖန်ဆင်းသတဲ့။ အဲဒီလို ဖန်ဆင်းတဲ့ ဘုရားသခင်ကို တမန်တော်ဘုရားသားတော်ဆိုတဲ့ ပုဂ္ဂိုလ်က သူတစ်ယောက်တည်းသာ တွေ့ရသတဲ့။ ဒိပြင် လူသားတွေထဲကတော့ ဘယ်သူမှ မတွေ့ရဘူး။ ဒါပေမဲ့ အဲဒီဘုရားသားတော်ဆိုတဲ့ ပုဂ္ဂိုလ်က သူ့ဟာသူ ဟောတဲ့တရားတွေကို 'ဘုရားသခင်ရဲ့စကားတော် ဘုရားမုက္ခပါဌ်တော်' လို့လည်း ကင်ပွန်းတပ်လိုက်ပြန်တယ်။ ဘာနဲ့တူသလဲဆိုတော့ 'ငါ့စကားကို မယုံရင် ငါ့မယား မေးကြည့်' ဆိုတာနဲ့တူနေပါတယ်။ အဲဒီ 'ငါ့မယား မေး' ဆိုတာကမှ နှစ်ယောက်ကွဲနေလို့ သက်သေအရာ တည်သင့်သေးတဲ့အတွက် အတော်အသင့် ယုံစရာကောင်းပါသေးတယ်။ သူ့ဟာသူဟောပြီး 'ဘုရားမုက္ခပါဌ်'လို့ ဆိုတာကတော့ ဘုရားသခင်ကိုလည်း မမြင်ရ၊ ဘုရားသခင်က ဟောတာကိုလည်း မကြားရဘဲနဲ့ ယုံစရာ တော်တော်ခက်ပါတယ်။ ဒါပေမဲ့ သူ့ဘာသာဝင်ပုဂ္ဂိုလ်တွေမှာတော့ မိရိုးဖလာ ဖြစ်နေတဲ့အတွက် အဲဒီလိုဘာသာကို မျက်စိမှိတ်ပြီးတော့ ယုံကြည်ကိုးကွယ်နေကြတာပါပဲ။ အဲဒါလည်း နေရာမကျသေးဘူး ဒကာလူရ။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတရားကတော့ အင်မတန် နေရာကျပါတယ်။ သန္ဒိဋ္ဌိကော၊ ကျင့်ကြံရင် မုချကိုယ်တိုင် တွေ့နိုင်တဲ့တရားတဲ့။ ဘုရားတစ်ပါးတည်းသာ သိတာမဟုတ်ဘူး၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သာ သိတာမဟုတ်ဘူး၊ ထင်ရှားတဲ့ ရဟန္တာတွေသာ သိတာမဟုတ်ဘူး။ တရားကျင့်လို့ရှိရင် ဘယ်သူကျင့်ကျင့် သိမယ်တဲ့။

http://www.dhammadownload.com



အဲဒီလို တရားက သိပ်ကောင်းတာ ဒကာလူရ။ ဆားဆိုလို့ရှိရင် ငန်တယ် မဟုတ်လား။ အဲဒါ ဘယ်သူလျက်ကြည့်ကြည့် ငန်တာပေါ့။ သကြားဟာ ချိုတယ်မဟုတ်လား၊ ဘယ်သူစားကြည့်ကြည့် ချိုမှာပဲ။ ဆရာကြီးကတော့ ချိုတယ်၊ တပည့်တွေတော့ ခါးတယ်၊ ဒီလို မရှိပါဘူး။ ညီတူညီမျှပဲ ဖြစ်ရမယ်။ အဲဒီလိုမှ သဘာဝကျပြီး ကောင်းတာ ဒကာလူရ။ ဒါကြောင့် ခုနက ပြောခဲ့တဲ့ အာဠာရ ရသေ့ကြီးရဲ့စကားဟာ အင်မတန် အားရစရာကောင်းတယ်။ ဘုရားအလောင်းတော်က အားရတယ်။ 'ဩော် အာဠာရ ရသေ့ကြီး ပြောတာဟာ အင်မတန် ကောင်းတယ်၊ သူ့ဥစ္စာ စာတွေ့မဟုတ်ဘူး၊ ကိုယ်တွေ့ပဲ၊ သူကိုယ်တိုင် တွေ့ပြီး ပြောတဲ့စကားပဲ' လို့ ဘုရားအလောင်းတော်က အားရပြီးတော့ နည်းယူပြီး အားထုတ်တယ်။ မကြာခင်အတွင်းမှာပဲ အာဠာရ ရသေ့ ရထားတဲ့ သမာပတ်ခုနစ်ပါးစလုံးကို အကုန်ရပါသတဲ့ ဒကာလူရ။

အဲဒီလို အကုန်ရတဲ့အခါ ဆရာကြီးဆီ သွားပြီးတော့ ပြောပြတယ်။ 'ဆရာအာဠာရရေ၊ ကျွန်တော်အားထုတ်လာတာကတော့ ဟောဒီ ဟောဒီ တရားတွေ ရတယ်။ အာကိဉ္စညာယတနဆိုတဲ့ တရားရောက်တယ်။ ဘာမှ ဝိညာဉ်ကလေး မရှိတော့ဘူးဆိုတဲ့ အဲဒီနေရာ ရောက်နေပြီ။ ဝိညာဉ်ကလေး အကြွင်းမဲ့ကင်းလို့ ဘာမှမရှိတော့ဘူးဆိုတဲ့ အဲဒီနေရာကလေးမှာ စိတ်ကလေး တည်နေပြီ။ အဲဒါဟာ ငါ့ရှင်အာဠာရ ရတဲ့တရား ဟုတ်ရဲ့လား' ဆိုတော့ အာဠာရ ရသေ့ကြီးက အံ့ဩပြီးတော့ 'အေး ဟုတ်ပါတယ်၊ ဘယ့်နှယ်လဲ အရှင်ဂေါတမ၊ ကျုပ်တို့ တရားက ဒီလောက်တော့ မြန်မြန်မရတတ်ဘူး၊ တယ်ထူးတာပဲ။ အင်မတန် ဉာဏ်ထူးလို့ ဒီလိုရလွယ်တာ။ ကဲ ဒါဖြင့်ရင် ဒီမှာ တပည့် ပရိသတ်တွေက များပါတယ်။ ဆရာရယ်၊ တပည့်ရယ်လို့ သဘော မထားပါနဲ့။ ငါ့ရှင်ဂေါတမလည်း ဆရာကြီးတစ်ဦးလုပ်၊ ကျုပ်ကလည်း ဆရာကြီးတစ်ဦးလုပ်၊ ကျုပ်တို့နှစ်ယောက်စလုံး ဆရာကြီး လုပ်ကြတာ

http://www.dhammadownload.com



ပေါ့။ ဒီဌာနမှာပဲ နေပါတော့’ လို့ဆိုပြီး အာဠာရ ဆရာကြီးက တပည့်တစ်ဝက်ကို ခွဲပေးသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီမှာ ကမ္မဋ္ဌာန်းတွေပြပြီး တော်တော်ကြာအောင် နေပါသေးသတဲ့။ တော်တော်ကြာတယ်ဆိုပေမယ့် တစ်ရက် နှစ်ရက်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ရက်တစ်ပတ် နှစ်ပတ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အဲဒီမှာ နေရင်းနဲ့ စဉ်းစားတယ်။ ‘အင်းငါရထားတဲ့ တရားဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့တရားလား’ လို့ စဉ်းစားလိုက်တော့ ‘သြော် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့ တရားမဟုတ်ဘူး။ ဒီတရားရရင် ဒီတရားနဲ့ သေသွားလို့ရှိရင် အာကိဉ္စညာယတနဘုံ ရောက်မယ်’ တဲ့။ အဲဒီဘုံက ရုပ်မရှိဘူး၊ အရူပဘုံ ခေါ်တယ်။ လောကဓာတ်ပညာနည်းတွေနဲ့တော့ အဲဒီဘုံကို ဘယ်လိုမှ စမ်းသပ်လို့ မရနိုင်ဘူး။ သိပ္ပံပညာနဲ့ မကိုက်လို့ မယုံချင်လည်း မယုံဘဲ နေရုံရှိတာပဲ။ သိပ္ပံပညာတွေက ရုပ်ရှိမှ ရုပ်ကိုသာ စမ်းသပ်လို့ ရတယ်။ နာမ်ကိုတော့ စမ်းသပ်လို့ မရဘူး။ အဲဒီလို ရုပ်မရှိဘဲနဲ့ နာမ်ချည်း စိတ်ချည်းဖြစ်နေတဲ့ ဘုံဟာ အင်မတန်ထူးဆန်းပါတယ်။ အဲဒီဘုံ ရောက်မယ်တဲ့။

အဲဒီဘုံက ဘယ်လောက် အသက်ရှည်သလဲဆိုရင် ကမ္ဘာပေါင်း ၆၀၀၀၀ အသက်ရှည်တယ်တဲ့။ အကြာကြီးပဲ။ ယခုတစ်ကမ္ဘာတောင် ကြာလှပြီ။ ရှေးက ဘုရားသုံးဆူ ပွင့်သွားပြီ။ ဂေါတမဘုရားနဲ့ပါဆိုရင် ဘုရားလေးဆူ ရှိသွားပြီ။ အဲဒီဘုရားတွေ မပွင့်မီကလည်း ကာလဟာ အကြာကြီး ကြာခဲ့ပြီ။ နောက်လည်း အကြာကြီးနေဦးမှာပဲ။ နောက်လည်း အရိမေတ္တေယျ ဘုရားတစ်ဆူ ပွင့်ဦးမယ်။ အဲဒီကနောက်လည်း အကြာကြီးနေဦးမှာပဲ။ အဲဒီလို တစ်ကမ္ဘာ တစ်ကမ္ဘာကိုက အကြာကြီးပဲ။ ဒီလိုကမ္ဘာပေါင်းကို ခြောက်သောင်း အသက်ရှည်မှာတဲ့။ တမေ့တဆွေးကြီး ပျင်းစရာကြီးပါလား။ ဒါပေမဲ့ ကမ္ဘာပေါင်း ခြောက်သောင်း

http://www.dhammadownload.com



ရှိတဲ့အခါ အဲဒီအရူပဘုံက စုတေမှာ သေမှာပဲ။ သေတော့ ဘယ်ရောက်မလဲဆိုရင် လူ့ပြည်တို့ နတ်ပြည်တို့ ပြန်ရောက်လာမယ်။ လူ နတ် ပြန်ဖြစ်လာမယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ သူများနဲ့ ဘာထူးတုံးဆိုရင် ဘာမျှမထူးဘူး၊ သူများလိုပဲ၊ သပ္ပုရိသူပနိဿယ၊ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းမိလို့ရှိရင်တော့ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ သူဟာ လူ့ဘဝ နတ်ဘဝမှာ ဆက်ပြီးတော့ ဖြစ်သွားဖို့ ရှိပါတယ်။

အကယ်၍ သပ္ပုရိသူပနိဿယကို မရဘဲနဲ့ သူတော်ကောင်းတရားကို မမှီဝဲရဘဲနဲ့ သူယုတ်မာတရားနဲ့ မဟုတ်မမှန်တဲ့ အယူတွေကို ကြားနာရ သဘောကျသွားလို့ရှိရင် မကောင်းမှု အကုသိုလ်တွေကိုလည်း ပြုမိမှာပဲ၊ အဲဒီလိုပြုမိရင် အပါယ်လေးပါးကိုလည်း ကျဦးမှာပဲ။ ဒီတော့ အပါယ်လေးပါးကလည်း မလွတ်ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကလည်း မလွတ်ဘူး။ ဒီတရားဟာ ငါအလိုရှိတဲ့တရား မဟုတ်သေးပါဘူးလို့ ဆင်ခြင်ပြီး ဘုရားအလောင်းတော်က အဲဒီတရားကိုစွန့်ပြီးတော့ သူ့ဟာသူ တရားအသစ် ရှာပြန်တယ်။

အဲဒီလို တရားအသစ်ရှာတဲ့ အခါကာလမှာ အာဠာရရသေ့ထက် အထက်တန်းကျတဲ့ ရာမရသေ့ကြီးအကြောင်းကို ကြားရပြန်သတဲ့။ ရာမရသေ့ကြီးက ဘယ်လောက်ထိအောင် တရားတွေပေါက်ရောက်နေသလဲဆိုရင် နေဝသညာနာသညာယတန ဈာန်တိုင်အောင် သမာပတ်ရှစ်ပါးလုံး အကုန်ပေါက်ရောက်နေတယ်။ အဲဒီရာမရသေ့ကြီးရဲ့ဌာနကတော့ မာဂဓတိုင်း ရာဇဂြိုဟ်နယ်ထဲက တောအရပ်တစ်ခုမှာတဲ့။ တပည့်ပရိသတ်ကတော့ ၇၀၀ ရှိတယ်တဲ့။ အဲဒီမှာ ရာမရသေ့ကြီးရဲ့ တပည့်ဖြစ်တဲ့ ဥဒကရသေ့ကြီးဆီ သွားပြီးတော့ ပြောတယ်။ 'ငါ့ရှင် ဥဒက၊ သင်တို့ရဲ့တရားနည်းလမ်းကို ငါအားထုတ်ချင်တယ်' လို့ ပြောတော့ ဥဒကရသေ့ကလည်း သူတို့တရားဟာ အင်မတန်ကောင်းတဲ့အကြောင်း တပည့်လည်း ဆရာလို သိနိုင်တဲ့အကြောင်းတွေ ပြောပြီးတော့ ကမ္မဋ္ဌာန်းပေးပါတယ်။

http://www.dhammadownload.com



အဲဒီကမ္ဘဌာန်းနဲ့ အားထုတ်တော့လည်း မကြာခင် နေဝသညာနာသညာယတနစျာန် ရတယ်။ အဲဒီလို ရတဲ့အခါမှာ ဥဒကရသေ့က ရာမရသေ့ကြီးရဲ့တပည့်ဆိုတော့ သူက ဘုရားအလောင်းတော်ကို တန်းတူတောင် မထားပါဘူး။ ဆရာအရာမှာထားပြီးတော့ သူက လက်ထောက်တပည့်အဖြစ်နဲ့ နေပါသတဲ့။ ရာမဆရာကြီးက ဒီအခါမှာ ရှိပုံမပေါ်ပါဘူး။ ဒါကြောင့် အဲဒီရာမဆရာကြီးအရာမှာ ထားဟန်တူပါတယ်။ ဒါပေမဲ့လို့ မြတ်စွာဘုရားအလောင်းတော်က အဲဒီတရားကို ဆင်ခြင်ကြည့်လိုက်တော့ နေဝသညာနာသညာယတနဘုံမှာ ဖြစ်ရုံပဲ၊ အဲဒီဘုံမှာ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်မယ်၊ အဲဒီဘုံက စုတေတဲ့အခါကျတော့ လူ့ပြည်ရောက်လာမယ်၊ သို့မဟုတ် နတ်ပြည်ရောက်လာမယ်။ အဲဒီကျရင်လည်း သူတော်ကောင်းတရား အားထုတ်ရင်အားထုတ်၊ အားမထုတ်ရင်တော့ အပါယ်လေးပါး ကျဦးမယ်ဆိုတာကို မြင်တာကိုး။ ဒီတော့ အပါယ်လေးပါးမှလည်း မလွတ်သေးဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းမှလည်း မလွတ်သေးဘူး။ ဒီတရားလည်း ငါလိုချင်တဲ့တရားမဟုတ်သေးဘူး ဆိုပြီးတော့ ဘုရားအလောင်းတော်က အဲဒီနေဝသညာနာသညာယတန စျာန်ကိုလည်း စွန့်လိုက်ပြန်တယ်။ စွန့်ပြီးတော့ ကိုယ့်ဉာဏ်နဲ့ကိုယ် ရှာဖွေတော်မူပြန်တယ်။

သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး အလုံးစုံသောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရားတဲ့။ သမ္မာသမ္ဗုဒ္ဓဆိုတာ သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းနဲ့ သစ္စာလေးပါး အမှန်တရားတွေကို သိပြီးတော့ ဘုရားအဖြစ်သို့ ရောက်တယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် အာဠာရ၊ ဥဒကတို့ရဲ့နည်းတွေကို စွန့်ပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တရားအသစ် နည်းအသစ်ကို ရှာတော်မူပြန်ပါတယ်။ အဲဒီလိုရှာလို့ နောက်ဆုံးကျတော့ ဗောဓိပင်အောက်

http://www.dhammadownload.com



ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးတော့ ပုဗ္ဗေနိဝါသဉာဏ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ပဲ တရားအားထုတ်လို့ ရတော်မူတယ်။ ပုဗ္ဗေနိဝါသဉာဏ်ဆိုတာ ရှေးရှေးဘဝဟောင်းတွေကို သိနိုင်တဲ့ဉာဏ်ပါပဲ။ အဲဒီကနောက် သန်းခေါင်ယံမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ပဲ အားထုတ်လို့ ရတော်မူပြန်ပါတယ်။ ဒိဗ္ဗစက္ခုဉာဏ် ဆိုတာဟာ ဘယ်အရာမဆို ဆင်ခြင်ကြည့်လိုက်ရင် ထင်ရှားမြင်နိုင်တဲ့ဉာဏ်ပါပဲ။ အဲဒီကနောက် ပစ္ဆိမယံကျတော့ ပဋိစ္စသမုပ္ပါဒ်တရားတွေကို ဆင်ခြင်ပြီး ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို ရှုပြီးတော့ အရိယမဂ်ဉာဏ် လေးပါးဖြင့် အစဉ်အတိုင်း တက်သွားလိုက်တာ နောက်ဆုံး အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ရောက်ပြီး ဘုရားအဖြစ်သို့ ရောက်သွားတော်မူပါတယ်။ အဲဒီလို ဘုရားအဖြစ်သို့ ရောက်ပြီးတော့ ဘုရားဖြစ်တော်မူပုံကို သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ အာရုံပြုကြဦးစို့။ ဘုရားအဖြစ်ရောက်တယ်ဆိုတာ အမှန်အားဖြင့် ကိုယ့်ဟာကိုယ် တရားရှာပြီး ကိုယ့်ဟာကိုယ် ကျင့်လို့ သိသင့်သိထိုက်တဲ့တရားတွေ အကြွင်းမရှိ အကုန်လုံး သိသွားတဲ့အခါမှာ သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်တာပါပဲ။

ကိုင်း (ဆို) သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး အလုံးစုံသောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

မြတ်စွာဘုရားဟာ တောထွက်ခါစတုန်းကတော့ အာဠာရ၊ ဥဒကတို့ထံမှာ နည်းနိဿယတွေကို ခံခဲ့ပါတယ်။ ဒါပေမဲ့လို့ အဲဒီနည်းနိဿယတွေနဲ့ ကျင့်ပြီးတော့ ဘုရားဖြစ်တာ မဟုတ်ဘူး။ အဲဒီနည်းနိဿယတွေ စွန့်ပြီးတော့ သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် ဒီတရား၊ ဒီတရားတွေကို ဒီလိုနှလုံးသွင်းမှပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ နှလုံးသွင်းပြီး အားထုတ်လိုက်တော့မှ ပုဗ္ဗေနိဝါသဉာဏ်ကို ရတယ်။ ဒိဗ္ဗစက္ခုဉာဏ်ကို ရတယ်။ နောက်ဆုံး အာသဝေါ

http://www.dhammadownload.com



ကိလေသာတွေ ကုန်စေတတ်တဲ့ အာသဝက္ခယခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်နဲ့ အလုံးစုံကို သိနိုင်တဲ့ သဗ္ဗညုတဉာဏ်ကို ရတော်မူပါတယ်။

အဲဒီဉာဏ်တွေရလို့ ဘုရားဖြစ်တော်မူပြီးတော့ ၇ ပါးသောဌာနတွေမှာ ၇ ရက်စီ ဝိမုတ္တိသုခကို ခံစားပြီးနေတော်မူပါတယ်။ ဝိမုတ္တိသုခ ခံစားတယ်ဆိုတာ ဖလသမာပတ် ဝင်စားနေတာပါပဲ။ အဲဒီဌာနတွေမှာ များသောအားဖြင့် ဖလသမာပတ် ဝင်စားနေပါတယ်။ အချို့ဌာနများမှာတော့ တရားတော်တွေ နှလုံးသွင်းနေတာလည်းရှိပါတယ်။ အဲဒီလို ၇ ရက် ၇ လီ ၄၉ ရက် သီတင်းသုံးပြီးတဲ့နောက်အရက် ၅၀ မြောက်မှာ တရားဟောဖို့ရာ ဆင်ခြင်တော်မူပါတယ်။ ဘယ်ပုဂ္ဂိုလ်ကို ဟောရမလဲလို့ ရှေးဦးစွာဆင်ခြင်ပြီးတော့ တရားကိုမြန်မြန်သိလွယ်မည့်ပုဂ္ဂိုလ်ကို ရွေးချယ်တော်မူပါတယ်။

တရားဦးဟောတယ်ဆိုတာ နာတဲ့သူက တရားကို မြန်မြန်သိလွယ်မှ နေရာကျတယ်။ ဘာဖြစ်ဖြစ် လက်ဦးလုပ်တဲ့အလုပ်ဟာ အောင်မြင်လွယ်မှ နေရာကျတယ်။ ပညာသင်ကြားပေးလို့ရှိရင်လည်း လက်ဦးပညာသင်ကြားပေးတဲ့နေရာမှာ တပည့်ကောင်းလိုတယ်။ အဲဒီလက်ဦးတပည့်က မြန်မြန် ပညာတတ်မြောက်သွားလို့ရှိရင် ဆရာမှာ နာမည်ကောင်း ရသွားတယ်။ စာသင်တိုက်တွေမှာလည်း ဒီလိုပဲ စာသင်တိုက်စဖွင့်တဲ့အခါမှာ ထူးထူးချွန်ချွန်တပည့်တွေရပြီး အဲဒီတပည့်တွေကစာမေးပွဲအောင်လို့ရှိရင် အဲဒီကျောင်းတိုက်ဟာ နာမည်ကောင်းသွားတာပဲ။ အဲဒီလို မဟုတ်ပါဘဲနဲ့ စာသင်တိုက်ဖွင့်ဖွင့်ချင်း တပည့်တွေကဉာဏ်အဖျင်းတွေချည်းမို့ စာမေးပွဲတွေ မအောင်ဘူးဆိုလို့ရှိရင် အဲဒီကျောင်းတိုက်ဟာ နာမည်ပျက်တယ်။ ပဋိပတ်ဌာနကလည်း ဒီလိုပါပဲ၊ ကမ္မဋ္ဌာန်းပြခါစ ဌာနမှာ အရွယ်ကြီးရင့်တဲ့ပုဂ္ဂိုလ်တွေ၊ ဉာဏ်ထိုင်းတဲ့ပုဂ္ဂိုလ်တွေ၊ သဒ္ဓါအား ဝီရိယအားနည်းတဲ့ပုဂ္ဂိုလ်တွေက လာပြီး တရားအားထုတ်ရင် တရားက မတက်နိုင်ဘူး၊ အဲဒီကမ္မဋ္ဌာန်းတိုက်ဟာ နာမည်

http://www.dhammadownload.com



သိပ်မကောင်းဘူး။ 'သြော် သူတို့ကမ္မဋ္ဌာန်းကို အားထုတ်ရတာက အကြာကြီး အားထုတ်ရတာပဲ' ဆိုပြီး နောက်လူတွေက အားမထုတ်ချင်ကြဘူး။ တရားအားထုတ်တဲ့သူတွေမှာ မကြာခင် ထူးထူးခြားခြား တရားကတက်လာတယ်ဆိုရင်တော့ တရားထူးတွေ့တဲ့ပုဂ္ဂိုလ်တွေက သူတို့တွေ့တဲ့အထူးကို စပ်ရာစပ်ရာမှာ ပြောတတ်တယ်။ မပြောပါနဲ့လို့ တားမြစ်ထားလို့ကို မရတတ်ဘူး။ အဲဒီတော့ 'တရားအားထုတ်ရတာ မကြာခင်ပဲ ထူးခြားတာတွေ တွေ့ရသတဲ့'လို့ ကြားရပြီး တရားအားထုတ်ချင်တဲ့သူတွေ များစွာပေါ်လာတတ်တယ်။

ဒါကြောင့် မြတ်စွာဘုရားကလည်း ရှေးဦးစွာ တရားနာယူပြီး ကျင့်မည့်တပည့်ကောင်း လိုနေတဲ့အတွက် 'ဘယ်သူဟာ ငါ့တရားကို မြန်မြန်ပေါက်ရောက်နိုင်မလဲ၊ သိနိုင်မလဲ' လို့ ဆင်ခြင်တော်မူပါတယ်။ အဲဒီလို ဆင်ခြင်တဲ့အခါ အာဠာရရသေ့ကြီး ပေါ်လာတယ်။ 'အင်း အာဠာရရသေ့ကြီးဟာ ကြာမြင့်စွာသောကာလမှာ ကိလေသာအညစ်အကြေးတွေ စင်ကြယ်နေတယ်၊ လောကီတရားထူး သမာပတ်တွေနဲ့လည်း ပြည့်စုံနေတယ်၊ ဉာဏ်ပညာလည်း ကြီးတယ်၊ ရိုးလည်း ရိုးသားဖြောင့်မတ်တယ်။ ဒီပုဂ္ဂိုလ်ကြီး ငါ့တရား နာလိုက်ရရင်ဖြင့် ချက်ချင်းပဲ တရားထူး တရားမြတ်တွေ ရသွားမယ်။ ဒီအာဠာရရသေ့ကြီးကို ရှေးဦးစွာ ဟောမှပဲ'လို့ မြတ်စွာဘုရားက ဆင်ခြင်တော်မူပါတယ်။ အဲဒီလို ဆင်ခြင်နေတုန်း နတ်သားတစ်ယောက်က ဝင်လျှောက်တယ်။ 'အရှင်ဘုရား၊ အာဠာရ ရသေ့ကြီးဟာ ကွယ်လွန်သွားတာ ခုနစ်ရက်ရှိပါပြီဘုရား' လို့ လျှောက်တယ်။ နတ်က လောကီစိတ်ဖြစ်တဲ့ ဘုရားစိတ်ကို သိနိုင်တယ်နော်။ လောကုတ္တရာစိတ်တွေကျတော့ မသိနိုင်ပါဘူး။ အဲဒီလို လျှောက်လိုက်တဲ့အခါ မြတ်စွာဘုရားက ဆင်ခြင်တော်မူပြန်တယ်။ မြတ်စွာဘုရားက အလုံးစုံ သိတယ်ဆိုပေမယ့် ဆင်ခြင်မှ သိတာဒကာလူရ။ တချို့က 'ဘုရားဆိုပြီးတော့ နတ်ကတောင် သတိပေးရ

http://www.dhammadownload.com



သေးသလား'လို့ စောဒကတက်စရာရှိတယ် ဒကာလူရ။ မဆင်ခြင်သေးဘဲနဲ့တော့ မသိနိုင်ဘူး။ ဒကာလူ မျက်စိမြင်တယ်မဟုတ်လား၊ မှိတ်ထားရင် မြင့်ပါ့မလား၊ (မမြင်ပါဘုရား) ဒကာလူ မျက်စိဖွင့်ထားဦးတော့ ရှေ့တည့်တည့်သာ မြင်မှာ၊ နောက်ကျောဘက်ကို မြင့်ပါ့မလား၊ နောက်ကျောဘက်က လူလာနေလို့ရှိရင် ဘယ်မြင်လိမ့်မှာတုံး။ လှည့်ကြည့်မှ မြင်မယ်မဟုတ်လား ဒကာလူရ။ အဲဒီလိုပဲ အလုံးစုံသောတရားသိတယ်ဆိုပေမယ်လို့ ဆင်ခြင်မှ သိတာ။ မဆင်ခြင်ဘဲ နေတဲ့အခါမသိဘူး။ တချို့ကလည်း 'မှန်လိုပဲ လျှောက်ပြီး ဉာဏ်မှာထင်ပေါ်နေတယ်' လို့ ထင်နေတတ်ကြတယ်။ ဒီလိုဘယ်ဟုတ်မလဲ ဒကာလူရ၊ ဆင်ခြင်မှ သိတာ။ ဆင်ခြင်ရင်တော့ အကြွင်းမဲ့ အကုန်သိပါတယ်။ မသိနိုင်တာရယ်လို့ ဘာမှမရှိဘူး။

ဒါကြောင့် မြတ်စွာဘုရားက ဆင်ခြင်လိုက်တော့ အာဠာရရသေ့ကြီး ကွယ်လွန်သွားတာ ၇ ရက် ရှိပြီဆိုတာကို သိရတယ်။ ပြီးတော့ အာဠာရဟာ အကယ်၍ နတ်ပြည်တို့၊ ရုပ်ရှိတဲ့ ဗြဟ္မာ့ပြည်တို့ကို ရောက်နေလို့ရှိရင် လိုက်ပြီးတော့ တရားဟောနိုင်တယ်။ ဒါကြောင့် သူဘယ်ရောက်နေပါလိမ့်မတုံးလို့ စဉ်းစားလိုက်တော့ အာကိဉ္စညာယတနဘုံ ရောက်နေတာကို ဉာဏ်နဲ့ မြင်တော်မူတယ်။ အဲဒီဘုံက ရုပ်မရှိဘူး၊ စိတ်ချည်းပဲ ရှိတာ၊ ရုပ်မရှိတော့ သူ့မှာ မျက်စိလည်းမရှိဘူး၊ နားလည်းမရှိဘူး၊ ကိုယ်ကြီးတစ်ခုလုံးလည်း မရှိဘူး။ ဒါကြောင့် သူ့မှာ နားမရှိလို့ မြတ်စွာဘုရားက တရားဟောတောင် မကြားနိုင်ဘူး။ မကြားနိုင်တော့ သူဟာ တရားထူးကို မရနိုင်တော့ဘူးပေါ့။ အကယ်၍သာ သူဟာ အသက်မသေသေးလို့ မြတ်စွာဘုရားက သွားပြီးတရားဟောလိုက်ရင် တစ်ပုဒ် တစ်ဂါထာလောက်နဲ့ တရားထူးကို ရမှာ ဒကာလူရ။ အဲဒီလို ရနိုင်တဲ့မဂ်တရား ဖိုလ်တရားတွေနဲ့ သူ့ခမျာ လွဲသွားရှာတယ်။ လွဲတာမှ နည်းနည်းလွဲတာ မဟုတ်ဘူး။ သူဟာ အဲဒီ အာကိဉ္စညာယတန

http://www.dhammadownload.com



ဘုံ ရောက်ပြီးတော့ ကမ္ဘာပေါင်း ခြောက်သောင်း အသက်ရှည်နေမယ်။ အဲဒီက စုတေလာတဲ့အခါကျတော့ လူ့ပြည်လာဖြစ်မယ်။ အဲဒီအခါ ဘုရားက မရှိဘူး ဒကာလူရ။ ဒီဘုရားသာ မဟုတ်ဘူး၊ ဒိပြင်ဘုရားလည်း အဲဒီအခါမှာ မရှိဘူး။ အဲဒီတော့ ဘုရားရဲ့တရားကိုလည်း သူမကြားမနာရဘူး၊ မကြားရ မနာရတော့ မဂ်ဖိုလ်တရားကို မရနိုင်ဘူး။ မဂ်ဖိုလ်တရားကို မရတော့ အကြောင်းမသင့်လို့ အကုသိုလ်ကံတွေပြုမိရင် အပါယ်လေးပါးလည်း သူ့ခမျာ ကျရှာရဦးမယ်၊ အဲဒီလို ၇ ရက်လောက်သာ အသေစောသွားတဲ့အတွက် အများကြီးဆုံးရှုံးသွားတယ်ဆိုတဲ့အချက်တွေကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက 'မဟာဇာနိယော အာဠာရော ကာလာမော' လို့ ညည်းညူတော်မူပါတယ်။

ကာလာမော၊ ကာလာမအနွယ်ဖြစ်သော။ အာဠာရော၊အာဠာရ ရသေ့သည်။ မဟာဇာနိယော၊ အရှုံးကြီး ရှုံးသွားရှာလေပြီတဲ့။ ဟုတ်တယ်၊ အတော်ကို ဆုံးရှုံးသွားတာပဲ။ နစ်နာလိုက်တာနော်။ ဒကာလူတို့ ယခုကာလမှာလည်း ဒီလိုပဲ၊ တရားအားထုတ်မယ်၊ တရားအားထုတ်မယ်နဲ့ ကြံနေရင်း အားမထုတ်ခင် သေသွားရင် ဒီလိုပဲ မဟာဇာနိယော၊ အများကြီးဆုံးရှုံးမယ်။ တချို့ကလေ တရားတော့ အားထုတ်ချင်ပါရဲ့၊ တရားအားထုတ်နည်းက မရှိဘဲ ဖြစ်နေတယ်။ တရားအားထုတ်နည်းကို မရဘဲနဲ့ သေသွားရှာတယ်။ တချို့ကတော့ မသေသေးဘူး၊ သေလုသေခါနီး ဖြစ်နေတယ်။ ဒီတော့ တရားကို အားမထုတ်နိုင်လို့ ညည်းရှာတယ် ဒကာလူရ။ 'သြော် ရှေးက သန်သန်စွမ်းစွမ်းနဲ့ ရှိနေတုန်းကတော့ ဒီတရားကို မကြားရဘူး၊ ယခုမှပဲ ဒီအားထုတ်နည်းကို ကြားရတယ်၊ အားလည်း မထုတ်နိုင်တော့ဘူး' လို့ ညည်းရှာတယ်၊ ဆုံးရှုံးသွားရှာတာပါပဲ။

ဘုန်းကြီးပြောလိုတာက တခြားမဟုတ်ဘူး ဒကာလူရ၊ 'ကမ္မဋ္ဌာန်းအားထုတ်နည်း မရှိရင် တရားအားမထုတ်နိုင်ဘူး' ဆိုတာကို နားလည်

http://www.dhammadownload.com



အောင်လို့ ပြောတာပါ။ အာဠာရ ရသေ့ကြီးဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး။ သမာပတ်ခုနစ်ပါးတောင် ရနေတာ၊ တကယ့်ဆရာကြီးပဲ။ ဒီလိုဆရာကြီးပေမယ်လို့ မြတ်စွာဘုရား ဟောထားတဲ့ သတိပဋ္ဌာန်နည်းအရ 'ဒွါရ ၆ ပါးက ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့ ဝိပဿနာဉာဏ်ဖြစ်တယ်' ဆိုတာ သူမသိဘူး၊ သူသာ မဟုတ်ဘူး၊ ပုထုဇဉ်ဗြဟ္မာတွေလည်း မသိကြဘူး။ အဲဒီတော့ ဒီနည်းဟာ တော်တော်မလွယ်တဲ့နည်းပဲ။ ဘုရားပွင့်လာတဲ့အခါကျမှ ဘုရားဟောလို့ သိရတာ။ ဘုရားဟောလို့ သိတာတောင် တချို့က ဒီလိုမဟုတ်သေးဘူး။ ဟိုလိုမဟုတ်သေးဘူးနဲ့ ပြောတတ်ကြသေးတယ်။ တော်တော်ကြာမှ အဲဒါကိုလည်း ရှင်းရဦးမယ်။

အာဠာရ ရသေ့ကြီး မရှိတော့တဲ့အတွက် ဥဒကရသေ့ကြီးကို တရားဟောဖို့ရာ စဉ်းစားပြန်တယ်။ အဲဒီရသေ့ကလည်း ညဉ့်ဦးယံက ကွယ်လွန်သွားပြီဆိုတာ သိရလို့ 'မဟာဇာနိယော ဥဒကော ရာမပုတ္တော' လို့ တစ်ခါညည်းညူတော်မူပြန်တယ်။ ရာမပုတ္တော၊ ရာမ၏သား ရာမ၏တပည့်ဖြစ်သော။ ဥဒကော၊ ဥဒကရသေ့သည်။ မဟာဇာနိယော၊ အရှုံးကြီး ဆုံးရှုံးသွားလေပြီလို့ ညည်းညူတော်မူတယ်။ သူကမှ သာပြီးနစ်နာတာ၊ ညဉ့်ဦးကတွင် ကပ်ပြီးသေသွားရှာတယ်။ နံနက်မှာ ဘုရားက တရားဟောမယ်ဆိုတော့ မရှိရှာဘူး ဒကာလူရ။ ညဉ့်ဦးနဲ့ မနက်ဆိုတော့ ၁၂ နာရီလောက် လွဲမှာပေါ့ ဒကာလူရ။ အင်း ၁၂ နာရီလောက်နဲ့ သီသီကလေး မဂ်ဖိုလ်နဲ့ လွဲသွားရှာတယ်။ အဲဒါလည်းပဲ ဝိပဿနာကမ္မဋ္ဌာန်းနည်း မသိလို့ပဲ။ ဝိပဿနာကမ္မဋ္ဌာန်းနည်းကို သိမယ်ဆိုရင် ဒီပုဂ္ဂိုလ်တွေဟာ လွယ်လွယ်ကူကူနဲ့ မဂ်ဖိုလ်တရားကို ရမယ့်ပုဂ္ဂိုလ်တွေပဲ။

http://www.dhammadownload.com

# အဘိဓမ္မာ၏ သမိုင်းကြောင်း

တာဝတိံသာနတ်ပြည်ကို ကြွတော်မူပြီးတော့ နတ်ဗြဟ္မာတွေကို မြတ်စွာဘုရားက အဘိဓမ္မာတရား ဟောကြားတော်မူတယ်။ တာဝတိံသာနတ်ပြည်ကို မကြွမီ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာ ပြတော်မူရပါသေးတယ်။ အဲဒီတန်ခိုးပြာဋိဟာ ပြရခြင်းအကြောင်းကလေးက မှတ်သားစရာ ကောင်းလို့ ပြောရဦးမယ်၊ နည်းနည်းတော့ ရှည်တယ်၊ ဒါပေမဲ့ ချုံးပြီးပြောရမှာပဲ

အဘိဓမ္မာတရားဟောရာမှာ တန်ခိုးပြာဋိဟာပြရတာက ရှေ့ပိုင်း၌ ပါဝင်နေတယ်။ မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ သူဌေးတစ်ဦးဟာ ဂင်္ဂါမြစ်မှာ ရေသွားချိုးတယ်၊ ရေချိုးတဲ့အခါမှာ ပတ်ဝန်းကျင်က ပိုက်တွေကို ကာရံပြီး ရေချိုးတယ်လို့ ဆိုပါတယ်။ ဘာပြုလို့လဲဆိုတော့ ဘေးရန်အန္တရာယ်တွေလည်း ကင်းအောင်၊ ကိုယ်မှာ ဝတ်ဆင်ထားတဲ့ပစ္စည်းပစ္စယတွေ မတော်တဆ ပြုတ်ကျလို့ရှိရင်လည်း ရေထဲစီးပါမသွားရအောင်တဲ့၊ ပိုက်တွေ ကာရံထားတော့ အစစအရာရာ စိတ်ချရတာပေါ့လေ။

မြစ်ဆိုတော့ ရေတွေက စီးဆင်းနေတယ်၊ ပုံမတော်ရင် ဒီရေစီးထဲမှာ မြွေတွေလည်း ပါချင်ပါလာနိုင်တယ်၊ ဒီလိုသာ မြွေတို့၊ ကင်းတို့ ပါလာမယ်ဆိုရင် ကြောက်စရာပဲ၊ မပါလာဘူးလို့ မဆိုနိုင်ဘူး။ အခန့်မတော်ရင် ပါလာနိုင်တယ်။ တချို့ ရေချိုးရင်း မြွေနဲ့တွေ့ပြီး မြွေကိုက်လို့ သေတာလည်း ရှိတာပဲ။ မော်လမြိုင် တောင်ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာအနီးမှာ ရေအိုင်ကြီးတစ်အိုင် ရှိတယ်။ ဘုန်းကြီးတို့

http://www.dhammadownload.com



ရိပ်သာကို သွားတဲ့လမ်းဘေးမှာပါ။ အဲဒီရေအိုင်ကြီးဟာ မိုးတွင်းမှာတော့ ရေတွေ ရှိတယ်၊ နွေကာလရောက်တဲ့အခါကျတော့ ရေမရှိပါဘူး။ အဲဒီရေအိုင်ကြီးထဲမှာ ရေဆင်းချိုးလို့ ကျောင်းသားတစ်ယောက် အဲဒီ ရေထဲကပဲ မြွေကိုက်လို့ သေဖူးတယ်။ ဒါဟာ ရေထဲမှာဖြစ်နိုင်တဲ့ အန္တရာယ်ပဲ။

## စန္ဒကူးတုံးကြီးတစ်တုံး လာငြိတယ်

ရာဇဂြိုဟ်သူဌေးကြီး မြစ်ထဲမှာ ဒီလိုရေချိုးနေတဲ့အခါ သူ ကာရံထားတဲ့ ပိုက်မှာ အထက်က မျောပါလာတဲ့ စန္ဒကူးတုံးကြီးတစ်တုံးဟာ လာပြီး ငြိနေသတဲ့။ ကျောက်တောင်၊ ကျောက်ခက်တွေကို တိုက်ခတ်ပြီး မျောပါလာတဲ့ စန္ဒကူးတုံးကြီးဆိုတော့ အခက်အလက်တွေက ပြတ် သတ်ကုန်မှာဖြစ်လို့ အခက်အလက်တွေ မပါတော့တဲ့အတုံးကြီး ဖြစ်မှာ ပဲ။ ဧရာဝတီမြစ်ထဲမှာ ပါလာတဲ့သစ်တုံးတွေ ကြည့်ပါလား၊ တချို့ မျောပါလာတဲ့ သစ်တုံးကြီးတွေဆိုရင် အခက်အလက် မပါတော့ရုံသာ မကတော့ဘူး၊ သစ်တုံးကြီးကိုပါ တိုက်စားထားလို့ ရွှေဘော်နဲ့ တိုက် ထားသလို ချောတောင်ချောနေပါတယ်။ စန္ဒကူးတုံးကြီးလည်း မြစ်ညာ က မျောပါလာတယ်ဆိုတော့ ဒီလိုရှိမှာပါပဲ။

ပိုက်မှာလာပြီးငြိတဲ့ သစ်တုံးကြီးကို ဘာတုံးကြီးလဲလို့ သူဌေးက စုံစမ်းကြည့်တယ်၊ ဒီတော့ စန္ဒကူးတုံးကြီးဖြစ်နေတာကို တွေ့ရတယ်။ စန္ဒကူးတုံးကြီးကလည်း အိုးလုံးကြီးလောက် ရှိသတဲ့။ စန္ဒကူးဆိုတာ နံ့သာနီတဲ့။ ရတ္တစန္ဒကူး၊ စန္ဒကူးနီပေါ့။ စန္ဒကူးသားဆိုတာ သစ်သားထဲ မှာတော့ အဖိုးထိုက် အဖိုးတန်ပစ္စည်းတစ်ခုပဲ။ ဒီလို တန်ဖိုးရှိမှန်းသိတော့ သူဌေးကြီးက ဆယ်ယူထားလိုက်တယ်။ ဒီအသားမျိုးက ဒိပြင်အသား ထက် ရှားလည်း ရှား၊ သူ့အနံ့ကလည်း မွှေးတော့ လူတွေက နှစ်သက် ကြတယ်။

http://www.dhammadownload.com



နောက်တော့ သူဌေးကြီးက အကြံအစည်တစ်ခုဖြစ်တယ်။

'ငါ့မှာ စန္ဒကူးသားကြီးရှိတယ်၊ ဘာလုပ်ရရင် ကောင်းပါ့မလဲ' လို့ ရရှိထားတဲ့ စန္ဒကူးသားကြီးကို အသုံးပြုဖို့ စဉ်းစားတဲ့အကြံအစည် ဖြစ်လာတယ်။ အဲဒီအခါတုံးက သူ ရဟန္တာ၊ ငါ ရဟန္တာနဲ့ လောကမှာ ရဟန္တာတွေ ပေါ်နေကြတယ်။ သူဌေးကြီးကလည်း ဘယ်အယူဝါဒကိုမှ မယူသေးဘူး။ 'သမ္မာဒိဋ္ဌိအယူကိုလည်း မယူ၊ မိစ္ဆာဒိဋ္ဌိအယူကိုလည်း မယူသေးဘူး' လို့ အဋ္ဌကထာမှာ ဆိုထားတယ်၊ သမ္မာဒိဋ္ဌိလည်း မဟုတ်၊ မိစ္ဆာဒိဋ္ဌိလည်း မဟုတ်၊ ကြားထိုင်နေတယ်ပေါ့။ ဒါနဲ့ သူက ဘယ်လိုစဉ်းစားသလဲဆိုရင် 'လောကမှာ ရဟန္တာတွေဆိုတာ ပေါများနေတယ်၊ ဒီလိုပေါများနေတဲ့ ရဟန္တာတွေထဲမှာ ဘယ်ပုဂ္ဂိုလ်ဟာ ရဟန္တာ မဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာကို ဘယ်သူကမှ သေသေချာချာ မသိဘူး၊ ဒီတော့ ဒီစန္ဒကူးသားကို သပိတ်ထွင်းပြီး စုံစမ်းမှပဲ' လို့ စဉ်းစားပြီး စန္ဒကူးသားကို သပိတ်ထွင်းတယ်။

ရဟန္တာပါလို့ ပြောရုံပြောနေပြီး ယုံလောက်တဲ့အကြောင်းယုတ္တိကို ထောက်ထားစရာ မရှိဘဲနဲ့ ဒီအတိုင်း ယုံကြည်နေလို့ မဖြစ်သေးဘူးပေါ့။ ဒီတော့ သူယုံကြည်နိုင်လောက်မယ့် အကြောင်းယုတ္တိကို ရှာကြံစူးစမ်းလိုတာနဲ့ စန္ဒကူးသားကြီးကို သပိတ်ထွင်းလုပ်တော့တာပဲ။ သပိတ်ထွင်းလုပ်ပြီးတော့ တိုင်တစ်တိုင် ထူပြီး ကောင်းကင်မှာ ချိတ်ဆွဲထားလိုက်တယ်။ ပြီးတော့

'တန်ခိုးနဲ့ပြည့်စုံတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ အလှူခံပါ' လို့ ကြေညာလိုက်သတဲ့။ အမြင့်က အတောင် ၆၀ လောက် မြင့်တဲ့နေရာမှာ ချိတ်ဆွဲထားတာဖြစ်တော့ ဈာန်အဘိညာဉ်ကို မရဘဲနဲ့ အလှူခံလို့မဖြစ်ဘူးပေါ့။ ကောင်းကင်က လာပြီးအလှူခံတဲ့ ပုဂ္ဂိုလ်ဆိုတာကတော့ ဘယ်သူမှ မရှိသေးဘူး။ ဒါပေမဲ့ မြေပြင်ကလာလာပြီး အလှူခံတဲ့ ပုဂ္ဂိုလ်တွေကတော့ ရှိပါရဲ့။ အဲဒီပုဂ္ဂိုလ်တွေက တိတ္ထိဆရာကြီးတွေပဲ။

http://www.dhammadownload.com



ဒီလိုမြေပြင်က ကြွလာပြီး အဲဒီတိတ္ထိဆရာကြီးတွေက 'သူဌေးကြီး ဒီသပိတ်ဟာ ငါတို့နဲ့တန်ပါတယ် သူဌေးကြီး၊ ငါတို့ကို လှူပါ၊ ငါတို့ကို အထင်မလွဲပါနဲ့၊ ငါတို့အပြင် အလှူခံနိုင်တဲ့ပုဂ္ဂိုလ် မရှိပါဘူး' စသည်ဖြင့် ပြောကြ၊ အလှူခံကြတယ်။ အဲဒီလိုနဲ့ သပိတ်ကို ရသွားရင် သူတို့က ရဟန္တာအဖြစ်နဲ့ ဂုဏ်ယူကြမှာပဲ။ အဋ္ဌကထာမှာ ပြဆိုထားတာ ကတော့ နိဂဏ္ဌဂိုဏ်းဝင် နာဋပုတ္တဆရာကြီးတဲ့။ နိဂဏ္ဌဆိုတာ ယခု အိန္ဒိယမှာ အဝတ်မဝတ်ဘဲနဲ့ ကျင့်နေကြတာတွေ ရှိကြတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေပါပဲ။ ဂျိန်းတွေလို့လည်း ခေါ်ပါတယ်။ ဂျိနမှ ဂျိန်းလို့ဖြစ်လာ တယ်။ အဲဒီဂျိန်းဘာသာဝင်ပုဂ္ဂိုလ်တွေရဲ့ ခေါင်းဆောင်ကြီးပေါ့။ ဒီ အယူဝါဒတွေဟာ ဘုရားလက်ထက်တော်ကလည်း ရှိနေကြတာပဲ။ ယခု ဂျိန်းဘာသာဝင်တွေလည်း ဒီလိုအဝတ်မဝတ်ဘဲ ကျင့်နေတဲ့ပုဂ္ဂိုလ် တွေကို ဘုရားအဖြစ်နဲ့အသိအမှတ်ပြုပြီး ကိုးကွယ်ဆည်းကပ်နေကြ တာပါပဲ။

အဲဒီ နာဋပုတ္တဆရာကြီးဟာ သူ့တပည့်တွေနဲ့ တိုင်ပင်ပြီး သူဌေး ကြီးဆီကို လာတယ်။ လာပြီးတော့ ဘယ်လိုပြောကြသလဲဆိုရင် 'သူဌေး ကြီး၊ ကျုပ်တို့ရဲ့ဘုရားကို လှူပါ၊ ကျုပ်တို့ရဲ့ဘုရားက ရဟန္တာပါ။ ဒီသပိတ်ဟာ ကျုပ်တို့ဘုရားနဲ့ တန်ပါတယ်' စသည်ဖြင့် ဒီလို သူ့တပည့် တွေက ပြောကြတယ်။ ဒီတော့ သူဌေးကြီးက 'ဟာ ဒီလိုနဲ့ကတော့ မလှူနိုင်ဘူး၊ ကောင်းကင်ကို ပျံတက်ပြီး အလှူခံမှသာ လှူနိုင် မယ်'လို့ ပြောတယ်။

နာဋပုတ္တရဲ့တပည့်တွေက ဒီလိုပြောပြီး အလှူခံရုံနဲ့ ရလိမ့်မယ် ထင်ပြီး အလှူခံကြပေမယ့် သူဌေးကြီးက မလှူဘူးပေါ့။ အစကတည်း က ဒီလိုမြေပြင်က လာပြီးအလှူခံတဲ့ပုဂ္ဂိုလ်တွေကို လှူဖို့ လုပ်ထားတာမှ မဟုတ်ဘဲကိုး။ ဒီတော့ သူ့တပည့်တွေက 'သူဌေးကြီးသပိတ်က ဘာမှ တန်ဖိုးရှိလှတာမဟုတ်ပါဘူး၊ တန်ခိုးပြရတယ်ဆိုတာက မိမိရဲ့ဂုဏ်ကို

http://www.dhammadownload.com



ပြရတာပါ။ အဲဒီလိုတော့လည်း မသင့်လျော်ပါဘူး' လို့ ပြောကြပြန်တယ်။ သပိတ်ကလေးလောက်နဲ့ တန်ခိုးမပြပါရစေနဲ့လို့ ဆိုလိုတာပေါ့။ ဒါလောက်သာ မကသေးဘူး၊ သူတို့ဆရာနဲ့သာ ထိုက်တန်ကြောင်း စသည်ဖြင့်လည်း သူတို့တတ်နိုင်သမျှ အကြောင်းပြပြီး သူဌေးကြီးကို ထပ်ပြောကြတယ်။ ဘယ်လိုပဲ သူတို့တွေကပြောပြော သူဌေးကြီးကလည်း သူတို့ပြောတဲ့အတိုင်း မလုပ်ဘူး။ ကောင်းကင်တက်ပြီး အလှူခံနိုင်မှသာ လှူနိုင်မည်ဆိုတဲ့အကြောင်းကို ပြောပြီး တင်းခံနေတယ်။ ဒီတော့ နာဋ္ဌပုတ္တဆရာကြီးက 'ကောင်းပြီ၊ ဒီလိုဖြင့်လည်း ကောင်းကင်ကို ပျံတက်ပြီး အလှူခံရတာပေါ့' လို့ ပြောပြောဆိုဆို လက်တွေ၊ ခြေတွေမြှောက်၊ ကိုယ်ကိုလည်း ကြွကြွရွရွကလေးနဲ့ ကောင်းကင်ကို ပျံတက်တော့မလို ဟန်ပြင်လိုက်တယ်၊ အဲဒီလို နာဋ္ဌပုတ္တဆရာကြီးက တက်တော့မလို ဟန်ပြင်လိုက်တော့ သူ့တပည့်တွေက

'ဟာ အရှင်ဘုရား၊ ဒီသပိတ်က ဘာမှအဖိုးမတန်ပါဘူးဘုရား၊ အဖိုးမတန်တဲ့ ဒီသပိတ်ကလေးလောက်နဲ့ ကောင်းကင်ပျံတက်ပြီး တန်ခိုးမပြပါနဲ့ဘုရား' လို့ ဒီလိုပြောပြီး အရေးတကြီး ဝိုင်းဝန်းပြီးဆွဲကြသတဲ့။ တက်ပါ့မယ်လို့ တကဲကဲလုပ်သူက လုပ်၊ မတက်ဖို့ ဆွဲသူကဆွဲနဲ့ နာဋ္ဌပုတ္တဆရာကြီးဟာ မြေပေါ်မှာ လဲကျသွားတယ်လို့တောင်မှ ဆိုပါတယ်။ အဲဒီလို လုပ်ကြဖို့က အစကတည်းက စည်းဝေးပြီး ဆရာတပည့်တွေ တိုင်ပင်လာကြတာတဲ့။

ဒီလိုနဲ့ မပြီးသေးဘူး၊ နာဋ္ဌပုတ္တဆရာကြီးက ပြန်ပြောတယ်။

'သူဌေးကြီး အထင်မလွဲပါနဲ့၊ ကောင်းကင်ပျံတက်ပြီး တန်ခိုးပြမလို့ပါပဲ။ ဒါပေမဲ့ သူဌေးကြီး မြင်တဲ့အတိုင်းပဲမဟုတ်လား၊ ငါ့တပည့်တွေက ဒီလိုတန်ခိုးပြဖို့ ခွင့်မပေးကြဘူး။ သူတို့က ဆွဲထားကြတာနဲ့ ကောင်းကင်ကိုပျံတက်ဖို့ မဖြစ်နိုင်ဘူး၊ ဒီတော့ လှူသာလှူလိုက်ပါ။ အလကား ဒီလိုနဲ့ သံသရာရှည်သာ ရှည်နေရော့မယ်။ ဒီတော့ မြန်မြန်

http://www.dhammadownload.com



လှူလိုက်တာကပဲ ကောင်းပါတယ်' စသည်ဖြင့် နာဠပုတ္တဆရာကြီးက ပြောတယ်။

သူဌေးကြီးကလည်း သူတို့ဘယ်လိုပဲပြောနေနေ သူ့ရဲ့ရည်ရွယ်ရင်းအတိုင်းက နည်းနည်းမှ လျှော့မပေးဘူး။ ဒီတော့ သူဌေးကြီးက ဘယ်လိုပြောသလဲဆိုတော့ 'ဒီလိုနဲ့ကတော့ ဘယ့်နှယ်မှ မဖြစ်နိုင်ပါဘူး၊ မူလ ရည်ရွယ်ထားကတည်းက ကောင်းကင်ပျံတက်ပြီး အလှူခံမှသာ လှူမယ်လို့ ရည်ရွယ်ပြီးသားပဲ၊ ဒီရည်ရွယ်ရင်းအတိုင်းသာ လှူနိုင်မယ်' လို့ ပြောတယ်။ သူဌေးကြီးကို ဘယ်လိုမှ ပြောမရ ပြုမရကြတော့ တိတ္ထိဆရာတပည့်တွေဟာ ဘယ်လိုမှမတတ်နိုင်တော့ဘဲ သူဌေးကြီးထံမှ ဖယ်ခွာသွားကြရတော့တယ်။

## ခုနစ်ရက် ကြာသွားပြီ

ဒီလိုနဲ့ သူဌေးကြီးရဲ့ စန္ဒကူးသပိတ်ကို အလှူခံမပေါ်လာဘဲ ရက်တွေနေ့တွေ များလာခဲ့တယ်။ ခုနစ်ရက်တောင် ကြာသွားပြီတဲ့။ ဒါလောက်တောင် ကြာမြင့်သွားတာဖြစ်တော့ လူတွေက ရဟန္တာဆိုတာ မရှိပါဘူးလို့ သံသယဖြစ်လာကြတယ်။ ဒါနဲ့ သေသောက်ကြူးသူတွေက သူတို့အချင်းချင်း မူးမူးရူးရူးနဲ့ ဒီလိုပြောကြသတဲ့။

'အလကားပါကွာ၊ လောကမှာ ရဟန္တာဆိုတာ မရှိပါဘူး၊ ရဟန္တာ ရဟန္တာနဲ့ ကိုယ့်ဟာကိုယ်သာ ပြောနေကြတာပါ။ ကြည့်ပါလားကွ၊ တို့မြို့က သူဌေးကြီးသပိတ်ဟာ ခုနစ်ရက်တောင် ရှိသွားပြီပဲ၊ ဘယ်ရဟန္တာမှလာပြီး မယူနိုင်ကြဘူး မဟုတ်လား။ အဲဒါဟာ ရဟန္တာမရှိလို့ပေါ့ကွ၊ ဒါသက်သေအထောက်အထားပဲ' လို့ ပြောကြတယ်။

ဒီလိုပြောနေကြတဲ့နေရာကလည်း လမ်းဘေးက ဇရပ်တစ်ခုမှာဖြစ်တယ်။ ဆွမ်းခံဝင်ချိန်မှာ ပြောနေကြတာဖြစ်တော့ ဆွမ်းခံဝင်ဖို့

http://www.dhammadownload.com



ပြင်ဆင်နေကြတဲ့ အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလတို့က ဒါကို ကြားကြတယ်။ ဒီတော့ အရှင်မဟာမောဂ္ဂလာန်က ပြောတယ်။

'ငါ့ရှင်ပိဏ္ဍောလ ကြားရဲ့လား၊ လောကမှာ ရဟန္တာမရှိဘူးလို့ လူတွေက ပြောသွားကြတယ်၊ ဒါဟာ တို့နဲ့လည်း သက်ဆိုင်နေတယ်၊ ဒီတော့ ကောင်းကင်မှာ သင်တန်ခိုးပြပြီး အဲဒီသပိတ်ကို အလှူခံလိုက်ပါ'လို့ ပြောတယ်။ ဒီတော့ အရှင်ပိဏ္ဍောလက 'အရှင်ဘုရား သွားပြီး အလှူခံပါ၊ အရှင်ဘုရား အလှူမခံဘူးဆိုရင်တော့ တပည့်တော်သွားပြီး အလှူခံရမှာပဲ' လို့ ပြန်လျှောက်တယ်။

'အေး ငါသွားပြီး အလှူမခံပါဘူး၊ ငါ့ရှင်ပိဏ္ဍောလသာ သွားပေတော့'လို့ အရှင်မဟာမောဂ္ဂလာန်က ပြောလိုက်တယ်။

အရှင်မဟာမောဂ္ဂလာန်က ဒီလိုပြောတော့ အရှင်ပိဏ္ဍောလဟာ ကောင်းကင်ကို ပျံကြွသွားတယ်၊ ဒီလိုကြွသွားပြီးတော့ သုံးဂါဝုတ် လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမကြားမှာညှပ်ပြီး အရှင်ပိဏ္ဍောလ က ယူလာတယ်။ သုံးဂါဝုတ်လောက်ရှိတဲ့ ကျောက်ဖျာကြီးဆိုတော့ အင်မတန် ကြီးတာပဲ၊ သုံးဂါဝုတ်ဆိုတာ ခရီးနဲ့တိုင်းတာကြည့်ရင် ခြောက်မိုင်တောင်မှ ရှိတယ်။ အင်း ဧရာမ ကျောက်ဖျာကြီးပါပဲ။

အဲဒီခြောက်မိုင်လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမကြားမှာ ညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ်မှာ ခုနစ်ပတ် ပတ်လိုက်တယ်။ ရာဇဂြိုဟ်မြို့က လည်း သုံးဂါဝုတ်ကျယ်တယ်လို့ ဆိုပါတယ်။ ဒီတော့ ရာဇဂြိုဟ်မြို့ကို ကျောက်ဖျာနဲ့ ဖုံးထားသလို ဖြစ်နေတာပေါ့။ 'မြို့သူမြို့သားတွေက အောက်က၊ ကျောက်ဖျာကြီးက အထက်က' ဆိုတော့ မြို့သူမြို့သားတွေ က ကြောက်လိုက်ကြတာတဲ့။ 'ဒါကြီးပြုတ်ကျလိုက်ရင် ခက်တော့မှာပဲ၊ ဘာကြီးမှန်းလည်း မသိဘူး' ဆိုပြီး အထိတ်တလန့်နဲ့ အင်မတန်မှ ကြောက်နေကြတာပဲတဲ့။

ပြီးတော့မှ အရှင်ပိဏ္ဍောလက သူ့ကိုမြင်ကြရအောင် တန်ခိုး

http://www.dhammadownload.com



တော်နဲ့ ပြလိုက်တယ်။ ဒီလိုပြလိုက်တော့မှ အရှင်ပိဏ္ဍောလက ကျောက်ဖျာကြီးကို ခြေမနဲ့ညှပ်ပြီး ကောင်းကင်မှာ ကြွနေတာကို မြင်ကြရတယ်၊ ဒီတော့ လူတွေက 'အရှင်ဘုရား၊ မြဲမြဲညှပ်ထားပါဘုရား၊ မြဲမြဲညှပ်ထားပါဘုရား၊ ပြုတ်ကျရင် ခက်ကုန်ကြပါလိမ့်မယ်ဘုရား' လို့ အော်လိုက်ကြတာဟာ တစ်မြို့လုံး ဆူပွက်သွားတာပဲတဲ့။ ဒီတော့မှ အရှင်ပိဏ္ဍောလက အဓိဋ္ဌာန်ပြုပြီး ကျောက်ဖျာကြီးကို ခြေနဲ့ကန်ပစ်လိုက်တာ ကျောက်ဖျာကြီးဟာ သူ့နေရာသူ ပြန်ကျသွားသတဲ့။

အရှင်ပိဏ္ဍောလရဲ့တန်ခိုးစွမ်းအင်ကို သူဌေးကြီးက မြင်ရတော့ အင်မတန် ကျေနပ်သွားတယ်။ ဒီတော့မှ သူဌေးကြီးဟာ တစ်ခါတည်း သူ့အိမ်သူအိမ်သားတွေနဲ့အတူ ရိုရိုသေသေဦးညွှတ်ရှိခိုးပြီးတော့ 'ကြွတော်မူပါ အရှင်ဘုရား' လို့ အရှင်ပိဏ္ဍောလကို ပင့်တယ်။ ဒါနဲ့ အရှင်ပိဏ္ဍောလမထေရ်မြတ်ကလည်း ကောင်းကင်မှသက်ဆင်းကြွတော်မူလာတယ်။ ကြွလာတဲ့အခါ သူဌေးကြီးက အရှင်ပိဏ္ဍောလအား သပိတ်ကို လှူလိုက်တယ်တဲ့။ 'အရှင်ပိဏ္ဍောလမထေရ်ဟာ ဒီလို ဒီလို တန်ခိုးပြသတဲ့' လို့ဆိုတဲ့ သတင်းဟာ ပျံ့နှံ့ကျော်ကြားသွားတယ်။ ဒီတော့ တန်ခိုးပြစဉ်က မမြင် မသိလိုက်ကြရတဲ့လူတွေဟာ အရှင်ပိဏ္ဍောလထံ လာကြပြီး 'တပည့်တော်တို့ကိုလည်း တန်ခိုးလေးနည်းနည်းပါးပါး ပြပါဦး' လို့ တောင်းပန်ကြသတဲ့။ ဒီတော့လည်း သူတို့ကို အရှင်ပိဏ္ဍောလက မနေသာတာနဲ့ တန်ခိုးပြရပြန်တယ်။ ဒါနဲ့ အဲဒီမှာ ဆူဆူပူပူတွေ ဖြစ်နေပြန်တယ်ပေါ့လေ။ တန်ခိုးဆိုတာ အင်မတန်မှ ထူးဆန်းတာကလား၊ ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျမဟုတ်တဲ့ အဖြစ်ထူးတွေဆိုတော့ လူတွေက ကြည့်ချင်၊ မြင်ချင်ကြတယ်။ လူတွေရဲ့အလိုကိုလိုက်ပြီး အရှင်ပိဏ္ဍောလက တန်ခိုးပြရပြန်တဲ့အခါ အုတ်အုတ်ကျက်ကျက် ဆူဆူပူပူတွေ ဖြစ်နေပြန်လို့ မြတ်စွာဘုရားက ကြားသိတော်မူသွားသတဲ့။

http://www.dhammadownload.com



## သိက္ခာပုဒ် ပညတ်တော်မူတယ်

ဒါနဲ့ မြတ်စွာဘုရားက 'အာနန္ဒာ၊ ဒီအုတ်အုတ်ကျက်ကျက်အသံတွေဟာ ဘာဖြစ်ကြတာလဲ' မေးတော်မူတယ်။

'ရာဇဂြိုဟ်သူဌေးရဲ့စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလက တန်ခိုးပြပြီး အလှူခံတာကို မမြင်လိုက်ကြရတဲ့လူတွေက တန်ခိုးပြဖို့ တောင်းပန်နေကြတဲ့အသံတွေပါ ဘုရား' လို့ အရှင်အာနန္ဒာက လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရား အရှင်ပိဏ္ဍောလကို ခေါ်တော်မူပြီး 'တန်ခိုးပြပြီး သပိတ်အလှူခံတယ်ဆိုတာ ဟုတ်သလား' မေးတော်မူတယ်။

'မှန်ပါ၊ ဟုတ်ပါတယ် မြတ်စွာဘုရား'လို့ အရှင်ပိဏ္ဍောလက လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက 'နောက် တန်ခိုးမပြရဘူး'လို့ သိက္ခာပုဒ် ပညတ်တော်မူလိုက်ပါတယ်။ ပြီးတော့ စန္ဒကူးသပိတ်က သစ်သားသပိတ် ဖြစ်နေတယ်၊ သစ်သားသပိတ်ကို ရဟန်းတော်တွေ မသုံးဆောင်ကောင်းဘူး၊ ရဟန်းတို့အား မအပ်ဘူး၊ ဒါကြောင့် သစ်သားစန္ဒကူးသပိတ်ကိုခွဲပြီး အပ်စပ်သည့်အသုံးအဆောင် ပြုလုပ်သုံးဆောင်ဖို့ ခွင့်ပြုတော်မူပါတယ်။ 'တန်ခိုးမပြရ' သိက္ခာပုဒ် ပညတ်တော်မူသည်မှစပြီး တန်ခိုးပြနိုင်တဲ့ ဈာန်အဘိညာဉ်ရ ရဟန်းတော်တွေ တန်ခိုးမပြကြရတော့ဘူး။

## အခွင့်ကောင်းယူကြပြီ

'တန်ခိုးမပြရ' ဆိုတဲ့သိက္ခာပုဒ်ကို မြတ်စွာဘုရားက ပညတ်တော်မူလိုက်ကြောင်း သတင်းကို တိတ္ထိတွေက ကြားသွားကြတယ်။ ဒီသတင်းကို အခွင့်ကောင်းယူပြီး တိတ္ထိတွေက ဘယ်လိုပြောကြသလဲဆိုရင်

http://www.dhammadownload.com



'ဟော့ ဟိုစန္ဒကူးသပိတ်ကိစ္စတုန်းက တို့မှာလည်း တန်ခိုးအရှိသားပဲ၊ ဒါပေမဲ့ အဖိုးမတန်တဲ့ စန္ဒကူးသပိတ်ကလေးကို အကြောင်းပြုပြီး မြင့်မြတ်တဲ့တန်ခိုးကို လူတွေသိအောင် ပြလို့မသင့်တော်တာနဲ့ တို့က မပြတာ၊ အရှင်ဂေါတမရဲ့တပည့်ထဲက အရှင်ပိဏ္ဍောလဟာ ဘာမှ အဖိုးမတန်တဲ့သပိတ်ကလေးတစ်ခုနဲ့စပ်ပြီး သူက တန်ခိုးပြသွားတယ်။ အဲဒါ မသင့်တော်လို့ အရှင်ဂေါတမက တန်ခိုးမပြရဆိုတဲ့ သိက္ခာပုဒ်ကို ပညတ်လိုက်သတဲ့၊ အခု တို့က တန်ခိုးပြမယ်' လို့ ကြေညာလိုက်သတဲ့။

သိက္ခာပုဒ်ပညတ်ပြီးမှတော့ ဘုရားတပည့်သာဝကတွေလည်း တန်ခိုးပြကြတော့မယ်မဟုတ်၊ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း တန်ခိုးပြတော့မယ်မဟုတ်လို့ သူတို့က ဒီလိုအထင်ရောက်သွားကြတယ်၊ ဒီလိုကြေညာလိုက်တာကို ဗိမ္ဗိသာရမင်းကြီးက ကြားသိလို့ မြတ်စွာဘုရားအား သွားပြီးလျှောက်ထားတယ်၊ ဘယ်လိုလျှောက်သလဲဆိုရင်

'မြတ်စွာဘုရား၊ တန်ခိုးမပြရဆိုတဲ့သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်တယ်ဆိုတာ ဟုတ်ပါသလား ဘုရား' လို့ လျှောက်ထားတယ်။

ဒီလိုလျှောက်တော့ မြတ်စွာဘုရားက 'ဟုတ်တယ်' လို့ ဖြေကြားတော်မူတယ်။

'ဟိုမှာ တိတ္ထိတွေက မြတ်စွာဘုရားနဲ့တန်ခိုးပြိုင်မယ်လို့ ကြေညာနေကြပါတယ် ဘုရား' လို့ ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက 'သူတို့ပြိုင်မယ်ဆိုရင် ငါဘုရားက လည်း ပြိုင်ရမှာပါ' လို့ မိန့်ကြားတော်မူတယ်။

'အရှင်ဘုရားက သိက္ခာပုဒ် ပညတ်တော်မူထားတယ်မဟုတ်ပါလား ဘုရား၊ ဘယ်လိုလုပ် ပြိုင်မှာလဲ' လို့ ဗိမ္ဗိသာရမင်းကြီး လျှောက်ထားတယ်။

'သိက္ခာပုဒ်ပညတ်တာက တပည့်သာဝကတွေရဲ့အတွက် ပညတ်တာပဲ၊ ငါဘုရားအတွက် ပညတ်တာမဟုတ်ဘူး' လို့ မိန့်ကြားတယ်။

http://www.dhammadownload.com



'ဟုတ်ပါ့မလား ဘုရား' လို့ မင်းကြီးက လျှောက်ထားတော့

'ဟုတ်ပါတယ် မင်းကြီး' လို့ မိန့်ကြားပြီး 'သင်မင်းကြီးမှာ ဥယျာဉ်ရှိတယ် မဟုတ်လား' လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

'ရှိပါတယ် ဘုရား' လို့ မင်းကြီးက လျှောက်ထားတယ်။

'သင်မင်းကြီးရဲ့ ဥယျာဉ်ထဲက သစ်သီး သစ်ပွင့်တွေကို သင်မင်းကြီးရဲ့ ခွင့်ပြုချက်မရှိဘဲ တခြားလူတွေ ဆွတ်ခူးလို့ရှိရင် အပြစ်ဒဏ် မပေးဘူးလား' လို့ မေးတော်မူတယ်။ ဒီတော့ မင်းကြီးက

'ပေးပါတယ် ဘုရား' လို့ လျှောက်ထားတယ်။

'မင်းကြီးကိုယ်တိုင် ဆွတ်ခူးသုံးဆောင်လို့ရှိရင်ကော အပြစ်ပေးသေးသလား' လို့ မေးတော်မူပြန်တယ်။ ဒီတော့ မင်းကြီးက

'မပေးပါဘုရား' တဲ့။

'အေး ဒီလိုပါပဲ မင်းကြီး၊ မင်းကြီးရဲ့ဥယျာဉ်မှာ သူတစ်ပါးအတွက်သာ အပြစ်ဒဏ်ပေးဖို့ မဆွတ် မခူးရအောင် ဥပဒေနဲ့ ပညတ်ထားတာပဲ။ ငါဘုရားလည်း ဒီလိုပါပဲ၊ ငါဘုရားအတွက် ပညတ်ထားတဲ့ သိက္ခာပုဒ် မဟုတ်ပါဘူး၊ တပည့်သာဝကတွေရဲ့အတွက်သာ ပညတ်ထားတာပါ၊ ငါဘုရား တန်ခိုးပြိုင်မယ်' လို့ မိန့်တော်မူပါတယ်။

'ဒီလိုဆိုရင် တန်ခိုးပြတော့ ဘယ်မှာပြမှာပါလဲဘုရား' လို့ မင်းကြီးက လျှောက်ထားတယ်။

'လေးလကြာတဲ့အခါ သာဝတ္ထိပြည် ကဏ္ဍအမည်ရှိတဲ့သရက်ပင်အောက်မှာ တန်ခိုးပြမယ်'လို့ မြတ်စွာဘုရားက မိန့်တော်မူလိုက်တယ်။

## သရက်ပင်တွေကို နုတ်ပစ်ကြတယ်

ရာဇဂြိုဟ်ပြည်ကနေပြီး သာဝတ္ထိပြည်မှာ တန်ခိုးပြမယ်ဆိုတော့ ဒါဟာ တော်တော်ဝေးကွာတဲ့နေရာကို မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်

http://www.dhammadownload.com



တာပဲ။ ဒီလိုမိန့်ကြားတာက ပရိသတ်တွေ စုံစုံလင်လင် အများကြီး လိုက်ပါလာအောင်လို့တဲ့။ မြတ်စွာဘုရားက တန်ခိုးပြမယ်လို့လည်း မိန့်တော်မူရော မြတ်စွာဘုရားကိုယ်တိုင် တန်ခိုးမပြဘူးထင်လို့ တန်ခိုး ပြိုင်မယ်လို့ ပြောထားမိတဲ့ တိတ္ထိတွေမှာ အနေခက်ကုန်ကြတာပေါ့။ ဒါပေမဲ့ 'ဟန်ကိုယ့်ဖို့' ဆိုသလို သူတို့က ဟန်တွေပန်တွေတော့ လုပ်ကြသေးတယ်၊ ဘယ်လိုလဲဆိုရင်

'အရှင်ဂေါတမက တန်ခိုးပြမယ်၊ တန်ခိုးပြမယ်လို့ဆိုထားတယ်၊ ရှင်ဂေါတမ ပျောက်မသွားအောင် တို့က ရှင်ဂေါတမ သွားလေရာရာကို နောက်ကလိုက်ကြည့်နေကြမှ ဖြစ်မယ်'လို့ ဆိုပြီး မြတ်စွာဘုရားရဲ့နောက် က အမြဲလိုက်ကြည့်နေကြသတဲ့။

မြတ်စွာဘုရားက တန်ခိုးမပြဝံ့ဘဲ ထွက်ပြေးမှာကို သူတို့က စိုးရိမ်တယ်ဆိုတဲ့သဘောပေါ့လေ။ မူမမှန်သူတွေဆိုတာ ဒီလိုပါပဲ၊ တော် တော်ကို မသင့်လျော်တဲ့ ကြံမိကြံရာ ကြံကြတာပဲ။ တစ်သက်လုံး သူတို့ရဲ့လုပ်ကွက်ဟာ ရယ်စရာကြီး ဖြစ်နေရစ်မှာကိုတော့ သူတို့က ထည့်မစဉ်းစားကြဘူး။ ဘယ်သူတွေက ဘယ်လိုပဲဆိုဆိုပြောပြော သူတို့ ကတော့ မဖြုံဘူးပေါ့လေ။

အမူအခင်းဖြစ်တာက တပေါင်းလနောက်ပိုင်းလောက်မှာ ဆို တော့ ဝါဆိုလပြည့်နေ့လောက်မှာ လေးလ ရှိသွားမယ်။ အဲဒီနေ့မှာ တန်ခိုးပြဖို့ ရည်ရွယ်ပြီး မိန့်ကြားတော်မူတယ်ဆိုတာ ထင်ရှားပါတယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့စကားကို တိတ္ထိတွေက ကြားသိကြ တာဖြစ်လို့ သာဝတ္ထိပြည်အနီးမှာရှိတဲ့ သရက်ပင်တွေကို အကုန်လုံး လိုက်ပြီးတော့ သုတ်သင်ရှင်းလင်းပစ်လိုက်ကြသတဲ့။ မြတ်စွာဘုရားက သရက်ပင်ရင်းမှာ တန်ခိုးပြမယ်ဆိုတာကြောင့် ပြစရာနေရာမရှိအောင် တိတ္ထိတွေက လုပ်ပစ်ကြတာပါပဲ။ ဒါပေမဲ့ မင်းဉယျာဉ်ထဲက သရက် ပင်ကိုတော့ သူတို့ထင်သလို လုပ်ရဲကြဟန်မတူဘူး။

http://www.dhammadownload.com



## ခါချဉ်ထုပ်ထဲက သရက်သီး

ဒီလိုနဲ့ ဝါဆိုလပြည့်နေ့ကို ရောက်လာတယ်။ မင်းဥယျာဉ်ထဲက ကဏ္ဍ ဆိုတဲ့ ဥယျာဉ်မှူးမှာ သရက်သီးတစ်လုံး ရလာခဲ့တယ်တဲ့။ ဘယ်က ရသလဲဆိုတော့ ခါချဉ်ထုပ်ထဲက ရလာခဲ့တာတဲ့။ ခါချဉ်ထုပ်ထဲမှာ ဖုံးအုပ်ပြီး သီးနေတာဆိုတော့ မမြင်ဘဲ ကျန်နေတဲ့သရက်သီးပေါ့။ ဒီသရက်သီးကို ဥယျာဉ်မှူး ကဏ္ဍဆိုတဲ့သူက ရလာခဲ့တယ်။ ကောသလမင်းကြီးကို ဆက်သမယ်ဆိုပြီး ယူလာတဲ့အခါ လမ်းမှာ မြတ်စွာဘုရားနဲ့တွေ့နေတယ်။ ဒီတော့ ဥယျာဉ်မှူးက စဉ်းစားတယ်'

'ဒီသရက်သီးကို ကောသလမင်းကြီးအား ပေးအပ်ဆက်သလိုက်လို့ရှိရင် ဆုလာဘ်အဖြစ်နဲ့ အသပြာခြောက်ကျပ်၊ ခုနစ်ကျပ်လောက်သာ ရမှာပဲ။ သိပ်ပြီးတော့ များများစားစား ရမှာမဟုတ်ဘူး၊ မြတ်စွာဘုရားအား လှူလိုက်ရင်တော့ တစ်သံသရာလုံး ချမ်းသာရာ ချမ်းသာကြောင်း ကြီးပွားရာ ကြီးပွားကြောင်း ဖြစ်သွားနိုင်တယ်၊ အကျိုးများမယ်။ ဒီတော့ မြတ်စွာဘုရားအား လှူမှပဲ' လို့ ဒီလိုစဉ်းစားပြီး အဲဒီသရက်သီးကို မြတ်စွာဘုရားအား လှူလိုက်တယ်တဲ့။

မြတ်စွာဘုရားက အလှူခံပြီး ဘုဉ်းပေးတော်မူတယ်။ ဘုဉ်းပေးပြီးတော့ သရက်စေ့ကို ဥယျာဉ်မှူးကို အစိုက်ခိုင်းတော်မူပါတယ်။ မြတ်စွာဘုရား ခိုင်းတဲ့အတိုင်း ဥယျာဉ်မှူးကလည်း မြေကိုတူးဆွပြီး သရက်စေ့ကို မြှုပ်လိုက်တယ်၊ မြတ်စွာဘုရားက လက်တော်ကို ရေဆေးပြီး သရက်စေ့မြှုပ်ထားတဲ့ မြေပေါ်ကို လက်ဆေးရေ လောင်းချလိုက်တယ်။ ဒီလို လက်ဆေးရေ လောင်းချလိုက်တာနဲ့ တစ်ပြိုင်နက် ချက်ချင်း သရက်ပင်ကြီးပေါက်လာသတဲ့။ တန်ခိုးတော်ကြောင့် ဒီလို ချက်ချင်း ပေါက်လာတာလို့ ဆိုရမှာပေါ့။ အလိုလိုတော့ ပေါက်နိုင်စရာ အကြောင်း မရှိပါဘူး။ မြတ်စွာဘုရားရဲ့ ဘုန်းတော်ခြောက်ပါးထဲမှာ 'ကာမဘုန်းတော်' ဆိုတာ ပါတယ်။ အဲဒီဘုန်းတော်က မြတ်စွာဘုရား

http://www.dhammadownload.com



အလိုတော်ရှိရင် အလိုတော်အတိုင်း ဖြစ်ရတဲ့ဘုန်းတော်ပါပဲ။ ဘုန်းတန်ခိုးဆိုတာ အင်မတန် ဆန်းကြယ်တာကလား။

ပေါက်လာတဲ့သရက်ပင်ကြီးဟာ အမြင့်လည်း အတောင် ၅၀၊ ပတ်လည် အဝန်းအဝိုင်းလည်း အတောင် ၅၀ ရှိသတဲ့။ အမြင့်ရော အဝန်းအဝိုင်းရော နှစ်ရပ်ပေါင်းလိုက်ရင် အတောင် ၁၀၀ ရှိတဲ့ သရက်ပင်ကြီးပေါ့။ တစ်ခါတည်း အပွင့်တွေ ပွင့် အသီးတွေ သီးလာလိုက်ရုံမကဘူး၊ သရက်သီးတွေဟာ တစ်ခါတည်းပဲ ဝင်းမှည့်လာတယ်လို့ဆိုတယ်။ အဲဒီသရက်သီးမှည့်တွေကို လူတွေက စားကြတယ်။ အဲဒီလိုလူတွေစားတာလည်း မကုန်နိုင်ဘူးတဲ့။ သရက်သီးတွေကို စားကြသူတွေထဲမှာ အရက်သေစာ သောက်စားမူးယစ်တဲ့ လူတွေကလည်း ပါရှိကြသေးတယ်၊ သူတို့ကတော့ စားပြီး အငြိမ်နေကြတာ မဟုတ်ဘူး။ သရက်သီးတွေစားရင်း တိတ္ထိတွေဆီသွားပြီး ပြောကြ ဆိုကြသေးသတဲ့၊ သူတို့ပြောဆိုပုံက ဒီလိုတဲ့

'ဟေ့ တိတ္ထိတွေ၊ ဒီမှာကြည့်ကြစမ်း၊ သရက်သီးတွေ၊ အသင်တို့က ကဏ္ဍသရက်ပင်အရင်းမှာ ဗုဒ္ဓဘုရားက တန်ခိုးပြမယ်ဆိုလို့ သာဝတ္ထိပြည်အနီး သရက်ပင်တွေကို အကုန်လုံး လိုက်ပြီးတော့ သုတ်သင်ပစ်ကြတယ် မဟုတ်လား၊ ပေါက်ခါစ သရက်ပင်ကလေးတွေကိုတောင်မှ မချန်ကြဘူး။ ဗုဒ္ဓဘုရားတန်ခိုးပြမည့် သရက်ပင်က အသင်တို့လှဲပစ်တဲ့ သရက်ပင်မျိုးမဟုတ်ဘူး၊ ဟော ဟိုမှာသရက်ပင်ကြီး မြင်ကြရဲ့လား၊ သီးလည်း သီးနေပြီ၊ အဲဒီအပင်က အသီးတွေပေါ့၊ အခုတို့စားလာတာ' သရက်စေ့တွေနဲ့ တိတ္ထိတွေကို ပစ်ပေါက်ကြသတဲ့။

## တစ်သိန်းတန် မဏ္ဍပ်ကြီး

မြတ်စွာဘုရားက သရက်ပင်အောက်မှာ တန်ခိုးပြမယ်ဆိုတော့ သူတို့က တစ်သိန်းတန်မဏ္ဍပ်ကြီး ဆောက်လုပ်ကြတယ်၊ မဏ္ဍပ်ဆောက်တဲ့

http://www.dhammadownload.com



ငွေတစ်သိန်းက သူတို့ကိုကြည်ညိုတဲ့ ဒကာ ဒကာမတွေဆီက အလှူခံ လို့ ရထားတာတဲ့။ သူ့ဒကာနဲ့သူတော့ ဒီလိုရှိကြတာပါပဲ။ တစ်သိန်းတန် မဏ္ဍပ်ကြီးဆိုတော့ မဏ္ဍပ်ကြီးဟာ ဟီးနေမှာပေါ့လေ။ မြတ်စွာဘုရား တန်ခိုးပြမည့်နေရာမှာကတော့ မဏ္ဍပ်မရှိပါဘူး။

ဒီတော့ ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရားကို ကြို တင်ပြီး လျှောက်ထားတယ်။ ဘယ်လိုလျှောက်ထားသလဲဆိုရင်

'မြတ်စွာဘုရားတဲ့၊ တိတ္ထိတွေက တန်ခိုးပြမယ်ဆိုပြီးတော့ မဏ္ဍပ်ကြီး ဆောက်လုပ်ထားလိုက်ကြတာ အကြီးကြီးပါပဲဘုရား၊ တပည့် တော် မြတ်စွာဘုရားအတွက် မဏ္ဍပ်ဆောက်လုပ်ပါရစေဘုရား' လို့ ဒီလိုလျှောက်ထားတယ်။

'သင်မင်းကြီး မဏ္ဍပ်ဆောက်ဖို့ မလိုပါဘူး၊ ဒိပြင်ဆောက်မည့် ပုဂ္ဂိုလ်ရှိပါတယ်' လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။ ဒါနဲ့ ကောသလမင်းကြီးက

'ဘယ်ပုဂ္ဂိုလ် ဆောက်လုပ်မှာပါလဲဘုရား' လို့ မေးလျှောက်တော့

'သိကြားမင်း ဆောက်လုပ်ပါလိမ့်မယ်' လို့ မိန့်ကြားတော်မူလိုက် ပါတယ်။

## လေထဲပါသွားတယ်

သိကြားမင်းက လေနတ်သားကို လေတိုက်ပေးဖို့ ခိုင်းတယ်၊ လေဆိုတာ ပကတိရာသီဥတုအလျောက် တိုက်တာလည်း ရှိတယ်၊ နတ်တန်ခိုးနဲ့ တိုက်တဲ့လေတွေလည်း ရှိကြတယ်။ အခု အများအားဖြင့် တွေ့နေကြ ရတာကတော့ ရာသီဥတုကြောင့် ရာသီဥတုအလျောက် တိုက်တဲ့လေ တွေကိုသာ တွေ့နေကြရတာ များပါတယ်။ ဒါပေမဲ့ တချို့လေတွေ လည်း နတ်တန်ခိုးကြောင့် တိုက်တာတွေ ဖြစ်ချင်လည်း ဖြစ်မှာပဲ။ ကေန်အတတ်တော့ မပြောနိုင်ဘူး၊ မမြင်နိုင်တဲ့ သဘောတရားတွေကိုး။

http://www.dhammadownload.com



မိုးဆိုတာလည်း အတူတူပဲ၊ ရာသီဥတုကြောင့် ရွာတာပဲ။ နတ်တန်ခိုးကြောင့် ရွာချင်လည်း ရွာမှာပဲ။ အခု ဒီမှာတော့ သိကြားမင်းက လေနတ်သား၊ မိုးနတ်သားတွေကို စေခိုင်းထားတယ်။ ဒါကြောင့် လေနတ်သား၊ မိုးနတ်သားတွေက လေကြီး မိုးကြီးတွေနဲ့ တိုက်ဖျက်လိုက်တာ တိတ္ထိတွေဆောက်လုပ်ထားတဲ့ တစ်သိန်းတန်မဏ္ဍပ်ကြီးဟာ အကုန်လုံးပြိုပျက်သွားတယ်တဲ့။ တိတ္ထိတွေ နေစရာမရှိ ဖြစ်ကုန်ကြလို့ ဟိုပြေး ဒီပြေးနဲ့ ပြေးကြရတယ်တဲ့။

ပုရာဏကဿပဆိုတဲ့ ဆရာကြီးဟာ အဲဒီလို ရှောင်တိမ်းထွက်ပြေးနေတုန်းမှာ သူ့ကိုကိုးကွယ်နေကျဖြစ်တဲ့ လက်သမား ဒကာတစ်ယောက်နဲ့ လမ်းမှာတွေ့တယ်တဲ့။ အဲဒီဒကာက 'ဒီကနေ့ တို့ဆရာက ဗုဒ္ဓနဲ့တန်ခိုးပြိုင်မယ်လို့ ဆိုတယ်၊ တန်ခိုးပြိုင်ပွဲကို သွားကြည့်ဦးမယ်' ဆိုပြီး နွားနို့ချဉ်အိုးလေးကို ကြိုးလေးနဲ့တင်လို့ ထမ်းပိုးလေးနဲ့လျှိုပြီး ထမ်းလို့ ထွက်လာခဲ့တယ်တဲ့။ ဒီတော့ ပုရာဏကဿပ ဆရာကြီးက 'ဟေ့ ဒကာ ဘယ်သွားမလို့လဲ'လို့ မေးလိုက်တယ်။ ဒကာက 'အရှင်ဘုရားတို့ တန်ခိုးပြိုင်ကြမယ်ကြားလို့ လာကြည့်တာပဲ'လို့ ပြောတယ်။ အေး 'တန်ခိုးပြိုင်တာက အရေးမကြီးပါဘူး၊ မင်းရဲ့ကြိုးကလေးနဲ့ အိုးကို ငါ့အားလှူပါဦး' လို့ ပုရာဏကဿပက ပြောတော့ ဒကာက 'အဲဒါ ဘာလုပ်ဖို့ပါလဲ'လို့ မေးတယ်။ 'မေးမနေစမ်းပါနဲ့၊ မြန်မြန်သာ လှူစမ်းပါ'လို့ အလှူခံတာနဲ့ ဒကာက လှူလိုက်ရတယ်။ ရင်းနှီးနေကြတဲ့ ဆရာဒကာတွေဆိုတော့ ဒီလိုပဲ ပြောရဲဆိုရဲ ရှိကြတာပေါ့လေ။

သူက ဒီကြိုးနဲ့အိုးကို ကိုယ်မှာချည်ပြီး မြစ်ရေထဲကို ခုန်ချမှာဖြစ်တော့ အလွယ်တကူပဲ နစ်မြုပ်သွားအောင်ဆိုတဲ့အနေနဲ့ အိုးထဲမှာ သဲတွေထည့်ကောင်း ထည့်ပါလိမ့်ဦးမယ်၊ စာထဲမှာတော့ မပါပါဘူး။ အိုးထဲမှာပါတဲ့ နွားနို့ချဉ် အလေးချိန်လောက်နဲ့ကတော့ လူတစ်ကိုယ်လုံး နစ်မြုပ်သွားဖို့ရာ လုံလောက်မယ် မဟုတ်ပါဘူး။ ဒါကြောင့် မြစ်ကမ်း

http://www.dhammadownload.com



နားမှာလည်း ဖြစ်နေပြန်၊ သဲတွေကလည်း အဆင်သင့်ရှိနေမှာဖြစ်လေတော့ အဲဒီအိုးထဲမှာ သဲတွေကိုလည်း ထည့်ဦးမှသာ အလွယ်တကူ နစ်ဖို့ရှိပါတယ်။ အဲဒါနဲ့ သူ့ကိုယ်မှာ အိုးနဲ့ကြိုးချည်ပြီးတော့ မြစ်ထဲကို ခုန်ချပြီးတော့ သေသွားတယ်လို့ ဆိုပါတယ်။ သေပြီး အဝီစိကိုရောက်သွားရှာသတဲ့။ တန်ခိုးမရှိဘဲနဲ့ ရှိလေဟန် ဝါကြွားတော့ ခက်တာပေါ့လေ။

## စကြာကြီး ဖန်ဆင်းပေးတယ်

တိတ္ထိတွေ ထွက်ပြေးသွားပြီးတဲ့နောက်တော့ ရှုပ်ရှုပ်ထွေးထွေး ဖျက်လိုဖျက်ဆီးလုပ်တဲ့ အလုပ်တွေ ရှင်းသွားပြီပေါ့။ ဒီတော့မှ သိကြားမင်းက မြတ်စွာဘုရားရှင် တန်ခိုးပြတော်မူဖို့ စင်္ကြံကြီး ဖန်ဆင်းလိုက်တယ်။ အဲဒီစင်္ကြံကြီးဟာ စကြဝဠာအရှေ့နဲ့အနောက် အဆုံးတိုင်အောင် ဖန်ဆင်းထားတဲ့စင်္ကြံလို့ ဆိုပါတယ်။ ဒါပေမဲ့ လူတွေကတော့ သူတို့မျက်စိနဲ့ မျက်စိတစ်ဆုံးလောက်သာ မြင်နိုင်လို့ လူတွေက အဲဒီလိုပဲ ထင်ကြမှာပါပဲ။ စကြဝဠာအဆုံးတိုင်အောင်ဆိုတော့ အလွန်ရှည်လွန်းနေပါတယ်။ နတ်ပရိသတ်အတွက်ဆိုရင်တော့ မပြောတတ်ဘူး၊ လူပရိသတ်အတွက်ဆိုရင်တော့ ဒီလောက်ရှည်ရှည် စင်္ကြံကြီး လိုမယ်မဟုတ်ပါဘူး။

တန်ခိုးဆိုတာ အင်မတန်ထူးကဲတာကလား၊ ဒီအထဲ တိတ္ထိတွေက တန်ခိုးပြိုင်မယ်ဆိုတော့ သာပြီးကြည့်ချင် ရှုချင်ကြမှာပဲ။ သုဘက်ငါ့ဘက်ဆိုသလို နှစ်ဖက်လုံးမှ ပရိသတ်တွေဟာ လာကြည့်ကြမှာပေါ့လေ။ ပရိသတ်ကြီး ဘယ်လောက်တောင်များသလဲဆိုရင် စင်္ကြံကြီးရဲ့ဟိုဘက် ဒီဘက် ၁၂ ယူဇနာစီ ရှိနေသတဲ့။ နှစ်ဖက်ပေါင်းဆိုရင် ၂၄ ယူဇနာ ရှိနေတဲ့ပရိသတ်ကြီးပဲ။ မြတ်စွာဘုရားက အဲဒီပရိသတ်ကြီးအလယ်မှာ သိကြားမင်းကဖန်ဆင်းပေးထားတဲ့ ရတနာစင်္ကြံကြီးပေါ်ကနေပြီး တန်ခိုးပြာဋိဟာ ပြတော်မူတယ်။

http://www.dhammadownload.com



## ယမကပါဋိဟာရိယ

ဒီနေရာမှာ မြတ်စွာဘုရား တန်ခိုးပြတာကို ပါဠိလို 'ယမကပါဋိဟာရိယ' လို့ ခေါ်တယ်။ မြန်မာလို တချို့က 'ယမိုက်ပြာဋိဟာ' လို့ ခေါ်ကြတယ်။ ပုဒ်ခွဲလိုက်ရင် ယမကကို တစ်ပုဒ်၊ ပါဋိဟာရိယကို တစ်ပုဒ် ဒီလိုခွဲရမယ်။ ယမကဆိုတာ အစုံတဲ့။ ပါဋိဟာရိယဆိုတာက အံ့ဖွယ်ဘနန်း ထူးဆန်းတဲ့ တန်ခိုး။ ယမကပါဋိဟာရိယ = အစုံစုံ အံ့ဖွယ်ဘနန်း ထူးဆန်းတဲ့ တန်ခိုးတဲ့။ ဘယ်လိုအစုံစုံ အံ့ဖွယ်ဘနန်း ထူးဆန်းသလဲ ဆိုရင် အထက်ပိုင်း ကိုယ်တော်ဒြပ်မှ မီးလျှံတွေ ထွက်နေတယ်ဆိုရင် အောက်ပိုင်းကိုယ်တော်ဒြပ်မှ ရေအလျဉ်တွေ စီးလို့။ တစ်ဖန် အထက်ပိုင်း ကိုယ်တော်ဒြပ်မှ ရေအလျဉ် စီးနေတယ်ဆိုရင် အောက်ပိုင်း ကိုယ်တော်ဒြပ်မှ မီးလျှံတွေ ဖြာထွက်လို့ အဲဒီလိုအစုံစုံ ပြောင်းပြောင်းပြီး တစ်ပြိုင်နက်တည်း တစ်ပြိုင်နက်တည်းကို ကြည့်ရှုတဲ့ပရိသတ်ကြီးရဲ့ မျက်စိမှာ မြင်နေရတယ်တဲ့။ အဲဒီလို မြတ်စွာဘုရားရဲ့ ကိုယ်ဒြပ်တော် အထက်ပိုင်း၊ အောက်ပိုင်းမှ မီးလျှံနဲ့ ရေအလျဉ်တွေ မပြတ်အောင် မြင်နေရတယ်ဆိုတာဟာ အင်မတန် အံ့ဖွယ်ဘနန်း အလွန်ထူးဆန်းတဲ့ တန်ခိုးတွေပဲ။ မျက်စိ၊ နား၊ နှာ အစုံအစုံသော ဒွိဌာနတွေကလည်း ဒီလိုပဲတဲ့။ လက်ဝဲ၊ လက်ယာ အပြန်ပြန် မီးလျှံနဲ့ရေအလျဉ်တွေဟာ တစ်ပြိုင်နက်တည်း တစ်ခဲနက်ကို မြင်နေကြရတယ်တဲ့။ အင်မတန် အံ့ဖွယ်ဘနန်း ထူးဆန်းလှတဲ့ တန်ခိုးတွေပါပဲ။ ဒါကြောင့် အဲဒီတန်ခိုးတော်ကို 'ယမကပါဋိဟာရိယ တန်ခိုးတော်' လို့ ဆိုပါတယ်။

ဒီလိုတန်ခိုးတော်တွေကို သိကြားမင်း ဖန်ဆင်းပေးထားတဲ့ ရတနာစင်္ကြံကြီးရဲ့အပေါ်မှာ စင်္ကြံကြွနေတော်မူရင်း ပြတော်မူတယ်။ ပြီးတော့ စင်္ကြံကြွတော်မူရင်းပင် သင့်လျော်တဲ့တရားကိုလည်း ဟောကြားတော်မူလိုက်သေးတယ်။ တန်ခိုးတော်ပြရင်းနဲ့ တရားဟောကြား

http://www.dhammadownload.com



တော်မူတဲ့ မြတ်စွာဘုရားကို ကြည့်ရှုငေးမော အံ့ဩဖွယ်စခန်း ထူးဆန်းနေတဲ့ ပရိသတ်ကြီးဟာ အင်မတန် ကြည်ညိုသဒ္ဓါတရားတွေလည်း ဖြစ်နေတယ်တဲ့။ ပီတိတွေလည်းဖြစ်နေကြတယ်။ အဲဒီလို ဖြစ်နေကြသည့်အထဲ တရားတော်ကိုလည်း ကြားနာကြရလေတော့ သူတို့အတွက်မှာ ကုသိုလ်တရားတွေ သိပ်ပွားများနေကြတာပေါ့။

ရောင်ခြည်တော် ခြောက်သွယ်နဲ့ အဆင်းအမျိုးမျိုး ကွန့်မြူးနေတာဖြစ်တော့ ပရိသတ်ကြီးတစ်ခုလုံး ကြည့်လို့မဝ ရှုလို့မဝ ကြည်ညိုလို့ကို အားမရနိုင်အောင် ဖြစ်နေကြတယ်။ ဒီလိုဖြစ်နေကြစဉ်မှာ မြတ်စွာဘုရားဟာ တာဝတိံသာသို့ ကြွတော်မူပုံကလည်း မှတ်သားစရာကောင်းတယ်။ အဲဒါကို နည်းနည်းလောက်တော့ပြောပါဦးမယ်။

## နှစ်လှမ်း သုံးဖဝါးတဲ့

တာဝတိံသာနတ်ပြည်ရဲ့ တည်ရာဖြစ်တဲ့ မြင်းမိုရ်တောင်ဆိုတာ ရှိတယ်။ အဲဒီမြင်းမိုရ်တောင်ရဲ့ တစ်ဝက်မှာ ယုဂန္ဓိုရ်တောင်တဲ့။ ဒီက တန်ခိုးပြပြီးတော့ အဲဒီယုဂန္ဓိုရ်တောင်ထိပ်မှာ မြတ်စွာဘုရားက ခြေတစ်လှမ်း ချတော်မူတယ်။ အဲဒီကနေပြီးတော့ တစ်ခါ တာဝတိံသာနတ်ပြည်ကို လှမ်းတက်တော်မူလိုက်တယ်။ ဒီတော့ တာဝတိံသာကို ကြွတော်မူတဲ့အခါ ခြေနှစ်လှမ်းနဲ့ ဖဝါးအားဖြင့် သုံးဖဝါး၊ ဒီလောက်နဲ့ပဲ တာဝတိံသာ နတ်ပြည်ကို မြတ်စွာဘုရားရှင် ကြွရောက်တော်မူသွားပါတယ်။

မူလစကြံမှာ ရပ်တည်ခဲ့တဲ့ ခြေဖဝါးက တစ်ခု၊ ယုဂန္ဓိုရ်တောင်ပေါ်မှာ ချလိုက်တဲ့ခြေဖဝါးက တစ်ခု၊ တာဝတိံသာမှာ ချလိုက်တဲ့ ခြေဖဝါးက တစ်ခု၊ အဲဒါ ချတော်မူတဲ့ ခြေဖဝါးသုံးခုပဲတဲ့။ အဲဒီလို နှစ်လှမ်း သုံးဖဝါးနဲ့ မြတ်စွာဘုရားဟာ တာဝတိံသာကို ကြွတော်မူတယ်တဲ့။

http://www.dhammadownload.com



## ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ

အဲဒီယမကပါဠိဟာရိယ တန်ခိုးပြတဲ့အခန်းမှာ ဖော်ပြထားတဲ့ စကားရပ်တွေမှာတော့ ဒီလိုပြတဲ့တန်ခိုးတော်ဟာ ဖန်ဆင်းနေရတာ မဟုတ်ဘူးတဲ့။ မြတ်စွာဘုရား ဘုန်းတော်အားလျော်စွာ ဖြစ်လာတာတဲ့။ ပြီးတော့ ခြေလှမ်း လှမ်းတဲ့နေရာမှာလည်း ခြေလှမ်းကို ကျဲကျဲလှမ်းနေတာမဟုတ်ဘူး၊ ခြေတော်ချလိုက်တဲ့အခါ တောင်ထိပ်က လာပြီးခံသွားတာလို့ ဆိုပါတယ်။ ကြွတာကတော့ ရိုးရိုးကြွရိုးကြွစဉ် ကြွတော်မူတာပါပဲတဲ့။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဣဒ္ဓိဝိဓအခန်းမှာတော့ အဘိညာဉ်နဲ့ပဲ အနီးကို အဝေးဖြစ်အောင်၊ အဝေးကို အနီးဖြစ်အောင် တန်ခိုးနဲ့ဖန်ဆင်းပြီး ကြွတယ်လို့ ပြထားပါတယ်။ ဘယ်လိုပဲဆိုဆိုပေါ့လေ၊ တာဝတိံသာကို ကြွတော်မူတဲ့အခါ နှစ်လှမ်းနဲ့သုံးဖဝါး ကြွတော်မူတယ်ဆိုတာကိုတော့ သဘောမကွဲလွဲကြပါဘူး၊ အတူတူပါပဲ။

တာဝတိံသာမှာ ပဏ္ဍုကမ္ဗလာကျောက်ဖျာဆိုတာ ရှိတယ်။ အဲဒါဟာ သိကြားမင်းထိုင်တဲ့ ကျောက်ဖျာပါပဲ။ ကျောက်ဖျာဆိုပေမယ့် ဒီမှာရှိတဲ့ကျောက်ဖျာတွေလို မာမာကျောကျောကြီး မဟုတ်ဘူး။ အင်မတန် ပျော့ပျောင်းတယ်လို့ ဆိုပါတယ်။ သိကြားမင်း ထိုင်လိုက်လို့ ရှိရင် ပျော့ပြီးတော့ အခုဒီလူ့ပြည်မှာ ပျော့ပျော့အိအိ လုပ်ထားကြတဲ့ ကူရှင်ဖုံတို့လိုပေါ့၊ ဒီလိုနူးနူးညံ့ညံ့ဖြစ်တဲ့ ကျောက်ဖျာပေါ်မှာ မြတ်စွာဘုရား သီတင်းသုံးထိုင်တော်မူပါတယ်။

မြတ်စွာဘုရား ထိုင်နေတော်မမူမီ အရင်တော့ သိကြားမင်းက ထင်မိသတဲ့။ 'အင်း မြတ်စွာဘုရားခန္ဓာတော်က ခပ်သေးသေးလေးရယ်၊ ကျော်ဖျာကြီးက အကြီးကြီး၊ မြတ်စွာဘုရား ထိုင်တော်မူလိုက်ရင် ကျောက်ဖျာကြီးက အခုံကြီး ကြီးပြီး အစွန်းတွေ ပိုထွက်နေမှာပဲ'လို့ ထင်မိသတဲ့။ မြတ်စွာဘုရားက ဒုကုဋ်သင်္ကန်းကြီးကိုဖြန့်ခင်းပြီး ထိုင်

http://www.dhammadownload.com



တော်မူလိုက်တော့ အဲဒီကျောက်ဖျာကြီးပေါ်မှာ ပြည့်သွားတယ်။ မြတ်စွာဘုရားနဲ့ ကျောက်ဖျာဟာ တော်တန်သင့်တင့်ရုံ ဖြစ်နေသတဲ့။ အပိုအလို မရှိဘူးလို့ ဆိုတယ်။ ဘုရားတန်ခိုးတော်ဆိုတာ ဒီလိုပါပဲတဲ့။ အလိုက်သင့် အလျားသင့် ဖြစ်တာချည်းပါပဲ။

## ဣန္ဒကနှင့် အင်္ကုရနတ်သား နှစ်ဦး

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားကြဖို့ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ စုရုံးရောက်လာကြတယ်။ အဲဒီအထဲမှာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားဟာ မြတ်စွာဘုရားရဲ့ရှေ့နားမှာ ထိုင်နေတယ်။ မြတ်စွာဘုရားရဲ့ လက်ယာဘက်မှာ ဣန္ဒကနတ်သားက ထိုင်နေတယ်။ အင်္ကုရနတ်သားက လက်ဝဲဘက်မှာ ထိုင်နေတယ်။ အဲဒီနတ်သားနှစ်ဦးရဲ့ အတိတ်ဘဝကပြုခဲ့ကြတဲ့ ကောင်းမှုကို ပြောဦးမှဖြစ်မယ်၊ ဘာပြုလို့လဲဆိုရင် သဒ္ဓါတရားဖြစ်ဖွယ် ကိစ္စလေးများ ဖြစ်လို့ပါပဲ။ ဒါကြောင့် ပြောရဦးမယ်။

## အင်္ကုရနတ်သားရဲ့ကောင်းမှု

အင်္ကုရနတ်သားဟာ အတိတ်ဘဝတုန်းက လူတို့အသက်နှစ်သောင်းတန်း ရှိစဉ်က လူ့ဘဝမှာ ဖြစ်ခဲ့တယ်။ အဲဒီတုန်းက အင်္ကုရနတ်သားအလောင်းဟာ နှစ်ယူဇနာ၊ နှစ်ယူဇနာလောက်ရှိတဲ့အရပ်တွေမှာ ထမင်းချက်ဖို့ မီးဖိုတွေ ဖိုပြီး အဲဒီမီးဖိုတွေမှာ ထမင်းတွေကို ချက်၊ ချက်ပြီးတော့ လာလာသမျှလူတွေကို ကျွေးမွေးခဲ့တယ်။ ဒီလောက်ကြီးကျယ်တဲ့ အလှူကြီးကို ပေးလှူခဲ့တဲ့ကောင်းမှုကုသိုလ်ကြောင့် အခု နတ်ပြည်မှာ အင်္ကုရနတ်သားရယ်လို့ လာပြီးတော့ ဖြစ်နေတာတဲ့။

http://www.dhammadownload.com



## ကင်္ခကနတ်သားရဲ့ကောင်းမှု

ကင်္ခကဆိုတဲ့နတ်သားကတော့ အတိတ်ဘဝက ရာဇဂြိုဟ်ပြည်သား ဖြစ်တယ်။ သူဟာ အရှင်အနုရုဒ္ဓါ ဆွမ်းခံကြွလာတာနဲ့ ဆွမ်းတစ်ဇွန်း လောင်းခဲ့ဖူးတယ်၊ တစ်ဇွန်းဆိုပေမယ့် ဇွန်းကလေးနဲ့တော့ ဟုတ်ပုံမရ ပါဘူး။ ဇွန်းကြီးနဲ့ ဖြစ်မှာပါပဲ။ ရှေးကတော့ ယောက်ချိုလို့ခေါ်တဲ့ ဇွန်းကြီးတွေ ရှိတယ်၊ အဲဒီယောက်ချိုနဲ့ တစ်ဇွန်းလောင်းလှူတာ ဖြစ်ပါ လိမ့်မယ်။ စကားဆိုတာကလည်း အခက်သားပဲ၊ နည်းတာကို နည်းမှန်း ပိုထင်ရှားအောင် ပိုပိုကဲကဲလည်း ပြောတတ်ကြတယ်။ ဥပမာ ဘယ်လို လဲဆိုရင် 'လူတွေ အသက်ဆယ်နှစ်တန်းရောက်ရင် မြေဇာပင် ပုခက် လွှဲရလိမ့်မယ်' ဆိုတဲ့ အဆိုစကားမျိုးပေါ့။ မြေဇာမြက်ပင်ကို ပုခက်လွှဲ လို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လူတွေ အသက်ဆယ်နှစ်တန်းရောက်လို့ ရှိရင် အခုလူတွေလောက် ရှိတော့မှာမဟုတ်ဘဲ အင်မတန် ငယ်သွား မယ်ဆိုတာကို သိစေလိုလို့ ပိုလွန်ပြီး ပြောကြတာပဲ။ များလို့ရှိရင်လည်း များမှန်း ထင်ရှားအောင် ဒီလိုပဲ ပိုလွန်ပြီး ပြောတတ်ကြတာပဲ။ 'တစ် ယောက်စာတဲ့ကွာ ချက်ထားလိုက်တဲ့ထမင်းတွေ ဆယ်ယောက်စားလို့ တောင်မှ ကုန်မှာမဟုတ်ဘူး' ဆိုတဲ့စကားမျိုးလိုပေါ့။ ချက်တာက တစ်ယောက်စာဆိုရင် ဆယ်ယောက်စာလောက်ထိအောင်တော့ မပိုလွန် နိုင်ပါဘူး။ ဒါပေမဲ့ တစ်ယောက်စာထက် ပိုများမှန်းကို သိအောင်လို့ အပိုအလွန် ပြောလိုက်တာပဲ။ ဒီလိုအပိုအလွန်ပြောတာတွေကို သဒ္ဒါ ကျမ်းဆရာတွေက ဥပပရိက္ခာလို့ ဆိုပါတယ်။ အပိုအလွန်ပြောဆိုတာ တဲ့။ အရှင်အနုရုဒ္ဓါမထေရ်ကို ဆွမ်းလောင်းလှူတဲ့နေရာမှာလည်း ဒီလို ရှိမှာပါပဲ။ တစ်ကြိမ်တစ်ခါတည်းဖြစ်နေလို့ နည်းမှန်းကို သိအောင်ဆိုပြီး 'ဆွမ်းတစ်ဇွန်း လောင်းလှူတယ်'လို့ ပိုပြီးဆိုလိုက်တာဖြစ်ပါလိမ့်မယ်။

အရှင်အနုရုဒ္ဓါမထေရ်ကို ဆွမ်းလှူပြီးနောက်တော့ ကင်္ခက နတ်သားအလောင်းဟာ သူ့သက်တမ်းအလျောက် စုတေသေလွန်ပြီး တာဝတိံသာနတ်ပြည်မှာ ကင်္ခကနတ်သား ဖြစ်တယ်။

http://www.dhammadownload.com



## အကျိုးပေးရာမှာတော့ ကွာကြတယ်

အင်္ကုရနတ်သားဟာ မြတ်စွာဘုရားအနီး လက်ဝဲဘက်မှာ ထိုင်နေတာဆိုတော့ မြတ်စွာဘုရားနဲ့ နှစ်တောင့်ထွာအကွာလောက်မှာ ဖြစ်မှာပါပဲ၊ ဒါဟာ သင့်တော်လျောက်ပတ်တဲ့နေရာဖြစ်တယ်။ နောက်တော့ တစ်စတစ်စနဲ့ သူ့ထက်တန်ခိုးကြီးကြတဲ့နတ်တွေ ရောက်ရောက်လာကြတယ်တဲ့။ ဒီတော့ အင်္ကုရနတ်သားခမျာဟာ နောက်ဆုတ်ပြီးတော့ ဖယ်ပေးရရှာတယ်တယ်။ အခုလူတွေလိုပဲပေါ့၊ အခုလူတွေလည်းပဲ ကိုယ့်ထက်မျက်နှာကြီးတဲ့ပုဂ္ဂိုလ်တွေ လာတယ်ဆိုရင် မျက်နှာငယ်တဲ့လူတွေကနောက်ဆုတ်ပေးကြရတယ်မဟုတ်လား၊ ဒီလိုပါပဲ။

အင်္ကုရနတ်သားဟာ ဘယ်လောက်ထိအောင် ဆုတ်ဆုတ်ပေးလိုက်ရသလဲဆိုရင် မြတ်စွာဘုရားနဲ့ ၁၂ ယူဇနာလောက်တောင် ဝေးကွာသွားတဲ့အထိပဲတဲ့။ အဲဒီလောက်ရောက်တော့မှပဲ သူနဲ့အဆင့်အတန်းချင်းတူတဲ့နတ်တွေနဲ့ တွေ့ရတယ်လို့ဆိုပါတယ်။ ဒီတော့ ပရိသတ်ကြီးရဲ့အစွန်အဖျားမှာ ရောက်နေပြီပေါ့။

ဣန္ဒကနတ်သားမှာတော့ လက်ယာဘက် မူလထိုင်နေရင်းနေရာမှ မရွှေ့ရဘူးတဲ့။ ဘာပြုလို့လဲဆိုတော့ နောက်နောက်ရောက်လာတဲ့နတ်တွေက သူ့ထက်တန်ခိုးကြီးတဲ့နတ်ရယ်လို့ မပါဘဲ သူနဲ့တန်းတူနတ်တွေသာလျှင်ဖြစ်နေကြတာပါပဲ၊ အင်္ကုရနတ်သားနဲ့ ဣန္ဒကနတ်သားနှစ်ဦးမှာ ဒီလောက်တောင် အကျိုးပေးချင်း ကွာခြားနေတယ်။

## အလှူခံပုဂ္ဂိုလ်ချင်းက မတူခဲ့ကြဘူး

သူတို့နှစ်ဦး အလှူပေးကြရာမှာတော့ အကြီးအငယ် အကုန်အကျဟာအင်မတန်မှပဲ ကွာခြားကြတာပဲကလား၊ အင်္ကုရနတ်သားအလောင်းလှူခဲ့တာက ပစ္စည်းဥစ္စာတွေ အတိုင်းမသိ အကုန်အကျခံပြီး အကြီး

http://www.dhammadownload.com



အကျယ် လှူခဲ့တယ်။ ဒါပေမဲ့ အလှူခံပုဂ္ဂိုလ်တွေကို ကြည့်လိုက်တော့ကာ သာမန်အလှူခံပုဂ္ဂိုလ်တွေ ဖြစ်နေကြတယ်။ သူလှူခဲ့တုန်းက အလှူခံပုဂ္ဂိုလ်တွေဟာ သာသနာပအခါဆိုတော့ ငါးပါးသီလလောက်ကို တောင်မှ လုံခြုံကြဖို့ရာ မလွယ်ကူလှဘူး၊ ဒီတော့ ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာအညစ်အကြေးတွေ အပြည့်နဲ့ဆိုတော့ အဲဒီတုန်းက အလှူခံပုဂ္ဂိုလ်တွေက မစင်ကြယ်ကြဘူး၊ အဲဒီလိုပုဂ္ဂိုလ်တွေကို လှူရတာဟာ အကျိုးပေးမသန်ဘူးပေါ့။

ဣန္ဒကနတ်သားအလောင်း လှူခဲ့တဲ့ အလှူကတော့ လှူဖွယ်ပစ္စည်းဥစ္စာအနေနဲ့ ကြည့်လိုက်မယ်ဆိုရင် ဆွမ်းကလေးမှ တစ်ဇွန်းလောက်ဆိုတော့ အင်မတန် သေးငယ်ပါတယ်၊ ဘာမှ မဆိုလောက်ပါဘူး။ ဒါပေမဲ့ အလှူခံပုဂ္ဂိုလ်က အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီး ဖြစ်နေတယ်။ ရာဂ၊ ဒေါသ၊ မောဟအစရှိတဲ့ ကိလေသာအညစ်အကြေးတွေ မရှိတော့ဘူး၊ အင်မတန်စင်ကြယ်နေတဲ့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်နေတယ်၊ အလှူခံပုဂ္ဂိုလ်က စင်ကြယ်မြင့်မြတ်နေတော့ နည်းနည်းကလေး လှူဒါန်းတာဖြစ်ပေမယ့်လို့ အကျိုးပေးရာကျတော့ အကျိုးကြီးမားဖွံ့ဖြိုးတယ်တဲ့။

## မြတ်စွာဘုရားက မေးတော်မူတယ်

ဒီနတ်သားနှစ်ဦးကို အကြောင်းပြုပြီး ဒါနရဲ့အစွမ်းအာနိသင် ထင်ရှားအောင် မြတ်စွာဘုရားက အင်္ကုရနတ်သားကို ဒီလိုမေးတော်မူတယ်။ 'အင်္ကုရတဲ့၊ သင့်မှာ နှစ်ပေါင်းသောင်းချီပြီးတော့ အင်မတန်ကြီးကျယ်တဲ့ အလှူကြီးကို ပေးလှူခဲ့တာပဲ၊ အခု ငါဘုရားရဲ့အနီးမှာ ဘာဖြစ်လို့ မနေနိုင်တာလဲ'လို့ မေးတော်မူတယ်။ ဒီတော့ကာ အင်္ကုရနတ်သားက 'တပည့်တော်အလှူက အလှူခံပုဂ္ဂိုလ်တွေဟာ ညံ့ပါတယ်ဘုရား၊ ဣန္ဒက မှာတော့ အလှူဝတ္ထု နည်းနည်းလေးပါပဲဘုရား၊ ဒါပေမဲ့ သူ့အလှူခံ

http://www.dhammadownload.com



ပုဂ္ဂိုလ်က မြင့်မြတ်ပါတယ်ဘုရား။ ဒါကြောင့် ဣန္ဒကမှာ တန်ခိုးကြီးပြီး တပည့်တော်မှာတော့ တန်ခိုးနည်းတဲ့အတွက် မြတ်စွာဘုရားအနီးအနားမှာ မနေနိုင်ခြင်းဖြစ်ပါတယ်ဘုရား။ နေခွင့်မရခြင်းပါဘုရား'လို့ လျှောက်တယ်။

ဒီကိစ္စကို အကြောင်းပြုပြီးတော့လည်း မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောကြားတော်မူပါတယ်။ အဲဒီတရားကို ဟောကြားတော်မူရာမှာလည်း တရားနာပရိသတ်တွေ တရားထူးတရားမြတ် ရကြပါသေးတယ်။

## ထူးကဲတဲ့တရား

တန်ခိုးပြာဋိဟာ ပြတော်မူသည်၏အဆုံး တာဝတိံသာနတ်ပြည်မှာ သန္တုသိတနတ်သား အမှူးထားပြီး စကြဝဠာတိုက်တို့က ရောက်လာကြတဲ့ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော်မူပါသတဲ့။

မြတ်စွာဘုရား ဟောကြားတဲ့တရားတော်တွေဆိုတာ ဝိနည်းရယ်၊ သုတ်ရယ်၊ အဘိဓမ္မာရယ်လို့ သုံးမျိုးရှိတယ်။ ပိဋကတ်သုံးပုံလို့လည်း သိမ်းကျုံးပြီး ခေါ်သေးတယ်။ ဝိနည်းဆိုတာကတော့ ရဟန်းတော်တို့ ကျင့်ဝတ်ဥပဒေ စည်းကမ်းတွေပါပဲ။ သုတ်ကတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအကုန်လုံး လိုက်နာကျင့်သုံးဖို့ တရားတွေဖြစ်တယ်။ အဲဒီ သတ္တဝါတွေရဲ့ အာသယာနုသယစသည်တို့နဲ့ သင့်တင့်အောင် သတ္တဝါတွေ နားလည်အောင် ဟောထားတဲ့တရား၊ သတ္တဝါတွေ ကျင့်နိုင်လောက်တဲ့တရား၊ အဲဒီတရားတွေကို ဟောကြားထားတယ်။

အဘိဓမ္မာတရားဆိုတာကတော့ သတ္တဝါတွေကို မငဲ့ဘူး၊ ဟောသင့်ဟောထိုက်တဲ့သဘော သဘာဝတွေကို အကုန်လုံး အကျယ်ချဲ့ပြီး အသေးစိတ် ဟောထားတယ်။ အဲဒါကြောင့် အဘိဓမ္မာလို့ ခေါ်တယ်တဲ့။ အဋ္ဌကထာဆရာက 'ကေနဋ္ဌေန အဘိဓမ္မာ = အဘယ်အနက်သဘော

http://www.dhammadownload.com



ကြောင့် အဘိဓမ္မာမည်သလဲတဲ့။ ဓမ္မာတိရေကဓမ္မဝိသေသတ္တေန အဘိ ဓမ္မော’တဲ့။ လွန်ကဲတဲ့အနက်သဘော၊ ထူးကဲတဲ့အနက်သဘောကြောင့် အဘိဓမ္မာမည်တယ်လို့ ဒီလိုမေး ဒီလိုဖြေကြားထားတယ်။

အဘိဆိုတာက လွန်ကဲ ထူးကဲတဲ့တရားတဲ့။ ဒီလိုဆိုပါတယ်။ ဘယ်လိုလွန်ကဲသလဲ၊ ဘယ်လိုထူးကဲသလဲဆိုတော့ သုတ်တရားမှာက ‘ကုသလံ ကာတဗ္ဗံ ဗဟုံ၊ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ ဗဟုံ၊ များများပြုရမယ်’ စသည်ဖြင့် အဲဒါလောက်ပဲ ပြတယ်။ ကုသိုလ်ဆိုတာ က ဘယ်လိုဟာတုံးဆိုတာကိုတော့ ဖွင့်မပြဘူး၊ ကုသိုလ်တွေက ဘယ် လောက် အများအပြားရှိတယ်ဆိုတာကိုလည်း မပြဘူး။ ပြီးတော့ ‘အနုပ္ပ န္နာနံ ကုသလာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အရဗ္ဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ’ စသည်ဖြင့် ဟောတဲ့နေရာတွေမှာလည်း မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်အောင်အားထုတ်ရမည်တဲ့။ ဒီလောက်သာ ဟောတော်မူတယ်။ ဒီကုသိုလ်တရားတွေက ဘာတွေ ရယ်လို့ မဝေဖန်တော့ဘူး။ ဖြစ်ပြီးတဲ့ကုသိုလ်တရားတွေကို တည်တံ့ အောင်၊ တိုးပွားအောင်၊ ပြည့်စုံအောင် အားထုတ်ရမယ်ဆိုတဲ့ အဲဒီလို ကုသိုလ်အမည်လောက်သာ ကျဉ်းကျဉ်းလေး ဟောကြားထားတယ်။

အဘိဓမ္မာကျတော့ ဒီလောက်သာ မကတော့ဘူး၊ အဲဒီ ကုသလ ဓမ္မတွေကို ဝေဖန်ပြီး ဟောကြားထားပါတယ်။ ကုသလာ ဓမ္မာဆိုတဲ့ ခေါင်းစဉ်ကလေးတပ်ပြီး အဲဒီကုသလဓမ္မကို အကျယ်ဝေဖန်ပြီး ဟော ကြားထားပါတယ်။ ကုသလဓမ္မဆိုတာ စိတ်အနေနဲ့ကြည့်ရင် အကျဉ်း အားဖြင့် ၂၁ ပါး၊ အကျယ်အားဖြင့် ၃၇ ပါး ရှိပါတယ်။ အဲဒီမှာ မဂ်ကုသိုလ်က အကျဉ်း၊ အကျယ်ရှိနေလို့ ဒီလိုနှစ်မျိုး ဖြစ်နေတာပဲ။ မဂ်ကုသိုလ်က အကျဉ်းဆိုရင် ၄ ပါး၊ အကျယ်ဆိုရင် ၂၀ ပါး ရှိတယ်။ အဲဒီလိုရှိနေတာတွေကို အဘိဓမ္မာမှာ ဝေဖန်ပြီးတော့ ပြထားတယ်။ ဒီလိုစိတ်သက်သက်တင် မဟုတ်သေး၊ ဒီကုသိုလ်စိတ်တွေမှာ ယှဉ်နေ

http://www.dhammadownload.com



ကြတဲ့ ဖဿ၊ ဝေဒနာစတဲ့ စေတသိက်တွေကိုလည်း ဝေဖန်ပြထားလိုက်သေးတယ်။ ဒီလောက်သာလည်း မကသေးဘူး၊ ဒီကုသိုလ်စိတ်နဲ့ အတူယှဉ်ဖက် စေတသိက်တွေကိုပါ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာအနေနဲ့လည်း ဝေဖန်ပြထားသေးတယ်။ စိတ်တစ်ခုတစ်ခုမှာဆိုလည်း အကျယ်ကြီး ဝေဖန်ဟောကြားထားတာပါပဲ။ အဲဒါတွေကိုလည်း နောက်ကျတော့မှ ပြောသင့်ပြောထိုက်တာတွေကို ထည့်သွင်းပြီး ပြောသွားရမယ်။ အခုတော့ ဒီလောက်ပဲ ပြောနိုင်ဦးမယ်၊ အဲဒီလို ဒေသနာအစဉ်အနေအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ဟောကြားတော်မူထားလို့ အဘိဓမ္မာခေါ်တယ်တဲ့။

တချို့ကတော့ အဘိဓမ္မာဆိုတာ ပရမတ္ထတရားတွေကို ဟောထားလို့ အဘိဓမ္မာခေါ်တယ်တဲ့။ ဒီလိုကိန်းသေ မှတ်ထားကြတယ်။ ပရမတ္ထတရားတွေကို ဟောထားတာကတော့ များပါတယ်။ ဒါပေမဲ့လို့ ပရမတ္ထတရားတွေချည်းတော့လည်း မဟုတ်သေးပါဘူး။ ပုဂ္ဂလပညတ်မှာ ပညတ်တရားတွေကိုချည်း ဟောကြားတော်မူထားတာလည်း ရှိနေသားပဲ။ ပုဂ္ဂလပညတ်ဆိုတာ အဘိဓမ္မာခုနစ်ကျမ်းထဲမှာ တစ်ကျမ်းအပါအဝင် ဖြစ်တယ်။ အဲဒီကျမ်းမှာ ပညတ်တွေကိုလည်း ဝေဖန်ဟောကြားထားတာ အထင်အရှားပါပဲ။ အဲဒါကြောင့်မို့ ပရမတ္ထတရားတွေကို ဟောကြားတော်မူထားလို့ အဘိဓမ္မာခေါ်တယ်လို့ ဒီလိုကိန်းသေမှတ်ချက်ချမထားဖို့လည်း သတိပြုသင့်ပါတယ်။

## ဘယ်လိုလွန်ကဲ ထူးကဲသလဲ

အဘိဓမ္မာဆိုတာ ရိုးရိုးဓမ္မသက် ထူးကဲ ကျယ်ပြန့်တဲ့တရားတွေကို 'အဘိဓမ္မာတရား' လို့ခေါ်သည်တဲ့။ အဲဒါဟာ ဓမ္မာတိရေကဓမ္မဝိသေသတ္ထေန ဆိုတဲ့စကားအရတဲ့။ ဥပမာပြောရရင် ထီးတွေအများကြီး

http://www.dhammadownload.com



ရှိနေသည့်အထဲက လွန်ကဲကြီးမားနေတဲ့ထီးကို အတိဆတ္တလို့ ခေါ်တယ်၊ အဘိဆတ္တလို့ခေါ်ရင် ပိုကောင်းမှာပေါ့။ ဒါပေမဲ့လို့ စာထဲမှာတော့ အတိဆတ္တလို့ပဲ ရှိပါတယ်။ အတိဆတ္တ လွန်ကဲကြီးမားတဲ့ ထီးတဲ့။ တံခွန်အလံတွေထဲမှာလည်း တခြားတံခွန်အလံတွေထက် ကြီးမားနေတဲ့ တံခွန်အလံကို အတိဓဇလို့ ခေါ်ရတယ်တဲ့။ မင်းထဲမှာလည်းပဲ သူများထက် ထူးကဲနေတဲ့မင်းကို အတိရာဇ၊ အတိရာဇကုမာရ၊ အဘိရာဇ လို့ ခေါ်ရတယ်တဲ့။ မင်းနဲ့စပ်တဲ့ပါဠိမှာတော့ အဘိရာဇလို့ပဲ အရှိများ ပါတယ်။

မြန်မာပြည်မှာတော့ ရှေးမင်းတွေဟာ ရာဇာဓိရာဇ်ဆိုတဲ့ ဘွဲ့တွေကို ခံယူကြတယ်။ ရာဇာဓိရာဇ်ဆိုတဲ့မင်း ရှိခဲ့သားပဲ။ အခြားမင်းတွေထက် ထူးကဲတဲ့မင်း လို့ ဆိုလိုပါတယ်။ အတိရာဇတို့၊ အဘိရာဇတို့ အဲဒီလိုခေါ်ကြသလိုပါပဲ။ ဓမ္မတရားမှာလည်းပဲ လွန်ကဲထူးခြားတဲ့တရားကို အဘိဓမ္မလို့ ခေါ်တယ်တဲ့။ နောက်ပိုင်းမှာ အဘိဓမ္မာပုဒ်ကို ဝစနတ္ထ ပြုတဲ့နေရာကျတော့ အဘိ ပုဒ်က ဝိသေတတ္ထ ထူးခြားတဲ့အနက်ကို ဟောတယ်ဆိုပြီး ဝစနတ္ထပြုထားတာ ရှိပါတယ်။ ဝိသေသဓမ္မတို့၊ ပူဇိတဗ္ဗဓမ္မတို့ ဒီလိုဆိုပြီး ထူးကဲမြင့်မြတ်တဲ့တရား၊ ပူဇော်အပ်တဲ့တရားတွေ ပါတာပါပဲ။ ဗောဓိပက္ခိယတရားတွေဆိုတာ သုတ္တန်မှာလည်း ပါတာပါပဲ။ ဒီအဘိဓမ္မာမှာလည်း ပါနေတာပဲ။ အဘိဓမ္မာမှာ အကုသလာ၊ အကုသိုလ်ဆိုတဲ့တရားတွေကတော့ မြင့်မြတ်တဲ့တရားတွေ မဟုတ်ကြပါဘူး၊ အဲဒီလိုတရားတွေလည်း ဒီမှာ အစုံပါနေကြတာပဲ။ အဋ္ဌကထာမှာတော့ ဒီလိုထူးတဲ့အနက်၊ မြင့်မြတ်တဲ့အနက်ကို ရနိုင်လို့ ဒီအနက်ကိုယူပြီးတော့ ဝစနတ္ထပြုထားပါတယ်။ အဲ အမြင့်အမြတ်ချည်း တော့လည်း မဟုတ်ဘူးဆိုတာ မှတ်ထားကြရမယ်။

သဘာဝဓမ္မတွေကို နည်းအမျိုးမျိုးနဲ့ အဘိဓမ္မာဒေသနာနည်း အတိုင်း ဟောကြားမှ အဘိဓမ္မာဆိုရတယ်။ တချို့က ရုပ်တွေ၊ နာမ်တွေ

http://www.dhammadownload.com



ဟောကြားတိုင်း အဘိဓမ္မာလို့ မှတ်နေကြတာ၊ အဲဒီလို မဟုတ်ပါဘူး။ သုတ်မှာလည်း သဘာဝဓမ္မတွေ ရှိတာပဲ။ ရုပ်တွေ၊ နာမ်တွေပါတာပဲ။ ဒီလိုပါတိုင်း အဘိဓမ္မာလို့ မဆိုရပါဘူး။ အဘိဓမ္မာဒေသနာတော်တွင် ဟောနည်းဒေသနာ အစဉ်အားဖြင့် သဘာဝဓမ္မတွေကို ဟောကြားထားခါမှ အဘိဓမ္မာဒေသနာတော်လို့ ဆိုရပါတယ်။ အဲဒါတွေကို ဗဟုသုတအဖြစ် မှတ်သားရအောင်လို့ ဒီမှာဆောင်ပုဒ်လေး အကျဉ်းချုပ် စီထားတယ်၊ အဋ္ဌကထာအဖွင့်မှာ လာတဲ့အတိုင်း အကျယ်ကြီးတော့ မတတ်နိုင်ဘူး၊ ကျဉ်းကျဉ်းပါပဲ။

ထီး တံခွန်လည်း လွန်ကဲထူးလျှင်
အတိဆတ္တ ဓဇခေါ်တွင်
တရားတော်လည်း လွန်ကဲထူးလျှင်
အဘိဓမ္မ ခေါ်ရနည်းတူပင်။

http://www.dhammadownload.com

# ပစ္စည်းဆင်းရဲသော ဇောင်ချမ်းသာ

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓ ဆိုတဲ့ ဆင်းရဲသားတစ်ယောက် ရှိခဲ့တယ်။ သူဆင်းရဲပုံကတော့ အမိဝမ်းထဲ ပဋိသန္ဓေနေကတည်းက ဆင်းရဲလာခဲ့တယ်။ အမိဝမ်းတွင်းကတည်းက နူနာရောဂါ စွဲကပ်လာခဲ့တယ်။ နှာခေါင်းနဲ့ နားရွက်တွေ ပျက်စီးလာခဲ့တယ်။ သူ့မိခင်ကလည်း သူပဋိသန္ဓေနေကတည်းက စားစရာ မပြည့်မစုံဘဲ ဆင်းရဲဒုက္ခရောက်ခဲ့ရတယ်။ မွေးဖွားပြီးနောက်လည်း ဆင်းဆင်းရဲရဲနဲ့ သူ့ကို စောင့်ရှောက်လာခဲ့ရတယ်။ ခွက်လက်ဆွဲပြီး တောင်းရမ်းစားနိုင်လောက်တဲ့ အရွယ်ရောက်တဲ့အခါကျတော့ မိခင်ကလည်း သည်းမခံနိုင်တော့ဘူး၊ သူ့အား တောင်းရမ်းစားဖို့ ခွက်တစ်ခု ပေးပြီး စွန့်ပစ်သွားတယ်။ အဲဒီကလေးအရွယ်ကတည်းက စောင့်ရှောက်မည့်သူ မရှိဘဲ အလွန်ဆင်းရဲပင်ပန်းစွာနဲ့ တောင်းရမ်းစားသောက်ပြီး အသက်မွေးလာခဲ့ရတယ်။ နေစရာလည်း သူ့မှာမရှိဘူး၊ မြို့ထဲက လမ်းဘေးတစ်နေရာရာမှာ အိပ်ရတယ်။ နူနာရောဂါကလည်း အပြင်းအထန် နှိပ်စက်လို့ အလွန်နာကျင်တဲ့အတွက် ညမှာလည်း ကောင်းကောင်းမအိပ်ရဘူး၊ ညည်းညူ မြည်တမ်းနေရတယ်။ အဲဒီညည်းညူမြည်တမ်းသံကြောင့် အနီးအပါးအိမ်များက လူတွေလည်း ကောင်းကောင်းမအိပ်ရဘူး၊ နိုးနေကြရတယ်။ အဲဒီလို ဖြစ်ပုံကြောင့် သူ့ကို သုပ္ပဗုဒ္ဓလို့ ခေါ်ကြတယ်။ (သု၊ ကောင်းစွာ + ပဗုဒ္ဓ၊ နိုးစေတယ်= သုပ္ပဗုဒ္ဓ၊ ကောင်းစွာ နိုးစေလျက် အိပ်ရေးပျက်စေတဲ့ အကောင်လို့ ဆိုလိုပါတယ်။)

အဲဒီလို အတိဒုက္ခရောက်ရခြင်း၏ အကြောင်းကတော့ သူဟာ

http://www.dhammadownload.com



တစ်ခုသောဘဝတုန်းက တဂရသိခိအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါကို 'အနာကြီးရောဂါသည် အဝတ်ကို ရုံပြီး လှည့်လည်နေတဲ့ လူနူကြီးဟာ ဘယ်သူလဲ'လို့ ဆဲရေးပြီး ပြစ်မှားခဲ့ဖူးတဲ့ အကုသိုလ်ကံကြောင့်တဲ့။ အဲဒီအကုသိုလ်ကံကြောင့် ငရဲကျပြီးတော့ ကြာမြင့်စွာ ဒုက္ခရောက်ခဲ့ရတဲ့အပြင် အဲဒီကံကြွင်းကြောင့် လူနူ လူဆင်းရဲဖြစ်ပြီး ဒုက္ခရောက်နေရရှာပါသတဲ့။

တစ်နေ့သောအခါ မြတ်စွာဘုရားက ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီးနောက် မြို့ထဲတွင် သင့်လျော်တဲ့တစ်နေရာမှာ ခေတ္တနေစဉ် ရဟန်းတော်များနှင့် ဆွမ်းလှူတဲ့ ဒါယကာတွေ လာရောက်ပြီး စုဝေးမိတဲ့အခါ တရားတော်ကို ဟောကြားနေတော်မူတယ်။ အဲဒီအခါ သုပ္ပဗုဒ္ဓက အရပ်ထဲလှည့်ပြီး တောင်းရမ်းနေရင်း လူထုပရိသတ်ကို တွေ့မြင်ရတော့ စားစရာဝေငှနေတယ်ထင်ပြီး တောင်းခံဖို့ရာ ချဉ်းကပ်လာတယ်။ ချဉ်းကပ်မိတဲ့အခါမှာ မြတ်စွာဘုရား၏ တရားသံကို ကြားနာရပြီးတော့ အစွန်အဖျားကပင် ထိုင်ပြီး ရိုသေစွာ တရားနာနေတယ်။ အဲဒီအခါ မြတ်စွာဘုရားက သုပ္ပဗုဒ္ဓ၏ ဥပနိဿယကို သိတော်မူတဲ့အတွက် သူနဲ့ သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီတရားကို နာနေရင်း နှလုံးသွင်းရှုသိပြီး ဝိပဿနာဉာဏ်အစဉ်ဖြင့် သောတာပတ္တိမဂ်ဖိုလ်ကိုရောက်ပြီး သုပ္ပဗုဒ္ဓဟာ သောတာပန်ဖြစ်သွားပါသတဲ့။

သုပ္ပဗုဒ္ဓ သောတာပန်ဖြစ်ရာမှာ ပဓာနအကြောင်းက ၂ခုရှိတယ်၊ တစ်ခုက မဂ်ဖိုလ်ရနိုင်လောက်တဲ့ ပါရမီဥပနိဿယပါပဲ။ အခြားတစ်ခုကတော့ ဆင်းရဲအကြောင်းပြုပြီး သံဝေဂစိတ်ဖြင့် တရားကို ရိုရိုသေသေနာပြီး ရိုရိုသေသေ တရားကိုနှလုံးသွင်းတာပါပဲ။ လူတွေဟာ ချမ်းသာနေရင် အများအားဖြင့် သံဝေဂစိတ် မဖြစ်ဘဲ ရှိတတ်တယ်။ တရားနဲ့စပ်ပြီး သဒ္ဓါတရားလည်း မထက်သန်ဘဲ ရှိနေတတ်တယ်။

သုပ္ပဗုဒ္ဓမှာတော့ စားရမဲ့ သောက်ရမဲ့ဖြစ်နေတာကတစ်ကြောင်း၊

http://www.dhammadownload.com



နူနာရောဂါ အနှိပ်စက်ခံနေရတာကတစ်ကြောင်း၊ ဒီဆင်းရဲဒုက္ခရောက်နေတဲ့အကြောင်းတရားနှစ်ပါးကြောင့် သံဝေဂရပြီး သဒ္ဓါတရား ထက်သန်စွာဖြစ်တယ်။ ဒါကြောင့် တရားကို ရိုရိုသေသေ နာယူနှလုံးသွင်းပြီး တရားနာနေစဉ်မှာပဲ သောတာပတ္တိဖိုလ်ကို ရသွားတယ်။ အဲဒီလို တရားထူးကိုရပြီးတော့ မိမိရထားတဲ့ တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်တယ်၊ ဒါပေမဲ့ လူထုပရိသတ်ကြီးထဲ မဝင်ဝံ့တာနဲ့ မြတ်စွာဘုရား ကျောင်းသို့ပြန်ကြွသွားသောအခါ လျှောက်ထားရန် မြတ်စွာဘုရား၏ကျောင်းတော်သို့ လိုက်သွားတယ်။

အဲဒီအခါ သိကြားမင်းက စုံစမ်းလိုတဲ့အတွက် လမ်းခုလတ်က ဆီးကြိုပြီး သုပ္ပဗုဒ္ဓအား မိမိ၏တန်ခိုးအရှိန်အဝါများကိုလည်း ပြပြီး ဒီလိုပြောတယ်။ 'ဟေ့ သုပ္ပဗုဒ္ဓ၊ သင်ဟာ အင်မတန်ဆင်းရဲတယ်၊ ငါပြောတဲ့စကားကို လိုက်နာပြီး ပြုကျင့်ရင် သင့်အား ငါက မစမယ်၊ သင့်ရောဂါကိုလည်း ပျောက်စေမယ်၊ စည်းစိမ်ဥစ္စာတွေကိုလည်း ပေးမယ်' လို့ ပြောပြီးတော့ 'ဂေါတမဘုရားဟာ ဗုဒ္ဓဘုရားမဟုတ်ဘူး။ ဂေါတမဘုရား ဟောတဲ့တရားဟာလည်း တရားအစစ်မဟုတ်ဘူး၊ ဂေါတမဘုရား၏ တပည့်သံဃာဟာလည်း သံဃာအစစ်မဟုတ်ဘူး၊ ငါဟာ ဂေါတမဘုရားဖြင့် အလိုမရှိ၊ တရားဖြင့် အလိုမရှိ၊ သံဃာဖြင့် အလိုမရှိဘူးလို့ ကြေညာပြောဆိုပါ။ အဲဒီလို ကြေညာပြောဆိုရင် သင့်အား အတိုင်းမသိ များစွာသောဥစ္စာကို ပေးမယ်' လို့ သိကြားမင်းက ပြောတယ်။

'ခင်ဗျားက ဘယ်သူလဲ' လို့ သုပ္ပဗုဒ္ဓက မေးတယ်။ 'ငါက သိကြားမင်းပဲ' လို့ သိကြားမင်းက ဖြေကြားတယ်။ ဒီတော့ သုပ္ပဗုဒ္ဓက

'ခင်ဗျားဟာ သိကြားမင်းဆိုပေမယ့် မပြောသင့်တာတွေကို ပြောတယ်။ အန္ဓဗာလ၊ မိုက်ကန်းတဲ့သူ။ အဟိရိက၊ အရှက်မဲ့တဲ့သူပဲ။ ကျုန်ုပ်နှင့် စကားပြောဖို့ပင် မထိုက်တန်ပါဘူး။ နောက်ပြီးတော့ ခင်ဗျား

http://www.dhammadownload.com



က ကျွန်ုပ်ကို အင်မတန်ဆင်းရဲတဲ့သူလို့ ဆိုတယ်၊ ကျွန်ုပ်ဟာ မြတ်စွာဘုရား၏ ဩရသပုတ္တ သားတော်အစစ် ဖြစ်ပါတယ်။ လူဆင်းရဲလူမွဲမဟုတ်ပါ။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ အရိယာသူတော်ကောင်းဥစ္စာ ၇ ပါးတို့နှင့် ပြည့်စုံတဲ့သူကို ဆင်းရဲသူမဟုတ်၊ ချမ်းသာကြွယ်ဝသူလို့ ဘုရားအစရှိသော ပညာရှိတို့က မိန့်ဆိုတော်မူကြပါတယ်။ အဲဒီအရိယာ သူတော်ကောင်းဥစ္စာ ၇ပါး ကျွန်ုပ်မှာရှိနေပါတယ်' လို့ ချေပပြောဆိုလိုက်ပါသတဲ့။

သိကြားမင်းက မြတ်စွာဘုရားထံ အရင်သွားရောက်ပြီး အဲဒီအကြောင်းအရာများကို လျှောက်ထားတယ်၊ အဲဒီတော့ မြတ်စွာဘုရားက 'သုပ္ပဗုဒ္ဓကို ဘုရားမဟုတ်စသည်ဖြင့် ယူဆစေရန် ပြောဆိုစေရန် သင်သိကြားမင်းလို နတ်တွေတစ်ရာလည်း မဖြားယောင်းနိုင်ဘူး၊ တစ်ထောင်လည်း မဖြားယောင်းနိုင်ဘူး'လို့ မိန့်တော်မူလိုက်ပါတယ်။ အဲဒါဟာ တရားအစစ်အမှန်ကို တကယ်တွေ့သိထားပြီး ဖြစ်လို့ပါပဲ။ သုပ္ပဗုဒ္ဓလည်း မြတ်စွာဘုရားထံ သွားရောက်ပြီးတော့ သူရ သိထားတဲ့တရားဂုဏ်များကို လျှောက်ထားတယ်။ မြတ်စွာဘုရားကလည်း သင့်လျော်တဲ့ တရားစကားကို ဟောကြားတော်မူပါတယ်။ အဲဒီတရားစကားကို ရိုသေစွာ နာယူပြီး မြို့ဆီသို့ ပြန်လာတဲ့အခါ

အစိရပက္ကန္တံ၊ ဘုရားထံမှ ပြန်လာစဉ် မကြာမီပင်။ သုပ္ပဗုဒ္ဓံကုဋ္ဌိံ၊ သုပ္ပဗုဒ္ဓဆိုတဲ့ လူနူကို။ ဂါဝီ တရုဏဝစ္ဆာ၊ သားငယ်ရှိသော နွားမသည်။ အဓိပတိတွာ၊ ဝှေ့၍။ ဇီဝိတာ ဝေါရောပေသိ၊ အသက်မှ ကျစေ သေစေသည်လို့ ဥဒါန်းပါဠိမှာပြဆိုထားပါတယ်။ ဒီပါဠိအရ ဆိုရင် နွားမဝှေ့သတ်လို့ သေတာပါပဲ။

အဋ္ဌကထာများမှာတော့ တစ်ခုသော ဘဝတုန်းက သူဌေးသားလေးယောက်ဟာ အခစားလိုက်တဲ့ မိန်းမတစ်ယောက်ကို ဆိတ်ကွယ်တဲ့ အရပ်သို့ ခေါ်လာခဲ့ပြီး ကာမဂုဏ်ဖြင့် ပျော်ပါးကြတယ်။ ပျော်ပါးပြီး

http://www.dhammadownload.com



တော့ အဲဒီမိန်းမကို သတ်ပြီး သူ့လက်ဝတ်လက်စား ပစ္စည်းတွေကို ယူကြတယ်။ အဲဒီတော့ အဲဒီမိန်းမက 'တယ်ဆိုးတဲ့လူတွေပဲ၊ ငါ့ကို လည်း ခေါ်လာပြီး ပျော်ပါးကြတဲ့အပြင် ငါ့ကိုသတ်ပြီး ပစ္စည်းဥစ္စာတွေ ကိုလည်း ယူကြသေးတယ်၊ သူတို့က ငါ့ကို ဒီတစ်ကြိမ်သတ်တာ ရှိပါစေတော့။ နောက်နောင်ဘဝတွေမှာ ငါက ဘီလူးမဖြစ်ပြီး သူတို့ကို အကြိမ်များစွာ သတ်ရပါစေ' လို့ ဆုတောင်းသွားသတဲ့။ အဲဒီဆုတောင်း အတိုင်းအဲဒီလူလေးယောက်ကို အဲဒီမိန်းမက ဘီလူးမအဖြစ်နဲ့ အကြိမ် ပေါင်းများစွာ လိုက်သတ်နေပါသတဲ့။

ဘုရားလက်ထက်က နောက်ဆုံးဘဝတွေမှာလည်း ပုက္ကုသာတိ ရယ်၊ ဒါရုစီရိယရယ်၊ တမ္ဗဒါဌိကရယ်၊ သုပ္ပဗုဒ္ဓရယ် ဒီလေးဦးဟာ အဲဒီသူဌေးသားလေးယောက်က ဖြစ်လာတဲ့သူတွေလို့ ဆိုပါတယ်။ အဲဒီလေးဦးကို ဝှေ့သတ်တဲ့နွားမဟာလည်း ဟိုတုန်းက အသတ်ခံရတဲ့ မိန်းမက ဖြစ်လာတဲ့ ဘီလူးမပဲလို့ ဆိုပါတယ်။ အဲဒီဘီလူးမက ရန်ငြိုး ရှိခဲ့တဲ့အတွက် နွားမယောင်ဆောင်ဖန်ဆင်းပြီး ဝှေ့သတ်တယ်လို့လည်း ဆိုပါတယ်။ အဲဒီအဋ္ဌကထာအဆိုကို ယခုခေတ်လူငယ်တွေ တချို့က သဘောမကျဘဲ ရှိကောင်းရှိကြပေလိမ့်မယ်။ အဲဒီလို သဘောမကျရင် ဘီလူးမက နွားမကိုယ်မှာ ပူးကပ်ပြီး ဝှေ့သတ်တယ်လို့လည်း ယူနိုင်ပါ တယ်။ အဲဒါကိုလည်း သဘောမကျနိုင်ရင်တော့ ပါဠိတော်မှာ ရှိရင်း အတိုင်း နွားမကပဲ ဝှေ့သတ်တယ်လို့ ယူရုံရှိတာပါပဲ။

ဒီနေရာမှာ အထူးသတိပြုစရာ အချက်တစ်ခု ရှိပါတယ်။ ဘာလဲ ဆိုတော့ ရန်ငြိုးထားပြီး လက်စားချေရန် ဆုတောင်းတာဟာ မိမိအတွက် အကျိုးမဲ့ နစ်နာဖို့သာ ဖြစ်တယ်ဆိုတာပါပဲ။ ဟိုအသတ်ခံရတဲ့မိန်းမ ဟာ ရန်ငြိုးဖွဲ့ပြီး လက်စားချေဖို့ ဆုတောင်းခဲ့တယ်၊ ဘုရားလက်ထက် တော်က နောက်ဆုံးအကြိမ်ကျတော့ ရဟန္တာဖြစ်တဲ့ အရှင်ဒါရုစီရိယကို သတ်ရတယ်။ အလွန်အပြစ်ကြီးမှာပေါ့။ အနာဂါမ်ဖြစ်တဲ့ ပုက္ကုသာတိ

http://www.dhammadownload.com



ကိုလည်း သတ်ရတယ်၊ ဒါလည်း အပြစ်ကြီးမှာပါပဲ။ တမ္ဗဒါဌိကက ဆိုတာကတော့ ဝိပဿနာဉာဏ်လောက်သာရတဲ့ ပုထုဇဉ်ပါပဲ။ အဲဒီ တမ္ဗဒါဌိကကကို သတ်တာလည်း သာမန်ပုထုဇဉ် သတ်တာထက်တော့ အပြစ်ကြီးမှာပဲ။ သေသွားရတဲ့ သူတွေမှာတော့ ဘာမှမနစ်နာလှပါဘူး၊ ဒါရုစိရိယက ပရိနိဗ္ဗာန်စံသွားတယ်။ တမ္ဗဒါဌိကကက တုသိတာနတ်ပြည် ရောက်သွားတယ်။ ပုက္ကုသာတိက သုဒ္ဓါဝါသဗြဟ္မာဘုံကို ရောက်သွား တယ်။ ယခုပြောနေတဲ့ သုပ္ပဗုဒ္ဓဟာလည်း သောတာပန်ပဲ၊ သောတာပန် သတ်တာလည်း အပြစ်ငယ်လှမယ် မဟုတ်ဘူး၊ သုပ္ပဗုဒ္ဓဘက်ကနေ ကြည့်ရင် အမြတ်ထွက်တယ်လို့တောင် ဆိုနိုင်ပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ သုပ္ပဗုဒ္ဓဟာ စားဝတ်နေရေးအတွက် ဆင်းရဲသည့်ပြင် နူနာရောဂါက အကြီးအကျယ် နှိပ်စက်နေသည့်အတွက် လည်း အလွန်ပင် ဆင်းရဲနေပါတယ်။ နွားမက ဇွေ့သတ်လို့ စုတိစိတ် ဖြင့် သေသွားသည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ဘုံဗိမာန် နတ်သမီးများစွာ အခြွေအရံတွေနှင့်တကွ အိပ်ရာမှ နိုးလာတဲ့လူတွေလို ပင် နတ်သားကြီး ဖြစ်သွားတယ်။ ရှေ့ဘဝမှ စုတိဆိုတဲ့ နောက်ဆုံး စိတ် ပျက်သွားသည်နှင့်တစ်ပြိုင်နက် ပဋိသန္ဓေစိတ်ဆိုတဲ့ နတ်ဘဝ ၌ အစဆုံးစိတ်ဖြင့် နတ်ဖြစ်သွားတာဟာ တစ်စက္ကန့်လောက်တောင် မကြာခင် ပြောင်းလဲသွားတာပဲ။ ရှေးဘဝက ရုပ်ပျက်ဆင်းပျက် နူနာ ရောဂါတွေလည်း ဘာမှမရှိတော့ဘူး။ လူရုပ်ကိုယ် အယုတ်အညံ့ထဲမှ နတ်ရုပ်ကိုယ် အမြင့်အမြတ်ထဲ ဝင်ရောက်ပြီး မြတ်ရသလိုပင် ချက်ချင်း ပဲ ချမ်းသာသွားတယ်။ ဒါပေမဲ့ အများက ထင်ကြသလို လူ့ဘဝအသက် ကောင်က နတ်ဘဝကိုယ်ထဲ ဝင်ရောက်သွားတာတော့ မဟုတ်ပါဘူး။ လူ့ဘဝက စုတိစိတ် ကုန်ဆုံးသွားတာနဲ့ နတ်ဘဝပဋိသန္ဓေစိတ်အသစ် ဖြစ်သွားတာပါပဲ။ အကယ်၍သာ နွားမက မဇွေ့သတ်ရင် သုပ္ပဗုဒ္ဓဟာ လူ့ဘဝမှာ ဆင်းဆင်းရဲရဲနှင့် နေရဖို့ရှိပါတယ်။ နွားမက ဇွေ့သတ်လိုက်

http://www.dhammadownload.com



တော့ အဲဒီလူ့ဘဝဆင်းရဲတွေမှ တစ်ခဏကလေးအတွင်းမှာပဲ လွတ်မြောက်သွားတယ်။ ဒါကြောင့် သုပ္ပဗုဒ္ဓဘက်ကနေ ကြည့်ရင် အမြတ်ထွက်တယ်လို့ ဆိုနိုင်တဲ့အကြောင်း ပြောခဲ့ပါတယ်။ အဋ္ဌကထာများမှာလည်း အလွန်ယုတ်ညံ့တဲ့ သူ့ကိုယ်နဲ့ သောတာပန်အဖြစ်ဟာ မသင့်လျော်တဲ့အတွက် မြန်မြန်သေဖို့အကြောင်း ပေါ်လာရတဲ့သဘောကို ပြဆိုထားကြပါတယ်။

## သုပ္ပဗုဒ္ဓလူနူ၏ နတ်ဖြစ်ကြောင်းကုသိုလ်ကံ

ဒီနေရာမှာ စဉ်းစားစရာ အချက်တစ်ခုရှိတယ်။ ဘာလဲဆိုတော့ သုပ္ပဗုဒ္ဓဟာ စောစောပိုင်းက ပြောလောက်ဆိုလောက် ဘာကုသိုလ်မှ ရှိခဲ့ပုံမရဘူး။ နတ်ပြည်၌ဖြစ်ရတာ ဘယ်ကုသိုလ်ကြောင့်လဲလို့ စဉ်းစားစရာရှိပါတယ်။ အဲဒီအကြောင်းတွေကို မြတ်စွာဘုရားရှင်က ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

သော၊ ထိုသုပ္ပဗုဒ္ဓသည်။ တထာဂတပ္ပဝေဒိတံ၊ ဘုရားရှင်ဟောကြားအပ်သော။ ဓမ္မဝိနယံ၊ တရားဝိနည်းဟူသော သာသနာတော်ကို။ အာဂမ္မ၊ လာရောက်စွဲမှီ၍။ သဒ္ဓံ သမာဒိယိ၊ သဒ္ဓါကို ခံယူဆောက်တည်ခဲ့ပြီ။ ဝါ သဒ္ဓါကို ပြည့်စုံစေခဲ့ပြီ။ သီလံ သမာဒိယိ၊ သီလကို ပြည့်စုံစေခဲ့ပြီ။ သုတံ သမာဒိယိ၊ သုတကို ပြည့်စုံစေခဲ့ပြီ။ စာဂံ သမာဒိယိ၊ စာဂကို ပြည့်စုံစေခဲ့ပြီ။ ပညံ သမာဒိယိ၊ ပညာကို ပြည့်စုံစေခဲ့ပြီ။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ တထာဂတပ္ပ ဝေဒိတံ ဓမ္မဝိနယံ အာဂမ္မ၊ ဘုရားရှင် ဟောကြားအပ်သော သာသနာကို စွဲမှီ၍။ သဒ္ဓံ သမာဒိယိတွာ၊ သီလ၊ သုတံ၊ စာဂံ၊ ပညံ သမာဒိယိတွာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာကို ပြည့်စုံစေပြီး၍။ ကာယဿ ဘေဒါ ပရံ မရဏာ၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌။ သုဂတိံ သဂ္ဂံ လောကံ သုဂတိ၊ နတ်ပြည်လောကသို့။ ဥပပန္နော၊ ကပ်ရောက် ဖြစ်လေသည်တဲ့။

http://www.dhammadownload.com



အဲဒါဟာ မြတ်စွာဘုရား ဟောထားတဲ့ ဥဒါန်းပါဠိတော် ၁၃၆ ပါပဲ။ အဲဒီမှာ သဒ္ဓါတရား ပြည့်စုံစေပုံစသည်ကို အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်။ 'ဘုရားရှင်ဟာ သမ္မာသမ္ဗုဒ္ဓဘုရားအစစ်ပဲ။ တရားတော်ဟာ သွာက္ခာတတရားအစစ်ပဲ။ သံဃာတော်ဟာ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတဲ့ သံဃာတော်အစစ်ပဲ' လို့ ယုံကြည်တဲ့ ရှေးအဖို့ သဒ္ဓါနှင့် လောကုတ္တရာဆိုတဲ့ သဒ္ဓါတရားနှစ်ပါးကို အပြီးအပိုင် ကောင်းစွာ ခံယူခဲ့ပြီး မိမိ၏စိတ်အစဉ်သန္တာန်၌ ဖြစ်စေခဲ့ပြီ။ 'သီလ'ဟူရာ၌ ရှေးအဖို့ သီလနှင့်တကွ မဂ်သီလကို ဖြစ်စေခဲ့ပြီ။ 'သုတ' ဟူရာ၌ ပရိယတ္တိသုတနှင့် ပဋိဝေဓသုတ ၂ ပါးလုံးကို ပြည့်စုံစေခဲ့ပြီး။ ပရိယတ္တိသုတကို တရားနာနေစဉ်က ပြည့်စုံစေခဲ့သည်။ 'စာဂ' ဟူရာ၌ သောတာပတ္တိမဂ်ဖြင့် ပယ်သတ်အပ်သော ကိလေသာနှင့် အဘိသင်္ခါရတို့ကို စွန့်ပယ်ခြင်းပင် ဖြစ်သည်။ ယင်းတို့ကို ပယ်လိုက်သဖြင့် အရိယာပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုတို့၌ ငြိတွယ်ခြင်းမရှိဘဲ လွတ်လွတ်ပေးလှူနိုင်ကြပေသည်။ (ဤအဖွင့်ဖြင့် သုပ္ပဗုဒ္ဓမှာ ပေးလှူမှုမရှိသော်လည်း ပေးလှူနိုင်ကြောင်းနှင့်ပြည့်စုံနေသောကြောင့် စာဂနှင့်လည်းပြည့်စုံသည်ဟု ဆိုအပ်ကြောင်း ပြဆို၏) 'ပညာ' ဟူရာ၌ ဝိပဿနာပညာနှင့် မဂ်ပညာ၊ ဖိုလ်ပညာကို ပြည့်စုံစေခဲ့ပြီဟု ဆိုလိုပါသတဲ့။

အဲဒီပါဠိနှင့် အဋ္ဌကထာတို့မှာ ပြဆိုထားတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားငါးပါးဟာ သုပ္ပဗုဒ္ဓ၏နတ်ဖြစ်ကြောင်းကုသိုလ်ကံတွေပါပဲ။ ဒါပေမဲ့ မဂ်ဖိုလ် သဒ္ဓါစသည်တွေကတော့ ဘဝကို ဖြစ်စေတတ်တဲ့တရားများ မဟုတ်ကြဘူး။ ချုပ်သာ ချုပ်စေတတ်တဲ့ တရားများ ဖြစ်ကြတယ်။ ဒါကြောင့် မဂ်ကုသိုလ်ကို အဘိဓမ္မာ၌ အပစယဂါမိတရားလို့ ဟောတော်မူထားပါတယ်။ လောကီသဒ္ဓါစသည်တွေထဲမှာလည်း သဒ္ဓါကြောင့် နတ်ဖြစ်ရသလားစသည်ဖြင့် စိစစ်စရာ

http://www.dhammadownload.com



ရှိပါတယ်။ သဒ္ဓါကြောင့်ဆိုရင်လည်း ဘုရားကြည်ညိုတဲ့ သဒ္ဓါကြောင့် လား၊ တရား၊ သံဃာကို ကြည်ညိုတဲ့ သဒ္ဓါကြောင့်လားစသည်ဖြင့် စိစစ်စရာ ရှိပါတယ်။

ဘုန်းကြီး သဘောကျတာကတော့ သဒ္ဓါစသည်အထောက်အပံ့ များနှင့်တကွ ဝိပဿနာကုသိုလ်ကြောင့် သုပ္ပဗုဒ္ဓ နတ်ဖြစ်ရတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်တုံးဆိုရင် ကာမာဝစရ ကုသိုလ်တွေထဲမှာ ဝိပဿနာကုသိုလ်ဟာ အမြင့်မြတ်ဆုံး အားအကြီးဆုံး ဖြစ်တဲ့အတွက် ကြောင့်ပါပဲ။ 'ဝိပဿနာကုသိုလ်ဟာ ဘဝဆင်းရဲကို ချုပ်စေတတ်တယ် မဟုတ်ပါလား' လို့ မေးစရာရှိပါတယ်။ ဝိပဿနာကုသိုလ်က ဘဝ ဆင်းရဲကို ချုပ်စေတာ မှန်ပါတယ်။ ဒါပေမဲ့ သူချုပ်စေပုံက ဒီလိုပါ။ ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် အမှန်အတိုင်းသိရတဲ့ အာရုံ တွေမှာ နိစ္စ၊ သုခ၊ အတ္တအနေဖြင့် စွဲလမ်းတဲ့ ကိလေသာ မဖြစ်နိုင်တော့ ဘူး။ အဲဒါဟာ အာရမ္မဏာနုသယဆိုတဲ့ ကိလေသာကို ဝိပဿနာဉာဏ် ကုသိုလ်က ချုပ်စေတာပါပဲ။ နောက်ပြီးတော့ အဲဒီကိလေသာမှ ဆက်ပြီး ဖြစ်မည့် ကုသိုလ်ကံ၊ အကုသိုလ်ကံလည်း မဖြစ်ရတော့ဘူး။ အဲဒီကံများ မှ ဆက်ပြီးဖြစ်မည့် ဘဝတွေလည်း မဖြစ်ရတော့ဘူး။ အဲဒါတွေဟာ ကံနှင့်ဘဝတွေကို ဝိပဿနာက ချုပ်စေတာပါပဲ။ အဲဒီချုပ်ငြိမ်းသွား ကြတဲ့ ကိလေသာတွေ၊ ကံနှင့်ဘဝတွေဟာ ဝိပဿနာဉာဏ်ဖြင့် အမှန် အတိုင်း သိရတဲ့အာရုံကို အကြောင်းပြုပြီး မဖြစ်ရတော့ဘဲ ချုပ်သွား ကြတာတွေသာ ဖြစ်ပါတယ်။ ဝိပဿနာကုသိုလ်ထဲမှာ ပါဝင်တဲ့ကုသိုလ် စေတနာကြောင့် ဖြစ်မည့် သုဂတိတွေကိုတော့ မချုပ်စေနိုင်ပါဘူး။ ဒါကြောင့် ဝိပဿနာကုသိုလ်တရားတွေကိုလည်း အဘိဓမ္မာဋ္ဌ အာစယ ဂါမီတရား (အာစယမည်တဲ့ စုတိပဋိသန္ဓေ ဂတိ ပဝတ္တိဘဝသို့ ရောက် စေတတ်သောတရား) လို့ ဟောတော်မူထားပါတယ်။

http://www.dhammadownload.com



ဂေါတြဘူကုသိုလ်ကတောင် ဘဝကိုဖြစ်စေနိုင်သေး၏

နောက်ပြီးတော့ ပဋ္ဌာန်းပါဠိတော် (၃၊ ၃၇၅) မှာ 'မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အပ္ပမာဒတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်' လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၈၉) က 'အပ္ပမာဏကို အာရုံပြုတဲ့ စေတနာ' ဆိုတာ ဂေါတြဘူ စေတနာ၊ ပစ္စဝေက္ခဏာ စေတနာကို ယူရမယ်လို့ ဖွင့်ပြထားပါတယ်။ ဒီပဋ္ဌာန်းပါဠိ အဋ္ဌကထာတို့အရအားဖြင့် 'သုပ္ပဗုဒ္ဓဟာ ဝိပဿနာကုသိုလ်ထဲက အမြတ်ဆုံးဖြစ်တဲ့ဂေါတြဘူ စေတနာကြောင့် နတ်ပြည်၌ ဖြစ်ရတယ်' လို့ယူရင် အသင့်မြတ်ဆုံး ဖြစ်ဖွယ်ရှိပါတယ်။

အဲဒီသုပ္ပဗုဒ္ဓနတ်သားဟာ တာဝတိံသာနတ်ဘဝ ရောက်တော့ သာသနာပကုသိုလ်ကြောင့် ဖြစ်နေနှင့်ကြတဲ့ နတ်တွေထက် ဘုန်းတန်ခိုးကြီးနေပါသတဲ့။ ကိုယ်ရောင်ကိုယ်ဝါ အဆင်းအားဖြင့်လည်း အဲဒီအခြားနတ်တွေထက် သာနေတယ်။ အခြွေအရံ စည်းစိမ်ချမ်းသာစသည်ဖြင့်လည်း သာနေပါသတဲ့။ ဒါကြောင့် အဲဒီအခြားနတ်တွေက သူ့ကို မနာလိုဖြစ်ပြီး ရှုတ်ချပြောဆိုကြတယ်။ ဒီသုပ္ပဗုဒ္ဓဟာ လူ့ဘဝတုန်းက အလွန်ဆင်းရဲပြီး အောက်တန်းကျတဲ့ လူနုတ်၊ လူစုတ်၊ လူနူကလေးပဲ၊ ယခုတော့ သူက ငါတို့ထက် သာနေတယ်စသည်ဖြင့် ရှုတ်ချပြောဆိုကြပါသတဲ့။ အဲဒီလိုပြောဆိုကြတာကို အကြောင်းပြုပြီးတော့ သိကြားမင်းက အဲဒီနတ်သားတွေအား သတိပေးတရားစကား ပြောကြားပါတယ်။ 'အချင်းနတ်တို့၊ သုပ္ပဗုဒ္ဓနတ်အား မနာလိုပြီး မရှုတ်ချကြနဲ့၊ သူဟာ လူ့ဘဝတုန်းက မြတ်စွာဘုရား သာသနာတော်မှာ သဒ္ဓါတရားကို ဖြစ်ပွားစေခဲ့တယ်။ သီလ၊ သုတ၊ စာဂ၊ ပညာကို ဖြစ်ပွားစေခဲ့တယ်။ အဲဒီလို ဖြစ်ပွားစေခဲ့တဲ့ သူ့ကံကြောင့် တန်ခိုးကြီးတဲ့နတ် ဖြစ်လာတာပဲ။ သူ့အား မနာလိုမရှိကြနဲ့' စသည်ဖြင့် ဟောကြားပါသတဲ့။

http://www.dhammadownload.com



ဒီသုပ္ပဗုဒ္ဓ၏ ဝိပဿနာကုသိုလ်ကံကြောင့် ထူးခြားတဲ့ တန်ခိုးကြီးနတ် ဖြစ်ပုံကို ဆင်ခြင်ကြည့်လျှင် ဝိပဿနာကုသိုလ်ကို ပွားများအားထုတ်နေကြရတာဟာ အလွန်ပင် အားတက်ဖွယ် ဝမ်းမြောက်ဖွယ်ကောင်းပါတယ်။

ယခုပြောခဲ့တဲ့ သုပ္ပဗုဒ္ဓဟာစားစရာလည်း မရှိ၊ ဝတ်စရာလည်းမရှိ၊ နေစရာလည်း မရှိ၊ ကူညီစောင့်ရှောက်မည့်သူလည်း မရှိ၊ အပေါင်းအဖော် မိတ်ဆွေတွေလည်းမရှိ၊ နူနာကလည်းစွဲကပ်နေတယ်၊ အဆင်းရဲဆုံး လူပါပဲ။ သူ့ထက်ဆင်းရဲတဲ့လူတော့ ရှိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ မြတ်စွာဘုရား၏တရားကို နာရင်း နှလုံးသွင်းရှုမှတ်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ရသွားတဲ့အခါကျတော့ သောတာပတ္တိ၏အစွမ်းကြောင့် သဒ္ဓါ သီလအစရှိသော အရိယာဥစ္စာ ၇ ပါးနှင့် ပြည့်စုံသွားတယ်။ အဲဒီလို ပြည့်စုံသွားတဲ့အတွက် သေသည်၏အခြားမဲ့မှာ (မဂ်ဖိုလ်ရပြီးနောက် တစ်နာရီလောက်အတွင်း ရှိမှာပေါ့၊ အဲဒီအခါ) တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးပြီး ချမ်းသာကြွယ်ဝတဲ့နတ် ဖြစ်သွားတယ်။ အဲဒါဟာ 'အရိယာဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာရစေသည်' လို့ ဆိုတဲ့အတိုင်း သောတာပတ္တိမဂ်က အရိယဥစ္စာ ၇ ပါးနှင့် ပြည့်စုံတဲ့အတွက်ကြောင့်ပါပဲ။

## ပြဟ္မာမင်းကြီးဖြစ်ရတာထက်တောင် မြတ်သေးတယ်

သောတာပန်ဖြစ်ရတာဟာ ဗြဟ္မာမင်းကြီးဖြစ်ရတာထက်တောင် မြတ်တဲ့အကြောင်း မြတ်စွာဘုရားက ဒီလိုဟောတော်မူပါတယ်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
သောတာပတ္တိဖလံ၊ သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည်။

http://www.dhammadownload.com



ပထဗျာ ဧကရဇ္ဇေန၊ တစ်မြေထောင်လုံးကို အစိုးရတဲ့ စကြဝတေးမင်း (အဖြစ်) စည်းစိမ်ချမ်းသာထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။ သဂ္ဂဿ ဂမနေ နဝါ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။ သဗ္ဗလောကာ ဓိပစ္စေန ဝါ၊ တစ်လောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာမင်းကြီးအဖြစ် ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏တဲ့။

**သာမဏေကျော်**